
# ကိုကျောင်းသား

## ဇဝန




www.mmcybermedia.com, typed by ငွေခင်ယော်, created by lucky82

MMCYBERMEDIA



မြန်မာဆိုက်ဘာမီဒီယာ စာအုပ်စင်

MMCYBERMEDIA

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်**
၈၆၀/၂၀၀၂ (၉)

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ်
၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ။

**အုပ်ရေ**
၅၀၀

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်
၉၆/ခ၊ ၁၁ လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**
ဦးစွန့်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးညွန့်ငွေး (စိန်ပန်းမြိုင်စာပေ)
၂၃-အေ၊ ဦးကောင်းလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**
စောမင်းဝေ

**တန်ဖိုး**
၁၃၀၀

MMCYBERMEDIA

## စာရေးသူ၏ အမှာ

လွန်ခဲ့သည့် နတ်တော်လအတွင်းက မုံရွာမြို့နယ်တွင် လှည့်လည်၍ စာပေဟောပြောခဲ့ရာ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီးနှင့် စာဆိုစစ်သည် လက်ဝဲအနေရထာတို့၏ ဇာတိဖြစ်သော မုံရွေးကြေးမုံသို့ ရောက်ရှိသွားခဲ့ပါသည်။

စာပေကိစ္စ ဟောပြောကြမည့် သူတို့အထဲတွင် ကျွန်တော် ပါရှိလာသည်ကို ကြားရသဖြင့် ငယ်စဉ်က ကျွန်တော်၏ စာဖတ်ပရိသတ်ဖြစ်သော အငြိမ်းစားကျောင်းအုပ် ဆရာမကြီးတစ်ဦးနှင့် သူနှင့် သက်တူရွယ်တူဖြစ်သော စာပေဝါသနာရှင် အမျိုးသမီးကြီး တစ်ဦးတို့က ကျွန်တော့်ကို လာရောက်နှုတ်ဆက်ကြပါသည်။

အငြိမ်းစားကျောင်းအုပ် ဆရာမကြီးမှာ အသက် ၆၅ နှစ်ခန့် ရှိပြီဖြစ်သည်။ သူက သူရိယသတင်းစာတွင် ကျွန်တော်ရေးသားသော ကောလိပ်ကျောင်းသား ဝတ္ထုပါရှိစဉ်က နေ့စဉ်သတင်းစာကို စောင့်ပြီး အလုအယက် ဖတ်ခဲ့ရကြောင်း ပြန်ပြောင်း ပြောပြပါသည်။

မှန်ပါသည်။ ကောလိပ်ကျောင်းသား ဝတ္ထုမှာ လွန်စွာ ကျော်ကြားခဲ့ပြီး စာဖတ်ပရိသတ်တို့ နှစ်သက်မက်မောစွာ ဖတ်ခဲ့ကြသောဝတ္ထု ဖြစ်ပါသည်။ ပထမက သူရိယသတင်းစာတွင် တစ်တွဲတည်း ထည့်ဘို့ရန် ရည်ရွယ်ပြီး ရေးသားခဲ့ပါသည်။ သို့ရာတွင် စာဖတ်ပရိသတ်တို့၏ တောင်းဆိုလိုလားချက်ကြောင့် ဒုတိယတွဲ တတိယတွဲ စတုတ္ထတွဲတိုင်အောင် ဆက်လက်ပြီး ရေးခဲ့ရသည်။

သို့ဖြစ်သည့်တိုင်အောင် စာဖတ်ပရိသတ်တို့က အာသာမပြေကြသေးသဖြင့် ကောလိပ်ဂျပိုး၊ ဒို့ကျောင်းသား၊ ကောလိပ်ဂျင်ဟူ၍ နောက်ထပ် သုံးပုဒ်ဆက်၍ ရေးခဲ့ရပါသေးသည်။ ထိုဝတ္ထုများအနက် စာပေပေါင်းကူးမှ 'ကောလိပ်ကျောင်းသား' လေးအုပ်တွဲနှင့် 'ကောလိပ်ဂျပိုး' တို့ကို ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ သို့သော် စာပေပေါင်းကူး ဦးတင်မောင်က ထိုနှစ်အုပ်နှင့် မကျေနပ်သေး၍ နောက်ထပ် ကျွန်တော့်စာမူများကို မပြတ်မလပ် ရှာဖွေခဲ့ရာ မကြာမီက ဒို့ကျောင်းသား စာမူကို တွေ့ရှိလာပါသည်။

သို့ရာတွင် ထိုစာမူမှာ မူလရေးသည့်အတိုင်း အပြည့်အစုံမဟုတ်ပါ။ ရှေ့ပိုင်းမှ စာမူတချို့နှင့် နောက်ပိုင်းမှ စာမူအချို့မပါဘဲ အလယ်စာသားများပင် အချို့သာ ပါလာသည်ကို တွေ့ရပါသည်။ မည်သို့ရှိစေ ဦးတင်မောင်က ကျွန်တော်ရေးခဲ့သည့် ကောလိပ်ကျောင်းသားတို့၏ဘဝနှင့် ပတ်သက်သောစာများကို ဆက်လက် ထုတ်ဝေစေလိုသဖြင့် ဒို့ကျောင်းသားဝတ္ထုစာမူကို ရှေ့နောက်နှင့် လိုအပ်သည်များဖြည့်စွက်ပြီး ရေးပေးပါရန် မေတ္တာရပ်ခံလေသည်။

ဤဒို့ကျောင်းသားဝတ္ထုကို ကျွန်တော် ရေးခဲ့သည်မှာ နှစ်ပေါင်း ၄၀ နီးပါး ရှိခဲ့ပြီဖြစ်ရာ ဝတ္ထုဇာတ်လမ်းကို ကျွန်တော် မေ့သလောက် ရှိနေပါပြီ၊ မှတ်မိသမျှမှာလည်း ဦးနှောက်ထဲတွင် မှေးမှေးမှိန်မှိန်လောက်သာ စွဲထင်နေပါသည်။

MMCYBERMEDIA

ယင်းသို့လျှင် ဖြည့်စွက်ရေးသားရမည့် ဇာတ်လမ်းဇာတ်ကွက်အတွက် အစဉ်းစားခက်ရသည်။ ငယ်စဉ်က အရေးအသား ငယ်စဉ်က လက်ရာနှင့် ကိုက်ညီဆီလျော်အောင် ရေးသားရဘို့မှာလည်း အခက်ကြုံရပြန်ပါသည်။

သို့ဖြစ်၍ ကျွန်တော်သည် ဤဝတ္ထုကို အမြီးနှင့် အမောက်တပ်ဘို့ရန်နှင့် တခြားကလီစာများပါ ထည့်သွင်း၍ အသစ်တဖန်ရေးရန် ဝန်လေးလှသဖြင့် ဖြည့်စွက်ရေးသားခြင်း မပြုလိုတော့သော်လည်း ဦးတင်မောင်၏ အကြိမ်ကြိမ် လှုံ့ဆော်တိုက်တွန်းခြင်းကြောင့် မှန်းဆပြီး အသစ်တဖန် ရေးလိုက်ရပါသည်။

စင်စစ်အားဖြင့် ဤဝတ္ထုသည် မေတ္တာဘွဲ့ ဟာသဝတ္ထု သက်သက်မျှသာ ဖြစ်ပါသည်။ ယခုအခါတွင် ဟာသဝတ္ထုများ အထွက်နည်းလျက်ရှိရာ ထိုဟာကွက်ကို ဖြည့်စွက်လို၍ တစ်ကြောင်း၊ စာပေပေါင်းကူး အနေဖြင့် ကျွန်တော်၏ ဟာသဝတ္ထုများကို ပြန်လည်ဆန်းသစ် ပေးလျက်ရှိနေခြင်းကြောင့် တစ်ကြောင်း၊ ဤဒို့ကျောင်းသားဝတ္ထုကို စာအုပ်တစ်အုပ် ဖြစ်လာအောင် ကြိုးစား၍ အားထုတ်ရေးသား လိုက်ရခြင်း ဖြစ်ပါသည်။

ဤဝတ္ထုကို ဖတ်ရှု၍ ပျော်ရွှင်ရသည်ဆိုလျှင် ကျွန်တော်၏ ဆန္ဒပြည့်ဝပါပြီ။ အကယ်၍ ဤစာအုပ်ကိုဖတ်၍ ဗဟုသုတဖြစ်စရာ၊ မှတ်သားစရာ၊ တစ်စုံတစ်ရာ ရရှိကြမည်ဆိုလျှင် ဤအစွန်းထွက် ရလဒ်အတွက် ကျွန်တော့်အနေဖြင့် ပို၍နှစ်သိမ့် ကျေနပ်ရဘို့ပင် ဖြစ်ပါသည်။

*ဇဝန*

*၁၃၃၇၊ ပြာသိုလဆန်း ၁၂ ရက်။*

MMCYBERMEDIA

(၁)

ထိုနေ့ကား တက္ကသိုလ်စာမေးပွဲများ စတင်ကျင်းပမည့် နေ့ဖြစ်၏။ ဤအချိန် ဤအခါတွင် ရာသီတပေါင်းဆောင်းကြွင်းနှင်းကျန်များ ရှိနေသေးရာ တက္ကသိုလ်နယ်မြေ တစ်ဝိုက်လုံး မြူနှင်းများပိတ်ဖုံး ရစ်သိုင်းမှုန်ရီဝေလျက် ရှိနေလေ၏။

လောကဓာတ်တစ်ခုလုံးမှာ နေခြည်ဖြာသည့်တိုင်အောင် မနွေးသေးဘဲ နေရှိန်ဟပ်သဖြင့် တဖျတ်ဖျတ်တလှုပ်လှုပ် ပြိုကွဲကျဆင်းလာသည့် မြူနှင်းတို့ကြောင့် ပို၍ပင် အေးစိမ့်လျက် ရှိတော့၏။

စာမေးပွဲဖြေဆိုရမည့် စာသင်ခန်းဆီသို့ သွားနေကြသော ကျောင်းသူကျောင်းသားများကို မြူနှင်းများအကြားတွင် မှုန်မှုန်ဝါးဝါး တွေ့ကြရပေသည်။ ထိုသူတို့အထဲတွင် အအေးဓာတ်ကြောင့် ကုပ်ကုပ်ကလေး လျှောက်လာသူနှစ်ဦးကို တွေ့နိုင်ပေ၏။

တစ်ဦးကား အရပ်အမောင်း ကောင်းကောင်း၊ ရင်အုပ်ကားကားနှင့် ယောက်ျားပီသသူ တစ်ဦးဖြစ်၏။ တစ်ဦးကား အရပ်ပြတ်ပြတ်၊ အသားအရေ စိုစိုပြည်ပြည်၊ ပြည့်ပြည့်ဖြိုးဖြိုးရှိသူ တစ်ဦးဖြစ်ပေသည်။ သူတို့နှစ်ဦးသည် ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်ငြိမ်သက်စွာ လမ်းလျှောက်လာကြရာက အရပ်အမောင်း ကောင်းကောင်းနှင့်သူက စကားစလိုက်လေသည်။

"အိုင်ဆေးကိုဘဝင်း။ ကျွန်တော်တော့ စိတ်ထဲမှာ ခပ်လေးလေးပဲဗျာ။ ဟောဒီနှင်းတွေ ဝေနေသလို ကျွန်တော့်ခေါင်းထဲမှာလည်း ဝေဝိုင်းနေတာပဲ။ စာတွေလည်း ရှေ့ကကျက် နောက်ကမေ့နဲ့ တစ်လုံးမှ မမှတ်မိတော့ဘူး"
"အို... စိတ်မလျှော့စမ်းပါနဲ့ ကိုခင်မောင်ရာ။ ခင်ဗျားလည်း ညံ့တဲ့လူမှ မဟုတ်ဘဲ။ ရသလောက်တော့ ရမှာပေါ့ဗျာ။ နောက်ပြီး စာမေးပွဲဆိုတာ ဉာဏ်ချည်းသက်သက်နဲ့ပြီးတာ မဟုတ်ဘူး။ ကံလည်း ပါပါသေးတယ်။ ကံကောင်းရင် ကိုယ်ဖတ်ထားတာ၊ မှတ်ထားတာ၊ စပေါ့တ်လိုက်ထားတာနဲ့ တိုက်ရိုက် ဝင်တိုးနိုင်ပါသေးတယ်"
"ဖတ်တော့ ဖတ်တာပဲဗျာ။ ဒါပေမဲ့လည်း ကျွန်တော်က ခင်ဗျားလောက်စာကို အချိန်ပြည့် မကျက်ခဲ့ရဘူး။ ပြီးတော့ ခင်ဗျားလည်း သိတဲ့အတိုင်း ကျွန်တော့်မှာ တစ်နှစ်လုံး အားကစားဘက်ကို လုံးပန်းနေခဲ့ပြီး စာမေးပွဲနီးကာမှ ဖုတ်ပူမီးတိုက် စာကျက်လို့တော့ ဘယ်ရတော့မှာလဲ။ ကျက်သမျှစာတွေဟာ ခေါင်းထဲမှာ လုံးထွေးနေတာပဲ"

အမှန်ပင် ခင်မောင်သည် ကစားခုန်စားဘက်တွင် ထူးချွန်သူ ဖြစ်သည့်အလျှောက် တက္ကသိုလ်အားကစားအဖွဲ့ မှန်သမျှ သူမပါလျှင် မပြီးချေ။ အဆောင်ချင်းပြိုင်သည့် ဘောလုံးသင်းတွင် လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် ဂျပ်ဆင်ကောလိပ်တို့ပြိုင်သည့် ဘောလုံးအသင်းတွင် လည်းကောင်း၊ ဘီအေအေတွင် ယှဉ်ပြိုင်ကစားရသည့် တက္ကသိုလ်အသင်းတွင် လည်းကောင်း သူပါဝင်ရစမြဲ ဖြစ်ပေသည်။

ထို့အတူ တက္ကသိုလ် လှေလှော်အသင်း၊ ကရစ်ကက်အသင်း စသည်တို့တွင်လည်း သူ့ကို အားထားနေကြရလေသည်။ ထို့ကြောင့် သူ၏အချိန်များသည် စာသင်ခန်းထက် အားကစားကွင်းများတွင် ကုန်ဆုံးနေလေ့ ရှိလေ၏။ သို့နှင့် စာမေးပွဲနီးလာသည့်အခါ မဖြေနိုင်ဘဲ ရှိမည်ကို ပူပင်မိလေ၏။

MMCYBERMEDIA

"ဟေ့ ကိုခင်မောင်"
ခင်မောင်နှင့် ဘဝင်းတို့သည် စကားတပြောပြောနှင့် လျှောက်လာကြစဉ် နောက်မှ လိုက်လာသူ၏ ခေါ်သံကြောင့် ရပ်ပြီး လှည့်ကြည့်လိုက်ကြလေသည်။

လိုက်လာသူမှာ မျက်နှာသွယ်သွယ်၊ ပါးစပ်ပြဲပြဲ၊ မျက်မှန်ကြီး ထူထူထဲထဲနှင့် သက်တူရွယ်တူ လူငယ်တစ်ယောက် ဖြစ်ပေ၏။

"ဘာလဲဗျ ကိုသိန်းဖေ၊ ခင်ဗျား ခပ်စောစောက ဘယ်ပျောက်နေသလဲ"
"ခင်ဗျားအတွက် ပဲကြီးလှော် လိုက်ဝယ်နေရတယ်လေ"
"ပဲကြီးလှော် ဘာလုပ်ဖို့လဲ"
"ခင်ဗျားစားဖို့လေ"
"အိုး... ကျွန်တော်မှ မစားချင်တာ"
"မစားချင်ပေမယ့် မစားလို့ မရဘူး၊ ခင်ဗျား စာမေးပွဲအောင်ဖို့ရာ ဓာတ်ရိုက်ရမယ်လေ"
"ဟာ ကြံကြံဖန်ဖန်ဗျာ"
"ကြံကြံဖန်ဖန်လေး ဘာလေး ပြောမနေနဲ့။ ခင်ဗျား စာမေးပွဲအောင်ချင်ရင် ကျွန်တော်ပြောတဲ့အတိုင်း ဓာတ်ရိုက်"
"ခင်ဗျားက ဘယ်လောက်များ တတ်လို့လဲ"
"ကျွန်တော်က ဘာမှ တတ်လို့မဟုတ်ဘူး၊ ဗေဒင်ဆရာက တတ်တာ၊ မနေ့ညနေက ရွှေတိဂုံဘုရားသွားပြီး ဗေဒင်ဆရာ ဦးဗျူဂွဆီမှာ ခင်ဗျားအဖို့ရော ကျွန်တော့်အဖို့ရော ဓာတ်ရိုက်ဖို့ သွားပြီး မေးလာခဲ့တယ်"
"ဟာဗျာ... ဒါတွေ ကျွန်တော် အယုံအကြည် မရှိဘူး"
"ခင်ဗျား တစ်ယောက်သာ မယုံချင်နေ၊ စာမေးပွဲနီးပြီဆိုရင် ရွှေတိဂုံတို့ ဆူးလေတို့သွားပြီး ဗေဒင်မေးတဲ့ ကျောင်းသူ ကျောင်းသားတွေ၊ သူတို့မိဘတွေ၊ ပြည့်နေတာပဲ။ ဒီဗေဒင်ဆရာတွေထဲမှာ ဆရာကြီးဦးဗျူဂွ ဓာတ်ဆင်ဓာတ်ရိုက်ဟာ အစွမ်းဆုံးပဲ"

ဤစကားမှန်၏။ စာမေးပွဲကြီး ကျင်းပချိန် ရောက်ပြီဆိုလျှင် ဗေဒင်ဆရာတွေ၊ နတ်ကတော်တွေ၊ အမြင်ရသည်ဆိုသူတွေ မနားရအောင် အလုပ်များကြလေသည်။ တက္ကသိုလ် အဆောင်များတွင်နေသော ကျောင်းသားများသည် ဝင်ဒါမီယာထဲက ဖြတ်လမ်းမှ ရွှေတိဂုံဘုရားသို့ သွား၍ သွေးဆေးကန်ဘက်ရှိ တရုတ်ဂေါ်ဖီခြံများ၊ ဒေါ်နခြံများကိုဖြတ်၍ ကုန်းတော်ပေါ် သို့ တက်လေ့ရှိကြ၏။ သူတို့အထဲတွင် စာမေးပွဲကြီးနီး၍ ဘုရားဖက်သူများလည်း ပါကြ၏။ ဗေဒင်မေး ဓာတ်ရိုက်ရန် လာကြသူများလည်း ပါ၏။ ကျောင်းသူကလေးများ ဘုရားတက်ကြသဖြင့် ရစ်ရအောင် လာကြသူများလည်း ပါ၏။

ဘုရားကု ကုကြသော ကျောင်းသားများကား ရွှေတိဂုံစေတီတော်၏ အထက်ပစ္စယံရှိ တဝဂူတွင် ဆုတောင်းကြသည်။ ကျောင်းသူများကား အထက်ပစ္စယံသို့ တက်ခွင့်မရကြ၍ ရာဟုဒေါင့်ရှိ ဆုတောင်းပြည့်စေတီတွင် ပုတီးစိတ်ကြ၊ ဝတ်ပြုကြ၊ ဆုတောင်းကြနှင့် တိုးမပေါက်အောင် ရှိကြလေသည်။

ခင်မောင်သည် အားကစားသမားပီပီ လက်တွေ့ကိုသာ ယုံကြည်သူ ဖြစ်ပေ၏။ သို့ရာတွင် မိမိကိုယ်မိမိ စိတ်မချသဖြင့် အားကိုးအားထား ပြုစရာလိုနေသည့်ပြင် သိန်းဖေ၏ အဆွယ်ကောင်းမှုကြောင့် သိန်းဖေပြောသည့်အတိုင်း လိုက်နာရန် စိတ်ယိုင်၍ လာလေ၏။

MMCYBERMEDIA

"ခင်ဗျားဥစ္စာ ဟုတ်မှ ဟုတ်ရဲ့လား"
"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်က တကယ်ယုံကြည်ရလို့ တိုက်တွန်းနေတာ၊ ခင်ဗျားအဖို့ ဓာတ်ရိုက်ရလို့ ဘာမှ နစ်နာစရာ မရှိဘူး၊ စာမေးပွဲ အောင်စရာရှိရင် အောင်မှာ"
"ကဲ ဒါဖြင့် ကျွန်တော် ဘာလုပ်ရမလဲ၊ ဆင်သက်စေ့ လွှတ်၊ မျက်လုံးထဲ သဲပုံစေတီတည် ဆိုတာမျိုးလား"
"ကျွန်တော်က အတည်ပြောနေတာပါ၊ ပြီးတော့ ဓာတ်ရိုက်ရမယ့် ကိစ္စကလည်း ခက်ခက်ခဲခဲကြီး မဟုတ်ပါဘူး၊ လုပ်ရမှာကတော့ ကနစိုပင် အောက်မှာရပ်၊ တောင်ဘက်ကို မျက်နှာလှည့်ပြီး ပဲကြီးလှော် သက်စေ့စားရင်း စာမေးပွဲအောင်ပါစေလို့ ဆုတောင်းရမယ်... အဲဒါပဲ"

ဤနေရာတွင် ဘဝင်းက ဝင်၍ "ကောင်းသားပဲဗျ" ဟု ထောက်ခံကာ "နောက်ဆုံး ဘာမှမဖြစ်တောင် ပဲကြီးလှော် ဆိမ့်ဆိမ့်ကလေး စားရတဲ့အရသာတော့ ခံစားရမှာပေါ့" ဟု ရယ်မောရင်း ပြောလိုက်လေ၏။

"ကဲ... ကိုခင်မောင် ကျေနပ်ပြီ မဟုတ်လား၊ လာ... ကနစိုပင်အောက် သွားကြစို့"
သိန်းဖေက ရှေ့ဆောင်၍ ခေါ်လာရာနောက်သို့ ခင်မောင်နှင့် ဘဝင်းတို့ ပါလာကြလေ၏။
"ကဲ... အပင်အောက်ရောက်ပြီ။ တောင်ဘက်ကို မျက်နှာလှည့်၊ ဟုတ်ပြီ။ ကဲ... စားပေတော့..."

ခင်မောင်သည် ပဲကြီးလှော်ကို တစ်စေ့ချင်းရေတွက်၍ သက်စေ့စားကာ စိတ်ထဲမှလည်း စာမေးပွဲ အောင်စေကြောင်း ဆုတောင်းရလေ၏။

ပဲကြီးလှော်များကို သက်စေ့စား၍ ကုန်သည့်အခါ ဘဝင်းက ဟိုဟိုဒီဒီ မော့ကြည့်ရာတွင် မိမိတို့ရပ်နေသည့် ခေါင်းပေါ်က သစ်ပင်မှာ ကနစိုပင်မဟုတ်ဘဲ လက်ပံပင်ကြီး ဖြစ်နေသည်ကို တွေ့ရလေ၏။ ထို့ထက်ပို၍ ထူးခြားသည့် တစ်ရပ်မှာ လက်ပံပင်၏ ချောပြောင်နေသော အကိုင်းကြီးပေါ်တွင် ငှင်းတများ စီတန်းကာ ညီလာခံနေကြခြင်း ဖြစ်ပေ၏။

"ဟ... ကိုယ့်လူတွေ မှားနေပြီ၊ ဒီအပင်ဟာ ကနစိုပင်မှ မဟုတ်ဘဲ၊ လက်ပံပင်ကြီးဗျ။ ပြီးတော့လည်း ခေါင်းတည့်တည့်က သစ်ကိုင်းပေါ်မှာ ငှင်းတတွေနဲ့"
"ဟာ... အကျိုးနဲ့ပါပြီဗျာ"
ခင်မောင်၏ ထိတ်ထိတ်ပျာပျာ ပြောလိုက်သည့်စကားကို ကြားရသည်နှင့် သိန်းဖေက...
"ဆောရီးဗျာ၊ ကျွန်တော် သေသေချာချာ မကြည့်မိလို့ပါ" ဟု တောင်းပန်ရလေ၏။
"မဟုတ်ပါဘူး၊ ခင်ဗျား တမင် ချောက်တွန်းတာပါ"
"ကျွန်တော် နောက်တာ၊ ပြောင်တာ၊ ချောက်တွန်းတာ မဟုတ်ပါဘူးဗျာ၊ စေတနာနဲ့ မှားသွားတာပါ။ ဒါပေမဲ့ ခင်ဗျားကို ဘာမှ မထိခိုက်နိုင်ပါဘူး။ နောက်ဆုံး ပဲကြီးလှော် စားရတာအမြတ်ပေါ့ဗျာ"
"ဟာဗျာ၊ ခင်ဗျားသိပ်ဆိုးတဲ့လူ"
"ဆောရီးဗျာ၊ ဘဲရီးဆောရီး တောကြီးမြိုင်လယ်ပါဗျာ"
သိန်းဖေလည်း သူ့အမှားကြောင့် ဆောရီးချင်း မိုးမွှန်အောင်ပြောပြီး တစ်ချိုးတည်း သုတ်ခြေတင်၍ ပြေးလေ၏။

MMCYBERMEDIA

ခင်မောင်မှာ သိန်းဖေက "ခင်ဗျားကို ဘာမှမထိခိုက်နိုင်ပါဘူး" ဟု ပြောသွားစေကာမူ စာမေးပွဲဖြေရင်း ပဲကြီးလှော် တန်ခိုးပြသဖြင့် ဗိုက်ထဲတွင် လေပွကာ အနေရ ခက်နေလေတော့၏။

သူ့အဖို့ ဝမ်းထဲ၌ မွှေနေသောလေကို ကြာရှည် အောင့်ထားရမှာကလည်း မလွယ်၊ ဖွင့်ထုတ်လိုက်လျှင်လည်း ကြောင်အိုကြီးနှင့် ကြက်မကလေးပုံထဲကလို ဗူးတောင်းကြီး ကွဲသံထွက်လာမည်ကိုလည်း စိုးရိမ်ရနှင့် ရှိနေလေ၏။

သို့ဖြစ်၍ မအောင့်နိုင်သည့်အဆုံးတွင် ဝမ်းတွင်းက လေကို တစ်ချက်ချင်း တစ်ချက်ချင်း အရစ်ကျ ထုတ်ရလေရာ၊ ကျယ်လောင်စွာ မမြည်အောင် ဖိနှိပ်ပြီး ထုတ်ရခြင်းကြောင့် အနီးအနားရှိ ကျောင်းသားများက "မြွေတွန်တယ်ကွ၊ မြွေတွန်တယ်ကွ" ဟု မကြားတကြား မှတ်ချက်ချကြလေ၏။

ခဏကြာလျှင် "နံတယ်ဟေ့... နံတယ်ဟေ့" ဟူ၍ တိုးတိုးသံများ ဆက်လက်ပေါ်လာသဖြင့် ခင်မောင်မှာ မျက်နှာမဖော်ရဲအောင် ရှိလေတော့၏။

ယင်းသို့ ပဲကြီးလှော် တန်ခိုးပြသဖြင့် မရိုးမရွဖြစ်ရသော ခင်မောင်၏ဒုက္ခမှာ စာစစ်ချိန်ပြီးမှပင် ဝတ်ကျွတ်လေတော့၏။ သို့သော် စာမေးပွဲအတွက် စိတ်ဓာတ်ကျနေခဲ့ခြင်းမှာ ပို၍ဆိုးရွား လာခဲ့လေ၏။ သို့ဖြစ်၍ ကျန်ဘာသာရပ်များကို ဆက်လက်၍ မဖြေတော့ဘဲ အရှုံးနှင့် ပိုင်းလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်လေရာ မိတ်ဆွေအပေါင်းအသင်းများက ဝိုင်းဝန်းဖြောင့်ဖြ တိုက်တွန်းကြသည့်အတွက် စာမေးပွဲပြီးဆုံးသည်အထိ ဖြေလိုက်ရလေ၏။

စာမေးပွဲ ပြီးဆုံးသွားပြီဖြစ်၍ နယ်မှလာရောက် ပညာသင်ကြသော ကျောင်းသားကျောင်းသူများသည် မိမိတို့ ရပ်ဌာနသို့ ပြန်ကြသော်လည်း ခင်မောင်မှာ ပြန်ချင်စိတ်မရှိ ဖြစ်နေလေ၏။ သူနှင့် ဘဝင်းတို့သည် အလွန်ချစ်ခင် ရင်းနှီးသော မိတ်ဆွေသူငယ်ချင်းများ ဖြစ်ကြရာ၊ မည်သည့်ကိစ္စမဆို တိုင်ပင်လေ့ ရှိကြ၏။ သို့ဖြစ်၍ ခင်မောင်က ဘဝင်းအား မိမိ၏ဆန္ဒကို ထုတ်ဖော် ပြောပြလိုက်လေ၏။

"ကျွန်တော်တော့ အိမ်မပြန်ချင်သေးဘူးဗျာ။ စာမေးပွဲ အောင်စာရင်းထွက်လို့ အဖြူအမဲသိရတော့မှ ပြန်မယ်လို့ စိတ်ကူးတယ်"

"ဒီလိုဆိုရင် ခင်ဗျား ဘယ်မှာနေမလဲ"

"ကိုအောင်မြင့်တစ်ယောက်လုံး ရှိနေတာပဲဗျာ။ သူ့ထက်ရင်းနှီးတဲ့ မိတ်ဆွေ ဘယ်သူရှိဦးမလဲ၊ သူကလည်း ကျွန်တော်မပြန်ချင်သေးရင် သူ့အိမ်မှာ လာနေဖို့ ပြောနေတယ်"

"ဒါဖြင့်ရင် ကျွန်တော်လည်း မပြန်သေးဘူး၊ ခင်ဗျားနဲ့အတူတူ ကိုအောင်မြင့်အိမ်မှာပဲ နေမယ်။ ကျွန်တော့်မှာလဲ အငှားဝယ်စီးနေတဲ့ ကားရှိသားပဲ။ ဒီတော့ ပျော်ပျော်ပါးပါးပေါ့ဗျာ"

သို့ဖြင့် ဘဝင်းနှင့် ခင်မောင်တို့သည် မိမိတို့ရပ်ဌာနသို့ မပြန်ကြသေးဘဲ ရန်ကုန်တွင် နေရစ်ခဲ့ကြလေ၏။

ခင်မောင်၊ ဘဝင်းတို့မှာ စာမေးပွဲကြီး မပြီးမီက အခန်းတွင်း၌ အောင်းပြီး တကုပ်ကုပ်နှင့် စာကြည့်ခဲ့ကြရသဖြင့် ကျိုက်ဝိုင်းဘုရားပွဲ၊ ကျိုက္ကလို့ဘုရားပွဲများသို့ လူတကာ သွားလာ

MMCYBERMEDIA

ပျော်ရွှင်နေကြပါလျက် မပျော်ရွှင်ခဲ့ရသမျှ ယခုမှ လွတ်လွတ်လပ်လပ် သွားနိုင်လာနိုင် ပျော်ရွှင်နိုင်ကြလေ၏။

စာမေးပွဲနီး၍ စာကိုဖိပြီးကျက်မှတ် နေရစဉ်က ရန်ကုန်မြို့ထဲမှ ဘုရားပွဲပျော်တို့က ဘတ်စကားများဖြင့် ကျောင်းဆောင်များအနီးမှ ဖြတ်၍သွားကြရင်း "မမလေးထဘီတိုး ကြိုးစားလိုက်ကြကွဲ့နော်" စသဖြင့် နောက်ပြောင် ဟစ်အော်သွားကြသည်ကို ကြိတ်မှိတ်အောင့်အီး၍ ခံခဲ့ကြရသလောက် ယခုမူ အစွမ်းကုန် လွတ်လပ်ပျော်ရွှင်မှုမှာ ကြာရှည်မခံချေ။ စာမေးပွဲ အောင်စာရင်းများ ထွက်လာချိန်နီးသည်နှင့် ရင်တဖိုဖို ဖြစ်လာကြလေ၏။

သူတို့သည် စာမေးပွဲအောင်စာရင်းများ ထွက်မည့်ရက်ကို နားစွင့်နေကြရာက "အောင်စာရင်းတွေ ထွက်ပြီဟေ့" ဟူ၍ နှုတ်ဆင့်ကမ်းလိုက်သည့် သတင်းများကို ကြားရသည်နှင့် အောင်စာရင်းများ ကပ်၍ထားရာဖြစ်သော ဘွဲ့နှင်းသဘင် အဆောက်အဦသို့ အပြေးအလွှား သွားကြလေ၏။ ဘွဲ့နှင်းသဘင် အဆောက်အဦသို့ ရောက်သည့်အခါ မိမိတို့အရင်ဦးစွာ ရောက်နှင့်နေသူများ အကြားမှ အောင်စာရင်းများကို တိုးဝှေ့၍ ကြည့်ရလေသည်။

သူတို့အားလုံးကား မျှော်လင့်ခြင်းအပြည့်အဝ ထားသူများ ဖြစ်ကြ၏။ တက္ကသိုလ်တွင် လူမျိုးစုံ၊ လူတန်းစား အလွှာမျိုးစုံ တက်ရောက် ပညာသင်ကြားလေရာ၊ ဒိုတီဝတ် ဘယာကြော်စားပြီး မြို့ထဲမှ ကျောင်းတက် စာသင်ကြရကုန်သော ကုလားကလေးများ၊ ဆင်းရဲသား မိဘတို့၏ သားသမီးများ စသည်တို့မှအစ၊ တစ်လတစ်ရာ၊ နှစ်ရာ ဖြုန်း၍နေသော ကျောင်းသားများအထိ စာမေးပွဲဆိုလျှင် အောင်လိုသူများသာ ဖြစ်ကြပေ၏။ အလျဉ်းမဖြေနိုင်သူပင် ကံကောင်းလျှင် အောင်မှာပဲဟု ကံကိုအားကိုးကာ အောင်မြင်ခြင်းကို မျှော်လင့်မိကြလေ၏။ သို့ဖြစ်သည့်အလျောက် ကြော်ငြာသင်ပုန်းတွင် အစီအရီ ဆွဲချိတ်ထားသော စာပုံနှိပ်ထားသည့် နာမည်များကို အားပါးတရ လုန်လှော ကြည့်ရှုကြစဉ်တွင် ၎င်းတို့၏ မျက်နှာထား အမူအရာ ပြောင်းလဲကြပုံ အမျိုးမျိုးနှင့်တကွ၊ ဝမ်းသာဝမ်းနည်း ပြောဆိုကြသည့် စကားသံများကို တွေ့မြင် ကြားသိရသည်မှာ လူတို့၏သဘာဝကို စူးစမ်းသိရှိရခြင်းပင် ဖြစ်ပေတော့သည်။

အချို့ကား အောင်မြင်သော အသံကိုပြုကာ "ကွာ... ငါတော့ ပထမတန်း ဂုဏ်ထူးကို စွဲပြီးသားလို့ အောက်မေ့ထားလိုက်တာပဲကွာ၊ သေသေချာချာ ရှူးဝါးထားပြီးသားကွ၊ ဒုတိယတန်းလောက်များ မှန်းရင် ဖြေတောင်မဖြေဘူး။ အောင်လို့ ဒီစကားမျိုးပြောတာ မဟုတ်ဘူး" ဟု ပြောကြသည်ကိုလည်း ကြားရ၏။

အချို့ကလည်း မိမိတို့၏ နာမည်ကို စာရင်းတွင် ရှာမတွေ့သဖြင့် စိတ်ပျက်လက်ပျက်ဖြင့် ထွက်လာကာ "အလကားပဲ၊ တတ်နိုင်လို့ သေလုအောင် ကြိုးစားဦး၊ ကပ်နိုင်ရပ်နိုင်မှ အောင်မှာတဲ့။ ထွီ... စိတ်ပျက်စရာ ကောင်းလိုက်တာ" ဟု ခေါင်းခါ၍ မှိုင်တွေချသူများလည်း တွေ့ရပေ၏။

ပထမတန်း ဂုဏ်ထူးနှင့် အောင်မြင်သူ တစ်ယောက်မှာကား၊ များစွာသော ကျောင်းသားတို့၏ လက်ဆွဲနှုတ်ဆက် ကျောကိုပွတ်သပ်ခြင်း ခံရလျက်...

"ဟက်ပီး... ကွန်ဂရက်ကျူးလေးရှင်း"

"ဝမ်းသာလိုက်တာဗျာ သိပ်ကံကောင်းတဲ့လူပဲ၊ တော်လည်းတော်လို့ ရတာပဲလေ" ဟု ပြောဆို နှုတ်ဆက်ကြသည်ကို တွေ့ရလေရာ၊ အောင်သူမှန်က အနည်းငယ် ကြွားချင်ကြစမြဲ ဖြစ်သည့်အတိုင်း...

MMCYBERMEDIA

"အောင်ချင်လို့ အောင်တာပါဗျာ၊ ကျုပ်တစ်နှစ်လုံး ဂျပိုးထိုးပြီး အတန်းကိုလည်း 'ဘန့်' လုပ်၊ ဘိုင်စကုတ်ချည့် တပြေးတည်းပြေးနေတာ ခင်ဗျားတို့ အသိသားပဲ။ တကယ်လို့များ မအောင်လိုက်ရင် အိမ်ကဘယ်လိုများ ပြောမလဲ မသိဘူး။ အောင်ပေလို့သာ" ဟု ရွှင်ပြအားရစွာ ပြန်ပြောလိုက်သည်ကို တွေ့ရပေသည်။

ဥပစာတွင် နှစ်နှစ်တိတိကျ၍ အက်ဖ်ဘွဲ့နှစ်ဆင့် ရပြီးမှ အောင်သူတစ်ယောက်ကား... ဝမ်းသာအားရ ထ၍ခုန်ကာ "ဖိုးကော်ကွ ဖိုးကော်" ဟု ဟစ်အော်ပြေးလွှားနေသဖြင့် အောင်သူကို မဆိုထားဘိ ရှုံးသောသူပင် ၎င်းကိုကြည့်၍ ပျော်ရွှင်အားရမိလေ၏။

အချို့ကလည်း စာရင်းကို ကမန်းကတန်း လှန်ကြည့်ကာ၊ မကျေနပ်သေးသော အမူအရာဖြင့် နောက်တစ်ကြိမ် အသေအချာ လှန်ကြည့်ပြီးမှ မည်သည့်စကားတစ်ခွန်းမှ မပြောပဲ မိမိအား မေးမြန်းကြမည်ကိုလည်း မကြားလို၍ ကုပ်ကုပ် ကုပ်ကုပ်နှင့် ငြိမ်သက်စွာ ထွက်ခွာသွားသည်ကို တွေ့ရပေ၏။

ခင်မောင်သည် စာရွက်များကို လှန်လှောကာ မိမိ၏ခုံနံပါတ် ရှိမည့်နေရာတွင် ကြည့်ရှုရာ မိမိ၏နာမည်နှင့် ဆင်တူရိုးမှားကိုမျှ မတွေ့ရသဖြင့် မျက်နှာပျက်လျက် နောက်ထပ်၍ မကြည့်တော့ပဲ လူများအကြားထဲမှ အသာလျှို၍ ထွက်ခဲ့လေ၏။ ဖြေပြီးစကပင် အောင်လိမ့်မည် မထင်ခဲ့သော်လည်း မျှော်လင့်ချက်ကလေး မကုန်သေးသဖြင့် လာရောက်၍ ကြည့်ရှုကာမှ မျှော်လင့်ခြင်း လမ်းစတုံး၍ ဆုံးခန်းသို့ ရောက်ရှိခဲ့ပြီဖြစ်ရာ ဘဝင်းကိုပင် သတိမရပဲ မှိုင်တွေ၍ ထွက်လာခဲ့ရာ-
"ဟဒ်လပ် ကိုခင်မောင်။ ခင်ဗျားအတွက် ကျွန်တော် စိတ်မကောင်းပါဘူး။ အဟုတ်ကိုပဲ" ဟု ပြောသံကြားသဖြင့် လှည့်၍ကြည့်လိုက်မှ ဘဝင်းလိုက်လာသည်ကို တွေ့ရလေ၏။

"ဟာ... ကိုဘဝင်း၊ ခင်ဗျားတောင် ကျွန်တော်မေ့ပြီး ထွက်လာမိခဲ့တယ်။ စိတ်များလည်း ဘာဖြစ်ကုန်ပြီလဲ မသိဘူး။ ခင်ဗျားအောင်တယ်နော်... ဝမ်းသာပါတယ်"
"စိတ်မပျက်ပါနဲ့ဗျာ။ တစ်နှစ်ထဲ ရှုံးသေးတာပဲ။ ဒီနှစ် ကြိုးစားသေးတာပေါ့" ဟု ဘဝင်းက အားပေးစကား ပြောဆိုကာ ထွက်လာခဲ့ကြလေ၏။

ခင်မောင်မှာ ဉာဏ်ရည်ဉာဏ်သွား မထိုင်းမှိုင်းလှသော်လည်း သင်ရသောပညာထက် ကစားခုန်စား ဘက်တွင် ပိုမိုနစ်သက်စွဲလန်းခဲ့သဖြင့် စာသင်ကြားရေးဘက် ပေါ့လျော့ခဲ့သောကြောင့် စာမေးပွဲတွင် ကျရှုံးခဲ့ရခြင်းဖြစ်၏။ သို့ဖြစ်၍ ဘဝင်းမှာ ဥပစာတန်းအောင်၍ ကျောင်းဖွင့်လျှင် ဝိဇ္ဇာလောင်း အခေါ်ခံရတော့မည်ဖြစ်လျက် ခင်မောင်မှာမူ "အက်ဖ်" ဘွဲ့ထူးဖြင့်သာ ကျေနပ်ရတော့မည် ဖြစ်ပေ၏။

သို့နှင့် စာမေးပွဲကျရှုံးသဖြင့် အိမ်ပြန်ရန် မျက်နှာပန်းမလှပဲ ရှိသောကြောင့် မည်သို့ကြံစည်ရပါမည်နည်းဟု စဉ်းစား၍ မရနိုင်ပဲရှိသည်တွင် ဘဝင်းက...
"ခင်ဗျား အိမ်ပြန်ရမှာ ရှက်ရင်လည်း ကျွန်တော်နဲ့အတူတူ မော်လမြိုင်လိုက်ခဲ့ဗျာ၊ သင်္ကြန်ကျပြီးတော့မှ ပြန်တာပေါ့။ မော်လမြိုင်မှာ ရေကစားတာ ဘယ်လောက်စည်ကားတယ်ဆိုတာ သိရအောင်၊ ပျော်ပျော်ပါးပါး နေရရင် စိတ်ညစ်တာတွေလည်း ပျောက်သွားမှာပါပဲ။ လိုက်ခဲ့ပါဗျာ၊ ဟုတ်လား။ လိုက်မယ် မဟုတ်လား"

MMCYBERMEDIA

ဟု ခေါ်နေသောကြောင့် နဂိုရ်ကု စိတ်လေနေသော ခင်မောင်မှာ လည်ပတ်ရန်ကို အထူးသဘောကျသဖြင့် ဘဝင်းနှင့်အတူ မော်လမြိုင်သို့ လိုက်ရန် သဘောတူလိုက်သည့်အလျောက် မိဘများထံ မိမိကြိုးစားပါသော်လည်း ကံအကြောင်းမလှ၍ စာမေးပွဲတွင် ဆုံးရှုံးရကြောင်း၊ သို့ဖြစ်၍ စိတ်မကောင်းသောကြောင့် စိတ်ရွှင်လန်းစေခြင်းငှာ ချစ်ခင်သောမိတ်ဆွေ ကျောင်းနေဘက်တစ်ဦးနှင့် မော်လမြိုင်သို့ သွားလို၍ စရိတ်ပေးပို့စေလိုကြောင်း၊ နောင်နှစ်ကိုမူ အထူးကြိုးစားမည့်အကြောင်းနှင့် စိတ်မဆိုးအောင် အမျိုးမျိုး လှည့်ပတ်ရေးသားကာ ငွေမှာကြားလိုက်ရလေ၏။

ထိုသို့ မှာကြားလိုက်သည့်အတိုင်း ငွေရောက်ရှိလာပြီးနောက် ရန်ကုန်တွင် ကြာကြာမနေတော့ပဲ၊ ဘဝင်းနှင့်အတူ မော်လမြိုင်သို့ သွားကြလေ၏။ ဘဝင်း၏ မိဘများသည်ကား သစ်လုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်သူများဖြစ်ကြ၍ ပိုက်ဆံအတော်အတန် ချမ်းသာသူများ ဖြစ်ကြသည့်အလျောက် မော်လမြိုင်မြို့တွင် အတော်ပင် ထင်ရှားသူများ ဖြစ်ကြပေ၏။ ခေတ်ဆန်ဆန် ဆောက်လုပ်ထားသော ၎င်းတို့နေထိုင်ရာ တိုက်အိမ်ကြီးသည်ကား ဒိုင်းဝန်းကွင်း ရပ်ကွက်တွင် ခန့်ညားသော အဆောက်အဦများအနက် တစ်ဦးအပါအဝင် ဖြစ်လေသည်။

ထိုအိမ်ကြီးသို့ ရောက်ရှိကာ သာယာလှသော ပန်းခြံကို တွေ့ရှိသည်နှင့် တပြိုင်နက် ခင်မောင်မှာ ပျော်ရွှင်စိတ်များ ဝင်စားလာလေ၏။ ဘဝင်းကလည်း မည်သို့မျှအားမနာပဲ ကိုယ့်အိမ်ကဲ့သို့ သဘောထားကာ နေထိုင်ရန် ပြောဆိုသည့်အပြင် ဘဝင်း၏မိဘများကလည်း ဖော်ဖော်ရွေရွေရှိကြသဖြင့် ခင်မောင်မှာ နေရထိုင်ရ လွတ်လပ်လျက် ရှိပေတော့၏။

နံနက်စာ လက်ဖက်ရည်နှင့် မုန့်များ စားသောက်လျက် ရှိကြရင်း ခင်မောင်သည် ပန်းခြံထဲသို့ လှမ်း၍ကြည့်လိုက်ရာ၊ ၎င်း၏မျက်စိများသည် စူးစိုက်ကြည့်ရှုမိသော ဌာနမှခွာ၍ မရနိုင်အောင် ရှိလေ၏။ ထိုသို့ရှိရခြင်းမှာ လှပတင့်ဆန်း ပွင့်လန်းဝေဆာလျက် ဖူးပွင့်ကြကုန်သော ပန်းပွင့်ပန်းပင်ကလေးများထက် နှစ်သက်ဖွယ်ကောင်းလှသော ရုပ်ပုံရုံတစ်ခုကို စူးစိုက်ကြည့်ရှုမိ၍ပင် ဖြစ်၏။ ထိုအာရုံစူးစိုက်ရာသည်ကား နုထွားပျိုမြစ် ချစ်ချင့်စဖွယ် ကောင်းလှသော မိန်းမပျိုကလေးတစ်ဦး ပန်းခူး၍နေခြင်းပင် ဖြစ်ပေ၏။ ထို ဖြူဖြူဖွေးဖွေး ရေဆေးငါးပမာ ချစ်စရာကလေးမှာ ဘဝင်း၏ မျက်နှာနှင့် ခပ်ဆင်ဆင်တူလှသဖြင့် ဘဝင်း၏ နှမကလေးပင် ဖြစ်မည်ဟု တွေးမိလေ၏။

ခင်မောင်မှာ ထိုမိန်းမပျိုကလေးကို အာရုံစူးစိုက်နေခြင်းဖြင့် လက်ဖက်ရည်သောက်ရန်ကိုမျှ သတိမရနိုင်ပဲ ပန်းကန်လုံးကို ကိုင်မြှောက်လျက် ငေး၍နေသည်ကို ဘဝင်းတွေ့မြင်ရသောကြောင့်...
"ကိုယ့်လူ ဘာများသဘောကျပြီး စိုက်ကြည့်နေသလဲ" ဟု မေးလိုက်၏။ ထိုအခါမှ ခင်မောင်သည် ရုတ်တရက် သတိရကာ မျက်နှာများပျက်မသွားအောင် မနည်းကြိုးစား ဟန်ဆောင်လိုက်ရပြီးလျှင်...
"ဩော် ... ပန်းပင်ကလေးတွေက လှလို့ ကြည့်နေမိတယ်" ဟု ပြော၍ လက်ဖက်ရည်ကို မော့ချရလေ၏။

ဘဝင်းမှာ အကြောင်းကို မရိပ်မိသောကြောင့် ခင်မောင်ပြောသမျှကို ယုံကြည်ကာ ပြတင်းပေါက်အပြင်သို့ လှမ်း၍မကြည့်ပဲ...
"အခု နွေမို့လို့ နည်းနည်းနွမ်းကုန်တယ်၊ မိုးတွင်းခါဆိုရင် သိပ်ပြီးလှတာပဲ၊ ဝေဝေဆာဆာကြီးပဲ။ ဒီပန်းမျိုးစေ့တွေ ဟော်လန်ကမှာပြီး စိုက်တာတွေ၊ မြန်မာပြည်မှာ ရှားတယ်" ဟု ပြောလိုက်လေသည်။

MMCYBERMEDIA

"ဒါကြောင့် လှလည်းလှ ထွားလည်းထွားတာကိုးဗျ။ မျိုးစေ့က အောင်ပေတာကိုး၊ သိပ်ပြီးချစ်စရာကောင်းတာပဲ"

ခင်မောင်သည် မိမိ၏စကားကိုတွေးပြီး ရယ်ချင်လှသော်လည်း မနည်းမျိုသိပ်ပြီးလျှင် စကားကိုဆက်ပြန်သည်။
"ကျွန်တော်တို့ အထက်ဆီမှာတော့ အင်မတန်ပူတာကလား၊ ပန်းပင်တွေဟာ လိုလိုကင်းကင်း သေးသေးကွေးကွေးချည့်ပဲ။ ဒီဆီမှာတော့ ရေမိုးရာသီဥတုက မျှတညီညွတ်လေတော့ သိပ်ပြီး ချစ်စရာကောင်းတာပဲ"

ဘဝင်းမှာ မိမိ၏မြို့ကို ချီးမွမ်းခြင်းခံရသဖြင့် ပိုမို၍ ကျေနပ်မိပြန်လေ၏။ ခင်မောင်မှာ ဘဝင်း၏အလစ်တွင် ပန်းခြံထဲသို့ခိုး၍ ကြည့်မိလျက် မော်လမြိုင်သူတွေ ဝသည်၊ လှသည်ဆိုသော စကားကို လက်တွေ့ယုံကြည်မိလေ၏။

ခင်မောင်မှာ မိန်းမပျိုကလေး၏ ရုပ်ပုံရိပ်ကို မျက်စိထဲမှ ထုတ်ပယ်၍မရအောင် ထင်ယောင်မြင်ယောင်ရှိနေပြန်လေ၏။ ပန်းခြံထဲမှ ထိုမိန်းမပျိုကလေး ပျောက်ကွယ်သွားပြီးနောက် အိမ်ထဲတွင် ကြည့်ရှုစုံစမ်းရာ၊ အဘယ်မှာမှ မမြင်ရပဲ ရှိလေ၏။ မိမိမှာ ဧည့်သည်အဖြစ်ဖြင့် နေထိုင်ရသည့်အတွက် အိမ်ထဲတွင် သွားချင်သလို သွားလာကြည့်ရှု ရမှာလည်း မသင့်လျော်လှသောကြောင့် အိမ်ရှေ့ခန်းတွင်ပင် ကုပ်၍နေထိုင်ရကာ၊ မြင်ရလိုမြင်ရငြား အိမ်နောက်ဖေးခန်းဆီသို့သာ မကြာမကြာ လှမ်းမျှော်၍ ကြည့်ရှုနေမိလေ၏။ သို့သော်လည်း မတွေ့မမြင်သဖြင့် ယောကျ်ားပျိုဧည့်သည် ရှိခြင်းကြောင့် အိမ်တွင်း၌ ပုန်း၍ပင် နေသလော။ ဘဝင်း၏နမ မဟုတ်ပဲ အခြားအိမ်က လာရောက်၍ ပန်းခူးသူကလေးပင် ဖြစ်ပေသလောဟု တွေးတောဝေခွဲ၍ မရနိုင်အောင် ရှိလေ၏။

ပန်းခြံထဲတွင် မြင်လိုက်ရသော မိန်းမပျိုကလေးနှင့် ဘဝင်းမှာ မျက်နှာချင်း ခပ်ဆင်ဆင်တူသဖြင့် နမဖြစ်သည်ဟူ၍ ယူဆရန်ရှိသော်လည်း ဘဝင်း၌ နမရှိကြောင်း ၎င်းကိုယ်တိုင်ကလည်း မပြောစဘူး။ ၎င်းနှင့်တစ်မြို့တည်း လာရောက်သင်ကြားကြသော ကျောင်းသားများကလည်း နမနှင့်စပ်၍ နောက်ပြောင်သည်ကို မကြားစဘူး ဖြစ်သောကြောင့် ဘဝင်းတွင် နမရှိမရှိ မေးမည်ကြံသော်လည်း မေးရန်အကြောင်းလည်း မသင့်၊ မေးရမှာလည်း ခက်လှသဖြင့် မမေးပဲ မြဲ၍သာ နေလိုက်ရပြီးလျှင် နေဘို့ရက်လည်း များစွာရှိသေးသဖြင့် 'မပြန်ခင် တစ်နေ့တော့ သိရမှာပဲ' ဟု အောက်မေ့နှလုံးပြုထားလိုက်လေ၏။

ဘဝင်းသည် ခင်မောင် စိတ်မကျဉ်းကျပ်ရအောင် နေချင်သလို လွတ်လပ်စွာနေထိုင်စေရန် အခန်းတစ်ခု ရှင်းလင်းပေးထားလေသည်။ ခင်မောင်လည်း ရေမိုးချိုးပြီးနောက် အခန်းထဲတွင် အဝတ်အစားများ လဲလှယ်ဝတ်ဆင်လျက်နေစဉ် "ကိုကို ထမင်းစားမယ်။ ဧည့်သည်လည်း ခေါ်လိုက်ပါ" ဟု အခန်းဝမှလှမ်း၍ ပြောသံကြားလိုက်ရသဖြင့် လှည့်၍ကြည့်လိုက်သည်တွင် ယခင်မိန်းမပျိုကို တွေ့ရ၍ မိမိအား လူများပြီး ခေါ်ကြောင်းသိရှိကာ ၎င်းရှက်၍ မသွားစေရန် မျက်နှာလွှဲထားလိုက်ရလေ၏။ မိန်းမပျိုကလေးမှာမူ မျက်နှာအထားခက်ကာ ချာခနဲ လှည့်ထွက်သွားလေ၏။

ထို့နောက်မှ ဘဝင်းရောက်လာကာ ခင်မောင်အား ထမင်းစားရန်ခေါ်လေ၏။

MMCYBERMEDIA

"ကိုဘဝင်း၊ ကျွန်တော့်အတွက် ဒုက္ခခံပြီး ဖွယ်ဖွယ်ရာရာတွေ လုပ်မနေပါနဲ့ဗျာ။ တော်ရုံလျော်ရုံဆိုရင်လည်း ပြီးတာပါပဲ။ ကျောင်းမှာတုန်းကတောင် မဝတ်ရုံ ထမင်းစားခဲ့ကြရသေးတာပဲ"
"အို... အားမနာပါနဲ့ဗျာ။ ကိုယ့်အိမ်လို သဘောထားပြီး စားပါ။ ထုံးစံချက်ရိုးချက်စဉ်ပါပဲ"
"ချက်ရိုးချက်စဉ် ဆိုပေမယ့် မော်လမြိုင်အစားဆိုတဲ့ စကားလုံးဟာ သိပ်ပြီး နာမည်ကြီးတာ။ ခင်ဗျားတို့ဆီကတော့ ဆန်းဆန်းပြားပြား စားတတ်လွန်းလို့" ဟု ပြောကာ ထမင်းစားရန် ဘဝင်းနှင့်အတူ ထမင်းစားခန်းသို့ လိုက်ပါသွားလေ၏။

...

(၂)

ခင်မောင် ရောက်ရှိ၍လာသည်ဟု ကြားရသဖြင့် မော်လမြိုင်မြို့ပေါ်မှ တက္ကသိုလ်ကျောင်းတော်သား မိတ်ဆွေသူငယ်ချင်းများသည် လာရောက်တွေ့ဆုံကာ မြို့ထဲသို့လည်ပတ် ကြည့်ရှုကြရန် ခေါ်ကြလေ၏။ ခင်မောင်မှာ ကျောင်းတွင် ထင်ရှားသော ကျောင်းတော်သားတစ်ယောက် ဖြစ်သဖြင့် အသိမိတ်ဆွေပေါ်များ၍ ချစ်ခင်သူလည်း များပြားရကား မော်လမြိုင်တွင် နေစဉ်ခဏတွင် ထမင်းစားလာရောက် ဖိတ်ကြားကြသော မိတ်ဆွေများထံသို့ တစ်ယောက်တလဲစီ သွားရောက် စားသောက်ရကာ နေ့စဉ်နှင့်အမျှ မနားရအောင် ရှိနေလေ၏။

ခင်မောင်သည် ရိုးဂိုး၊ ကျိုက္ခမီ၊ ခရုံ့ကူ စသည်များကို နံ့စပ်အောင်ရောက်ရှိသဖြင့် အထူးပင်ပျော်ရွှင်ခြင်း ဖြစ်မိလေ၏။ ဘဝင်းသည် ခင်မောင်သွားလေရာသို့ လိုက်လံပို့သရှာလေ၏။ တစ်နေ့တွင် ကားတစ်စီးနှင့် သူငယ်ချင်းများ လာရောက်ခေါ်ငင်သဖြင့် ခင်မောင်လိုက်ပါသွားရာတွင် ဘဝင်းမှာ မအားလပ်သောကြောင့် အိမ်တွင်ကျန်ရစ်ခဲ့လေ၏။

ထိုအခါမှ ခင်မောင်သည် မိမိသိရှိလိုသော အချက်ကို စုံစမ်းနိုင်ရန် အခွင့်အရေး ပေါ်ပေါက်လာလေ၏။ မိတ်ဆွေတစ်ယောက်က...
"အိုင်ဆေးကိုခင်မောင်။ ခင်ဗျားဘယ်တော့ ပြန်မယ် စိတ်ကူးသလဲ" ဟု မေးလိုက်ရာ ခင်မောင်က...
"ကျွန်တော်လည်း ပြန်ချင်တာပဲ။ ကိုဘဝင်းတို့အိမ်ကို သိပ်ပြီး အားနာတယ်။ နို့ပေတဲ့ သူတို့က သင်္ကြန်ကျပြီးမှ ပြန်ချင်လျှင် ပြန်ပါလို့ တားထားတာနဲ့" ဟု အဖြေပေးလိုက်သည်။

"ဒါဖြင့် ရေငတ်တာနဲ့ ရေတွင်းထဲကျတာ အဆင်သင့်ကျနေတာပေါ့"
ထိုမိတ်ဆွေက ပြုံးရယ်သော မျက်နှာဖြင့် ပြောရာ ခင်မောင်မှာ ဘယ်သို့အဓိပ္ပာယ်ကို ရည်ရွယ်၍ ပြောလိုက်သည်ကို မသိသဖြင့်...
"ဆိုစမ်းပါဦး။ ဘယ်သဘောမျိုး ရေတွင်းထဲ ကျတာလဲ" ဟု မေးမိ၏။
"အပါး... မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့၊ ကိုဘဝင်း နှမကလေးကို ခင်ဗျားတွေ့တယ် မဟုတ်လား၊ အခုလို မပြန်ပါနဲ့ဦးဆိုရင် သာပြီးခင်ဗျား ကျေနပ်မှာပေါ့ဗျ"
"သြော်... ဒါကြောင့်ကိုးဗျ၊ ရုပ်ချင်းတူပါတယ်လို့ အောက်မေ့နေတာ၊ ခင်ဗျားပြောမှဘဲ နှမအရင်းဖြစ်တာ သိတာပဲ။ နို့ပေတဲ့ တစ်အိမ်ထဲသာနေရတယ် တွေ့ချင်တိုင်း တွေ့ရတယ် မှတ်လို့လား သိပ်ပုန်းတာပဲ။ တစ်ခါနှစ်ခါပဲ မြင်ရပါသေးတယ်။ မိန်းကလေးမို့ ထင်ပါရဲ့"
"ကိုယ့်လူ တော်တော် သဘောကျနေပြီ ထင်တယ်"

MMCYBERMEDIA

"ကျသလား မကျသလားတော့ မသိဘူး။ ရောက်တဲ့နေ့ကဖြင့် မြင်မြင်ချင်း ငိုင်သွားတာပဲ။ ဟဲ... ဟဲ... ဒါထက် သူ့နာမည်က ဘယ်သူလဲဗျ"
"ခင်ဆွေဆိုတာ သူပေါ့ဗျ။ အရပ်ထဲမှာ တော်တော့်ကိုပဲ နာမည်ကြီးတာ။ ရုပ်ကလဲလှ၊ ပိုက်ဆံကလည်း ရှိတော့ ပိုးတဲ့ငနဲတွေ သိပ်ပြီးပေါတာပဲ၊ တစ်ယောက်မှ မစွန်ဘူး။ မော်တင်လိုင်းမှာနေတယ်၊ ဒီနှစ်ဟိုက်စကူးဖိုင်နယ် ဖြေထားတယ်"
"ပိုးတဲ့အထဲမှာ ခင်ဗျားတို့ကော ပါသေးသလား"
"ပါချင်ပေမဲ့ မရဘူးဆရာ၊ ရွှာမြက်ရွှာနွားမစား ဆိုတာလို ကျွန်တော်တို့တော့ မှန်းမှာမဟုတ်ပါဘူး၊ စာကလည်းတော်၊ ပိုက်ဆံကလည်းရှိတော့ တော်ရုံတန်ရုံလူ ဘာမှန်းမလဲဗျ။ ခင်ဗျားတို့လိုလူဆိုရင် မပြောတတ်ဘူး"
"မလုပ်ပါနဲ့ဗျာ၊ ခဏအလည်လာတာ မနေရပဲ ထွက်ပြေးနေရပါဦးမယ်၊ ခင်ဗျားတို့ မြို့ခံလူတွေတောင် နေရာမကျပဲရှိနေတာ၊ တစ်ခြားအရပ်ကလူ ခဏကလေးလာရုံနဲ့ စွန်ဘို့ဟာ အခက်သားဗျ"
"အို... သူဒီနှစ် ဆယ်တန်းအောင်လို့ ကျောင်းကိုရောက်လာရင် ကြိုးစားနိုင်တာပေါ့ဗျ"
"နို့ပေတဲ့ ကျွန်တော်ကျောင်းဆက်ပြီး မနေချင်တော့ဘူးဗျာ၊ စိတ်ပျက်လှပြီ၊ ရှက်စရာသိပ်ကောင်းတာပဲ"
"ဟာ... ခင်ဗျားကျောင်းက ထွက်လို့ ဘယ်ဖြစ်မလဲဗျ၊ ခင်ဗျားရှိလို့ ဘောလုံးအသင်းကြီး အတော်တောင့်နေတာ၊ ခင်ဗျားထွက်သွားရင် ပျက်သွားရောပေါ့ဗျ၊ မထွက်ပါနဲ့ဗျာ။ တစ်နှစ်တစ်လေ ရှုံးတာပဲ။ အက်ဖ်ဆိုတဲ့ဘွဲ့ကို တက်ဖူးအောင် နေသေးတာပေါ့၊ တစ်နှစ်ပိုပြီးနေရတော့ တစ်နှစ်ပိုပြီး စုံတာပေါ့ဗျ"

ထိုသို့ မိတ်ဆွေများက ပြောဆိုအားပေးသည့်တိုင်အောင် ခင်မောင်သည် ကျောင်းထွက်ရန်သာ ဆုံးဖြတ်မိလေ၏။ ထိုသို့ စိတ်ကူးထားသည့် ရည်ရွယ်ချက်ကို သိရသဖြင့် ဘဝင်းကလည်း ကျောင်းမထွက်ရန် အတန်တန် တားရှာလေ၏။

"မဖြစ်ဘူးဗျာ၊ ဆက်ပြီးနေပေမဲ့ အောင်ချင်မှ အောင်ဦးမှာ။ တကယ်လို့ ဒီနှစ်အောင်တယ်ပဲ ထားပါဦး၊ ကျန်တဲ့နှစ်တွေ ဆက်ပြီး အောင်မှနေရာကျမယ်။ နို့မဟုတ်ရင် အချိန်ကုန် ငွေကုန်နဲ့ ကျောင်းထွက်တဲ့အခါ အခုထက် အလုပ်အကိုင်တွေ ရှားပြီးနေမှဖြင့် သာပြီးဆိုးဦးမယ်။ အခုနေအခါ ဘောလုံး ကန်တတ်တယ်ဆိုတဲ့ နာမည်နဲ့ ရန်ကုန်မှာ အလုပ်ရဖို့ လွယ်သေးတယ်"

ဘဝင်းသည် ယူနီဗာစတီဘောလုံးသင်း လက်ရှိကပ္ပတိန်ဖြစ်သဖြင့် ခင်မောင်ကို အားကိုးပြုရသူ တစ်ယောက် ဖြစ်ရကား၊ ၎င်းမရှိလျှင် မိမိအုပ်ချုပ်လျက်ရှိသော အသင်းကြီးနှင့်တကွ မိမိနာမည်ပါ ပျက်ရတော့မည်ကို မြင်မိသဖြင့် မိမိ၏မိဘများအား ခင်မောင်ကိုဆုံးမစကား ပြောပေးရန် ပြောရလေ၏။ သို့ဖြင့် ဘဝင်း၏မိဘများက ခင်မောင်အား အကျိုးအကြောင်း ပြသ၍ ဝိဇ္ဇာဘွဲ့ထူး ရရှိသည့်တိုင်အောင် ပညာဆက်လက် သင်ကြားရန် အားပေးဆုံးမကြသောကြောင့် ခင်မောင်လည်း အလိုက်အထိုက် ကြည့်ရှု၍ အဖြေပေးလိုက်ရလေ၏။

ခင်မောင်မှာ ရောက်စတွင်သာ ခင်ဆွေကို မြင်ချင်တိုင်း မမြင်ရသော်လည်း ရောက်၍ရက်အနည်းငယ် ကြာလာသောအခါ ရိုးတန်းနေပြီဖြစ်သဖြင့် ခင်ဆွေလည်း ရဲရဲတင်းတင်းပင် အိမ်တွင်း၌ သွားရိုးသွားစဉ် သွားလာနေသောကြောင့် ကောင်းစွာတွေ့ရှိရလေ၏။ သို့တွေ့ရှိရသည့် အခါတိုင်း ခင်မောင်သည်

MMCYBERMEDIA

မရိုးသားသော မျက်စိများဖြင့် ခင်ဆွေအားကြည့်လေ့ရှိရာ ခင်ဆွေမှာ အခါများစွာ ရှက်ကိုးရှက်ကန်း ဖြစ်မိလေ၏။

'ငါ့ကို မကြာခဏ မြင်ရရက်သားနဲ့ စိုက်ပြီးကြည့်ကြည့်နေတာ သူ့စိတ်ထဲမှာ မရိုးဘူးထင်တယ်' ဟု မိမိ၏ စိတ်ထဲတွင် တွေးမိခြင်းဖြင့် ခင်ဆွေသည် ခင်မောင်အပေါ်၌ အမှုမဲ့အမှတ်မဲ့ မနေနိုင်တော့ပဲ မကြာခဏ ချောင်းမြောင်း ကြည့်ရှုမိလေ၏။ ခင်မောင်၏မျက်လုံးများမှာ အစဉ်သဖြင့် ခင်ဆွေအား ရှာဖွေ၍နေသည် ဖြစ်သည့်အတွက် မိမိအား ချောင်းမြောင်းကြည့်ရှုနေသည်များကို တွေ့ရသည့်အခါများတွင် စိတ်နှလုံးရွှင်ပြုံး ကျေနပ်ကာ 'ငါ့ကိုဖြင့် ငြိနေပြီ' ဟု မှတ်ချက်ချလိုက်မိလေ၏။

ခင်မောင်မှာ လူကြီးများနှင့်လည်း ခင်မင်ရင်းနှီးနေပြီးလျှင် အိမ်သားတစ်ယောက်ကဲ့သို့ အသိအမှတ်ပြုခြင်း ခံရသဖြင့် စားသောက်စရာရှိလျှင် အတူတူ ဝိုင်းဖွဲ့၍ စားသောက်ကြလေရာ ထမင်းစားသည့်အခါများတွင် တိတ်တိတ်ပုန်း ခိုး၍ကြည့်သော ခင်မောင်မျက်လုံးများသည် မရဲတရဲကြည့်သော ခင်ဆွေ၏ မျက်လုံးများနှင့် တွေ့သည့်အခါ တွေ့၊ ဟင်းခွက်တွေ လက်ချင်းဆုံမိသည့်အခါတွင် ဆုံမိကြသဖြင့် ခင်မောင်တွင် ကျေနပ်မိသလောက် ခင်ဆွေသည် ဖိန်းဖိန်းရှိန်းရှိန်းဖြစ်ကာ ခေါင်းကိုသာ အတင်းငုံ့၍ နေရလေ၏။

သို့နှင့် သင်္ကြန်အခါသို့ ရောက်၍လာကာ ခင်မောင်နှင့် ဘဝင်းတို့အား ရေကစားရန် မိတ်ဆွေများက ခေါ်ငင်ကြသဖြင့် ၎င်းတို့ပါလာသော ရေပက်ခံမော်တော်ကားနှင့် လိုက်ပါသွားကြကာ တစ်နေ့လုံး ပျော်ရွှင်မဆုံးနိုင်အောင် ရှိကြလေတော့၏။

ခင်မောင်မှာ မိမိ၏နေရပ်တွင် ထိုကဲ့သို့ သင်္ကြန်အခါတွင် အကြီးအကျယ် ရေကစားသည်ကို မတွေ့စဖူး၊ ရန်ကုန်ကဲ့သို့သော မြို့ကြီးများတွင် တွေ့ကြုံရသည်မှာလည်း ကြမ်းတမ်းလှသဖြင့် ယခုလို လှပယဉ်ကျေးခြင်းကို အသားယူ၍ ရေကစားခြင်းကို များစွာနှစ်သက် သဘောကျပါလေ၏။ ခင်မောင်သည် သင်္ကြန်ကျသော နေ့ရက်အားလုံးပင် ပျော်ရွှင်စွာ ရေပက်ခံထွက်၍ ရေကစားပြီးလျှင် အတက်နေ့တွင် ဘဝင်းတို့ အိမ်သားများနှင့်တကွ တောင်ဝိုင်းသို့ သွားရောက်ရပြန်လေ၏။

ခင်မောင်မှာ ရောက်ဖူးသည်ရှိအောင် လိုက်၍လာခြင်း ဖြစ်ပြီးလျှင် ဘဝင်းမှာ ပျော်ပွဲစားထွက်သည့် သဘောမျိုး လိုက်၍လာခြင်းဖြစ်၏။ သို့ဖြစ်၍ သူတို့နှစ်ဦးသည် အများဥပုသ်စောင့်ရာတွင် ဟန်လုပ်၍ သီလယူလိုက်ကြရသော်လည်း နေ့လည်တွင် ဆာလောင်၍လာကြသဖြင့် ဘဝင်းက မုန့်များကို ယူဝှက်ပေးလေ၏။ ခင်မောင်လည်း လူပြတ်သော တန်ဆောင်းတစ်ခုသို့သွားရောက်ကာ ခိုးကြောင်ခိုးဝှက် စားသောက်ရင်း ဇရပ်ပေါ်တွင် လှည့်ပတ်ကြည့်ရှုရာ တစ်နေရာတွင် ခင်ဆွေနှင့် တစ်ယောက်တည်း တွေ့နေရသဖြင့် စားရင်းတန်းလန်းဖြစ်သော ငှက်ပျောသီးကို မည်သို့ ကွယ်ရမည်ကို မစဉ်းစားနိုင်ပဲ ပါးစပ်ထဲတွင်လည်း ပလုပ်ပလောင်းနှင့် ကြောင်၍ကြည့်နေမိလေ၏။ ခင်ဆွေလည်း ဦးစွာအံ့အားသင့်၍ ကြည့်နေပြီးမှ ဥပုသ်စောင့်ပြီးလျှင် မုန့်စားသည်ကိုတွေ့သဖြင့် များစွာရယ်ချင်လှသော်လည်း ကြိတ်မှိတ်၍ ပြုံးတုံးတုံး လုပ်နေလိုက်၏။ ခင်မောင်မှာ မိနေမှဖြင့် မထူးတော့ပါဘူးဟု နှလုံးပြုကာ ရှက်ပြုံးပြုံး၍ လက်တွင်းရှိ စားရင်းတန်းလန်း ငှက်ပျောသီးကို ပါးစပ်တွင်းသို့ အပြီးသွတ်သွင်း သိုဝှက်လိုက်ပြီးလျှင် 'စားဦးမလား' ဟု ဆိုကာ ကိုင်လာသော ငှက်ပျောသီးကို လှမ်း၍ပေးလေ၏။

MMCYBERMEDIA

ခင်ဆွေလည်း ပလုပ်ပလောင်း အသံနှင့်ပြောသော ခင်မောင်၏စကားကို ကြား၍ပြုံးရယ်လျက် 'မစားတော့ပါဘူး၊ ဥပုသ်နဲ့' ဟု ပြောလိုက်ရာ ခင်မောင်မှာ ဥပုသ်ကျိုးသည်ကို ရှက်သလိုလို ဖြစ်သွားမိ၏။

ထို့နောက် ခင်ဆွေက...
"ဒီမှာအလည်လာတာ ပျော်ရဲ့လား" ဟု မေးသဖြင့်...
"ပျော်ပါတယ်၊ သိပ်ပျော်တာပဲ။ ပြန်တောင် မပြန်ချင်ဘူး" ဟု ပြောကာ မရိုးသားသာ မျက်လုံးဖြင့် ခင်ဆွေအား စိုက်၍ကြည့်လိုက်လေ၏။

"ပျော်ရင်လည်း နေပါဦးလား၊ ကျောင်းဖွင့်ကာနီးမှ ပြန်တာပေါ့"
"မဖြစ်ဘူး ထင်တယ်။ ကျောင်းပိတ်ကတည်းက အိမ်ကို ပြန်ပြီးမရောက်သေးဘူး၊ ကြာရင် စိတ်ဆိုးနေကြမယ်"
"ဘယ်တော့လောက် ပြန်မယ် စိတ်ကူးသလဲ"
"တစ်ရက် နှစ်ရက်လောက်ကြာရင် ပြန်မှာပဲ"

ခင်ဆွေ၏မျက်နှာတွင် မသိမသာထူးခြား ပြောင်းလဲသွားသကဲ့သို့ တွေ့မြင်ရလေ၏။

သို့ပြောဆိုနေရာက စကားပြတ်၍နေသဖြင့်၊ ခင်မောင်က စကားစ ရှာကြံကာ...
"ဒီနှစ်အောင်ရင်၊ ကောလိပ်ကို ဆက်ပြီး သွားဦးမလား" ဟု မေးလိုက်ရလေသည်။

"မပြောတတ်သေးဘူးရှင့်၊ အိမ်က နေဆိုရင်လည်း နေမှာပဲ။ မိန်းကလေးပဲ မထူးဘူးဆိုရင်လည်း ကောလိပ်ကိုရောက်မှာ မဟုတ်ဘူး"
"အောင်ရင်တော့ ဆက်သင်ဖို့ ကောင်းတာပဲ"

ထိုသို့ပြောနေစဉ် ခြေသံကြားသဖြင့် လှည့်၍ကြည့်လိုက်ရာ ဘဝင်းကို တွေ့ရလေ၏။ ခင်မောင်လည်း ဘဝင်းအနီးသို့ကပ်ကာ "ဒီအထဲဝင်ပြီး ငှက်ပျောသီး တုတ်နေတာ၊ ခင်ဗျားစစ္စတားနဲ့ တွေ့လို့ ဖြီးနေရသေးတယ်" ဟု ပြောရာ၊ ဘဝင်းက "ဘာကိစ္စရှိလဲဗျ၊ လူကြီးတွေမှ မဟုတ်ပဲ၊ ဆာလို့ စားတာပဲ" ဟု ပြောပြောဆိုဆို ခင်မောင်၏လက်ထဲက ငှက်ပျောသီးတစ်လုံးကို ဖြုတ်၍စားလေ၏။

သို့နှင့် ခင်မောင်မှာ ခင်ဆွေနှင့် စကားပြောဖူးဆိုဖူး ရှိပြီးနောက်၊ ကြာကြာနေလျှင် ရှေ့သို့အဆင့်အတန်း တိုးတက်ဘွယ်ရာ ရှိသော်လည်း မိဘများထံမှ ပြန်လာရန် စာနှင့်တကွ ငွေကိုပို့လိုက်သောကြောင့် ပြန်ဖို့ရန် စီမံရလေ၏။ ပြန်မည့်နေ့တွင် အသိမိတ်ဆွေများအား လိုက်လံနှုတ်ဆက်ပြီးလျှင် ညစာ စားသောက်ပြီးသောအခါ ဘဝင်း၏ မိဘများအား ပြန်ဖို့ရန် ခွင့်ပြုပါမည့်အကြောင်းကို ပြောဆိုကန်တော့လေ၏။

ထို့နောက်အခန်းထဲတွင် ပစ္စည်းများကို ထုပ်ပိုးနေစဉ်၊ အခန်းဝတွင် ခင်ဆွေလာရပ်သည်ကို တွေ့ရလေ၏။

"မခင်ဆွေ ပြန်ဦးမယ်နော်"

MMCYBERMEDIA

ခင်ဆွေသည် ဝမ်းနည်းသလိုလိုဖြစ်လျက်...
"ကိုခင်မောင် ပြန်သွားရင်၊ ကိုကိုဝင်းတို့ ဆွေဆွေတို့လည်း ပျင်းပြီးကျန်ရစ်ခဲ့မှာပဲ။ နောက်ကို အားတဲ့အခါ အခုလို အလည်လာပါဦးနော်" ဟု ပြောလိုက်သဖြင့် "ဟုတ်ကဲ့" ဟုဆိုရင်း ခင်မောင်သည် ခင်ဆွေ၏ မျက်နှာကို ကြည့်ကာ၊ မချင့်မရဲ ရှိမိလေ၏။

သင်္ဘောဆိပ်သို့ ဆင်းရန်အချိန် ကျရောက်လာသောအခါ မိတ်ဆွေများလည်း လိုက်လံပို့သရန် ရောက်ရှိလာကြပြီးလျှင် တပျော်တပါးကြီး ပစ္စည်းများကို သယ်ယူ၍ ကားပေါ်သို့ တင်ကြလေ၏။ ခင်မောင်လည်း ထွက်ခဲ့ပြီးနောက် ကားပေါ်သို့ရောက်သောအခါ၊ အိမ်ကိုလှည့်၍ကြည့်လိုက်ရာ ပြတင်းပေါက်မှထွက်၍ မျှော်နေသော ခင်ဆွေကို တွေ့ရလျှင်၊ စိတ်ထဲတွင် အတော်ပင် ထိခိုက်၍သွားကာ၊ လက်ပြနှုတ်ဆက် လိုသော်လည်း ဘဝင်း ရှိနေသောကြောင့် မသိသလို နေလိုက်ရင်းပင် ကားထွက်၍သွားလေ၏။

ခင်မောင်လည်း ရန်ကုန်သို့ဝင်၍ အောင်မြင့်ထံတွင် ထားခဲ့သော စာအုပ်သေတ္တာနှင့်တကွ ပစ္စည်းအချို့တို့ကို ယူပြီးလျှင် ရန်ကုန်တွင် တစ်ရက်နေ၍ စစ်ကိုင်းသို့ ပြန်ခဲ့၏။

သူသည် စာမေးပွဲရှုံးသည့်အတွက် မိဘများက တတွတ်တွတ် နားညီးလောက်အောင် ဆူပူ ပြောဆိုမည်ကိုလည်း မခံနိုင်။ သူငယ်ချင်း အပေါင်းအဖေါ်တို့က မေးမြန်းပြောဆိုကြမည်ကိုလည်း မတွေ့လိုလှသဖြင့် ရောက်သည့်နေ့မှစ၍ လည်ပတ်ကာ၊ စားချိန်အိပ်ချိန်ကျမှ ပြန်သည့်အခါပြန်၊ မန္တလေးဘက်သို့ ကူးသည့်အခါကူးနှင့် ရှောင်ရှား၍နေလေ၏။ သို့သော်လည်း မိဘများသည် သားသမီးများ ပညာတတ်ခြင်းကိုသာ အလိုရှိသည့်အတိုင်း ခင်မောင် မလည်မပတ် အိမ်တွင်ကပ်သည့်နေ့တွင် "မင်း ဒီလိုလည်ပတ် ပျော်ပါးနေတဲ့အတွက် စာမေးပွဲ ရှုံးတာပဲ" ဟူသောစကားဖြင့် အစချီကာ မဆူသော်လည်း အပြစ်များကို ရှာဖွေ၍ ပြောဆိုလေ၏။

တစ်နှစ်ရှုံးသည်ဟုဆိုလျှင် ငွေလည်းကုန်၊ အချိန်လည်းကုန် ဖြစ်ရသည်ကို မကျေမချမ်းဖြစ်ကြရသော မိဘများသည် စကားစပ်မိကြသည့်အခါတိုင်း ခင်မောင်အား ဆုံးမစကားဖြင့် ပြောကြရာ လူငယ်တို့မည်သည်မှာ ဆုံးမသည်ကို မခံနိုင်ကြသည့်အတိုင်း ခင်မောင်သည် ကျောင်းထွက်ရန်ကိုသာ စိတ်ကူးမိပြီးလျှင် ကျောင်းထွက်၍ အလုပ်ရှာရန်ကိုသာ နှလုံးပြုမိလေ၏။

သို့ဖြစ်သည့်အလျှောက် ကျောင်းနေဘက် မိတ်ဆွေများထံမှ ကျောင်းဆက်၍နေဦးမည်လားဟု မေးမြန်းစာရေးကြရာ၊ မနေလိုတော့ဟု စာရေး အကြောင်းပြန်လိုက်သဖြင့် များစွာသော မိတ်ဆွေတို့မှာ နှမြောခြင်းဖြစ်ကာ၊ ကျောင်းမထွက်ရန် စာရေးကြလျက် ဆက်လက်နေရန် အားပေးကြလေ၏။ ဘောလုံးကစားဘက်များကား၊ အားလုံးထက်ပိုမို၍ နှမြောကြကာ၊ ကျောင်းမထွက်အောင် အမျိုးမျိုး အားပေးစာ ရေးသားကြရုံမက၊ ဘောလုံးအသင်း 'ကိုချ်' လုပ်နေသောဆရာနှင့်တကွ၊ ခင်မင်နေသော အဆောင်မှူး၊ အတန်းပြဆရာများအား ခင်မောင်ကျောင်းမထွက်အောင် တားမြစ်ပေးရန် စာရေးကြသည်။

သို့နှင့် ခင်မောင်မှာ ဆရာများ၏ တောင်းပန်ခြင်းကိုလည်း အားနာ၊ ကျောင်းနေ၍ အောက်တန်းမှ တက်လာသော ကျောင်းသားကလေးများနှင့် အတူသင်ရမည်ကိုလည်း ရှက်သဖြင့် နေရလျှင် ကောင်းမည်လော၊ မနေပဲ အလုပ်လုပ်ရလျှင် ကောင်းမည်လောဟု စဉ်းစား၍ မရအောင် ရှိနေလေတော့၏။

MMCYBERMEDIA

တစ်နေ့တွင် သတင်းစာဖတ်ရာက ဟိုက်စကားဖိုင်နယ် စာမေးပွဲအောင်စာရင်းကို တွေ့ရှိရလေရာ၊ မခင်ဆွေတစ်ယောက် အောင်ရဲ့လားဟု အားတက်သရော ရှာဖွေကြည့်ရှုသည်တွင် သူ့နာမည်ကို ထင်ရှားစွာ တွေ့လိုက်ရသဖြင့် အလွန်အမင်း အားရဝမ်းသာလျက် ထ၍ခုန်ချင်လောက်အောင်ပင် ရှိမိလေ၏။

ထိုသို့ သိရှိရသည်နှင့် တစ်ပြိုင်နက် ဘဝင်းထံ စာတစ်စောင် ကောက်၍ရေးကာ၊ စာထဲတွင် ရိုးရိုးတန်းတန်း သဘောဖြင့် မခင်ဆွေ စာမေးပွဲအောင်သည်ကို သတင်းစာထဲတွင် ဖတ်ရှုတွေ့မြင်လိုက်ရသဖြင့် အထူးဝမ်းသာကြောင်း၊ ကောလိပ်သို့ ဆက်လက်၍ ပညာသင်ရန် ရည်ရွယ်ပါသလားဟူ၍ အသိမိတ်ဆွေ ရေးရိုးရေးစဉ်ကဲ့သို့ မေးမြန်းရာတွင် ဘဝင်းထံမှ ပြန်လာသောစာထဲ၌ မခင်ဆွေသည်လည်း ကောလိပ်သို့ တက်၍ ပညာဆက်လက် သင်ကြားလိမ့်မည်ဟု ဖတ်ရှုရသောကြောင့် "သွားမယ်၊ သွားမယ်။ ငါလည်း ဆက်နေမယ်" ဟူ၍ အသံထွက်အောင် ဝမ်းသာအားရဆိုမိကာ ကျောင်းသို့ပြန်၍ တက်ရန် ဆုံးဖြတ်လိုက်မိလေ၏။

မိတ်ဆွေများထံလည်း မိမိကျောင်းဆက်လက်နေရန်၊ နောက်ဆုံး စဉ်းစားဆုံးဖြတ်လိုက်ကြောင်းနှင့် ဝမ်းမြောက်ရန် စာများရေးသား ပေးပို့လိုက်ရလေသည်။

တစ်နှစ်ပတ်လုံး ခွေနံ့နွမ်းလျ ကြိုးစား သင်ကြားကြရကုန်သော ကျောင်းတော်သားများအား ပူပြင်းသော နွေရာသီတွင် အနားယူကြစေခြင်းငှာ သုံးလကျော်ကျော် ကျောင်းပိတ်ပေးထားရာ၊ ကျောင်းတော်သားတို့မှာ ပျင်းရိလောက်အောင်ပင် အနားယူကြရာမှ ဇွန်လ ၁၇ ရက်နေ့တွင် တက္ကသိုလ်ကျောင်းတော်ကြီးကို ပြန်၍ဖွင့်လှစ်မည်ဟု ရီဂျစ္စတြာ စာရင်းထိန်းအရာရှိ၏ ကြော်ငြာကို သတင်းစာများတွင် တွေ့ရှိသောအခါ ပျော်ရွှင်ဘွယ်အမျိုးစုံဖြင့် ပြည့်စုံသော ရန်ကုန်မြို့ကြီးနှင့်တကွ မိတ်ဆွေဟောင်း ကျောင်းသား ကျောင်းသူတို့၏ မျက်နှာကိုပြန်လည်တွေ့ဆုံ ရဦးမည်ဖြစ်သဖြင့် ရှေ့ရေးကြိုတင် တွေးတောကာ ပျော်ရွှင်လျက်ရှိကြပြီး ကျောင်းဖွင့်မည့်ရက်ကိုသာ မျှော်ကြလျက် ကျောင်းသို့ အတူတူသွားရောက်ကြမည့် မိတ်ဆွေများနှင့် ညှိနှိုင်းစီစဉ်ကြရလေ၏။

ကျောင်းတော်ကြီး မဖွင့်မီ တစ်ရက်နှစ်ရက်ကပင် ကြိုတင်လျက် "ဖရက်ရှာ" ကျောင်းသားသစ်များနှင့် ကျောင်းသားကြီးများပါ အချို့အဝက် ရောက်နှင့်လျှက် ရှိကြကာ စာသင်ကျောင်းကြီးနှင့်တကွ ကျောင်းဆောင်အသီးသီးမှာ ကျီးနှင့်ဖုတ်ဖုတ် ခြောက်ကပ်ပျင်းရိဘွယ်ရာ အခြေအနေမှ စိုပြည်ကာ အသက်ပြန်ဝင်၍ လာစပြုလေ၏။

အခန်းရှာသည့်သူများ၊ ကျောင်းဝင်ရန် စာရင်းသွင်းသူများ၊ ငွေသွင်းငွေထုတ်သူများ ရှုပ်ယှက်ခတ် သွားလာလျက်ရှိကာ "ကော်ရီဒါ" များတွင် လူစည်ကားလျက် ဟိုမှာတစ်သိုက် စုစု,စုစု၊ ဒီမှတစ်သိုက် စုစု,စုစုနှင့် ပျော်စရာကြီး ဖြစ်နေပေတော့၏။

ခင်မောင်သည် ဘဝင်းနှင့် သိန်းဖေတို့ထက် တစ်ရက်စောကာ ရောက်နှင့်နေလေရာ၊ ဘဝင်း မရောက်လာသေးသည်ကို သိရ၍ ဘဝင်းကို ကြိုဆိုလိုသည်ထက် ခင်ဆွေကိုတွေ့လိုသည့် စိတ်က စေ့ဆော်နေသဖြင့် မော်လမြိုင်ရထားဆိုက်သည့် အချိန်တိုင်းဘူတာရုံသို့ ဆင်း၍ ကြိုဆိုနေမိပေတော့၏။

MMCYBERMEDIA

နောက်နေ့တွင် မော်လမြိုင်ရထားဝင်၍ လာရာတွင် "ဟေး... ကိုခင်မောင်၊ ဒီမှာ ဒီမှာ" ဟု တွဲပြင်သို့ ခေါင်းပြူကာ အဝေးမှ လက်ကိုင်ပဝါလှုပ်ပြ ဟစ်အော်ရင်းပါလာသော ဘဝင်းကို တွေ့မြင်ရလျှင် ဝမ်းသာအားရဖြစ်ကာ ထိုရထားတွဲအနီးသို့ ကပ်ရောက်လာသည်နှင့် တပြိုင်နက် ခုန်၍ဆွဲတက်ကာ ခင်ဆွေပါ၍လာ,မလာကြည့်ရင်း ရထားအရှိန် မရပ်မချင်း ပါသွားလေ၏။

ခင်မောင်သည် ခင်ဆွေကိုတွေ့လိုက်ရမှ စိတ်ထဲတွင် အားရကျေနပ်ခြင်း ဖြစ်သွားလေ၏။ ထိုနောက် ရထားအရှိန်သတ်၍ ရပ်လိုက်သည့်အခါ ခင်မောင်သည် ကူညီ၍ ပစ္စည်းများကို သယ်ပိုးယူငင် ချပေးလေ၏။

ပစ္စည်းများ "ပလက်ဖောင်း" ပေါ်သို့ ရောက်၍အပြင်သို့ သယ်ယူရန် လက်တွန်းလှည်းကို စောင့်၍ ရပ်နေကြစဉ် ခင်မောင်သည် နှုတ်ဆက်ပြုံးရယ်လိုသော ဟန်ဖြင့် ခင်ဆွေအားကြည့်ရာ၊ ခင်ဆွေမှာ ရက်လအတော်ကြာစွာ ကွဲကွာနေသည့်အတွက် စိမ်းသလိုလို ရှက်သလိုလိုဖြစ်လျက် မျက်နှာခပ်တန်းတန်း ထားနေသည်ကို တွေ့ရလေ၏။

ခင်မောင်မှာ မျက်နှာအထားခက်၍နေကာ ခင်ဆွေအား "ကိုခင်မောင်လေ၊ မမှတ်မိဘူးလား။ သကြံန်တုန်းက အိမ်ကိုလိုက်လာတာ" ဟု ပြောမှ ခင်ဆွေက ပြုံး၍နှုတ်ဆက်ကာ "မှတ်မိပါတယ်၊ ဝလာလိုက်တာ၊ လူမှားတော့မလို့" ဟု ပြောလေ၏။

ထိုအခိုက်တွင် လက်တွန်းလှည်း ရောက်၍လာသဖြင့် စကားမဆက်နိုင်ကြတော့ဘဲ၊ ပစ္စည်းများ သယ်ယူကြရခြင်းဖြင့် အလုပ်ရှုပ်သွားပြန်လေ၏။ ထို့နောက် ပစ္စည်းများအားလုံး အပြင်သို့ထုတ်ယူပြီးလျှင် တက္ကစီကား တစ်စင်းပေါ်သို့ တင်ကြပြီးနောက် ဒရိုင်ဘာအား ကျောင်းသို့မောင်းခိုင်းလေ၏။

ကားထွက်လာသောအခါ ခင်မောင်သည် ခင်ဆွေဘက်သို့လှမ်း၍ "မခင်ဆွေ အတ်စ် ယူသလား၊ ဆိုင်းယင့်စ် ယူသလား" ဟု မေးလိုက်လေ၏။

"ကျမ အတ်စ် ယူတယ်"
"ဘာ ကွန်ဘိုင်နေရှင်းလဲ"
"ဟစ္စထရီ ပါဠိ လောဂျစ် အားလုံး ပြူးဝါးအတ်စ် ချည့်ပဲ"
"ကျက်စာချည့်ပဲပေါ့"
"ဟုတ်ကဲ့" ဟု ပြောပြီး ခင်ဆွေလည်း ငြိမ်၍နေသဖြင့် စကားပြတ်သွားလေ၏။

မော်တော်ကားလည်း တိုက်ဂါးအယ်လီ (ဦးဝိစာရ)လမ်းထဲမှ ထွက်၍လာကာ ပြည်လမ်းသို့ရောက်လာသဖြင့် တက္ကသိုလ်နယ်နိမိတ်သို့ ချဉ်းကပ်လာသောကြောင့် ဘဝင်းက ခင်ဆွေအား "ဟောဒါ ဆရာဖြစ်သင် ကောလိပ်၊ ဟောဒါက တကောင်းဟောလ်နဲ့ ပရမ်းဟောလ်၊ ဟောဒါက အလုပ်သမားတွေနေတဲ့ ဆားဗင့်ကွာတား" စသည်ဖြင့် ပြောပြလိုက်ပါလာလေ၏။

ကားလည်း ပုဂံဟောလ်နားသို့ ရောက်လာသောအခါ ခင်မောင်က ဘဝင်းအား "ခင်ဗျား အင်းယားဟောလ်ကို လိုက်ပို့ရဦးမယ် မဟုတ်လား"

MMCYBERMEDIA

"ဟုတ်တယ်။ ခင်ဗျားဆင်းချင်လို့လား"
"ကျွန်တော် ပုဂံမှာ ဆင်းနေရင်း ခင်ဗျားအတွက် အခန်းရှာထားလိုက်မယ်လေ" ဟု ပြောသောကြောင့် ဘဝင်းက "ကျေးဇူးပဲဗျာ၊ အချိန်ကုန်သက်သာတာပေါ့" ဟု ပြောဆိုရင်း ပုဂံကျောင်းဆောင်နားသို့ ရောက်ရှိလာသဖြင့် ကားကိုရပ်ခိုင်း၍ ဘဝင်းက ပစ္စည်းများကို ချပေးလိုက်လေ၏။

"ကဲ... ကိုခင်မောင်၊ ကြည့်ပြီးတော့သာ စီမံလိုက်ပါတော့၊ ကျွန်တော်လည်း ဆွေဆွေအတွက် အက်ဒမစ်ရှင်းတွေ ဘာတွေယူပေးပြီးတော့မှ လာခဲ့တော့မယ်။ နေ့ခင်းကျတော့မှ မြို့ထဲသွားကြစို့ရဲ့"

ကားထွက်သွားပြီးနောက် ခင်မောင်လည်း ဘဝင်း၏ပစ္စည်းများကို ကျောင်းပေါ်သို့သယ်ယူရန် ကုလားများကို ခေါ်၍တင်ဆောင်ခိုင်းရလေ၏။

"ဟလို... ကိုခင်မောင် အောင်ဇေယျတု သဗ္ဗမင်္ဂလံ ကောင်းသော နံနက်ခင်းပါပဲ ခင်ဗျာ"

ခင်မောင်သည် အားရဝမ်းသာစွာ နှုတ်ဆက်သံကို ကြားရသဖြင့် ကြည့်လိုက်ရာ သိန်းဖေဖြစ်နေသည်ကို တွေ့ရလေ၏။ သိန်းဖေ၏မျက်နှာသည် အခါခပ်သိမ်း ရွှင်ပြုံးရယ်လျက်ပင် ရှိလေ၏။

"ဟာ... ကိုသိန်းဖေ ရောက်နေပြီလား၊ ခင်ဗျား ဘယ်အခန်းရသလဲ"
"ကျွန်တော် အရင်အခန်းပဲ ပြန်ကျတယ်။ ကျွန်တော့်အခန်းကိုတော့ ကျွန်တော်မစွန့်နိုင်ဘူး။ နှစ်တိုင်း ဒီအခန်းမှာပဲ။ ခင်ဗျား အခုမှ ရောက်တယ် ဟုတ်လား"
"မဟုတ်ဘူး၊ ကျွန်တော် မနေ့ကတည်းက ရောက်နေတယ်၊ ဒါ ကိုဘဝင်းရဲ့ ပစ္စည်းတွေ ကျွန်တော်သယ်လာတာ"
"နို့... ကိုဘဝင်းကော"
"သူ့ စစ္စတား ဒီနှစ် ဟိုက်စကားဖိုင်နယ်အောင်လို့ ကျောင်းဆက်နေမလို့။ အခု အင်းယားဟောလ်ကိုသွားပြီး ပို့တယ်"
"ဟာ... နေရာကျတာပဲ၊ မတော်ရတဲ့ ယောက်ဖတစ်ယောက် ရနေပြန်တာပေ့ါ။ နောက်တော့မှ သေသေချာချာ နောက်ရဦးမယ်"
"နေဦးဗျာ၊ ဝါဒင်ဆီ ကိုဘဝင်းအတွက်ပြောပြီး အခန်းတောင်းရဦးမယ်။ ခင်ဗျား ပစ္စည်းတွေ စောင့်နေပါဦး"

ခင်မောင်သည် သိန်းဖေအား မှာကြားပြောဆို ထားခဲ့ပြီးလျှင် အဆောင်မှူးရုံးခန်းသို့ ထွက်သွားလေ၏။ မကြာမီပင် ခင်မောင်ပြန်လာလေသည်။

"ဘယ့်နယ်လဲ ပြောလို့ ရရဲ့လား"

ခင်မောင်လည်း သော့ကိုထောင်၍ပြကာ "ပြောရင် ရတာပေါ့ဗျ" ဟုဆိုကာ ဘဝင်းအားပေးလိုက်သည့် အခန်းသို့ ပစ္စည်းများကို သယ်ယူရန် ကုလားများကို ခိုင်းလေ၏။

ပစ္စည်းများကို အခန်းတွင်းသို့ ပို့ဆောင်ပြီးနောက် ကောင်းမွန်စွာ နေရာတကျထားဖို့ စီစဉ်ကြလေ၏။ ပြီးမှ ခင်မောင်သည် အိပ်ရာပေါ်တွင် လဲလျောင်းကာ ပက်လက်လှန်လျက် သိန်းဖေသည် စားပွဲကို ခြေကန်၍

MMCYBERMEDIA

ကုလားထိုင်တွင် ထိုင်ကာ စကားစမြည် ပြောနေကြစဉ် အသိမိတ်ဆွေများသည် ခင်မောင်အား နှုတ်ဆက်ရန် ဝင်ရောက်လာကြလေ၏။

တစ်ဦးနှင့်တစ်ဦး ကြာမြင့်ရှည်လျားစွာ မတွေ့ဆုံကြရပဲရှိရာက ပြန်လည် တွေ့ဆုံကြပြန်သည့်အတွက် ဝမ်းသာအားရ နှုတ်ဆက်ကြကာ စာမေးပွဲကျဆုံးသည့်အတွက် ဝမ်းနည်းကြောင်း ပြောသူကပြော၊ ပိန်လာသည် ဝလာသည်ဟု အမျိုးမျိုး ပြောဆိုနေကြစဉ် ထမင်းစားခေါင်းလောင်း လှုပ်သဖြင့် အခန်းထဲမှ ထွက်ခဲ့ကြလေ၏။

ထမင်းစားသောက်၍ ပြီးကြသောအခါ သိန်းဖေ၊ ခင်မောင်နှင့်တကွ အခြားကျောင်းသားတစ်စုတို့သည် ဘဝင်း၏ အခန်းတွင် ဝိုင်းဖွဲ့မိကြကာ ထွေလာသောင်းပြောင်း စကားဖောင် စကားသော ပြောဆိုလျက် တယောထိုးသူကထိုး၊ သီချင်းဆိုသူကဆိုနှင့် တပျော်တပါးကြီး ရှိကြလေ၏။

ထို့နောက် သိန်းဖေက ခင်မောင်အား "ခင်ဗျား စာမေးပွဲရှုံးတာ ဖားသားကြီးက မဆူဘူးလား" ဟု မေးရာ...
"ဆူတာပေ့ါဗျ... နေ့တိုင်းပဲ။ တစ်ခါတည်း သေချင်စော်နံသွားတာပဲ"
"အမယ်... သေတဲ့စကားများ မပြောစမ်းပါနဲ့ဗျာ။ ကျွန်တော်တော့ သေတယ်ဆိုတဲ့ စကား အဖက်တောင် မလုပ်ဘူး"
"သေရမှာ ကြောက်လို့လား"
"သေရမှာကို ဒါလောက်မကြောက်ပါဘူး၊ သေပြီးတော့ ခုတင်ပေါ်မှာ လှလှပပ အလောင်းပြင်ပြီး သိပ်ပါရော။ ဆွေမျိုးတွေက ဘေးပတ်လည်ဝိုင်းပြီး ငိုကြရော။ သေရတဲ့လူက မျက်နှာထားသိပ်ပြီး ခက်တာပဲ"
"ဟား... ဟား... ကြံကြံဖန်ဖန်ကတော့ ပြောပါလိမ့်မယ်"
"ဒါတင်မကသေးဘူး။ သေပြီး မြေကြီးထဲမြှုပ်ထားလို့ သုံးလေးရက်လောက်ကြာတော့ တီကောင်တွေ၊ လောက်တွေ၊ ဟိုအပေါက်ကဝင်၊ ဒီအပေါက်ကဝင်နဲ့ ယားကျိကျိကြီး။ အမယ်လေး... ပြောရင်းဆိုရင်းတောင် ကြက်သီးထလာတယ်" ဟု ဆိုကာ ကိုယ်ကိုတွန့်လိမ်၍ ပြသည်ကို ကြည့်ရှုရယ်မောမိကြလေ၏။

"နို့ပြီးတော့" ဟု ဆက်ပြန်ရာ...
"တော်ပါဗျာ... နိမိတ်မရှိတဲ့စကားတွေ" ဟု ကျောင်းသားတစ်ယောက်က ပိတ်ပင်လိုက်မှ ထိုစကား ရပ်သွားပြီးလျှင် သိန်းဖေက "ကိုခင်မောင် စာမေးပွဲ မအောင်ဘူးဆိုပေမဲ့ သတင်းစာထဲ တွေ့လိုက်ရပါကလား"
"မဟုတ်တာပဲ၊ မပါပါဘူး"
"ပါ ပါတယ်ဗျ၊ သေသေချာချာ တွေ့လိုက်ရပါတယ်၊ ရုပ်ပုံနဲ့ဘာနဲ့ လိပ်ခေါင်းပြောင်းပြန်စီးလို့" ဟု ပြောလိုက်ပြန်သဖြင့် "နောက်ပါပေ့ဗျာ" ဟု ဆိုကာ ရယ်မောကြရပြန်လေ၏။

"ကဲ... ကိုသိန်းဖေ ခင်ဗျား နောက်မနေနဲ့ သီချင်းဆို၊ ကိုစံလွင်က တယောထိုးလိမ့်မယ်"

ကျောင်းသားတစ်ယောက်က ပွဲတောင်းသဖြင့် အခြားကျောင်းသားများကလည်း သီချင်းဆိုရန် တစ်ယောက်တစ်ခွန်းစီ ဝိုင်း၍ပြောကြလေ၏။

MMCYBERMEDIA

"ကျွန်တော် သီချင်းကြီးဆိုလို့ တစ်ပုဒ်တည်းရတယ်"
"ဘာလဲ... ဇမ္ဗူကျွန်းလုံးလား"
"မဟုတ်ဘူး ဆင်ကြီး ဂဠုန်ချီ...၊ သူ့ထက်ကြီးတာ ဘာမှမရှိဘူး"
"ကိုင်းပါဗျာ ရှုပ်မနေစမ်းပါနဲ့ ဆိုစမ်းပါ"
"ဆိုယင် နှစ်ကျပ်ခွဲက မလျှော့ဘူး၊ ဝယ်နိုင်တဲ့ဈေးကို ပြော"
"လာ လာချည်သေးတယ်။ ဆိုရင်ဆို... မဆိုရင် အခန်းထဲက အပြင်ဆွဲပြီး ထုတ်ရလိမ့်မယ်"

အနိုင်ကျင့်တော့မည် ပြုလုပ်ကြတော့မှ သိန်းဖေလည်း မျက်နှာထား စပ်ဖြဲဖြဲနှင့် မျက်နှာချိုသွေးပြီးလျှင် "ကဲ ကဲ... ဆိုပ့ါမယ်ဗျာ။ ကိုစံလွင်က တယောစမ်းပေတော့" ဟု ပြောလေ၏။

စံလွင်က တယောထိုး၊ သိန်းဖေက သီချင်းဆို၊ အခြားကျောင်းသားများက စည်းဝါးလိုက်ကာ သာယာသော ဂီတသံသည် ပုဂံကျောင်းဆောင်ရှိ ကျောင်းတော်သားများအား ပျော်ရွှင်ခြင်းကို ဖြစ်စေလေတော့၏။ ကျောင်းသားမှန်လျှင် လူရှုပ်လူနောက်တွေ ပိုမိုများပြားသဖြင့် ထိုသို့သာယာစွာ တီးဆိုနေကြသည်ကို ဂုဏ်တုဂုဏ်ပြိုင် သံသေး သံကြောင်များဖြင့် ပြောင်လှောင်ဟစ်အော်၍ ဆိုကာဖျက်ဆီးသူများ မရှားလှပေ။ သိန်းဖေပင်လျှင် ကောင်းမွန်စွာ သီဆိုနေရာမှ တချီတချီ ဝင်၍ ဖောက်လိုက်ပြန်သေး၏။ တယောသက်သက် တီးကွက်ပေးလိုက်ရာ စံလွင်သည် ဖွဲ့ဖွဲ့နွဲ့နွဲ့ တယောချွဲနေစဉ် တစ်ယောက်တစ်ခွန်းစီ...။

"အို... ဘာတဲ့တုန်း ကြိတ်လိုက်စမ်း ကိုစံလွင်၊ တက္ကသိုလ်ကျောင်းသား ငယ်ငယ်ကလေးရှိသေးတယ်၊ အိပ်ရာထဲ သေးပါတုန်းပဲ၊ တယ်ပြီးတော့ အပြောင်းအလဲလေးတွေက များတာကိုးဗျ၊ အိမ်လခမပေးနိုင်လို့ ကြိုးစားလိုက်ပ့ါမောင် လှလှကလေး လှလှကလေး၊ ဒါတွေ ရှိနေတာဗျ... ဟိုဟာတွေ အပေါင်ဆိုင် ရောက်ကုန်ပြီ"
"သူပေါ့ဗျ... တယောထိုးကောင်းလို့ ဘုရင်ခံ ရှေ့တော်သွင်းပြီး အရင်ဦးဆုံး ကြိမ်လုံးနဲ့ အရိုက်ခံရတာ"
"ဘာလဲလို့ ယောက်ျားဘသား ကြိုးစားလိုက်စမ်း၊ တစ်သက်တော့ ထမင်းမငတ်ဘူး တယောကလေးနဲ့ လည်ပြီ တောင်းစားတာပေါ့" စသည်ဖြင့် အားပေးအားမြှောက် နောက်ပြောင်ရယ်မော တသောသော ရှိကြလေ၏။

စံလွင်လည်း တီးလုံးချလိုက်သည်နှင့် တပြိုင်နက် ဝန်းဝိုင်း လက်ခုပ်လက်ဝါး တီးကြပြီးနောက် သိန်းဖေက စံလွင်အား ချီးမွမ်းသကဲ့သို့ "သူသေရင်တော့ နေရာကျတာပဲ"
"နာမည်ကြီးဦးမှာမို့လား"
"ဒါကြောင့်မဟုတ်ဘူး။ သူသေရင် သူ့ဆိုင်းနဲ့ သူသွားမှာပဲ၊ ဆိုင်းဖိုးမကုန်ဘူး။ ဘုန်းကြီးပွဲ ငါးကျပ်နဲ့ ပြီးရောပဲ" ဟု ပြောလိုက်မှ တွေးမိ၍ ရယ်ကြလေ၏။

ထိုအခိုက်တွင် ဘဝင်းရောက်ရှိ၍ လာလေရာ သိန်းဖေက "ဟာလို... ကိုဘဝင်း၊ ကျန်းခန့်သာလို့ မာရဲ့နော်၊ အဖျားအနာကင်းရဲ့လား" ဟု နောက်ပြောင် နှုတ်ဆက်လိုက်သဖြင့် ဘဝင်းက "လာပြီ၊ လူချင်း မတွေ့ရသေးဘူး၊ နောက်တော့မယ်" ဟု ဆိုကာ သိန်းဖေ၏ ကျောကို အုံးခနဲ ထုပုတ်လိုက်ရာ သိန်းဖေက ယောင်ယမ်းသည့်ဟန် တမင်လုပ်၍ "ယောက်ဖ" ဟု ယောင်လိုက်သဖြင့် ဘဝင်းတွင် နှမရှိကြောင်း သိသူများက ရယ်မောကြကာ ကျောင်းသားတစ်ယောက်က "အမယ်... ခင်ဗျား ယောင်တဲ့ စကားထဲ ရှယ်ယာဝင်ပါရစေ" ဟု ဆိုသဖြင့် ပွဲကျသွားလေ၏။

MMCYBERMEDIA

"ကိုဘဝင်း... ခင်ဗျားကိစ္စတွေ ပြီးပြီလား" ဟု ခင်မောင်က မေးလေ၏။
"ပြီးတော့ပြီးပြီ။ နို့ပေတဲ့ ထမင်းမစားရသေးဘူး"
"ဒါဖြင့် လက်ဖက်ရည်ဆိုင်သွားပြီး မုန့်စားရအောင်"
"နေပေစေတော့။ မြို့ထဲကို တခါတည်းသွားမယ်။ ဝယ်စရာတွေလည်း ရှိသေးတယ်။ ခင်ဗျားလည်း တခါတည်း လိုက်ခဲ့ပေတော့"

သိန်းဖေက "မြို့ထဲသွားရင် အိုင်လည်းပါ ပါရစေမိုင်..." ဟု ပြောင်ရွှတ်ရွှတ် ပြောလိုက်ရာ ဘဝင်းက "ခင်ဗျားပါချင်ရင် အိမ်သာရှိတယ်" ဟု ပြန်၍နောက်လိုက်ပြီးနောက် "ကဲ... ကိုခင်မောင်... အခုသွားမယ်"
"အဝတ်လဲဦးမယ်ဗျာ။ ကျွန်တော့်အခန်း ပြန်ပါရစေဦး"
"ပြန်မနေနဲ့ဗျာ။ ကျွန်တော့်အဝတ်အစား တစ်ခုခု ယူပြီးဝတ်တာပေါ့"

သို့ပြောလိုက်သဖြင့် ခင်မောင်လည်း ဘဝင်း၏ အဝတ်အစားများကို ယူ၍ဝတ်ကာ မြို့ထဲသို့သွားရန် ပြင်ဆင်ကြသဖြင့် "လာဟေ့ သွားကြမယ်။ အခန်းပြောင်းကြဦးစို့" ဟု သိန်းဖေကဆို၍ ထိုင်ရာမှထကာ ၎င်းတို့လူတစ်သိုက် ထွက်သွားကြလေ၏။ မကြာမီပင် ဘဝင်းနှင့် ခင်မောင်တို့လည်း အခန်းထဲမှထွက်ကာ တံခါးကိုသော့ပိတ်ပြီး မြို့ထဲသို့ ထွက်ကြပြန်လေ၏။

...

(၃)

နောက်တစ်နေ့တွင် တက္ကသိုလ် ကျောင်းတော်ကြီး ဖွင့်လှစ်ပြီ ဖြစ်သည့်အားလျော်စွာ စာသင်ကျောင်းကြီးတွင် ပြုံးပြုံးပြောင်ပြောင် ဝတ်ကောင်းစားလှ ကျနသပ်ရပ်စွာ ဝတ်ဆင်ထားကြကုန်သော ကျောင်းတော်သူ ကျောင်းတော်သားတို့ဖြင့် ပြည့်နှက် စည်ကားလျက် ရှိလေ၏။

"ဖရက်ရှာ" ကျောင်းသားသစ်တို့အဖို့ကား ထိုနေ့သည် စိတ်ညစ်၍ အကောင်းဆုံးသော နေ့ပေတည်း။ သူတို့သည် ကြီးမားခန့်ထည်သော ကျောင်းကြီး၏ အရှိန်အဝါဖြင့် လန့်ဖျပ်ရှိန့်ထိတ်ကာ မလုပ်တတ် မကိုင်တတ် ရှိကြပြီးလျှင် မသွားတတ် မလာတတ် အခန်းမှား လူမှားနှင့် ကျောင်းသားကြီးတို့၏ နောက်ပြောင် "ချောက်" တွန်းခြင်းကို ခံကြရရှာလေတော့၏။ သိန်းဖေနှင့်တကွ ၎င်းကဲ့သို့သော ကျောင်းသားတစ်စုတို့သည်ကား ထိုနေ့တွင် အတန်းမတက်ပဲ ကျောင်းသားသစ်များကို လိုက်လံရှာဖွေ၍ ရှုပ်နောက် ချောက်တွန်းခြင်းဖြင့်သာ ပျော်ရွှင်၍ နေကြကုန်လေ၏။ ၎င်းတို့ပင် အခန်းအမည်၊ ဆိုင်းဘုတ်များကို မဟုတ်က ဟုတ်က ပြုလုပ်ပြောင်းလဲ ထားသဖြင့် စာရေးခန်းနှင့် စာသင်ခန်းလွဲ၊ ရေသွန်ခန်းနှင့် မိန်းကလေးအခန်းလွဲနှင့် ကျောင်းသားသစ်များမှာ အလွဲလွဲအမှားမှား ဖြစ်ကြပြီးလျှင် မည်သူမည်ဝါ ဘာဖြစ်သည်ကို မသိပဲ ကျောင်းအုပ်ကြီးနှင့် ဘေးချင်းတိုက် လျှောက်သူလျှောက်၊ ကျူတာပေါက်စကို မိမိတို့လိုလူသစ်ထင်၍ မေးချင်တာမေးနှင့် ကျောင်းသားကြီးများ၏ ရယ်မောစရာ ဖြစ်ကြရလေတော့၏။

ခင်မောင်သည် မိမိ၏ မိတ်ဆွေများနှင့် တကွဲတပြားစီ အတန်းတက်ရတော့မည့်ပြင် အက်ဖ်အဖြစ်ဖြင့် တက်ရမည့်အတွက် လေးကန်သော ခြေလှမ်းဖြင့် လျှောက်လာရာ ကျောင်းတက်စာသင်ချိန် စာရင်းဇယားများ ထားရာနေရာတွင် စာရင်းများကူးမှတ်နေသော မခင်ဆွေကို တွေ့ရလေ၏။

MMCYBERMEDIA

"မခင်ဆွေပါလား၊ ကိုဘဝင်းနဲ့ တွေ့ပြီလား"
"အခုမနက် မတွေ့သေးပါဘူး"
"အခု ပထမပိုင်း ဘယ်မှာရှိသလဲ"
"ကျွန်မတို့တော့ လောဂျစ်ပဲရှိတယ်"
"စာအုပ်တွေဝယ်လို့ စုံပြီလား"
"တစ်ချို့လည်း ရပါပြီ။ ကျန်တာတွေ ကိုကိုဝင်းကို ဝယ်ပေးခိုင်းထားတယ်"

ခင်မောင်မှာကား စကားမရှိ စကားရှာ၍ ပြောရလေရာ စကား တစ်ခွန်းနှင့်တစ်ခွန်း အဆက်အစပ်မရှိဘဲ မနည်းစဉ်းစား ကြံစည်၍ ပြောရင်း...
"ပေးလေ... ကျွန်တော် ကူးပေးပါ့မယ်"
"နေပါစေရှင်... ကျေးဇူးတင်ပါတယ်။ ကိုခင်မောင်တို့ စာရင်းကိုပဲ ကူးပါဦး"
"ကူးဖို့မလိုပါဘူး။ အရင်နှစ်နဲ့ အတူတူပါပဲ။ ပေးပါ... ကူးပေးပါ့မယ်" ဟု ဆိုကာ ဖွတ်တရွတ် လောကွတ်ကောင်းလျက် စာအုပ်ကိုတောင်းယူပြီး အချိန်စာရင်း ရေးပေးလေ၏။

ခင်မောင်လည်း ရေးပြီးနောက် စာအုပ်နှင့် ဖေါင်တိန်ကို ပြန်ပေးရင်း "အခန်းတွေ သိရဲ့လား" ဟု မေးလေ၏။
"သိတော့ မသိသေးဘူး။ ဒါပေမဲ့ အဖေါ်တွေနဲ့ အတူတူ ရှာရမှာပေါ့။ "စီနီယာစတူးဒင်း" တွေထဲကလည်း လိုက်ပြီးပြကြမှာပါပဲ"

သို့ပြောပြီး စကားပြတ်၍နေဆဲတွင် ပထမ ခေါင်းလောင်းထိုးသဖြင့် "ကျောင်းသွားဦးမယ်" ဟု နှုတ်ဆက် ထွက်သွားသောကြောင့် ခင်မောင်လည်း "ကောင်းပါပြီ" ဟု ပြောရင်း စိုက်ကြည့်လျက် ကျန်ရစ်လေ၏။

ခင်မောင်သည် ကျောင်းတက်သည့်အခါတိုင်း အားလပ်သည့်အချိန်များတွင် လည်းကောင်း၊ ခင်ဆွေနှင့် တွေ့ဆုံ၍ စကားပြောရသည်မှာ တစ်မျိုးပင် စိတ္တသုခရှိလှပေတော့၏။ သူသည် ကျောင်းသို့သွားသည့်အခါ ဘဝင်းနှင့်အတူ သွားလေ့ရှိရာ၊ ဘဝင်းပါလာသည့်အခါ၌ ခင်ဆွေနှင့်ဆုံမိ ကြရာတွင်၊ ဣန္ဒြေလုပ်၍ စကားများစွာမပြောပဲ ပြုံးရုံမျှပြုံးရယ် နှုတ်ဆက်လျက် ၎င်းတို့မောင်နှမချင်း စကားပြောသည်ကိုသာ ခပ်လှမ်းလှမ်းက စောင့်၍ ကြည့်ရှုနေရလေ၏။ ဘဝင်းမပါပဲ တွေ့ဆုံကြသည့်အခါ၌မူ အချိန်ရသလောက် အကြောင်းမရှိ အကြောင်းရှာ၍ စကားအမျှင်မပြတ်အောင် ပြုံးကာရယ်ကာ ပြောဆိုကျေနပ်လျက် ရှိပေတော့၏။

ထိုသို့စကားပြောသည်ကို တွေ့မြင်ကြရသော အသိကျောင်းသား မိတ်ဆွေများသည် ခပ်ဝေးဝေးမှ မကြားတကြား နောက်ပြောင်ဟစ်အော်လေ့ ရှိကြပြီးလျှင် ခင်မောင်နှင့် တွေ့ကြသောအခါ...
"ခင်ဗျားတော့ ကိုဘဝင်းကို လက်တို့လိုက်ရဦးမယ်"
"မလုပ်ပါနဲ့ဗျာ၊ မဟုတ်ပဲနဲ့ အထင်ခံနေရမှဖြင့် မိတ်ဆွေချင်း စိတ်ဆိုးနေကြရပါဦးမယ်။ ရိုးရိုးတန်းတန်းပါပဲ"
"ရိုးရိုးတန်းတန်းသာဆိုတယ်။ ခဏခဏ ပူးတွဲပူးတွဲနဲ့ တွေ့နေရပါကလား။ ခင်ဗျားပိုးနေပြီထင်တယ်"
"အသိမိတ်ဆွေပဲဗျာ။ စကားကလေး တစ်ခွန်းနှစ်ခွန်းမှ မပြောရဘူးလား"
"ဒါပေမဲ့၊ ခင်ဗျားကြည့်ရတာ ဒီလိုပြောနေရရင် သိပ်ကျေနပ်ပုံပဲ"
"ဟဲ... ဟဲ... ဒါတော့ ခင်ဗျားထင်တဲ့ အတိုင်းပေါ့ဗျာ၊ မမှားပါဘူး"

MMCYBERMEDIA

သို့ပြောသည့် စကားနှင့်ညီစွာ ခင်မောင်မှာ ခင်ဆွေနှင့် တွေ့ဆုံပြောဆိုရသည်ကို အထူးသဖြင့် ကျေနပ်မိလေ၏။ သို့ ကျေနပ်ရခြင်းမှာ ခင်မောင်၏စိတ်တွင် ခင်ဆွေ၏ အပေါ်၌ ထင်ရှားစွာ မေတ္တာရှိ၍ နေခြင်းကြောင့် ဟူ၍ကား မဆိုနိုင်ပေ။ အဖိုသည် အမကိုတောင့်တ၍ အမသည် အဖိုကို စွဲလန်းသည့် ဓမ္မတာအတိုင်း ထိုသို့ပြောရခြင်းသည် နူးညံ့၍အသိခက်သော စိတ်အလိုကို ဖြည့်စွမ်းသကဲ့သို့ ရှိသဖြင့် ခင်မောင်သည် စာသင်ချိန် အားလပ်သည့်အခါများ၌ ခင်ဆွေတို့ကို တွေ့အောင်ရှာမိ၏။ သို့သော် ခင်ဆွေမှာ ခင်မောင်အားလပ်သည့် အချိန်တိုင်း မအားလပ်နိုင်။ တနင်္ဂနွေတစ်ပတ်လျှင် တစ်ချိန်လောက်သာ အားလပ်သည့် အချိန်ချင်းညီမျှသဖြင့် ထိုအချိန်မှတပါးသော အချိန်များတွင် ခင်မောင်သည် အတန်းကူးပြောင်းရင်း ခေတ္တမျှပင် တွေ့လိုတွေ့ငြား ရှာဖွေမိပေ၏။ တစ်နေ့လုံးနေ၍ တစ်ခါမျှ မတွေ့မြင်လိုက်ရသောအခါ ခင်မောင်၏စိတ်ထဲတွင် ဟာတာတာ ပေါ့ပျက်ပျက်ကြီးဖြစ်ကာ မပျော်သလို မရွှင်သလိုရှိလေရာ ဦးစွာအစ၌ ခင်ဆွေ၏အပေါ်တွင် ထူးထွေဆန်းပြားသောစိတ် မထားခဲ့သည်မှာ မှန်သော်လည်း တွေ့မြင်ရဖန်များလာသည့်အခါ ထိုသို့အမြဲတွေ့ဆုံရန်ကိုသာ တောင့်တမိသဖြင့် မိမိ၏ စိတ်များသည် ခင်ဆွေ၏အပေါ်တွင် ယိမ်းယိုင်ညွတ်တိမ်း၍လာပြီကို ကိုယ်တိုင် ရိပ်မိလေ၏။

ခင်မောင်သည် မခင်ဆွေနှင့် တွေ့ဆုံစကားပြောသည့်အခါ မခင်ဆွေ၏ ပြုံးရွှင်ကြည်လင်သော မျက်နှာထားသည် မိမိအပေါ်တွင် နှစ်သက်ခြင်းကို ပြသဘိသကဲ့သို့ လည်းကောင်း၊ လှမ်းလှမ်းမှ တစ်ယောက်ကိုတစ်ယောက် မြင်သည့်အခါ မခင်ဆွေကြည့်ပုံ၊ စာသင်ခန်းထဲသို့ ဝင်ခါနီး၊ မိမိကိုမြင်လျှင် တစေ့တစောင်း ကြည့်ပုံများမှာ မိမိအား ဂရုစိုက်ခြင်း၊ နှစ်သက်စုံမက်ခြင်းကိုပင် မခင်ဆွေက မိမိအပေါ်တွင် ထိုစိတ်မျိုးထားသကဲ့သို့ မိမိ၏စိတ်က လှည့်စားခြင်း ခံရလေ၏။

သို့ရာတွင် စဉ်းစားဆင်ခြင်တတ်သော အသိတရား ရှိနေရကား "ငါထင်သလို ဟုတ်မည်မထင်၊ ငါ့အပေါ်မှာ ရိုးရိုးပင် ချစ်ခင်မှာပဲ" ဟု တွေးမိခြင်းဖြင့် မိမိစိတ်၌ ဖြစ်ပွားသည့် အချစ်မီးပွင့် မီးခဲကလေးကို မကြာခဏ ငြိမ်းသတ်လိုက်ရပြန်လေ၏။ သို့ပေမူလည်း ထိုမီးပွားစကလေးသည် မကြာခဏပင် စွဲငြိလေ့ရှိပေ၏။

ကျောင်းသားများသည် ဘဝင်းအား "အိုင်ဆေး ယောက်ဖ" "ကိုကို" "နောက်ကြီး" စသည်ဖြင့် နောက်ပြောင်ကြသည့်အခါ ဘဝင်းသည် သဘောကောင်းစွာနှင့်ပင် "ဘာလဲ ယောက်ဖ" "ညီလေး" စသည်ဖြင့် ပြန်လည်၍ ပြောသည်ကိုပင် ခင်မောင်သည် ကြားထဲကမခံနိုင် ဖြစ်မိလေ၏။

"ခင်ဗျားက တယ်ပြီး သဘောကောင်းတဲ့ လူကိုးဗျ။ ဒီလိုနောက်တာ ပြောတာတွေ ခံနေရင် သာပြီး နောက်ဦးမှာပဲ"

"နောက်တာပဲဗျာ။ တကယ်မှ မဟုတ်ပဲ။ ပွဲပြီးပါတာလိုက်လို့ နမရှိရင် နောက်ခံရမှာပဲ။ တူမရှိတဲ့လူလည်း နောက်ခံရတာပဲ။ အရင်တုန်းက သမီးမွေးစကလေးရှိတဲ့ လူတစ်ယောက်တောင်၊ ယေက္ခမကြီးလား ဘာလေးနဲ့ နောက်ကြတာပဲ။ အတည်ပြောတာဆိုရင်တော့ ဘာခံမလဲဗျ"

ထိုသို့ ဘဝင်းက ပြောလိုက်သောကြောင့် ခင်မောင်လည်း ထိုကိစ္စနှင့်ပတ်သက်က ငြိမ်၍နေရလေတော့၏။ တစ်ခါတစ်ရံ ခင်မောင်၏ အခန်းထဲတွင် ကျောင်းသားများစုမိ၍ ဘဝင်းမရှိသည့်အခါတွင် မခင်ဆွေနှင့် ပတ်သက်၍ ခင်မောင်အား စွပ်စွဲနောက်ပြောင် ကြသည့်အခါမှာမူ ခင်မောင်သည် ပါးစပ်ကြီးအဖြဲသားနှင့် အများကြီး ကျေနပ်သဘောကျ ရှာလေ၏။

MMCYBERMEDIA

"ကောင်မလေးကတော့ ခင်ဗျားကို ကျနေပြီဗျာ၊ သူ့မျက်နှာ ကြည့်ရတာနဲ့ သေသေချာချာ သိတယ်။ ခင်ဗျားကလည်း သူကြိုက်ချင်လောက်အောင် လုပေတာကိုးဗျ" ဟု တစ်ယောက် ရွှန်းလိုက်သဖြင့် အများကဝိုင်း၍ ရယ်မောကြရာ၊ ခင်မောင်မှာ နလုံးတွေကာ...

"ကိုယ့်လူ သိပ်မမြှောက်နဲ့၊ လက်ဖက်ရည် သောက်ချင်တယ်ဆိုရင် တိုက်ပါ့မယ်။ မြှောက်နေဖို့ မလိုပါဘူး"

"တကယ့်ကို ခင်ဗျားရုပ်က မြာကျစရာမို့ ပြောတာပါ" ဟု ထပ်၍ လောပြန်သဖြင့် ခင်မောင်သည် မှန်ကိုဆွဲကြည့်ကာ မိမိ၏နဖူးကို ပုတ်လျက်... "ငါ့ဘာလို့ ဆွေဆွေကြိုက်အောင် လုရတာတုန်း၊ ပြောစမ်းပဲ့ ဖိုးလုရဲ့" ဟု ပြောဆိုလိုက်သဖြင့် ခင်မောင်၏ အမူအရာကို ကြည့်ကာ ပြုံးရွှင်ရယ်မောမိကြလေ၏။

ယောကျ်ားကလေးနှင့် မိန်းမပျိုကလေးများ၏ ချစ်ခြင်းကြိုက်ခြင်းတွင် ကြားက မြှောက်ပင့်၍ လှော်ပေးကြခြင်းသည်လည်း တော်ရုံတန်ရုံ ချစ်ခြင်းကြိုက်ခြင်းများကို ပိုမိုလေးနက် စွဲမက်အောင် လှုံ့ဆော်ပေးခြင်းတစ်ရပ်ပင် ဖြစ်သည့်အလျောက် ချစ်ခြင်းသည် မြှောက်ပင့်ပေးခြင်းနှင့် မကင်းဟု ဆိုရန်ရှိပေ၏။

ကျောင်းသားတစ်ယောက်က "ခုတင်ကပြောတဲ့ စကားဟာ အမှန်ပဲဗျ၊ ကောင်မလေးတော့ ကိုခင်မောင်ကို စွဲနေတာ ဒိဌပဲ။ တစ်နေ့က ခင်ဗျားက အတန်းတက်နေတယ်။ ကောင်မလေးက "အော့ဖ်" ရတာနဲ့ ခင်ဗျားကို တွေ့မလားဆိုပြီး စောင့်နေတယ်ထင်ပါရဲ့၊ ကျွန်တော်နဲ့တွေ့တော့တောင် မေးလိုက်သေးတယ်" ဟု ဆိုရာ...

"ဟုတ်မှလည်း ညာစမ်းပါ ကိုယ့်လူ"

"တကယ်ပါ၊ ခင်ဗျားနမ ကျားကိုက်ရစေရဲ့"

"ကဲ... ပြောပါဦး၊ ဘာမေးသလဲ"

"ကျွန်တော့်တွေ့တော့ ဘယ်နှစ်နာရီထိုးပြီလဲလို့ မေးတယ်" ဟု ပြောလိုက်သဖြင့် အခြားကျောင်းသားများက ရယ်ကြလေရာ၊ ခင်မောင်က "ဒါနဲ့ ဘာဆိုင်သတုန်း"

"ဆိုင်တယ်လို့မှ မပြောပဲ။ မေးတာသာပြောပြတာပဲ" ဟု ဆိုသဖြင့် ထပ်လောင်း၍ ရယ်ကြလေ၏။

"ကိုခင်မောင် အ,လို့ပါဗျာ၊ သူ့ကို ဟိုကကြိုက်နေမှန်း သူ မသိဘူး။ ကျွန်တော့်လိုသာဖြင့် သားဦးကလေးတောင် ရှင်ပြုပြီးပြီ"

"အစစ်ပဲဗျ၊ ကိုခင်မောင်က အ,တာတော့ မပြောနဲ့တော့။ ထဆင်ထုး ရေးပြတာတောင် မျက်မှန်ကိုင်းကျိုးကြီးလို့ ဆိုတဲ့လူပဲ" ဟု တစ်ယောက်က ဖောက်လိုက်ပြန်လေ၏။

"ကောင်မလေးက တကယ့်ကိုချောတာဗျာ။ မော်လမြိုင်သူပီပီ တင်ကြီးရင်ကြီးတွေက ဖောင်းအိပြည့်တင်းပြီး အမယ်လေး... ပြောရင်းဆိုရင်း သွားရည်ယိုလိုက်တာဗျာ။ တကယ့် လူ သွားရည်ကျ၊ နတ် သွားရည်ကျစရာကြီး၊ ကျုပ်သာ ဒီကောင်မလေးကို ရရင် ကျောက်စားပွဲပေါ်တင်ပြီး ပတ်ပတ်လည့် ကျားဟိန်းဟိန်းနေမှာ" ဟု တစ်ယောက်ကပြောရာ၊ အခြားကျောင်းသား တစ်ယောက်က ကြမ်းပေါ်သို့ လေးဖက်ထောက်ပြီးလျှင် ရုပ်သေးထဲက ကျားလို လုပ်ပြသဖြင့် အများသဘောကျ၍ ရယ်နေစဉ် သိန်းဖေက ကျားပေါ်ကိုခြေတင်ပြီး "သယ်... ဟယ်... ဟယ် စီးတော်ကျားနဲ့ တိုက်လိုက်မယ်၊ ရွှေဥကို ကိုက်စမ်း" ဟု ကျာဘန်းကောက်၍ နောက်လိုက်သဖြင့် ပွဲကျ၍သွားကာ ကျားလုပ်သူလည်း ပါးစပ်ကိုပိတ်၍ ထလာရလေတော့၏။

MMCYBERMEDIA

ထိုသို့ ရယ်မောသံများကြား၍ ဘဝင်းလည်း ရောက်ရှိ၍ လာလေရာ၊ ခင်ဆွေ၏ အကြောင်းကို စကားစဖြတ်၍ တခြားအကြောင်းကို ကောက်ငင်၍ စကားစလိုက်ကြရလေ၏။

ယင်းသို့ ပိုးခြင်းပန်းခြင်း၊ ချစ်ခြင်းကြိုက်ခြင်းနှင့် ပတ်သက်၍ ယောကျ်ားကလေး အချင်းချင်းသာ နောက်ပြောင်ကြသည် မဟုတ်ပဲ၊ မိန်းကလေးများလည်း တစ်ယောက်ကို တစ်ယောက် တမင် စတတ်ကြသည့်အလျောက် အင်းယားကျောင်းဆောင်တွင်လည်း ခင်ဆွေမှာ အတန်းကြီး ကျောင်းသူများ၏ နောက်ပြောင်ခြင်းကို ခံနေရရှာလေ၏။

"ဆွေဆွေတို့များ ဘဝပေးဆုတောင်း တယ်ပြီး ကောင်းတာပဲနော်"
"ဘာပြုလို့များပါလဲရှင်"
"သြော် မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေဆိုတဲ့ ဆုတောင်းနဲ့ ပြည့်လို့ထင်ပါရဲ့၊ ချစ်တဲ့ ခင်တဲ့လူတွေ တယ်ပြီးပေါတာပဲ"
"ဒါတွေ မပြောကြပါနဲ့ရှင်၊ ချစ်ရမယ့်လူ မရှိသေးပါဘူး"
"အမယ် ညာမနေပါနဲ့၊ မသိဘူးမှတ်လို့လား။ မျက်မြင်ဒိဋ္ဌမို့ ပြောတာပေါ့"

ခင်ဆွေမှာ မျက်နှာကလေး ပျက်ပျက်နှင့် "ဘယ်သူတဲ့လဲရှင်" ဟု မေးလိုက်၏။
"ကိုခင်မောင်နဲ့ တွေ့တွေ့နေရတာ ညာဦးမလို့လား"
"အလို ဘုရားရေ၊ မလုပ်ပါနဲ့ရှင်ရယ်။ အရင်ကတည်းကအသိ ကိုကိုဝင်းနဲ့လည်း သူငယ်ချင်းမို့ ရိုးရိုးတန်းတန်းပါ။ အထင်မလွဲပါနဲ့"
"သူ့မျက်နှာကလေးက ပြုံးပြုံး ပြုံးပြုံးနဲ့၊ စကားပြောမှဖြင့် သူ့ကြည့်ရတာ မရိုးဘူး"
"ဒါတော့ မသိရပါလားရှင်၊ သူ့စိတ်ထဲကကြိုက်ချင်လည်း ကြိုက်မှာပဲ၊ ကျွန်မကတော့ ဘယ်သိမလဲ"
"ဘယ်သိမလဲမလုပ်ပါနဲ့၊ ဆွေဆွေ့စိတ်ထဲကလည်း ပါချင်ချင်ပဲ"
"ဒါနဲ့ပတ်သက်လို့တော့ မစကြပါနဲ့ရှင်။ ကျွန်မကတော့ ရိုးရိုးသားသားပါပဲ။ အသိမိတ်ဆွေသဘောမျိုး ခေါ်တာ ပြောတာပါ"
"တကယ်လား... နည်းနည်းကလေးမှ မချစ်ဘူးလား၊ ရုပ်ကလေးက ချောကချောနဲ့"
"ချောချော မချောချော ဒါတွေအပထား၊ ကျွန်မကတော့ ကနေ့ထက်ထိ ဒီစိတ်ကို မကူးသေးဘူး"
"ဒီလိုဆို ဝမ်းသာပါတယ်ရှင်၊ ဒီလိုမဟုတ်ပဲ ဆန်းဆန်းပြားပြား ဖြစ်နေကြရင် နောက်တော့သာ အမလေး မညွှန့်တင်တို့ရဲ့ ကျွန်မ မချိတော့ဘူး၊ ကယ်နိုင်ရင် ကယ်ကြပါဦးလေး ဘာလေး ညာလေးနဲ့တော့ လာမလုပ်မနေနဲ့၊ ဖွင့်ပြောစရာရှိရင် စောစောစီးစီးကတည်းက ပြောထား"

နောက်ကြပြောင်ကြ၊ မခံချင်အောင် တမင်စကြခြင်းများသည် ခင်ဆွေ၏စိတ်ကို နှိုးဆော် လှုံ့ဆွပေးသကဲ့သို့ ရှိကာ ခင်မောင်နှင့်မိမိ တွေ့ဆုံရသည်များ ပြောပုံဆိုပုံများကို ပြန်၍တွေးတော မြင်ယောင် ရှိမိလေ၏။

မော်လမြိုင်တွင် တွေ့ကြစဉ်ကပင် ခင်မောင်၏ ကြည့်ပုံရှုပုံ မရိုးသားခြင်း၊ ကျောင်းတွင်တွေ့ပြန်သည့် အခါ၌လည်း မိမိအား တွေ့ဆုံသည့်အခါတိုင်း ချိုပြုံးရွှင်ပြစွာ ပြောဆိုခေါ်ငင်သည့်ပြင် ကြည့်ရှုပုံများမှာလည်း ဆန်းပြားခြင်းများသည် ခင်ဆွေအား အမျိုးမျိုးယူဆထင်မြင် တွေးတောခန်းဝင်စရာ ဖြစ်ရတော့၏။ ထိုသို့တွေးတောမိသည့် အခါတိုင်း ခင်ဆွေတွင် ထူးခြားသော စိတ်အာရုံတွေ့ကြုံထိခိုက် ခံစားရခြင်း၊ တုန်လှုပ်ခြောက်ခြားခြင်း ဖြစ်ရပြန်လေ၏။

MMCYBERMEDIA

ထိုသို့စဉ်းစား တွေးတောလိုက်သောအခါ မိမိအပေါ်တွင် စုံမက်နှစ်သက်သဖြင့်သာ ဤကဲ့သို့ ဂရုတစိုက် အရေးတယူ ခေါ်ငင်ပြောဆိုခြင်းပင် ဖြစ်သည်ဟု ယူဆမိသော်လည်း နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ အရိပ်အမြွက် အမူအရာအားဖြင့် လည်းကောင်း၊ မိမိအပေါ်တွင် စုံမက်ကြောင်း ထင်ရှားစွာ ပြသခြင်း မရှိသေး။ ထိုသို့ပြသသည်များကိုလည်း မတွေ့ရသေးသောကြောင့် အမှန်ပင်ဖြစ်သည်ဟု တထစ်ချ စွဲမှတ်ခြင်း မပြုနိုင်ရှိလေ၏။

သို့ဖြစ်၍ 'သူ ငါ့ကိုများ ကြိုက်နေရှာသလား' ဟု တွေးတော စဉ်းစားမိသောအခါ 'ဟယ်... ဒါတွေငါတွေးနေဖို့ မလိုပါဘူး၊ ဘာဖြစ်လို့ ငါတွေးရမှာလဲ၊ ငါသူ့ကို ကြိုက်နေတာမှ မဟုတ်ပဲ၊ တကယ်လို့ ငါက ကြိုက်လျှင်ဖြင့် ငါ့ကိုသူချစ်တယ် မချစ်ဘူးဆိုတာ ဒါစဉ်းစားဖို့ လိုတာပဲ' ဟူသော ဆင်ခြင်ခြင်းဖြင့် ထိုသို့ စိတ်ကူးမိခြင်းများကို ဖယ်ရှားဖျောက်ဖျက်ခြင်း ပြုရလေ၏။ ထိုသို့ ဖျောက်ဖျက်ပါသော်လည်း ကျောင်းသူအဖော်အပေါင်း အချင်းချင်းတို့ စလိုက် နောက်လိုက် ပြုမူကြခြင်းများသည် ထိုစိတ်များကို မကြာခဏ လှုံ့ဆော်ပေးနေသကဲ့သို့ ရှိရကား ခင်ဆွေ၏ စိတ်များမှာ ခင်မောင်အပေါ်တွင် မကြာခဏ ယိမ်းယိုင်မိလေ၏။

ယင်းသို့ ခင်ဆွေသည် စိတ်လှုပ်ရှား ဖောက်ပြန်ခြင်း ဖြစ်မိသည့်အလျောက် ခင်မောင်နှင့် ကျောင်းတွင် တွေ့ဆုံစကားပြောသည့် အခါများတွင် ရှုံးတိုးရှန့်တန့် ရှက်ကိုးရှက်ကန်းဖြစ်ကာ စကားမပြောရဲသလိုလို ဖြစ်မိလေ၏။ သို့ဖြစ်၍ ရှေးကကဲ့သို့ ရဲတင်းစွာစိုက်၍ မကြည့်ရဲပဲ ခေါင်းကိုခပ်ငုံ့ငုံ့ကလေးထားကာ ပြောလေ့ရှိလာလေတော့၏။

ထိုကဲ့သို့ ခင်ဆွေ၏ အမူအရာများ ပြောင်းလဲလာဟန်ကို ခင်မောင်သည် ဂရုစိုက်မိသဖြင့် ဘဝင်းမှအပ ဖြစ်သော မိတ်ဆွေ အချို့တို့နှင့် တိုးတိုးတိတ်တိတ် ကြိတ်၍ တိုင်ပင်ရာတွင် ချောက်တွန်းဖို့လောက်နှင့် တစ်ဖက်သား အရှုံးဖြစ်လောက်အောင် ပြုလုပ်ရန်မျှကိုသာ နလုံးပြုကြမြဲဖြစ်သော ကျောင်းသားတို့က-
"အဲဒါ ခင်ဗျားကို ငြိနေတာဗျ... ငြိတာ။ ကောင်မလေးတော့ ခင်ဗျားအပေါ်မှာ စွဲနေပြီ၊ သူ့စိတ်ထဲမှာ မရိုးသားတဲ့အကြောင်း ထင်ရှားတာပဲ။ အဲဒါ ခင်ဗျားလက်နေးရင် ငတ်မှာပဲ။ ကြောက်ရင်လာဘ်လွဲ ရဲရင်မင်းဖြစ်တဲ့။ ရဲရဲကြံစမ်းပါး။ နေရာကျမှာပါပဲ" ဟု ပြောဆို မြှောက်ပင့်ကြလေရာ ခင်မောင်မှာ ထိုသို့ပြောကြသော စကားများကို အကယ်ပင် ယုံကြည်ရမည်လားဟု သံသယ ဖြစ်မိ၏။

"ဟုတ်မှလည်း ပြောကြစမ်းပါဗျာ၊ ကျွန်တော့်စိတ်ကလည်း ခပ်ပါပါနဲ့။ ဇွတ်လုပ်မိတော့မှ ပြေးပေါက်တိုးနေလို့ ချောက်ကျနေပွဲမယ်"
"ဒီအလုပ်က ထောင်ကျနိုင်တဲ့အလုပ် မဟုတ်ပါဘူးဗျာ၊ ဒီနေရာမျိုးမှာ လူချင်းလဲလိုက်စမ်းချင်ဗျာ"
"ဟုတ်ပါတယ်ဗျ။ သူပြောတဲ့အတိုင်း ခင်ဗျားကို ကောင်မကလေးက အဟုတ်စွဲနေတာ။ ခင်ဗျားမှာ ဆေးစွမ်းကောင်း ရှားသလား"
"မရှိပါဘူးဗျာ... ဟဲ ဟဲ နဖူးစာပဲထင်ပါရဲ့"

ထိုအခိုက်တွင် သိန်းဖေကကြားဝင်၍ "ကျုပ်မှာ မယ်တော်ကြီးဆေး ရှိတယ်။ ဒီဆေးတော့ ကျုပ်ဆောင်တာမို့ မပေးနိုင်ဘူး။ လိုချင်ရင် နည်းပေးမယ်" ဟု ပြောရာ ကျောင်းသားတစ်ယောက်က...
"လုပ်စမ်းပါဗျာ... ကျေးဇူးပါပဲ"

MMCYBERMEDIA

"ခွေးရူးသည်းခြေနဲ့ လင်းတသည်းခြေရအောင် ရှာနိုင်မလား"
"ရှာရတာပေါ့ဗျာ၊ နည်းကို ပြောပါဦး"
"အဲဒါတွေယူ၊ ဂါထာစုပ်ပြီး လက်မောင်းမှာ စုတ်နဲ့ထိုး"
"ဒီလိုဆိုရင် ပီယဆေးကောင်းရော့လား"
"အဲဒါတော့ မဆိုနိုင်ဘူး။ အနည်းဆုံးတော့ ဂဠုန်ဆိုပြီး အချုပ်ခံရမှာပဲ" ဟု ပြောလိုက်မှ တမင်နောက်နေသည်ကို သိရှိကာ ရယ်မောမိကြစဉ် ဘဝင်းရောက်လာသဖြင့် ထိုစကားကိုဖြတ်လိုက်ကြရပြန်လေ၏။

ဘဝင်း - ခင်ဆွေတို့၏ မိဘများမှာ ဥစ္စာပစ္စည်း အမြောက်အများ ချမ်းသာကြွယ်ဝသည့်ပြင် သားတစ်ယောက် သမီးတစ်ယောက်သာ ရှိကြသဖြင့် သားသမီးများကို အထူးအလိုလိုက် ထားကြပေ၏။ ခင်ဆွေမှာ မိန်းကလေးဖြစ်သောကြောင့် များစွာ မသုံးမဖြုန်းသော်လည်း ဘဝင်းမှာမူကား အလွန်အသုံးအဖြုန်းကြီးသည့်ပြင် ကောလိပ်ရည် ဝ၍နေရကား ငွေထွက်ပေါက်ကိုသာ အမြဲရှာဖွေကြည့်ရှုနေလေတော့၏။ အိမ်မှပြန်၍ လာသည့်အခါတိုင်း မိဘများပေးလိုက်သည့်ငွေအပြင် တိတ်တိတ်ပုန်း ယူလာသည်မှာ သုံးလေးရာထက်မနည်း ပါလာလေ့ရှိ၏။ ၎င်းအတွက် ကျောင်းစရိတ်မှာ တစ်လလျှင် ၄၀ ကျပ်ထက် မပိုသော်လည်း အမျိုးမျိုးအကြောင်းပြ၍ မကြာခဏ တောင်းယူသည့်ငွေမှာ လစဉ် ၁၅၀ ကျပ်ထက် မနည်းပေ။

ထိုငွေများကို ဘဝင်းသည် လောင်းစားသုံးဖြုန်းပစ်၍ ကုန်ကျသည်မဟုတ်ပဲ သူသည် ကျကျနန နေထိုင်စားသောက်လျက် အဝတ်ကောင်း၊ အစားကောင်းစသော အကောင်းဟူသမျှတို့ကို သုံးစွဲကာ မိမိအခန်းတွင် အမျိုးမျိုး စည်းစိမ်ရှိအောင် ဖန်တီးပြုလုပ်ခြင်း၊ ရံဖန်ရံခါ အပေါင်းအသင်းများနှင့် ပျော်ပါး စားသောက်ခြင်းဖြင့် ကုန်ကျရခြင်း ဖြစ်ပေ၏။

တက္ကသိုလ်ကျောင်းသား မော်တော်ကား ဝယ်၍စီးလျှင် အနောက်နိုင်ငံများ၌ကား အထူးအဆန်း မဟုတ်သော်လည်း မြန်မာပြည်တွင်မူကား အံ့သြကောင်း အံ့သြပေလိမ့်မည်။ ဘဝင်းသည် မိဘများမသိအောင် ကားကလေးတစ်စီးကို အငှားဝယ်၍ ထားခဲ့၏။ ထိုအကြောင်းကို ခင်မင်ရင်းနှီးသော ကျောင်းသားများမှသာ သိရှိကြလေသည်။ မော်လမြိုင်သို့ ပြန်သည့်အခါများတွင် ထိုကားကလေးကို ကားရုံအငှားထားသော ဌာနများတွင် အပ်နှံထားမြဲ ဖြစ်ပေ၏။ ထိုအကြောင်းကို မခင်ဆွေ မသိရှာပေ။

ခင်ဆွေသည် ရန်ကုန်သို့ ငယ်စဉ်ကသာ တစ်ကြိမ် ရောက်ဖူးလေရာ ရန်ကုန်မြို့ကြီးထဲတွင် လည်ပတ်ကြည့်ရှုချင်၊ ထင်ရှားသော နေရာများကို သွားရောက်ချင်သောကြောင့် လိုက်လံပြသရန် အစ်ကိုဖြစ်သူ ဘဝင်းကို ပြောဆိုတောင်းပန်သည့်အခါတိုင်း ဘဝင်းမှာ လိုက်လံပြသရန် တာဝန်တစ်ခု ပေါ်ပေါက်၍ လာလေ၏။ သို့သော် မိမိကားနှင့် လိုက်ပြလျှင် မိမိကားတစ်စီး တိတ်တဆိတ် ဝယ်ထားသည်ကိုလည်း သိမည်စိုးမိ၏။ သို့သော် ကားရှိလျက်နှင့် အခြားကားဖြင့်လည်း မပို့လို၊ ဘတ်စ်ကားဖြင့်လည်း မသွားချင်သည့်အလျောက် ခင်မောင်နှင့် တိုင်ပင်၍ အကြံယူရလေ၏။

"အိုင်ဆေး ကိုခင်မောင်၊ ကျွန်တော်တော့ ဆွေဆွေကို ညာရဖို့ ကိန်းကြုံနေပြီ"
"ဆိုစမ်းပါဦး၊ ဘယ်လိုဖြစ်လို့တုန်း"

MMCYBERMEDIA

"ကောင်မလေးက ရန်ကုန်ကို ငယ်ငယ်ကတစ်ခါတည်းပဲ ရောက်ဖူးတယ်ဗျ။ ဘယ်ဟာမှ ကောင်းကောင်း မမှတ်မိဘူး။ သိလည်း မသိဘူး။ ဒါကြောင့် လိုက်ပြပါဆိုလို့ ပြရမဲ့ကိစ္စ ကျွန်တော့်ကားကလေးနှင့် လိုက်ပြရမှာဖြစ်တယ်။ အဲဒီတော့ ကျွန်တော်ကားဝယ်တာ သူသိရင် မကောင်းဘူးဗျ။ အိမ်ကို သတင်းပေါက်သွားရင် ကားကိုလည်း သိမ်းဦးမယ်၊ ငွေလည်း နောက် များများပို့မှာ မဟုတ်ဘူး"
"ဒါကို ဘယ်လိုလုပ်ချင်လို့လဲ"
"တခြားနည်းလမ်းတော့ မရှိဘူး။ ဒီကားကလေးကို ခင်ဗျားကားလို့ လုပ်ရတော့မှာပဲ။ ခင်ဗျားက ကိုယ်ပိုင်ကားနဲ့ လိုက်ပို့တဲ့သဘောမျိုး လုပ်ဖို့ပဲ။ ဒီလိုဆိုတော့ သွားလေရာမှာ ခင်ဗျားလိုက်မှဖြစ်မယ်"

ခင်မောင်မှာ ရေငတ်သောသူ၊ ရေတွင်းထဲ လိမ့်ကျသကဲ့သို့ ရှိရကား၊ ထိုသို့အတူတူ သွားလာရမည်ကို များးစွာကျေနပ်ပြီးလျှင်...
"နေရာကျတယ်။ ဒီအကြံကောင်းသားပဲ၊ ကျွန်တော်လည်း ကားမောင်းတတ်သားပဲ" ဟု အားရဝမ်းသာ ပြောလိုက်လေ၏။

သို့နှင့် ဘဝင်းသည် အင်းယားဆောင်သို့ သွားရောက်၍ ခင်ဆွေနှင့်တွေ့ဆုံကာ ခင်မောင်နှင့် စီစဉ်ထားသည့်အတိုင်း နောက်တနင်္ဂနွေနေ့တွင် ခင်မောင်၏ မော်တော်ကားနှင့် လိုက်လံပြသမည်ဟု ပြောခဲ့လေ၏။

ထိုတနင်္ဂနွေနေ့သို့ ရောက်သောအခါ ဘဝင်းသည် မိမိကားကို ယူပြီးလျှင် ခင်မောင်နှင့်အတူ အင်းယားဆောင်သို့ သွားရောက်ကြလေ၏။

ဧည့်ခန်းတွင် ထိုင်ကြလျက် ခင်ဆွေအား စောင့်နေကြရာ များစွာမစောင့်ကြရဘဲ ခင်ဆွေ ရောက်လာလေ၏။ ခင်ဆွေမှာ နဂိုကပင် ရုပ်ရည်လှပသူကလေး ဖြစ်ရာ တက္ကသိုလ်ကျောင်းသို့ ရောက်ရှိသည်တွင် တစ်ယောက်အတု တစ်ယောက် ယူကြသည့်အတိုင်း ဝတ်စားဆင်ယင် ပြင်ဆင်ဖီးလိမ်းခြင်း၌ ပို၍ခေတ်ဆန်ကာ လှပယဉ်ကျေးလှရကား၊ ခင်မောင်၏ စိတ်ထဲ၌ လောကကြီးတဝှမ်းလုံးတွင် မိမိမြင်ဘူးသူဟူသမျှအနက်၊ ခင်ဆွေလောက် လှပချောမွေ့သူ မရှိပြီဟူသော ယူမှတ်ခြင်းဖြင့် ကြည့်ရှု၍ အားမရနိုင်အောင် ရှိပေတော့၏။

ကောလိပ်ကျောင်းသူကလေးများ၏ ဝတ်စားဆင်ယင်ခြင်းသည်ကား၊ ရုပ်ရှင်ဇာတ်ကားများ၊ ရုပ်ပြောင်ရုပ်ကာတွန်းများတွင် မြင်တွေ့ရသကဲ့သို့ အပွင့်ကားလွန်းလှသည် မဟုတ်ပေ။ ထိုကာတွန်းများ ရုပ်ရှင်များတွင် တွေ့ရှိရသည့် ဝတ်ဆင်မှုတို့ကား၊ ကောလိပ်ကျောင်းသူကလေးများ၏ အကြောင်းကိုကောင်းစွာ နားမလည်၍ လည်းကောင်း၊ တမင်သက်သက် နိုပ်စက်ချိုးဖဲ့လို၍ လည်းကောင်း၊ စီစဉ်ရေးသားကြခြင်းပင် ဖြစ်ပေသည်။ စင်စစ်အားဖြင့် ကျောင်းသူကလေးတို့၏ ယဉ်ကျေးလှပစွာ ပြုပြင်ဝတ်ဆင်ကြခြင်းမှာ ဆေးချယ်ရန် မလိုသော ကြာပန်းကလေးကဲ့သို့ နဂိုက လှပသော အဆင်းဟန်ကို မပျက်စေဘဲ၊ ယဉ်ယဉ်ကလေးနှင့် မြင်လျှင် ငေးနေရအောင် ပြုပြင်ကြခြင်းပင် ဖြစ်ရကား၊ ဆန်းပြားရှုပ်ပွေ ကန္တြေကင်းမဲ့စွာ လွန်လွန်မင်းမင်း ပြုပြင်ဖီးလိမ်းတတ်သူများ၏ လှပခြင်းမျိုးထက် ပိုမိုတင့်တယ် လှပသည့်အလျောက် ခင်မောင်မှာ ခင်ဆွေ၏ လှပသော မျက်နှာတွင် အသားရောင် ပွင့်လင်းရုံမျှ အလှဆီပွတ်သပ်ကာ ညီညွတ်စွာ ပေါင်ဒါရိုက်ထားသော မျက်နှာ၊ သွေးသားတက်ကြွသည့်အလား နီမြန်းသော နှုတ်ခမ်းနှင့် ပါးကလေး၊ ဖွားဖွားပွပွ ကားကားလှနေသော ဆံမြိတ်၊ ကလေးများသဖွယ်

MMCYBERMEDIA

လည်တွင် အလှဆင်ယင်ထားသော ခေတ်ဆန်သည့် ပုတီးအစရှိသော ဆင်ယင်ခြင်းတို့မှာ ၎င်းတို့၏ စိတ်တွင် နှစ်သက်၍ မဆုံးနိုင်ဘဲရှိသည့်ပြင် အသားနှင့်ကပ်ရပ် ပြည့်တင်းနေအောင် အရောင်အဆင်း ပြေစွာဝတ်ဆင်ထားသည့် အင်္ကျီလုံချည်များသည် ရုပ်ရုံ အကြည်ဓာတ်ကို မျက်တောင် မခတ်ချင်အောင် ရှိစေလေ၏။

"ဩော်… ကိုခင်မောင်လည်းပါသလား"
ခင်ဆွေက ခင်မောင်ကို ဦးစွာ နှုတ်ဆက်လိုက်သဖြင့် ဘဝင်းက ပြုံးရယ်လျက် "ကားပိုင်တဲ့လူများ၊ တယ်ပြီး မျက်နှာပွင့်တာပဲနော်" ဟု မိမိ၏နမကို ပြောင်လိုက်သည်။ ခင်မောင်မှာ ၎င်းတို့၏ စကားများကို နားထောင်ရင်း အတွင်းကြိတ် ကျေနပ်နေမိလေ၏။

"ကိုကိုက ဒီလိုမပြောပါနဲ့၊ ဧည့်သည်ဆိုတာ အရင်နှုတ်ဆက်ရတာပေါ့"

ဘဝင်းကို မျက်စောင်းကလေးထိုး၍ ပြောလိုက်သည်မှာ ခင်မောင်၏ စိတ်ထဲတွင် ချစ်ချင်စရာ ဖြစ်သွားပေ၏။

ထို့နောက် စားပွဲတွင် ထိုင်မိကြပြီးလျှင် စကားပြောဆို၍ နေကြပြီးနောက် ဘဝင်းက "ဒီပြင် ဘယ်သူလိုက်ဦးမလဲ၊ လိုက်ချင်တဲ့လူ ခေါ်ခဲ့လေ"
"အားနာစရာကြီးကိုကို၊ ကားရှင်က သဘောကောင်းပေမဲ့ စီးတဲ့သူက…" ဟု ပြောစဉ် ခင်မောင်က စကားဖြတ်၍…
"ကိစ္စမရှိပါဘူး မခင်ဆွေ၊ အားနာရမဲ့လူတွေမှ မဟုတ်ဘဲနဲ့၊ ဘယ်သူဖြစ်ဖြစ် လိုက်ချင်ရင်ခေါ်ခဲ့ပါ။ နေရာတွေ အချောင်သားပဲ" ဟု လောကွတ်လုပ်လိုက်လေ၏။

ဘဝင်းကလည်း ထပ်မံ၍ပြောသည့်အလျောက် ခင်ဆွေလည်း ကျောင်းပေါ်သို့ ပြန်တက်သွားပြီးလျှင် မကြာမီပင် ကျောင်းသူကလေးတစ်ဦးနှင့် အတူတူ ပြန်ရောက်လာကာ ထိုကျောင်းသူကလေးနှင့် မိတ်ဆက်ပေးပြီးနောက်၊ အားလုံးအခန်းထဲမှထွက်၍ ကားပေါ်သို့ တက်ကြလေ၏။ ဘဝင်းနှင့် ခင်မောင်တို့က ရှေ့တွင်ထိုင်လျက် မိန်းကလေးနှစ်ယောက်က နောက်မှာထိုင်ကာ ကျေနပ်စွာ ထွက်ခွာ သွားကြလေ၏။

ကားဖြင့် တစ်မြို့လုံး လည်ပတ်ကြရာတွင် ခင်ဆွေ သွားလိုသည်ဆိုသော နေရာမှန်သမျှကို လိုက်လံပို့သလေရာ ခင်ဆွေသည် မိမိအပေါ်၌ ခင်မောင် အထူးရရစိုက်လျက် အလိုလိုက်ရှာပေသည်ဟု စိတ်ထဲတွင်ကြိတ်၍ ချီးမွမ်းကာ ကျေးဇူးတင်ရှာလေ၏။ ခင်မောင်ကလည်း ရန်ကုန်မြို့တွင် အထိကရ၊ ထင်ရှားသောနေရာ အဆောက်အဦ မှန်သမျှကို လိုက်လံပို့ကာ ခမ်းနားကြီးကျယ်သော ပျော်ပွဲစားရုံများကို ဝင်ရောက်ကြ၍ အကောင်းဆုံးသော အစားအစာများကို ကျွေးမွေးပြီးလျှင် ၎င်းအိတ်ထဲမှ ပိုက်ဆံထုတ်ပေးလေရာ ခင်ဆွေမှာ ခင်မောင်အား အားနာ၍ မဆုံးနိုင်အောင် ရှိလာလေ၏။

သွားလေရာ၊ စားရာသောက်ရာများတွင် ငွေထုတ်ပေးရန် ခင်မောင်သည် ၎င်းအိတ်ထဲသို့ နှိုက်သည့်အခါတိုင်း ခင်ဆွေက ဘဝင်းအား ၎င်း၏အိတ်ထဲမှ ထုတ်ပေးရန် အရိပ်အမြွက်ဖြင့် လည်းကောင်း၊ လက်တို့၍ လည်းကောင်း၊ စကားဖြင့် လည်းကောင်း၊ ပြောဆိုသော်လည်း ဘဝင်းနှင့်ခင်မောင်မှာ

MMCYBERMEDIA

တိုင်ပင်ပြီးဖြစ်ကြသည့်အတိုင်း ခင်မောင်အိတ်ထဲက ငွေထုတ်၍ ပေးဖြစ်ပြီးသည့်တိုင်အောင် ဘဝင်းသည် သားရေအိတ်နိုက်၍ ဟိုကပ်ဖွင့်၊ ဒီကပ်ဖွင့်ဖြင့် အကြွေရှာသလိုလို လုပ်ကာ မိမိလက်ဖြင့် မပေးရအောင် လုပ်လေ၏။ ခင်မောင်မှာ မိမိအိတ်ကပ်ထဲက မကုန်ရသည့်အတိုင်း ဟောခနဲ ဒိုင်းခနဲ၊ ရက်ရက်ရောရော၊ ဝေသဿန္တရာပမာ ပေးကမ်းလေရာ ခင်ဆွေကို မဆိုထားဘိ ပါလာသူ ကျောင်းသူကလေးပင် ခင်မောင်၏အပေါ်တွင် အထူးပင် နှစ်သက်သဘောကျကာ အထင်ကြီးမိရှာလေတော့၏။

မြို့ထဲသို့ အတော်အတန် နှံ့စပ်စွာ လည်ပတ်ကြပြီးသောအခါ ဘဝင်းက "ကဲ မိဆွေ ဘယ်သွားချင်သေးသလဲ"

"ကိုကိုသွားချင်တဲ့ဆီသွားလေ၊ ငါးထပ်ကြီးတို့ တိရစ္ဆာန်ရုံတို့ကိုလည်း မရောက်သေးဘူး"

ဘဝင်းသည် လက်ပတ်နာရီကို လှန်ကြည့်ပြီးလျှင် "ဒီဆီကို နောက်တစ်ခါမှပဲ သွားတာပေါ့၊ ရုပ်ရှင်ကြည့်ကြဦးစို့" ဟု ပြောလေ၏။

ခင်မောင်မှာလည်း ကြည့်ရှုဘွယ် အဆောက်အဦ စသည်များကို မသွားလိုတော့ပဲ၊ ရုပ်ရှင်ကိုသာ ကြည့်လိုလှတော့သည် ဖြစ်သောကြောင့် "ရုပ်ရှင်သွားတာပဲ ကောင်းပါတယ်" ဟု ထောက်ခံလိုက်သည့်အတွက် ခင်ဆွေတို့မှာလည်း ၎င်းကိုအားပြု၍ လည်ပတ်ရသည်ဖြစ်ခြင်းကြောင့် ခင်မောင်၏အလိုကို ဆန့်ကျင်ခြင်း မပြုကြဘဲ...

"ဒါဖြင့်လည်း ရုပ်ရှင်ပဲ သွားကြမယ်လေ၊ ဟိုနေရာတွေကိုတော့ အဆင်သင့်တော့မှပဲ သွားပါတော့မယ်" ဟု သဘောတူလိုက်ကြလေ၏။

"ကဲ... ကိုခင်မောင်၊ အိပ်ဆယ်စီးယားကိုသာ မောင်းပေတော့"

ရုပ်ရှင်ရုံသို့ ရောက်ကြသောအခါ ခင်မောင်ကပင် လက်မှတ်ခံလျက် ပထမတန်းသို့ တက်ရောက်ကြည့်ရှုကြလေ၏။ မိန်းကလေးနှစ်ယောက်ကို အလယ်ထားလျက် ခင်ဆွေ၏ဘေးတွင် ခင်မောင်က ထိုင်ပြီးလျှင် တစ်ဖက်အစွန်းတွင် ဘဝင်းကထိုင်လေရာ၊ ကျောင်းသားလူရှုပ် လူနောက်တို့က ခင်မောင်အား ပြောင်ချင်နောက်ချင်ကြသော်လည်း ခင်ဆွေ၏မောင် ဘဝင်းပါနေသဖြင့် မသင့်လျော်သည့်အလျောက် ပြောင်လှောင်ခြင်း မပြုကြစေကာမူ ထိုင်နေသူများ ဣန္ဒြေပျက်လောက်အောင် "အဘောက်တန်း" ဟုဆိုကာ ခေါင်းများကို တညီတညာထဲ လှည့်ကြည့်သူတို့က ကြည့်ကြ၊ သို့ကြည့်ပြီး တပြိုင်တည်း "ဟီး ဟီး ဟီး ဟီး" ဟူသောအသံများဖြင့် ရယ်လိုက်ကြနှင့် မခံချိမခံသာ နောက်ပြောင်၍ နေကြလေ၏။ အချို့ကလည်း ဘဝင်းကိုစောင်းချိတ်၍ "လူမျိုးတစ်ရာ့တစ်ပါးထဲမှာ ဒီငနဲတစ်ယောက်လည်းပဲ အကြီးအကျယ် နမပေးကွ" ဟု မကြားတကြား လုပ်ကြရာ၊ ခင်မောင်မှာ မကြားချင်ယောင်ဆောင်၍ ခင်ဆွေ၏ဘက်သို့လှည့်ကာ "အောရိမ့်ချ်ကရပ်ရှ် သောက်မလား။ ချော့ကလက် စားမလား" စသည်ဖြင့် လောကွတ်များနေရလေ၏။

ထိုသို့နေရလျက်ရှိရာက ရုပ်ရှင်ပြသရန် အချိန်ရောက်၍ မီးမှိန်လိုက်တော့မှ နောက်ပြောင်ခြင်း သက်သာရာ ရကြလေတော့၏။ ခင်မောင်မှာ ထိုကဲ့သို့ခင်ဆွေနှင့် ပူတွဲယှဉ်ကပ်၍ နေထိုင်ရသည်ကို များစွာကျေနပ်လျက် ရုပ်ရှင်ကြည့်လိုက်၊ စကားလှည့်၍ပြောလိုက်နှင့် ပီတိသောမနဿ ဖြစ်၍နေတော့၏။ တစ်ခါတစ်ရံ လက်ချင်းထိမိသွားသည့်အခါ အတွေ့အထိအာရုံကို ကျေနပ်စွာခံစားရပြီး မလွှတ်ချင်ပဲ ဆုပ်၍သာ

MMCYBERMEDIA

ထားလိုက်လိုသော်လည်း မတော်တဆထိသည့် ဟန်ဖြင့် "အို... ဆောရီး" ဆိုကာ လက်ကို ဖယ်လိုက်ရသည်တွင် အားမရ တင်းမတိမ် ဖြစ်မိပေ၏။

ဘဝင်းသည်ကား ခင်မောင်၏အပေါ်တွင် ယုံကြည်စိတ်ချသည့်အလျောက် မည်သို့မျှ အထင်အမြင်မရှိ။ စောင်းငဲ့၍မျှပင် မကြည့်ဘဲ၊ မိမိလည်း ကျောင်းသူကလေးတစ်ဦးနှင့် အသိဖြစ်ကာ ပူးတွဲယှဉ်ကပ်၍ ထိုင်နေရသည်ကို ကြိတ်၍ ကျေနပ်နေမိလေ၏။

ရုပ်ရှင်ဇာတ်ကားမှာလည်း အက၊ အခုန်၊ အသံထွက်၊ ရမက်ကြွစရာ အခန်းများကို အသားယူ ရိုက်ကူးထားသောကြောင့် ခင်မောင်၏စိတ်ထဲတွင် မချင့်မရဲဖြစ်မိကာ ခင်ဆွေ၏စိတ်တွင် မည်သို့ ဖြစ်ပေမည်နည်းဟု သိလိုရင်းဖြင့် ခင်ဆွေ၏ မျက်နှာကို ကြည့်လိုက်ရာ၊ အကြည့်ချင်းဆုံပြီးလျှင် ခင်ဆွေလည်း ရှက်သည့်ဟန်ဖြင့် ခေါင်းငုံ့၍ သွားသောကြောင့် ဤနေရာတွင် လွတ်လပ်ခြင်းကိုသာ ရပါက ခင်မောင်သည် ချစ်သည်ဆိုသော စကားကို ပြောဆိုလိုက်ချင်လှပေ၏။ စာပေးဖို့ရန်လည်း အသင့်မပါ၊ သို့ဖြစ်၍ ဤသို့သာ ပူးကပ်ယှဉ်တွဲ၍ နေချင်လှသော်လည်း ကြည့်ရင်းပင် ဇာတ်လမ်းပြီးဆုံးခဲ့ခြင်းကြောင့် ဝမ်းနည်းစွာ ထွက်ခဲ့ကြလေတော့၏။

...

(၄)

အင်းယားဆောင်သို့ ပြန်၍ ရောက်ရှိကြသောအခါ ခင်ဆွေသည် ကားပေါ်မှဆင်းရင်း "ကိုခင်မောင်၊ ကျွန်မတို့ကို မြို့ထဲလည်ပြီး ပြတာ သိပ်ပြီး ကျေးဇူးတင်ပါတယ်ရှင်၊ မမေ့နိုင်အောင် ဖြစ်သွားတာပဲ။ အတော်လည်း နှံ့သွားတယ်"

"အို... ကျေးဇူးတင်လောက်စရာလည်း မဟုတ်ပါဘူး။ အသိမိတ်ဆွေဆိုတာ ပြုထိုက်တဲ့ဝတ္တရား ရှိသလောက် ပြုစုရတာပါပဲ၊ ဘယ်အခါမဆို ဘယ်လိုပဲဖြစ်ဖြစ် သွားချင် လာချင်တဲ့အခါ ဒီကိုပြောပါ၊ လိုက်ပို့ပါ့မယ်။ အားမနာပါနဲ့"

"ကျေးဇူးကြီးလှပါပြီရှင်၊ ဒီကနေ့တွင်ပဲ နောက်ကိုမစီးရဲအောင် အားနာလောက်အောင် ဖြစ်သွားတာပါပဲ" ဟု ပြောစဉ် ခင်ဆွေ၏အဖေါ်က ဝင်ရောက်၍ ခင်မောင်အား ကျေးဇူးတင်ကြောင်း ပြောပြပြန်ရာ၊ ခင်မောင်လည်း ၎င်းအား အပြန်အလှန် ပြော၍နေခိုက်တွင် ဘဝင်းသည်လည်း ၎င်းနှမဖြစ်သူနှင့် ကိုယ်ရေးကိစ္စ ပတ်သက်၍ ပြောဆိုနေလေ၏။ ထို့နောက်မှ စကားပြတ်၍ သွားပြီးနောက် ဘဝင်းက...

"ကဲ... အဆွေ၊ ကိုကိုတို့ပြန်တော့မယ်" ဟုဆိုပြီးလျှင် ခင်မောင်ကလည်း အားလုံးကို နှုတ်ဆက်၍ ပြန်ခဲ့ကြရာ၊ ခင်ဆွေတို့လည်း ပေါ်တီကိုအောက်က ငေးမျှော်၍ကြည့်လျက် ကျန်ရစ်ကြလေ၏။

ခင်ဆွေလည်း မျက်စေ့တစ်ဆုံးကြည့်နေပြီးမှ "လာ... မသန်းတင်" ဟုခေါ်ကာ ၎င်း၏အဖေါ်နှင့်အတူ ကျောင်းပေါ်သို့ တက်သွားလေ၏။ ကျောင်းပေါ်သို့ ရောက်ကြ၍ ခင်ဆွေ၏ အခန်းထဲတွင် ထိုင်ကြစဉ် မသန်းတင်မှာ ခင်မောင်အား ကျေးဇူးတင်ကြောင်း ပြောမပြီးနိုင် ရှိလေ၏။ ခင်ဆွေလည်း အဝတ်အစားလဲရင်း ခင်မောင်နှင့် ဘဝင်းမှာ အလွန်ချစ်ကြကြောင်း၊ ကျောင်းပိတ်စဉ်က မော်လမြိုင် အလည်လာသဖြင့် ထိုအခါကပင် မိမိနှင့် သိခဲ့ကြကြောင်း၊ မိမိအပေါ်တွင် အတော် ဂရုစိုက်ပုံအကြောင်း မော်လမြိုင်သို့လာစဉ်က မိမိတို့က ဝတ်ကြေဝတ်ကုန် ပြည့်စုံအောင် ပြုစုခြင်းကြောင့်ပင် ဖြစ်သည်ဟု ထင်ရကြောင်း စသည်ဖြင့် ပြောဆိုလျက် ခင်မောင်အပေါ်တွင် ခင်မင်ခြင်းသည် အဆုံးအစမရှိ တိုးပွား၍လာလေ၏။

MMCYBERMEDIA

"သူ အခုလို ကျောင်းနေရင်း ကားနဲ့ဘာနဲ့ နေနိုင်တာဟာ တော်တော်သူ့မိဘတွေ ချမ်းသာပုံရတယ်" ဟု မသန်းတင်က ပြောလေ၏။
"ချမ်းသာလို့သာ ကောလိပ်မှာနေနိုင်ပြီး ဒီလိုကားတွေ ဘာတွေနဲ့ နေနိုင်တာ ဖြစ်တော့မပေါ့။ ရန်ကုန်က မဟုတ်ဘဲ တစ်မြို့တစ်ရွာကလာပြီး နေတာ၊ ဒီလိုထားနိုင်ဖို့ တော်ရုံ ချမ်းသာတဲ့ မိဘ ဘယ်တတ်နိုင်မလဲ"
"ပိုက်ဆံကလည်းရှိ၊ ရုပ်ကလေးကလည်းချော၊ ကောလိပ် ပညာလည်းတတ်ဆိုတော့ သူ့မြို့မှာတော့ တော်တော်ထင်ပေါ်မှာပဲ၊ သူတော့ မယားကောင်းကောင်း ရမယ့်သူပဲ"
"ဟဲ... ဟဲ... မသန်းတင်က သဘောကျနေပြီထင်တယ်"
"အလို... ကြံကြီးစည်ရာ ဆွေဆွေရယ်၊ ဆွေဆွေတစ်ယောက်လုံး ရှိနေတာ ဒီလိုစိတ်မကူးဝံ့ပါဘူး၊ ကျွန်မတို့မှာ ဆွေဆွေ မျက်နှာကြောင့် စီးရတာပါ"
"မလုပ်ပါနဲ့ အမိရယ်၊ ရိုးရိုးသဘောထားပါ"
"အို... ဆန်းဆန်း သဘောထားကော ဘယ်သူက ဘာအပြစ်ဆိုလို့လဲလို့၊ ဆွေဆွေတို့နဲ့ဆိုရင် ပိုက်ဆံရှိတာချင်းကလည်းတူ ရုပ်ချင်းကလည်းလိုက်၊ ပညာချင်းကလည်း ဂုဏ်ယူလောက်စရာ ချည့်ပဲဆိုတော့ ရှေ့သွားနောက်လိုက် သိပ်ပြီးညီမှာပဲ"
"တော်ပါရှင်... နောက်စရာ ရှားလွန်းလို့"
"မှန်ရာပြော သစ္စာ၊ ဟုတ်တာပြော ဥစ္စာပေါတယ်တဲ့၊ ကျွန်မက ဆွေဆွေနဲ့ သူနဲ့ အင်မတန် လိုက်လွန်းလို့ ပြောတာ၊ နောက်တော့ ကျွန်မတို့ကိုလည်း ဖိတ်စာကမ်းဖို့ မမေ့နဲ့နော်"

ခင်ဆွေလည်း သဘောကျကာ မခံချင်မျိုးဖြင့် ပြုံးရယ်ကာ မသန်းတင်အား လိုက်၍လိမ်ဆွဲသဖြင့် မသန်းတင်မှာ ရှောင်၍ပြေးရလေ၏။

မသန်းတင် ဆွဲ၍သွားခြင်းကြောင့် ခင်ဆွေမှာ ခင်မောင်အား မစဉ်းစားပဲ မနေနိုင်လောက်အောင် ဖြစ်မိလေ၏။ ခင်မောင်၏ မျက်နှာကို မကြာခဏ ထင်ယောင်မြင်ယောင် ဖြစ်ကာ ဦးနှောက်ထဲတွင် အရိပ်ထင်၍ နေလေ၏။ မိမိကို အားမလိုအားမရ ကြည့်လိုက်ပုံများကို ထင်မြင်မိကာ ပြုံးချင်သလိုလို ဖြစ်လျက် မိမိ၏စိတ်ထဲတွင် ထင်မြင်နေရသော ခင်မောင် အရိပ်အယောင်ကိုပင် မှုလိုက်ချင်သလိုလို ဖြစ်နေလေ၏။ ရုပ်ရှင်ထဲတွင် ထိမိကိုင်မိသည်များမှာ ယခုထက်တိုင်ပင်လျှင် တဖြည်းဖြည်း အဆိပ်တက်နေသည့်အလား အာရုံခံစားမိလေ၏။ ဤကဲ့သို့ ဖြစ်ပျက်နေခြင်းများသည် အချစ်၏ နိမိတ်လက္ခဏာ များပင်ဖြစ်သော်လည်း ၎င်းတို့သည် နီးကြားသိမြင်တတ်သော စိတ်တွင် မတည်သေးပဲ မနီးကြားသောစိတ်တွင် ဝင်ရောက်ပေါက်ပွားလျက် ရှိခြင်းကြောင့် ခင်ဆွေသည် မိမိ၏ချစ်စိတ်သည် ခင်မောင်အပေါ်တွင် ယိမ်းနွဲ့နေပြီကို မသိသေးပဲ ရှိပေ၏။

ခင်မောင်သည် အကြားအမြင်၊ အတွေ့အကြုံ အတော်အတန် ပြည့်စုံ၍ နေရာတကာတွင် တွင်ကျယ်ကာ ဝင်ရောက်ရှုပ်နောက်လေ့ရှိသော သိန်းဖေကိုပင် တိုင်ပင်ဖော် တိုင်ပင်ဘက် ပြုလုပ်ရာတွင်...
"ခင်ဗျားကိုက အ,လို့ပါ။ ရုပ်ရှင်မှာကတည်းက ပြီးကြဖို့ပဲ။ ခင်ဗျား ဘာမှစိတ်ကူးမလွဲနဲ့။ ကောင်မလေးဟာ ခင်ဗျားဘက်ပါနေတာ အမှန်ပဲ။ သို့သော်လည်း သူ့စိတ်ထဲမှာ ခင်ဗျားအပေါ်ကို သူချစ်နေပြီ ဆိုတဲ့အကြောင်းလည်း သူကိုယ်တိုင် ကောင်းကောင်းမသိဘူး။ အဲဒါမှာ ခင်ဗျားက စပေးလိုက်ရင် မီးခဲပြာဖုံး တိတ်တိတ်ပုန်း အုံ့ပုန်းကြိုက် ကြိုက်နေတဲ့ စိတ်တွေဟာ တခါတည်းကြွလာမယ်။ "ဗီဆူးဗီးယတ်

MMCYBERMEDIA

မီးတောင်ကြီး ပေါက်ကွဲသလို အချစ်မီးတွေဟာ ဟုန်းခနဲဟုန်းခနဲ" ဟု လက်ဟန်အမူအရာဖြင့် ပြသကာ မျက်နှာထားအတည်နှင့် ပြောနေသောကြောင့် ခင်မောင်မှာ ရယ်မောမိရင်း...
"လွန်လှချည့်လားဆရာ ဟုတ်ပ့ါမလား"
"ကာလီဒါသ သေပြီးတဲ့နောက် ကျွန်တော်တစ်ယောက်ပဲ အချစ်အကြောင်း ကောင်းကောင်းသိတဲ့လူပါဗျ။ အနောက်နိုင်ငံမှာ ပါမောက္ခတစ်ဆူလောက် ထားကြတဲ့ "အဲလီနော်ဂလင်း" တို့ ဘသူတို့ဆိုတာ ကျွန်တော့်လောက် မစုံသေးဘူး" ဟု အတည်ပေါက် ကြွားနေသည့်အတွက်...
"ဒါကြောင့် ခင်ဗျားကို ဓာက်ကြွားလို့ ခေါ်ကြတာ။ ခင်ဗျားက စုံလွန်းလို့ ခင်ဗျားရည်းစားမှန်သမျှ လင်ရကုန်တာ။ ခင်ဗျားပဲပြောတယ်" ဟု ခင်မောင်က အမှန်ကိုပြောလိုက်သောကြောင့် သိန်းဖေမှာ မျက်နှာပျက်၍ သွားလေ၏။

"ဒါက ကျွန်တော် မယူချင်သေးပဲကိုးဗျ။ စွန့်ခြင်းကြီးငါးပါးနဲ့ ရည်းစားတွေ စွန့်လိုက်တာ၊ ဝေဿန္တရာတောင် ကျွန်တော့်လို ရည်စားကို မလှူဖူးဘူး"
"အမယ်... ထောင်ကြီးဒကာ... ဟိုဘက်နည်းနည်းတိုးစမ်းပါ။ မနိုင်းကောင်း နှိုင်းကောင်း။ မတော်လို့ မိုးကြိုးပစ်မှဖြင့် ကျွန်တော်ပါ စက်ကွင်းမလွတ်ပဲ ပါနေဦးမယ်"
"ခင်ဗျားက ပြောင်နေတယ် ထင်သလား။ ကျွန်တော်တကယ် ပြောနေတာ။ ငါးကြော်မြင်လို့မှ မကိုက် ကြောင်မိုက်ဆိုတာလို လက်နေးနေရင် ဇတ်မှာပဲ။ ဘာဖြစ်သလဲ ယောကျ်ားပဲ။ ကြိုက်ရင်ပိုး၊ ပွဲတာလိုက်လို့"
"နို့ပေတဲ့ မကောင်းတာက သူငယ်ချင်းနမ ဖြစ်နေတယ်"
"သူငယ်ချင်းနမကော ဘာဖြစ်ရတာ လိုက်လို့၊ သူငယ်ချင်း နမကော လင်မယူပဲ နေမှာတဲ့လားဗျ၊ မဆိုင်တာဘဲ။ သူကြိုက်တဲ့ လူတွေရင် မောင်ကိုမဆိုထားနဲ့ မိဘတောင် အရေးမစိုက်ဘူး ယူမှာပဲ။ မိဘ ပေးစားရင်လည်း ယူမှာပဲ။ ခင်ဗျားမယူရင် သူများယူမှာပဲ"
"ဒါတော့ သိတာပေ့ါဗျ။ သူ့အစ်ကို မျက်နှာထောက်ဖို့ မကောင်းဘူးလား"
"သိရက်နဲ့လည်း ဆင်ခြေတက်မနေစမ်းပါနဲ့ဗျာ။ လောကမှာ နမပေးယောက်ဖတွေဟာ သိပ်ပြီးချစ်ကြတာဗျ။ ခင်ဗျားတို့ သူငယ်ချင်း အခု ချစ်တာနည်းနည်း ရှိသေးတယ်။ နောက်ကို ရွှေယောက်ဖ ရွှေယောက်ဖနဲ့ သာပြီး ချစ်နေကြဦးမယ်"

အမူအရာနင့်တကွ သိန်းဖေက ပြောဆိုသောကြောင့် ခင်မောင်မှာ ပါးစပ်အဖြဲသား ရယ်နေသဖြင့် သိန်းဖေက စကား ဆက်ပြန်လေ၏။

"ဘာလဲ... ခင်ဗျားက မူနေပြန်သလား။ သူ့ကို မကြိုက်ဘူးလား"
"ဟဲ ဟဲ၊ ကြိုက်တော့ ကြိုက်တာပေ့ါဗျ"
"တာပေ့ါဗျတွေ လုပ်မနေစမ်းပါနဲ့။ ကြိုက်တယ်လို့ ဆိုစမ်းပါ"
"ကြိုက်တယ်ဗျာ ကြိုက်တယ်"
"ဟား ဟား... ဒါမျိုးမှ သဘောကျတယ်။ ခင်ဗျား ကြိုက်ရင် ကြံရုံပဲ။ ကျွန်တော်တို့ အပျော်သဘောမျိုးတော့ အားမပေးချင်ဘူး။ အခုလို အူထဲအသဲထဲက လှိုက်လှိုက် လှဲလှဲကြိုက်တယ်ဆိုရင် လာခဲ့ကြ ကူညီမယ့်အစားထဲက။ ကိုင်း... ရှည်ရှည် ပြောမနေဘူး။ ခင်ဗျားတို့ မကြာခဏ တွေ့ကြမှာပဲ။ တွေ့တယ်နော်... လူလစ်ပြီဆိုရင် ဖွင့်သာပြောလိုက်၊ ဒီလိုပြောတာနဲ့ လူချင်း မုန်းမသွားနိုင်ဘူး။ စကားကို ယဉ်အောင်ပြောဖို့သာ လိုတယ်။ အဲ... တစ်ခုတော့ မှာလိုက်မယ်၊ တစ်ယောက်နဲ့တစ်ယောက် မချိပ်မိကြသေးခင် သူ့မောင်မသိစေနဲ့၊ သိရင် ဖျက်ချင် ဖျက်မှာပဲ။ ဒီကိစ္စမျိုးမှာ စကားနဲ့ပြောတာထက်

MMCYBERMEDIA

လွယ်တာမရှိဘူး။ ပီယဆေးဆိုတာ ပီယဝါစာ ပြောတတ်တာကို ဆိုတာပဲ။ ဘယ့်နှယ်ရှိစ သဘောကျရဲ့လား"
"ကျပ့်ါဗျာ..."
"ဘယ်နှစ်နှစ်လဲ... အလုပ်ကြမ်းနဲ့လား" ဟု သိန်းဖေက နောက်လိုက်သောကြောင့် ခင်မောင်မှာ ရယ်၍နေသည်ကို တွေ့ရတော့မှ ဆက်လက်၍...
"ကဲ... ဒါဖြင့် ရှေ့နေလိုက်ခပေး" ဟုဆိုကာ သိန်းဖေက လက်ဝါးဖြန့်၍ ခံသဖြင့် ခင်မောင်က...
"လာ လာ၊ လက်ဖက်ရည် တိုက်မယ်၊ ခင်ဗျား စားချင်တာစား" ဟု ဆိုကာ သိန်းဖေကို လက်ဖက်ရည်ဆိုင်သို့ ပင့်ရလေ၏။

သို့အားဖြင့် ခင်မောင်သည် ခင်ဆွေနှင့် တစ်ယောက်ချင်း ကျောင်းတွင် တွေ့ဆုံစကားပြောသည့်အခါ မထိတထိ၊ ရိသဲ့သဲ့စကားဖြင့် ချိတ်လိုက် စောင်းလိုက်၊ ညှုတုတု ကြည့်လိုက်နှင့် ခင်ဆွေ၏အသည်း နှလုံးတွင် တည်ရှိသော အချစ်ဓာတ်ကို ကလိ၍ နေလေတော့၏၊ ဘဝင်းနှင့်အတူ ခင်ဆွေကို တွေ့သောအခါမှာမူကား၊ မူမပျက်စေဘဲ ရိုးရိုးတန်းတန်း ပြောဆိုခြင်းမျှလောက်သာ ပြုလေ၏။

ထိုသို့ ဘဝင်းတို့နှင့်အတူ တွေ့ဆုံသည့်အခါ ခင်ဆွေက "ကိုကို တနင်္ဂနွေအားသလား၊ ဆွေဆွေတို့ကို တိရစ္ဆာန်ရုံ ပို့မယ်ဆို"
"ကိုခင်မောင်ကို ပြောလေ၊ သူ့ကားနဲ့ လိုက်ပို့မှ ဖြစ်မှာပဲ"
"တစ်ခါကနစ်ခါဆိုရင် အားနာဖို့ကောင်းနေပြီ" ဟုဆိုကာ ခင်မောင်အား ကြည့်၍ အားနာသောပြုံးခြင်းဖြင့် ပြုံးလေရာ။

"အားနာစရာ မဟုတ်တာ မခင်ဆွေရယ်။ မခင်ဆွေ သွားချင်တယ်ဆိုရင် ဘယ်အခါမဆို ပြောသာပြော လိုက်ပို့ပ့ါမယ်။ ဘာအရေးကြီးတာလိုက်လို့"
"နေပါစေရှင်၊ ကျေးဇူးတင်ပါတယ်။ ကျောင်းကနေပြီး ဘတ်စကားနဲ့ သွားရင်လည်း ရောက်တယ်ပြောတယ်"
"အို... ပိုက်ဆံကုန်ရှာလို့ လိုက်ပို့မယ့်လူက ပို့ပ့ါမယ်ဆိုနေမှ ငြင်းမနေပါနဲ့၊ မခင်ဆွေကလည်း လာမဲ့ တနင်္ဂနွေနေ့ကိုသာ စောင့်နေ၊ ကားနဲ့လာခဲ့ကြမယ်" ဟု ပြောလိုက်သည့်အလျောက် ဤကိစ္စမှာ စီမံပြီး ဖြစ်သွားပေတော့၏။

ဤသို့ တနင်္ဂနွေတွင် တွေ့ကြရဦးမည်ကို ခင်မောင်သည် သိန်းဖေကို ပြောပြသဖြင့် သိန်းဖေကလည်း "လစ်တယ်ဆိုရင် ကြံပေတော့" ဟု ထပ်မံ မြှောက်ပင့်ပေးသည့်အတိုင်း ခင်မောင်လည်း ပြောဆိုဖို့ရန် အချက်ကောင်း ပေါ်ပါစေဟု ဆုတောင်းမိလေ၏။

ချိန်းဆိုထားသော တနင်္ဂနွေနေ့မှာ ခင်မောင်အဖို့ အသင်္ချေ့ယျကပ်လောက် ရှည်လျားသည်ဟု ထင်မှတ်ကာ စောင့်စားခဲ့ရ၏။

ထိုနေ့သို့ရောက်ရှိသည့်အခါ ဘဝင်းနှင့် ခင်မောင်တို့လည်း ခင်ဆွေကိုသွား၍ခေါ်ရာ ယခုအကြိမ်တွင် မည်သည့်အဖော်မှ ပါ၍မလာသောကြောင့် ခင်မောင်မှာ မိမိအဖို့ အချက်ကောင်းတစ်ခု ပေါ်လာခြင်းပင် ဖြစ်သည်ဟု ယူဆကာ ဘဝင်း၏ အလစ်ကိုသာ စောင့်မျှော်ဖို့ပင် ရှိလေ၏။ ကားကိုလည်း ဘဝင်းက

MMCYBERMEDIA

လက်ပြောင်း၍ မောင်းလာရာ ခင်မောင်မှာ လွတ်လပ်စွာ လိုက်ပါလာရသည့်အလျောက် နောက်သို့ မကြာခဏ လှည့်ကာ ခင်ဆွေအား စကားပြောရန် အခွင့်သာ၍ နေလေ၏။

ရှေးဦးစွာ ရွှေတိဂုံဘုရားသို့ တက်ရောက် ဖူးမျှော်ကြပြီးလျှင် ထိုမှတဖန် ငါးထပ်ကြီးသို့ သွားရောက်ကြပြန်သေး၏။ ငါးထပ်ကြီးဘုရား ဖူးမျှော်ကန်တော့ကာ ပန်းဆီမီး ပူဇော်ကြပြီးလျှင် ပတ်လမ်းမှ လှည့်၍ ကန်တော်ကြီးသို့ ပတ်ကြလေ၏။

အခါရာသီ မိုးဦးကျစ ဖြစ်ရကား ကောင်းကင်တွင် တိမ်တောင်တိမ်လိပ် ခက်ချိတ်ဝေဖြာ ရီပြာမှုံမှိုင်း အုံ့ဆိုင်းလျက် ရှိပြီးလျှင် ကန်တော်ကြီး၏ ရေအလျဉ်ကို ဖြတ်၍ တိုက်ခတ်လိုက်သော လေမှာ မြေကြည်လင်လျက် ကားပေါ်တွင်ပါလာသော သူတို့အား ကြည်နူးလွမ်းဆွတ်ခြင်း ဖြစ်စေလေ၏။ ခင်မောင်၏ စိတ်တွင်ကား ဤကဲ့သို့ ကန်တော်ကြီး ကိုပတ်၍ ခင်ဆွေနှင့် လွတ်လပ်စွာ လေညှင်းခံရမည့် ဘဝကိုသာ တောင့်တ မိလေ၏။

ကန်တော်ကြီးကို ပတ်၍ လေ့ရုံသို့ရောက်သောအခါ ခင်မောင်မှာ ကြွားစရာအချက်ပေါ်လာကာ မည်သည့်နှစ်က မည်သည့်အသင်းနှင့် ပြိုင်ခဲ့၍ မိမိတို့ ကောလိပ်လှေအဖွဲ့က ဖလားကြီးများ ရခဲ့သည် ဆိုသည်ကို ပြောပြလေရာ၊ ခင်ဆွေမှာ များစွာအားရ ဝမ်းမြောက်မိလေ၏။

ထို့နောက် တိရစ္ဆာန်ရုံသို့ ရောက်ကြပြီးလျှင် ဝင်ကြလေ၏။ မိုးကောင်းကင်သည် အုံ့ဆိုင်း၍နေသဖြင့် တစ်ရုံမှတစ်ရုံ ကူးပြောင်း ကြည့်ရှုရသည်မှာ ပူအိုက်ခြင်းမရှိပဲ အလွန် လှည့်ပတ်သွားလာ၍ ကောင်းနေကြပေ၏။

ခင်ဆွေမှာ မိန်းကလေးဖြစ်သည့်အလျောက် ကျားဆင် စသည်များကို ကြည့်ရှုရန် ကြောက်ရွံ့သဖြင့် ကြာကြာမကြည့်ရဲဘဲ၊ ကြက်ငှက်တိရစ္ဆာန် ကလေးများကို နှစ်သက်ချင်ခင်စွာ အစာကျွေးလျက် ကြည့်ရှု၍ ၎င်းတို့အနားမှ မခွာချင် ဖြစ်နေလေ၏။

သို့နှင့် ငှက်ကလေးများကို လှည့်ပတ်ကြည့်ရှုရင်း ကတ္တဝါများရှိသော ရုံသို့ရောက်သွားကြလေ၏။ ကတ္တဝါကြီးများသည် ယဉ်ကျေးနေပြီဖြစ်သောကြောင့် ခင်ဆွေခေါ်ရာသို့ လာကြပြီးလျှင် လက်ထဲမှ အစာကို ကောက်ငင် စားသောက်လျက် မပီတပီ အသံသြကြီးများနှင့် စကားပြောသည်ကို ခင်ဆွေမှာ များစွာကျေနပ်လျက် "ကိုကို ဒီအကောင်ကြီးတွေ ဝယ်လို့မရဘူးလား"

"ဒီမှာတော့ ဝယ်လို့ဘယ်ရမလဲ။ ဘားလမ်းထဲမှာရှိတယ်။ တစ်ကောင် ၁၅ကျပ်လောက် ပေးရတယ်"

"အဖိုးတန်တယ်နော်၊ ဆွေဆွေ လိုချင်လိုက်တာ။ ကျောင်းကပြန်ရင် ဝယ်ပြီးသွားရအောင်"

"အလကား ပိုက်ဆံကုန်အောင်" ဟုဆိုပြီး ဘဝင်းက ခင်မောင်အား "စီးကရက်သောက်ချင်လိုက်တာ၊ ခင်ဗျားမှာပါသေးသလား"

"ဆောရီး၊ အခုပဲ ကုန်သွားတယ်"

"ဒါဖြင့် ဒီမှာနေကြဦးဗျာ၊ ကျွန်တော် လက်ဖက်ရည်ဆိုင် ပြေးပြီး သွားဝယ်လိုက်ဦးမယ်"

"ကိုကိုဘယ်လဲ၊ ဆွေဆွေလဲလိုက်မယ်"

"မလိုက်နဲ့ မိုးဖွဲကလေးတွေ ကျနေတယ်" ဟု ပြောပြောဆိုဆို ဘဝင်းလည်း ဆင်းပြေးလေ၏။ တိရစ္ဆာန်ရုံအလယ်ရှိ လက်ဖက်ရည်ဆိုင်သို့ ရောက်လာသောအခါ မိုးသည် အနည်းငယ်သဲ၍ လာလေ၏။

MMCYBERMEDIA

ဘဝင်းမှာ ပြန်မည်ဆိုက အမြန်ပြေး၍ ပြန်လျှင် မိုးအနည်းငယ်မျှသာ စိုမည်ဖြစ်သော်လည်း ပိုက်ဆံလဲနေသည်မှာ ကြန့်ကြာနေသည့်ပြင် ထိုအတွင်းဝယ် မိုးသည် တဖြည်းဖြည်း သည်းထန်လာခြင်းကြောင့် မပြန်နိုင်ဘဲ လက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်၍နေရလေတော့၏။

ခင်မောင်မှာ ဘဝင်းပြန်၍ လာမလာမကြာခဏ မျှော်ကြည့်ရာ မိုးသည်းလာပြီ ဖြစ်သောကြောင့် ပြန်၍ မလာနိုင်သည်ကို သိရသဖြင့် ဤတွင် မိမိအတွက် အချက်ကောင်းပေါ်လေပြီဟု ဝမ်းမြောက်သွားလေ၏။

ခင်ဆွေမှာ ဘဝင်းပြန်မလာနိုင်သဖြင့် "ကိုကိုဝင်းကလည်းနော် ခက်လိုက်တာ။ မိုးတွေရွာတဲ့အထဲမှ ထွက်သွားရသေးတယ်" ဟု ညည်းညူမိသဖြင့်...
"မခင်ဆွေ ကြောက်သလား။ ကိုခင်မောင် အရှိသားပဲ မခင်ဆွေအတွက်ဆို အသက်ပဲသေသေ၊ ကိုခင်မောင် ရှေ့က နေပေးမယ်။ ဘာမှ မကြောက်ပါနဲ့" ဟု ပြောလိုက်ရလေ၏။

ခင်ဆွေမှာ ခင်မောင်၏ စကားကို စဉ်းစားသည့်အနေဖြင့် တွေဝေ၍နေပြီးနောက် တစ်ချက်နစ်ချက် မျက်လွှာကိုလှန်၍ ကြည့်မိရာ ခင်မောင်၏မျက်နှာတွင် ပြုံးစစနဲ့ ရှိနေသည်ကို တွေ့ရသည့်အတွက် ရှက်သလိုလို ရင်တွင်း၌ဖို၍ သွားလေ၏။

မိုးသည် အတော်ပင် သဲသဲမဲမဲ ရွာလိုက်သဖြင့် မိုးရေများ ပက်သောကြောင့် ခင်မောင်က "လာ... မခင်ဆွေ ဒီမှာထိုင်၊ ဒီနေရာက မိုးမပက်ဘူး" ဟုခေါ်၍ တန်းလျားတစ်ခုကို ညွှန်ပြရာ၊ ခင်ဆွေလည်း ထိုနေရာတွင် ထိုင်ရလေရာ၊ ခင်မောင်မှာလည်း ယှဉ်၍ထိုင်လေ၏။ ခင်ဆွေမှာ ထိုသို့နှစ်ယောက်တည်း နေရသည်ကို ရှက်ကြောက်၍ လာပြီးလျှင် မိမိ၏ စိတ်ထဲတွင်လည်း လှုပ်ရှားဖောက်ပြန်၍ နေခြင်းကြောင့် နီးကပ်စွာ မထိုင်ရဲပဲ နေရာအနည်းငယ်ရွှေ့၍ ထိုင်လိုက်လေ၏။

ခင်မောင်လည်း ဤသည်ကား ငါ၏အချက်ကောင်း မာန်နတ်များ သိကြားများ ဖန်တီးခြင်းဖြစ်၍ လက်မလွတ်အောင် ကြံမှပဲဟု နှလုံးပြုကာ စိတ်ရဲတင်းလိုက်၏။ မိုးသံလေသံကြားသဖြင့် တိရစ္ဆာန် ငှက်ကလေးများမှာ ဘာသာဘာဝ ပျော်ရွှင်ကြကာ လေသာတောင်ကလေးများကို ဖြန့်၍ တဖျပ်ဖျပ် တောင်ပံရိုက်လျက် ပျော်ရွှင်စွာ မြည်တွန်ကြလေရာ၊ ထိုအသံကလေးများသည် အချစ်စိတ်ကို ထကြွလှုံ့ဆော် ပေးသကဲ့သို့ ရှိကြလေ၏။ ကတ္တဝါဖို,မတို့လည်း လည်ချင်းယှက်တင် ချစ်ခင်နီးနောကာ ပျော်မြူးလျက်ရှိကြလေ၏။

ခင်ဆွေလည်း စကားမပြောပဲ ကတ္တဝါနှစ်ကောင် ကြည်စယ်နေကြသည်ကို စိုက်၍ကြည့်နေမိလေ၏။ ခင်မောင်သည် ခင်ဆွေအား ကြည့်လိုက်ရာ ငေးစူးစိုက်နေသည်ကို တွေ့မြင်ရ၍ အနားသို့မသိမသာ တိုးပြီးလျှင် "မခင်ဆွေ၊ ဟောဒီကတ္တဝါကြီးတွေလို ပျော်ပျော်ကြီး မနေချင်ဘူးလား" ဟု မေးလိုက်ရာ၊ ခင်ဆွေမှာ ထိုစကားကို မိမိတစ်သက်တွင် ပထမဦးဆုံးကြားရခြင်း ဖြစ်သည့်အတွက် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားကာ နှလုံးသွေးများ လျှင်မြန်စွာလှုပ်ရှားလျက် ကြောက်ရွံ့သကဲ့သို့ လည်းကောင်း၊ ရှက်သကဲ့သို့ လည်းကောင်း၊ မျက်နှာထားပျက်ကာ ခင်မောင့်ဘက်သို့ မလှည့်တလှည့် မျက်နှာကိုစောင်းငဲ့ပြီး မျက်လုံးကလေးများ စွေ၍ကြည့်ပြီးလျှင် မည်သို့မျှအဖြေမပေးဘဲ ခေါင်းကလေးကို ငုံ့လျက် တွေဝေ၍ နေလေ၏။

MMCYBERMEDIA

ခင်မောင်သည် အရဲစွန့်၍ ထပ်မံပြီးလျှင် "ပြောပါဦး မခင်ဆွေရဲ့၊ လောကကြီးမှာ ဒီလိုနေရရင် သိပ်ပျော်မှာပဲနော် နိဗ္ဗာန်ကလေး တစ်မျိုးပဲ၊ ဒီလို မနေချင်ဘူးလား" ဟု ပြန်မေးပြန်သဖြင့်...
"ကိုခင်မောင် ကျွန်မရှက်တယ်၊ ဒီဟာတွေမပြောပါနဲ့" ဟု တုန်ရီစွာ ပြန်၍ပြောရာက မျက်နှာကလေး နီးမြန်းကာ ခေါင်းကိုသာ အတွင်ငုံ့၍နေလေ၏။

ခင်မောင်သည် သွေးသားတက်ကြွ နီရဲ၍နေသော ပါးကလေးများကို ကိုက်ငုံ၍ ထားချင်အောင် မချင့်မရဲ ဖြစ်သွားလေ၏။

"အို... ရှက်စရာ မဟုတ်ပါဘူး ဆွေဆွေရယ်၊ လောကဓမ္မတာတွေကို ရှက်နေမှဖြင့် အခုလို ဝတ်စားဖီးလိမ်းပြီး အင်္ဂလိပ်စာတွေ ဘာတွေ တတ်အောင် သင်နေဖို့လိုတော့မှာလဲ၊ ဒီလိုသာ ရှက်တယ်ဆိုရင် ယောဂီအဝတ် ဝတ်ပြီး သူတော်ကောင်း အကျင့်ကျင့်နေဖို့သာ လိုတော့တယ်"
"ကိုခင်မောင် ဘာတွေပြောနေသလဲ၊ ဆွေဆွေနားမလည်ဘူးရှင့်"
"ဘာတွေပြောနေတယ်ဆိုတာ နားထောင်ပြီး စဉ်းစားစမ်းပါ၊ ကိုခင်မောင် တစ်ခုပြောမယ်နော်၊ ဆွေဆွေ သဘောမကျလို့ စိတ်ဆိုးမယ်ဆိုရင်လည်း ခံရရုံပါပဲ၊ ကိုခင်မောင်တော့ မပြောမနေနိုင်အောင် ဖြစ်နေတဲ့အတွက် ဖွင့်ပြီးပြောရတော့မှာပဲ။ ဒီလိုပြောမယ်ကြံခဲ့တာ တွေ့ကြစကတည်းကပဲ ဖြစ်ပေမယ့် ပြောလိုက်ရင် သင့်တော်ပါ့မလားလို့ အတန်တန် စဉ်းစားပါသေးတယ်၊ ကိုဘဝင်းမျက်နှာကို ထောက်ပြီး မပြောရက်နိုင်ဘဲ ကိုယ့်ရင်ထဲမှာ ဖြစ်ပျက်ခံစားရတဲ့ ဝေဒနာကို ကိုယ်တစ်ယောက်တည်း ကြိတ်မှိတ်ပြီး ခံပါတော့မယ်လေလို့ အောက်မေ့ခဲ့ပါတယ်၊ ဒါပေမဲ့ ဒီလိုမြိုသိပ် ထားရတဲ့ အပူဟာ ရင်တွင်းမှာ လောင်ကျွမ်းနေတဲ့အတွက် ဒီစကားကို ပြောရမှ သက်သာရာ ရတော့မှာမို့ ပြောရတာပါ ဆွေဆွေရယ်။ ကိုခင်မောင်ဟာ ဆွေဆွေ့ကို မော်လမြိုင်မှာ တွေ့စကတည်းက စိတ်ထဲမှာ ဘယ်လိုဖြစ်မိတယ် မသိဘူး၊ စိတ်ဖောက်ပြန်လာတယ်။ နောက် ကျောင်းမှာ ပြန်ပြီးတွေ့ရတော့ ခဏခဏ မြင်နေရတာတွေဟာ စိတ်ထဲမှာ မေတ္တာတွေ ပိုပြီးလာတော့တာပဲ၊ အခုတစ်ခါမှာတော့ဖြင့် ဆွေဆွေ့ကို အသဲစွဲမိအောင် ချစ်မိပြီဖြစ်လို့ ဆွေဆွေ့ကိုချစ်တဲ့စိတ်နဲ့ ကိုခင်မောင် ဒုက္ခရောက်မှာကို သနားပြီး ကိုခင်မောင့်မေတ္တာကို လက်ခံစေချင်ပါတယ်"

စကားထစ်သောသူ သီချင်းဆိုကောင်းသလို ခင်မောင်သည် ဖွတ်တရွတ်ပြောရာက စကားတွေ ဒလဟောကြီး ထွက်လာသဖြင့် ခင်ဆွေမှာ ထိုသို့ပြောသည်မျိုးကို တစ်ခါမျှ မတွေ့ မကြုံဖူးသောကြောင့် မည်သို့ပြန်၍ ပြောရမည်ကိုလည်း မကြံတတ်ဘဲ၊ တစ်ကိုယ်လုံး တုန်ရီရွှံ့ဖိုလျက်ရှိပြီး ပူထူဖိန်းရှိန်းကာ ရှက်သွေးတွေသာ ဖွှန်၍လာသဖြင့် စကားပြောရန် မနည်းအားယူရလေ၏။

"ကိုခင်မောင် ဆွေဆွေ့ကို နှမလေးလိုချစ်ရင်ဖြင့် ဒီစကားမျိုး မပြောစေချင်ဘူး ကိုခင်မောင်ရယ်၊ ဆွေဆွေ ရှက်လွန်းလို့ပါ၊ ကိုခင်မောင် မေးတာတွေ ဆွေဆွေ ဘယ်လို ဖြေရမယ်မသိဘူး"
"ကိုခင်မောင်လေ ဆွေဆွေ့ကို ဘယ်လို ချစ်မှန်းမသိဘူး၊ သိပ်ချစ်တာပဲ၊ ချစ်လွန်းလို့ ဒီလိုပြောတာ ဆွေဆွေရယ်" ဟု ပြောရာက ဖွတ်ကပ်၍ သွားပြန်ရာ ခင်ဆွေမှာ အနည်းငယ်ရွှေ့၍ ခွာလိုက်စဉ်ပင် "ဒရိမ်း... ရိမ်း... ရိမ်း... ဒိန်း... ချွင်" ဟု ကြောက်ခမန်းလိလိ ပစ်ခတ်လိုက်သော မိုးကြိုးသံသည် ခင်ဆွေအား အသက်ထားစရာ မရှိလောက်အောင် လန့်ဖြန့်စေသဖြင့် ကြောက်အားလန့်အားနှင့် ခင်မောင်ကို လှမ်း၍ဖက်မိလေ၏။ ခင်မောင်လည်း မမျှော်လင့်ဘဲ ဤအဖြစ်မျိုးကို တွေ့ကြုံခံစားရသဖြင့်

MMCYBERMEDIA

ဝမ်းသာလုံးဆို့ကာ အလွန်အမင်း ကျေနပ်စွာ အသားယူပြီး ပွေ့ဖက်ထားလေရာ မိုးကြိုးသံပျောက်သွားမှ ခင်ဆွေမှာ သတိရပြီး တကိုယ်လုံးတုန်ရီကာ ရှက်သွေးတွေ ဖြာလျက်...
"အို... ကိုခင်မောင် လွှတ်လေ လွှတ်ပါတော့... ရှက်စရာကြီး၊ ကျွန်မရှက်တယ် သိပ်ရှက်တာပဲ" ဟု မျက်နှာကိုမဖော်ပဲ ခေါင်းငုံ့၍ ကြည့်ရာက ကိုယ်ကိုတွန့်လှုပ်၍ ရုန်းကန်လေရာ...
"ဆွေဆွေ ကိုခင်မောင်ကို ချစ်ပါတယ်လို့ဆိုမှ လွှတ်မယ်။ ပြောပါဦး ဆွေဆွေ၊ ကိုခင်မောင်ကို ချစ်တယ်မဟုတ်လား" ဟု ခင်မောင်က ဇွတ်အတင်းမေးကာ မလွှတ်ပဲထားလေ၏။

ပူးကပ်တွေ့ထိလျက်ရှိသော အတွေ့သည် ခင်ဆွေအား ထူးခြားစွာ တုန်လှုပ်ချောက်ချားအောင် ဖန်တီးလေရကား၊ ခင်ဆွေမှာ နဂိုရ်က စိတ်မခိုင်ရသည့်တွင် အတွေ့၏လှုံ့ဆော်ခြင်းဖြင့် မရုန်းနိုင်ပဲ ရှိတော့၏။ သို့ဖြင့် မိမိ၏ စိတ်ထဲတွင် ဖြစ်ပွားခြင်းကို ပြောတော့မည်အပြုတွင် ပြေး၍လာသော ဘဝင်းကို ရိပ်ခနဲလှမ်း၍ မြင်လိုက်သဖြင့် "ကိုခင်မောင် ကိုကိုလာနေပြီ လွှတ်ပါဦး" ဟုဆိုမှ ခင်မောင်မှာ မလွှတ်ချင် လွှတ်ချင်နှင့် လွှတ်လိုက်ရပြီးလျှင် လူချင်းခွာ၍ ကတ္တဝါအနားသို့ သွားကာ စကားပြောသလို ဟန်လုပ်၍ နေလိုက်ရလေ၏။

မိုးသည် အနည်းငယ်ရပ်စဲ၍ သွားပြီဖြစ်ရကား မိုးရေများမှာ ဖွဲဖွဲမျှသာ ကျလျက်ရှိတော့၏။ မကြာမီပင် ဘဝင်းသည် ခေါင်းကို လက်ကိုင်ပုဝါအုပ်လျက် ပြေးဝင်လာလေရာ ခင်ဆွေမှာ ဣန္ဒြေမပျက်စေဘဲ မျက်နှာထားရွှင်ပြစွာ ပြုလုပ်ထားရလေ၏။ ခင်မောင်မှာမူကား ဆွေဆွေဘာများ ပြောလိုက်လေမည်လဲဟု ရွံ့ထိတ်လျက် ရှိလေ၏။

ဘဝင်းသည် ရွှင်ပြစွာ ရယ်မောလျက် "ရွာလိုက်တဲ့ မိုးနှယ်ဗျာ၊ တော်တော်နဲ့ မတိတ်ဘူး၊ လက်ဖက်ရည်ဆိုင်ထဲ ခိုနေရတယ်" ဟုဆိုကာ ခေါင်းမှ လက်ကိုင်ပုဝါကို ဖြုတ်၍ မျက်နှာသုတ်ရင်း "မိဆွေကော ပျင်းနေရော့လား" ဟုမေးလိုက်လေ၏။

ခင်ဆွေလည်း စကားမပွင့်တပွင့်ဖြင့် "ကို ခင် မောင် ရှိသားပဲ။ ပျင်းတော့ မပျင်းပါဘူး။ မိုးကြိုးပစ်ချလိုက်တုန်းက ကြောက်လိုက်တာ မပြောပါနဲ့တော့" ဟုဆိုမှ ခင်မောင်လည်း စိုးရိမ်ထိတ်လန့်ခြင်း ကင်းသွားကာ ဘဝင်းအား "ကျွန်တော်တော့ တော်တော်နဲ့ မိုးတိတ်ဦးမယ် မထင်မိဘူး။ အမှုင်မပြတ်ပဲ ရွာနေရတော့ ဒုက္ခပဲလို့ အောက်မေ့နေတာပဲ" ဟု ပြောလိုက်လေ၏။

"ဟာ... ရန်ကုန်မိုးဟာ ဒီလိုပဲ။ ရွာချင်ဖြုန်းခနဲ၊ တိတ်ချင် ဖြုန်းခနဲ၊ စွေမိရင်လည်း ပြီးရောပဲ"
"ဒါထက် ကားထဲများ ရေဝင်ကုန်မလား မသိဘူး"
"ကိစ္စတော့ ရှိမယ်မထင်ပါဘူး၊ နည်းနည်းလောက် စိုမှာပါပဲ၊ မိုးတိတ်သွားရင် သွားကြတာပေ့ါ။ အခုလဲ တိတ်ပါပြီ။ ဖွဲဖွဲမှုံမှုံ ကလေးကျနေတာပဲ"

သို့နှင့် မိုးစင်၍သွားသောအခါ တိရစ္ဆာန်ရုံမှ ထွက်၍ ကားစောင့်ခိုင်းထားသော ပုလိပ်အား ဘောက်ဆူးချခဲ့ပြီးလျှင် ကျောင်းသို့ တိုက်ရိုက်ပြန်ခဲ့ကြလေ၏။

MMCYBERMEDIA

ခင်ဆွေမှာ ရက်သွေးမွှန်လျက် ရှိသေးသည့်အလျောက် ခင်မောင်အား ကောင်းစွာ မျက်နှာချင်းဆိုင်၍ မကြည့်ရဲဘဲရှိရာက ကားပေါ်မှအဆင်းတွင် မရှိသွားဖြဲပာန်ဖြင့် ပြုံး၍ နှုတ်ဆက်သောကြောင့် ခင်မောင်မှာ မခံချိမခံသာ ကြိတ်၍ ဆွေးမိလေတော့၏။

...

(၅)

ခင်ဆွေသည် အင်းယားဆောင်သို့ ပြန်လည်ရောက်ရှိသည့်တွင် စိတ်နှလုံးဖောက်ပြန် လှုပ်ရှားကာ ကတုန်ကရင် ဖြစ်နေလျက် ထိုင်၍မရ ထနေ၍လည်း မဖြစ်၊ နေ့လယ်က ဖြစ်ပျက်ခဲ့သော အခင်းများကို စဉ်းစားတွေးမိ အမြဲပင် သတိရနေလေ၏။ သို့ဖြင့် တွေဝေငေးမှိုင်နေမိကာ အင်းယားကန်ရှုမျှော်ခင်းတွင် လွင့်စင်ရွှေ့လျားလျက် လေပင့်ရာ လွင့်ပါကြကုန်သော မိုးသားတိမ်လိပ်၊ အမှောင်ရိပ်ကြီးများနှင့် ထပ်တူထပ်မျှ သူ့စိတ်သည်လည်း လေလွင့် မျောပါနားနေရာ မရဘဲ ဝေမှိုင်းညစ်ထေး၊ ရှုပ်ထွေးပွေလီ၊ ရယ်ချင်သလို ငိုချင်သယောင် မဲမှောင်ပိတ်ဖုံး နှလုံးနောက်ကျိလျက် ရှိရှာလေ၏။

အချစ်တည်းဟူသော မီးစသည် အသည်းဝတွင် ရှို့မြိုက်လောင်ကျွမ်းအောင် ဖန်တီးလျက်ရှိရကား ခင်ဆွေသည် တစ်သက်နှင့်တစ်ကိုယ် မကြုံရဘူးသော အဖြစ်မျိုးကို ခံစားလျက် ရှိရခြင်းဖြင့် မိမိ၏ရှေ့တွင် တည်ရှိလျက်နေကြကုန်သော အရာဝတ္ထုပစ္စည်းများကို မျက်စိထဲတွင် မြင်ခြင်း၊ ထင်ခြင်း ပပျောက်ကာ ကြည့်လေရာတိုင်းတွင် ခင်မောင်၏ အရိပ်အယောင်ကိုသာ မကြာမကြာ ထင်မြင်ပေါ်ပေါက်လာသည့်အတိုင်း၊ ခင်မောင်၏ ဖက်ပွေ့ သိမ်းကြုံးထားခြင်းကို ယခုပင်လျှင် ခံစားနေရဘိသည့်အလား၊ ကြက်သီးတဖိန့်ဖိန့် တုန်လျက်ရှိတော့၏။ ထိုအဖြစ်ကို စဉ်းစားမိသည့်အခါတိုင်း ဦးနှောက်ဆူဝေ ရှုပ်ပွေမှုးနောက်၊ ကယောက်ကယက်၊ အနေရခက်နေလေတော့၏။

ယင်းသို့လျှင် ခင်ဆွေ၏ ကိုယ်တွင်း၌ တည်ရှိကုန်သော အချစ်ဓာတ်များသည် လှုပ်ရှားထကြွ နိုးကြား၍ လာကြကုန်၏။ ထိုသို့ အချစ်စိတ် ဝင်စားလာသည်ကို မိမိစိတ်ထဲတွင် ဝန်ခံမိရာတွင် လောကီဘုံသားတို့ တွေ့ကြုံဖြစ်ပျက်မြဲ ဓမ္မတာကိုပင် ခင်ဆွေမှာ ရှက်ကြောက်ခြင်းဖြစ်မိလျက် ကျောင်းသူကလေးများ သိရှိမည်ကို ကြိုတင်လန့်ကြောက်မိကာ တိုင်ပင်ရမှာလည်း ခက်နေ၏။ ယခုလို မိမိ၏စိတ်ထဲတွင် ဖြစ်ပျက်သမျှကို တစ်ကိုယ်တည်း အသိပြုလုပ်ကာ ကြိတ်မှိတ်၍ ခံစားပြီးလျှင် ကောင်းကြောင်း၊ ဆိုးကြောင်း တိုင်ပင်ဘက်မထားက မှားမည်လည်း စိုးရိမ်ကာ ကြံရာမရ ရှိနေသောကြောင့် ကစားချိန်လည်း ကစားရမှန်းမသိ။ စားချိန်လည်း စားရမှန်းမသိ။ စာကြည့်ချိန်လည်း ကြည့်၍မရ။ အိပ်ချိန်လည်း အိပ်၍မပျော်နိုင်ဘဲ မှိုင်လိုက်၊ တွေလိုက် စဉ်းစားလိုက်ဖြင့် အချစ်မှိုင်းမိကာ မရိုတရိ ဖြစ်ရာလေတော့၏။

သို့ဖြစ်ရကား ခင်ဆွေမှာ နောက်ထပ်၍ ခင်မောင်နှင့် တွေ့မြင်ရမည်ကိုပင် အလွန်အမင်း ရှက်ကြောက်ခြင်း ပြင်းပြလွန်ကဲလျက် ရှိသောကြောင့် ကျောင်းတက်သည့်အခါများတွင် ခင်မောင်နှင့် မျက်နှာချင်းဆိုင် မတွေ့ပါစေနှင့်ဟုသာ ဆုတောင်းမိရှာလေ၏။

ခင်မောင်မှာမူကား ခင်ဆွေနှင့် တွေ့ခဲ့ရသည်ကိုပင် အားမလို အားမရရှိပြီးလျှင် ကံကြမ္မာ၏ သရော်ခြင်းကို မခံချိမခံသာ ခံရရှာခြင်းဖြင့် ခင်ဆွေအပေါ်တွင် ထားရှိသော အချစ်သည် သာ၍ပင် တိုးတက်ကြီးမား၍ လာကာ ခင်ဆွေ၏ တစ်တစ်ခွခွ တထစ်ချ ပြောသည့်စကားကို မကြားရသေးသမျှ မနေဟူသော စိတ်ဖွဲ့သည် သဲသဲမဲမဲ ဖြစ်လာတော့၏။ သို့ဖြစ်မိသည့်အတိုင်း ထိုနေ့က စကားဆက်ကို ခင်ဆွေနှင့်

MMCYBERMEDIA

တွေ့ရာတွင် မေးဖြစ်အောင် မေးမည်ဟု အားခဲထားသော်လည်း ဤသို့ ကြံစည်ကာမှ ခင်ဆွေအား တွေ့နေကျအချိန်၊ တွေ့နေကျ နေရာများတွင် မတွေ့မမြင်ရ ဖြစ်နေလေ၏။ ခင်ဆွေ၏ စာသင်ခန်းများ အပြင်ကနေ၍ အတန်းဆင်းချိန်ကို စောင့်ကာ တွေ့ဆုံစကားပြောရန် အားထုတ်ပါသော်လည်း ခင်ဆွေသည် အတွေ့ခံရမည်ကို ရှက်လှသဖြင့် မတွေ့လိုသောကြောင့် ခင်မောင်အား မမြင်သည့် ဟန်ဆောင်လျက် အခြားကျောင်းသူ ကလေးများ၏ အကြားသို့ဝင်ကာ သွားလာသည်ကို တွေ့ရသောကြောင့် ခင်မောင်မှာ အနားသို့ကပ်၍ စကားပြောခွင့် မရဘဲ၊ ကြိတ်မနိုင်ခဲမရ ဖြစ်နေလေတော့၏။

သို့သော် ခင်မောင်သည် တင်းမာအားပြုထားသော ရည်ရွယ်ချက်ကို မလျော့တတ်သော စိတ်ရင်းခံ ရှိခြင်းဖြင့် စိတ်မပျက်လက်မပျက် ဆက်လက်၍ပင် အချိန်အခါကောင်းကို ကြည့်၍နေပြန်ရာ၊ တစ်နေ့သောအခါတွင် ကောရစ်ဒါတစ်ခုတွင် ပက်ပင်းပါတွေ့ကြလေ၏။

ခင်မောင်သည် ဤယနေ့ကား ခင်ဆွေသည် မိမိအား ရှောင်တိမ်း၍မရတော့ပြီ၊ နောက်သို့ပြန်၍ဆုတ်ရန် မဖြစ်တော့ပြီဟု နှလုံးပြုလျက် ရင်ဆိုင်လျှောက်၍လာလေ၏။ ခင်ဆွေမှာ မိမိရှေ့တွင် ခင်မောင်သည် မိမိတူရူသို့ မျက်နှာမူလျက် လာနေသည်ကို တွေ့ရကား မျက်နှာပျက်လျက် တွေ့ဆုံရန် ခက်လှသောကြောင့် ကြံရာမရရှိနေသည်တွင် တစ်ယောက်နှင့် တစ်ယောက် မလှမ်းမကမ်း အကွာအဝေးသို့ရောက်ရှိကြမှ ခင်ဆွေလည်း ရှောင်လွှဲရန် လမ်းကိုတွေ့မြင်ကာ အနီးရှိစာသင်ခန်း အခန်းလွတ်ထဲသို့ ဝင်၍သွားပြီးလျှင် အထဲသို့ရောက်သည်နှင့် တစ်ပြိုင်နက် တစ်ဖက်မှ လျင်မြန်စွာ ထွက်သွားလေ၏။

ခင်မောင်မှာ အံ့အားသင့်၍ နေပြီးလျှင် မိမိအား အတွေ့ခံရန် အခန်းတွင်းသို့ဝင်၍ စောင့်လေရော့သလားဟု ချစ်သူတို့၏ မျှော်လင့်မြဲဓမ္မတာအတိုင်း ထိုအခန်းထဲသို့ လျင်မြန်စွာ လိုက်၍ရှာလေရာ၊ ဘယ်မှာမမတွေ့ရသဖြင့် တစ်ဘက်မှ ထွက်၍လိုက်မည်ဟု အပြုတွင်...
"ဟေ့လူ ဘာများ အရင်လိုနေပါလိမ့်မလဲ" ဟု အင်္ကျီစကို တစ်စုံတစ်ယောက်က ဆွဲထားသည်ကို တွေ့၍ လှည့်ကြည့်ရာ ဘဝင်းဖြစ်သည်ကို တွေ့ရလေ၏။ ဤတွင် လမ်းဆုံး၍ သွားပြန်သောကြောင့်...
"ဟာ... ကိုသိန်းဖေ လက်ကိုင်ပုဝါ လုသွားလို့" ဟု မဟုတ်မဟတ် ကြံဖန်၍ပြောရင်း ဘဝင်းနောက်သို့ ပါသွားရလေ၏။

ဤသည်တွင် ခင်ဆွေသည် မိမိအား အတွေ့မခံလို၍ ရှောင်နေလေပြီဟု ခင်မောင်၏စိတ်ထဲတွင် ဆုံးဖြတ်မိကာ ယင်းသို့ဖြစ်လျှင် ခင်ဆွေသည် မိမိအား ဤသို့ အတွေ့မခံချင်အောင် ဖြစ်သည်မှာ မိမိသည် မည်သည့်နေရာတွင် မှားခဲ့ပြီနည်း။ မည်သည့်ကိစ္စတွင် လွန်ခဲ့ပြီနည်းဟု အထပ်ထပ် စေ့ငုံ စဉ်းစားသော်လည်း မည်သို့မှ အမှားကို မမြင်နိုင်၊ မိမိ ပြုလုပ်သမျှသည် မှားယွင်းစရာမရှိဟု ယူဆမိသောကြောင့် သိန်းဖေနှင့် တိုင်ပင်ရပြန်လေ၏။

"ကိုသိန်းဖေ ကျွန်တော်တော့ အခက်ကြုံနေပြီ၊ ကောင်မကလေးက ကျွန်တော့်ကိုမြင်ရင် အတွေ့မခံဘဲ ရှောင်ပြီးတော့သာ ပြေးနေတာပဲ။ ရိုးရိုးရှက်ရုံနဲ့တော့ မဟုတ်ဘူးထင်တာပဲ။ ကျွန်တော် ဘာများ မှားခဲ့မိသလည်းလို့ စဉ်းစားကြည့်ပြန်တော့လည်း တစ်ခုမှ အမှားမမြင်ဘူးဗျ"
"မှားတာတော့ တစ်ခုခုရှိလို့ပေါ့ဗျာ၊ အပြစ်မရှိတာကို ခင်ဗျားတွေးမိပြီး အမှားကို မတွေးမိလို့ ဒီလိုပြောတာ။ အမှားက တစ်မျိုး၊ အပြစ်ရှိတာက တစ်မျိုးပဲဗျ။ ပြောစမ်းပါဦး၊ ခင်ဗျားတို့ ဘယ်ပုံဘယ်နည်း

MMCYBERMEDIA

ဖြစ်ကြတာတုန်း” ဟု သိန်းဖေက မေးရာ၊ ခင်မောင်သည် တိရစ္ဆာန်ရုံတွင် ဖြစ်ပျက်ခဲ့သော အချင်းအရာများကို ဇာတ်လုန်၍ ပြောရင်းဆိုရင်း အားရပါးရ ရိုလာကာ။

“ဘာပြောကောင်းမလဲဗျ။ မိုးကြိုးက ဒိန်းခနဲ ပစ်လိုက်တာ သူ့ခမျာ အသက်မရှူနိုင်အောင် လန့်ပြီး ကျွန်တော့်ကို ဖက်တာပေါ့” ဟု ပြောလိုက်လျှင်ပ် သိန်းဖေကလည်း အားရပါးရ ပါးစပ်ကြီးဖြဲပြီးလျှင် တဟဲဟဲရယ်မောကာ လက်ခုပ်သြဘာများပေးလျက် “ဝမ်းစမိုး- ကွ- ဒီလိုဇာတ်ကားမျိုးမှ ကြည့်လို့ကောင်းတာ။ ဒါရိုက်တာ သိပ်ကောင်းတာပဲ”

“ကောင်းဆို ဒါရိုက်တာက မာယ ကိုဗျ။ ဒီတော့ ကျွန်တော်ကလည်း ဘာနေမလဲ။ ပြန်ပြီး ဖက်ထားလိုက်တာပေါ့”
“ဟီးရိုးကွ ဟီးရိုး။ ဒါမှ ဒို့ဇာတ်လိုက်ကွ” ဟု ဆိုကာ အားမရ တင်းမတိမ်နိုင်သော အမူအရာဖြင့် “အင်း... ဇာတ်လမ်းကလေး မြန်မြန်ဆက်စမ်းပါဦး။ ကောင်းတုန်း ရပ်မထားပါနဲ့” ဟု ဆိုမှ။

“ဒါနဲ့ဗျာ... မိုးကလည်းစဲသွားပြီး ကိုဘဝင်းပြေးချလာတာပေါ့ဗျ” ဟု ပြောလိုက်လျှင် သိန်းဖေတွင် “ဟင်” ခနဲ ညည်းတွားကာ “ဇာတ်လမ်းကလည်းဗျာ... ကောင်းတော့မလိုလိုနဲ့ အပြီးသတ်မှာ ရှော်သွားတယ်။ လက်စသတ်တော့ ကောင်းရှော် ဇာတ်ကြီးပဲဗျ။ ဆယ့်လေးပိုင်းမှ မပြေဘဲကလား” ဟု လေးလေးကြီး ပြောလေ၏။

“အဲဒါမှာ ကျွန်တော် ဘာများမှားသလဲဗျာ။ ပြောစမ်းပါဦး”
“ဟာ... ဒါသိပ်မှားတာပေါ့ဗျ။ ခင်ဗျားဟာက ရန်ကုန်မြို့ဆိုတာ ရေးရပါမဲ့အကြောင်း၊ တဖုသာဖလ္လိက သဘောာလွှင့်တာရော၊ ဆံတော်တောင်းတာရော၊ ရွှေတိဂုံဘုရား တည်တာတွေရော၊ အပိုတွေ ဗာရာဏသီချဲ့နေတာလို မင့်ကို ချစ်တယ်ကြိုက်တယ်ဆိုတာ ပြောပါမဲ့အရေး ရင်ထဲကပူတာတွေ၊ မအိပ်နိုင်တာတွေက ရှည်နေလိုက်ရတာ။ ဒါတွေ ခြေလှမ်းများနေတာပေါ့ဗျ။ လေယာဉ်ပျံခေတ်ထဲမှာ အခုကြိုက် အခုညားနေကြတာ။ မြန်မြန်နဲ့လိုရင်းကိုမှ မပြောဘဲနဲ့ ဘယ်ဖြစ်ပါ့မလဲ။ နို့ပြီး ကိုယ့်လက်ထဲရောက်နေမှ သူတော်ကောင်းကြီး လုပ်နေတော့ သာပြီးခက်တာပေါ့။ ကူလီကူမာ လုပ်လိုက်ရင် ကိစ္စတုံးတာပဲ။ တစ်ခါထဲစွဲရော အခုတော့ ရှက်စရာကောင်းရုံ လုပ်ထားတာမျိုး ဖြစ်နေတော့ တွေ့တိုင်း သူ့ခမျာ ရှက်နေမှာပေါ့။ ညံ့တဲ့လူပဲဗျာ... ဒါနဲ့များ ကောလိပ်ကျောင်းသား လုပ်နေသေးတယ်”
“ခင်ဗျားကပြောတော့ လွယ်လွယ်ကလေးရယ်။ ထောင်နှုတ်ခမ်း လျှောက်နေတာတော့ မသိဘူး။ ကဲဗျာ ပြီးတာ ထားပါတော့။ နောက်ကို ကြံစည်ဘို့” ဟု ပြောစဉ်မှာပင်...
“ဟေး ကိုခင်မောင် လာ သွားမယ်” ဟု ခပ်ဝေးဝေးမှ အော်၍ခေါ်ကာ လျှောက်လာသော ဘဝင်း၏အသံကို ကြားရသဖြင့် ထိုစကားကို မဆက်နိုင်ဘဲ ရှိကြလေ၏။

“ဟေ့လူ ဘာလုပ်နေတာလဲ။ အချိန်နီးနေပြီ၊ လုပ်လေ... ဖိနပ်တွေဘာတွေ ဝတ်ပါတော့လား” ဟု ဆိုကာ ဘောလုံးကစားရာတွင် ဝတ်သော အဝတ်အစားကို ဝတ်ဆင်ထားသော ဘဝင်းရောက်၍ လာလေ၏။

“ကျွန်တော်က စောသေးတယ် မှတ်လို့”
“ဘယ်စောရမလဲဗျ။ လေးနာရီခွဲပြီးပြီ”

MMCYBERMEDIA

ခင်မောင်လည်း "အင်း" ခနဲ အပျင်းထုတ်ကာ ကုန်း၍ ထပြီးလျှင် ဘောင်းဘီတိုတစ်ထည်ကို ဆွဲယူ၍ ဝတ်လေ၏။

"ကနေ့ဘာလဲဗျ" ဟု သိန်းဖေကမေးလေ၏။
"အင်းယားကောလိပ်လေ၊ ကနေ့ဂျပ်ဆင်ကောလိပ်နဲ့ ကစားရမယ့်နေ့ပေါ့ဗျ။ အများမျှော်လင့်နေကြတဲ့ ပွဲကြီး။ အေးအေးဆေးဆေး လုပ်နေလို့ ဘယ်ဖြစ်မလဲ"
"ဟာ... ဒါဖြင့် ကိုယ်တို့လည်းလာပြီး အားပေးမယ်ဗျို့။ လူစုဦးမယ်"

သိန်းဖေလည်း လူစုရန် ထွက်သွားပြီး မကြာမီပင် ခင်မောင်လည်း အဝတ်အစား ဝတ်ဆင်ပြီးဖြစ်၍ ဘဝင်းနှင့်အတူ ထွက်သွားလေ၏။

ထိုနေ့တွင် မိုးတဖွဲဖွဲ ရွာလျက်ပင်ရှိသော်လည်း ယူနီဘာစတီကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်း ပတ်လည်တွင် ကျောင်းတော်သားများ ပြည့်နှက်လျက် ရှိလေတော့၏။ နှစ်ဘက်သော ကျောင်းတော်သားတို့သည် မိမိတို့ဆိုင်ရာ ကျောင်းသားများကို အားပေးရန် စောစောပင် ကြိုတင်ရောက်နှင့်လျက် ရှိကြလေ၏။

မကစားမီ ဂိုးသွင်းကျင့်နေကြရာ ယူနီဘာစီတီ ကျောင်းတော်သားတို့သည် ဘဝင်းနှင့် ခင်မောင်တို့ကို မတွေ့ရသေးသဖြင့် တမျှော်မျှော်နေရင်းက ကွင်းထဲသို့ယှဉ်တွဲ၍ ပြေးဆင်းလာကြသော ဘဝင်းနှင့် ခင်မောင်တို့ကို တွေ့ရလျှင် သြဘာသံ ဆူညံသွားလေ၏။

စတင်၍ ကန်လိုက်ကြသည့်အချိန်မှစ၍ တစ်ဘက်နှင့်တစ်ဘက် အားပေးကြသော အသံများမှာ ကြောက်ခမန်းလိလိ ဖြစ်နေလေတော့၏။ ဘဝင်းနှင့် ခင်မောင်မှာ ငါးယောက်တန်း ကစားသူများ ဖြစ်ကြသဖြင့် ၎င်းတို့အချင်းချင်း လုပစွာ အပေးအယူ ပြုလုပ်၍ ဘောလုံးကို သယ်လာကြသော အခါတွင် လက်ခုပ်သံ တဖြောင်းဖြောင်း ရှိပေတော့၏။

သန်းဖေတို့လူစုကား အားပေးအားမြှောက် နောက်ပြောင်ဖို့ကိုသာ ကြည့်နေကြလျက် ခင်မောင် ဘောလုံးသယ်လာလျှင် "ခင်မောင်ကွ ခင်မောင်... ဘောလုံးကန်ကောင်းလို့ နာမည်ကောင်း လက်မှတ်သုံးစောင် အပေါင်ဆိုင်က ပေးထားတာတွေ ဘယ်သွားထားမလဲ။ ချလိုက်ကွ၊ ဒါမှ ဒို့ကျောင်းသား၊ ဘာကြောက်ရမလဲ" ဟု အော်ရင်းက သိန်းဖေဘက်သို့ ဘောလုံးထွက်၍လာသဖြင့် သိန်းဖေမှာ မြေတွင် ပြားပြားဝပ်ပု၍ နေသောကြောင့် ဘေးမှအတူ ကြည့်နေကြသော ကျောင်းသားများက ရယ်မောကာ "ဘာကြောက်မလဲကွ။ မျက်မှန်ကြီးပြုတ်သွားပေစေ။ ရပ်နေလိုက်ပါလား" ဟု ဝိုင်း၍နောက်လိုက်ကြလေ၏။

ဂျပ်ဆင်ဘက်မှ ကရင်ကျောင်းသားများကလည်း ပါလေရာ ၎င်းတို့ကျောင်းသားများကလည်း "ဝါရှင်တန် အုန်းသီးကွ၊ ကဲရီးအွန်း" ဟု အော်ကြသည့်အခါ တက္ကသိုလ်ကဖြတ်၍ ဘောလုံးကို ယူထားလိုက်သည်တွင် "ဝါရှင်တန် ထန်းသီးကွ" ဟု ကိုယ့်လူကို ပြောင်လှောင်အားပေးကာ "ငယ်နိုင်ကွ ငယ်နိုင်။ အုန်းသီးလောက်တော့ ထန်းသီးက အပျော့ပေါ့။ သတ္တိရှိ မူးပြလိုက်ရမလား" ဟူသော အသံများသည် လည်းကောင်း၊ "ဝေါရီဟင်း ဝေါရီဟင်း" ဟူသော အသံများသည် လည်းကောင်း ဆူညံ၍နေကာ "ဂိုးအွန်... ရွှတ် ရွှတ်" ဟူသော အသံပေါ်လာကာ "ဂိုး" ဟူသော တခဲနက်အသံကြီး ဖြစ်ပြီးလျှင် ဂျမ်းထိုးသူကထိုး၊ ထီး၊

MMCYBERMEDIA

ဖိနပ်၊ ဦးထုပ် အပေါ်သို့ လွှင့်မြှောက်သူက မြှောက်၊ "ဘာစီတီ... ဘာစီတီ... ရား ရား ရား" ဟူသော သံပြိုင်များ ပေါ်လာလေ၏။

"ဟေ့ တောသားတွေ၊ ဘောလုံးမြင်ဘူးရဲ့လားကွ" ဟု မခံချည့် မခံသာ ပြောင်သူကပြောင် "အမိုးရေ-နမိုးထိနော ဖထီးနော နမလောလော လောနမအော်လဲဝေ" ဟု ကရင်သံလိုလို လုပ်ခါ အော်သူကအော်။ ရှုံးရသည်တွင် မခံချင်အောင် လုပ်ကြသောကြောင့် ကစားကြမ်း၍ လာလေ၏။ မိုးရေကြောင့် မြေမှာ ချောလျက်နေသဖြင့် တအးကြုံး၍ကန်ရာတွင် ဘိုင်းခနဲ အားလွန်၍ လဲသည့်အခါ လှောင်သောရယ်သံများ ဖြစ်ပေါ်လာပြန်လေ၏။

မကြာမီ ဂျပ်ဆင်ဘက်မှ ပြန်၍သွင်းလိုက်သဖြင့် တစ်ဘက်နှင့်တစ်ဘက်မှာ အကြိတ်အနယ်ဖြစ်ကာ ကြည့်၍ကောင်းသည့်အလျောက် သူ့ဘက်ကိုယ့်ဘက် အနိုင်အားပေးကာ ဆူညံနေလေ၏။

မတော်တဆ ထိခိုက်မိသည်ကို ကစားသူအချင်းချင်းက အရေးမယူသော်လည်း ကြည့်သူများက မခံနိုင်ဘဲ။ "ချဟ- ချ- ချ" ဟု တိုက်တွန်းအားပေးသံများ ပေါ်လာရာ ကစားသူများ၏ စိတ်သည် ရှ,၍ လာကြလေ၏။

ဂျပ်ဆင် ငါးယောက်တန်း လက်ဝဲဘက်အစွန်လူသည် ဘောလုံးကို တရှိန်ထိုးယူလာလေရာ ယူနီဘာစီတီ နောက်ခံ လူများလွတ်သွားသဖြင့် ဝင်တော့မှာပဲ ထိတ်နေဆဲ ဂိုးစောင့် ပြေး၍ထွက်လာရာ သာ၍ပင် ထိတ်လန့်နေကြစဉ် ခင်မောင်လည်း ဂိုးပေါက်သို့ ပြေး၍ကပ်လိုက်လေ၏။ ဂိုးစောင့်လည်း ယူလာသော ဘောလုံးကို မျက်နှာချင်းဆိုင် ယှဉ်၍ကန်လိုက်ရာ ဘောလုံးလည်၍ ဂိုးဘက်သို့ ဝေ့လာသည်ကို ခင်မောင်က လျင်မြန်စွာ ကန်ထုတ်လိုက်သဖြင့် "ဝဲဒန်း ခင်မောင်" ဟု ဆူ၍သွားပြီး ဘောလုံး ဘဝင်းထံရောက်သွားကာ ထိတ်လန့်ဖွယ်ကောင်းအောင် လု၍နေကြသည်ကို အသက်မရှူနိုင်ဘဲ ကြည့်၍နေရလေ၏။

ခင်မောင်လည်း ကူရန်ပြေး၍အလာ၊ ဘဝင်းလည်း ဂျပ်ဆင်ဘက်မှတစ်ယောက်နှင့် လု၍အကန်၊ ဖြောင်းခနဲ ခြေထောက်ချင်းထိပြီးလျှင် ဘဝင်းပုံ၍ လဲလေ၏။ ခင်မောင်လည်း ထူပေးဖို့ရန် ရောက်လာကာ ဘဝင်းကို ပြေး၍နိုပ်လေ၏။ ကျောင်းတော်သားတို့ကား မခံနိုင်ဘဲ "ချဟ- ချ" ဟု လုပ်ကြလေရာ ၎င်းတို့ကို မနည်းနိမ်ကြရလေ၏။

ဘဝင်းမှာ မထနိုင်ဘဲ ခင်မောင်တွဲ၍ ကွင်းပြင်သို့ထုတ်ခဲ့လေ၏။ မကြာမီ ဆေးရုံမှ ရောက်လာကြရာ ဘဝင်းမှာ ဆေးရုံမသွားလိုသော်လည်း ဆရာဝန်ကိုယ်တိုင် တွေ့၍နေရသည့်ပြင် ဒဏ်ရာမှာ အတော်ဂရုစိုက် ပြုစုရန်လိုသောကြောင့် ဆေးရုံသို့ အတင်းပို့သဖြင့် "ဆနက်တိုရီယမ်း" ခေါ် ကျောင်းဆေးရုံကလေးသို့ လိုက်ပါသွားရလေ၏။

ခင်မောင်မှာ ဘဝင်းအတွက် စိတ်မကောင်းဖြစ်ရသဖြင့် ဘောလုံးကို ကောင်းစွာ ဆက်လက်ကစား၍ မရဘဲရှိသည့်ပြင်၊ ဘာစီတီမှာ ၁၀ ယောက်နှင့် ၁၁ ယောက် ကစားရခြင်းကြောင့် ရှုံး၍နေရကား ကျောင်းသားများမှာ မပြောင်လှောင်နိုင်တော့ဘဲ ရှိလေ၏။

MMCYBERMEDIA

ထိုအခါမှ သိန်းဖေနှင့် ကျောင်းသားတစ်စုတို့က ညီညီညာညာ "ရား… ရား… ရား" ဟု အားပေးသံများ ပြုလုပ်ပေးကြရလေတော့၏။ သို့ပြုလုပ်လိုက်သည်တွင် ဘာစီတီဘက်မှ အားယူ၍လာကြပြီးလျှင် ပွဲပြီးခါနီး သားရေပွဲဖြစ်အောင် မနဲပြုလုပ်လိုက်ရလေ၏။ ၃ မိနစ်အတွင် တစ်ဘက်ဘက်သို့ဝင်လျှင် ဝင်ရာဘက်က ရှုံးပြီဖြစ်ရကား ခင်မောင်မှာ တစ်ကွင်းလုံး သယ်နေရလေ၏။ ထိုအခိုက်တွင် ဘာစီတီ ၃ ယောက်တန်း အလယ်လူပို့လိုက်သော ဘောလုံးသည် ခင်မောင်ထံသို့ ရောက်သည်နှင့် တပြိုင်နက်၊ ခင်မောင်သည် တရှိန်ထိုး သုတ်ယူလာရာ ဂျပ်ဆင်ဘက်မှ ကာကွယ်ရန် ဝိုင်းအုံ၍စောင့်နေကြသဖြင့် ထိုလူအများကို လိမ်၍ယူနိုင်ရန် ခက်သောကြောင့် ပြေးရင်းသွင်းလိုက်ရာ ၎င်းတို့ခေါင်းပေါ်မှ ကျော်ပြီလျှင် ဘားတိုင်အောက် ဒေါင့်နားက ပွတ်၍ ဝင်သွားသဖြင့် "ဂိုး" ဟူသော အသံကြီးနှင့်တကွ၊ "ရား… ရား သံများဆူညံလာကာ ဒို့ကျောင်းသား ဒို့ကျောင်းသား၊ တိုင်းလုံးကျော်တဲ့ ဒို့ကျောင်းသား မီးသွေးခဲမို့ မဲသကိုးကွ၊ ဒို့ကျောင်းသားပေမို့- ရဲသကိုးကွ" စသော သံချပ်နှင့် သိန်းဖေတို့လူသိုက်မှာ ရွှံ့တွေပေ မိုးရေရွှဲရွှဲဖြင့် က,လိုက် ဂျမ်းထိုးလိုက်နှင့်ရှိကြဆဲ၊ ရှိုခနဲ ခရာမှုတ်၍ ပွဲပြီးသွားသောကြောင့် ဝေးလားလား ဟူသော တခဲနက် အော်ဟစ်သံကြီးမှာ ယူနီဘာစီတီ နယ်မြေတွင် ပဲ့တင်ထပ်၍ သွားလေတော့၏။

"ဂွမ်… ဂွမ်၊ ဂွမ်… ဂွမ်" စသဖြင့် ဇလုံးပန်းကန်များကို ဇွန်းခရင်းဖြင့် ခေါက်ကြသည့် အသံများကား ဘောလုံးအောင်နိုင်ခြင်း အထိမ်းအမှတ်ကို ပြသခြင်းပင်ဖြစ်၍ ထမင်းစားခန်းထဲသို့ ခင်မောင်ဝင်၍ လာသောအခါတွင် ထိုအသံများ ဆူညံ၍သွားလေ၏။ ခါတိုင်း ဘောလုံးကစား၍ နိုင်လာသောအခါ ဇွန်းခရင်းခေါက်ကြလျှင် ခင်မောင်မှာ ပျော်ရွှင်သော အမူအရာကို ပြလေ့ရှိသော်လည်း ယခုကား မပျော်လှပေ။ ဘဝင်း၌မတော်တဆ ခြေတွင် ထိခိုက်သွားခြင်းကိုပင် ခင်မောင်တွင် စိတ်မကောင်းဘဲ ရှိလေ၏။ သို့ဖြစ်သည့်အလျောက် ထမင်းစားပြီးသည်နှင့် တစ်ပြိုင်နက် သိန်းဖေနှင့်အတူ "ဆနက်တိုရီးယမ်း" သို့သွား၍ ဘဝင်းနှင့် တွေ့လေ၏။

"ကိုဘဝင်း၊ ဘယ်နယ်နေသေးသလဲ"
"စောစောကလိုပဲ နည်းနည်းမှ အထိမခံနိုင်ဘူး။ ဆရာဝန်က အဆစ်လွဲသွားတယ် ပြောတယ်။ ရိုးရိုး ခိုက်မိရုံလောက်ဆိုလျှင် အရေးမကြီးဘူး။ ချော်လဲပြီး ခြေအထောက်မှားသွားတာမို့ သာပြီးဆိုးနေတယ်"

သိန်းဖေက များစွာကိုယ်ချင်းစာမိလျက် "ပြန်ပြီး ကောင်းပါဦးမလား၊ တစ်သက်လုံး ဘောလုံးမကစားနိုင်ရင် ခက်တော့တာပဲ"
"ရအောင်ကုမယ် ပြောတာပဲ သိပ်တော့ မခံရပါဘူး၊ ဒါမှ မဟန်ရင် ဆေးရုံကြီးမှာ ဓါတ်မှန်နှင့် ကြည့်ခိုင်းရမှာပဲ။ ဒါက အရေးမကြီးဘူးဗျ ဆာလိုက်တာ လွန်နေပြီ။ ဖျားနေတဲ့လူတွေ ဒါကြောင့် ပြေးချင်တာ၊ ထမင်းကောင်းကောင်းမှ မကျွေး။ အဲဒါတစ်ခု ကျောင်းကြီး ကြီးကျယ်သလောက် ဒီနေရာမှာ ရှော်တာပဲ"
"ဘာစားမလဲ"
"ကဘတ် ရရ၊ အန္တား ပရာတာ ရရ၊ ရှိတာဝယ်ပေးဗျာ" ဟု ပြောသောကြောင့် ခင်မောင်က သွားမည်ပြုရာ သိန်းဖေက သူဝယ်ပေးမည်ဆို၍ ကုလားဆိုင်ကလေးသို့ ပြေးလေ၏။

အခြားကျောင်းသားများလည်း မေးမြန်းရန်ရောက်၍ လာကြပြီး သိန်းဖေလည်း စားစရာများဖြင့် ရောက်၍လာလေ၏။

MMCYBERMEDIA

“နမရှိတဲ့လူများကျတော့ တယ်ပြီး မျက်နှာရှိတာပဲ။ လိုချင်တယ်ဆို ဝယ်ပေးမဲ့သူ အဆင့်သင့်နှင့်” ဟု ကျောင်းသား တစ်ယောက်က နောက်လိုက်သဖြင့် သိန်းဖေမှာ မျက်နှာပျက်သွားပြီးလျှင် မချိသွားဖြဲရယ်ကာ “မလုပ်ပါနဲ့ဗျာ စေတနာကောင်းနဲ့ပါ” ဟု ပြောမှ။

ဘဝင်းက “ကိစ္စမရှိပါဘူးဗျာ ဘာပဲပြောပြော ပုံ့မပါပါဘူး၊ ကျွန်တော်စားရတာသာ လိုရင်းပဲ” ဟု ဆို၍ ရယ်မောပျော်ရွှင်စွာ မုန့်များကို အားရပါးရ စားရင်း ကျွန်တော် မကုန်နိုင်ဘူးဗျာ စားကြပါဦး။ ဒါရဝမ်မိနေလို့ မုန့်ခိုးစားတာ ဆရာဝန်တိုင်မှ ချောက်ကျနေဦးမယ်” ဟု ဆိုသဖြင့် ဘဝင်း၏မုန့်များကို လုယက်၍စားကြရာ သိန်းဖေက နှိုက်မည်အပြု ၎င်း၏မျက်မှန်ကို ကျောင်းသားတစ်ယောက် ဆွဲ၍ချွတ်ထားသဖြင့် မမြင်မကန်း ဟိုစမ်းသည်စမ်းနှင့် မစားရပဲရှိနေသည်ကို ဝိုင်း၍ ရယ်နေကြလေ၏။

ယင်းသို့ ဘဝင်းပျော်ရွှင်အောင် ရယ်မောစရာမျိုး၊ ပြုလုပ်နေပြီး ကျောင်းဝင်းတံခါးများ ပိတ်ချိန်နီး၍ အသီးသီးပြန်ကြရာ ခင်မောင်ပြန်မည်အပြုတွင် ဘဝင်းက...
“အိုင်ဆေး ကိုခင်မောင် ကျောင်းမှာ ခင်ဆွေနဲ့တွေ့လို့ ကျွန်တော့်အကြောင်း မေးရင် သိပ်အရေးမကြီးဘူးလို့ ပြောလိုက်ပါ။ အကြီးအကျယ်ထင်ပြီး အိမ်ကိုစာရေးနေပါဦးမယ်။ အိမ်က လိုက်လာလျှင် အလကား ဒုက္ခရောက်နေမှာ”
“စိတ်ချပါ ပြောလိုက်ပါ့မယ်” ဟု ဆိုကာ ခင်မောင်လည်း ထွက်ခဲ့လေ၏။ သို့အားဖြင့် ခင်မောင်မှာ ဘဝင်း၏ ခြေနာခြင်းသည် မိမိနှင့် ခင်ဆွေတို့ မတွေ့ပဲမနေရသော အခြေအနေသို့ ဆောင်ကျဉ်းပေးသကဲ့သို့ ရှိနေခြင်းကြောင့် ဘဝင်းအတွက် စိတ်မကောင်းသလောက် ဝမ်းမြောက်ဘွယ်နှင့် ယှဉ်တွဲ ဖြစ်ပေါ်သည့်အတွက် တစ်ညဥ့်လုံးပျော်၍ နေလေ၏။

ထင်ရှားသော ကျောင်းသားတစ်ယောက် တစ်စုံတစ်ခု ဖြစ်ပျက်သော သတင်းသည် ယောကျ်ားကလေးဆောင် မိန်းကလေးဆောင်ကအစ၊ နေ့ကျောင်းသားများ ဆရာများထံသို့ပ သတင်းပျံ့နှံ့ကာ နောက်တစ်နေ့ ကျောင်းတက်ချိန်တွင် ထိုစကားကို အများပြောလျက် ရှိကြပေတော့၏။

ခင်ဆွေမှာ မိမိမောင်ဖြစ်သူ အကြောင်းကို ကြားရလျှင် များစွာ စိတ်မချမ်းမြေ့ခြင်း ဖြစ်မိလေ၏။ စကားဆိုသည့်အတိုင်း တဆင့်တဆင့် ကား၍ပြောကြသောကြောင့် ခင်ဆွေ၏နားထဲသို့ ရောက်သောသတင်းမှာ ဘဝင်း၏ ထိခိုက်မိခြင်းသည် ခြေကို ဖြတ်ပစ်ရတော့မည်ကဲ့သို့ သွင်သွင်ကျိုးသည့်အလား ကြားရလေ၏။

သို့ဖြစ်၍ ခင်ဆွေသည် စိုးရိမ်မကင်းရှိကာ မိန်းကလေး အချင်းချင်းစုံစမ်းရာ ၎င်းတို့မှာ ယောကျ်ားလေးများထံက ကြားရသည့်အတိုင်း ယောကျ်ားကလေးများကလည်း ၎င်းတို့အား ချဲ့ထွင်၍ ကြီးကျယ်စွာ ပြောင်လှောင်ပြောဆိုကြသည်ကို အမှန်ယူဆကာ ခင်ဆွေအား မိမိတို့ကြားရသမျှကို ပြောပြရာ ခင်ဆွေကြားရသမျှမှာ တမျိုးထက်တမျိုး သာပင်ဆိုးနေသောကြောင့် ခင်မောင်သာလျှင် ဘဝင်းနှင့် ရင်းနှီးခင်မင် ကစားဖော် ကစားဖက်ဖြစ်သည့်အတွက် ဟုတ်တိုင်းမှန်ရာ သိနိုင်မည်ကို အားထားရကား ခင်မောင်ကို မတွေ့ချင်ပဲ မနေနိုင်အောင် ရှိရာလေ၏။ သို့ဖြစ်သည့်အလျောက် ကျောင်းသို့ ရောက်သည့်အချိန်မှစ၍ မိမိတို့နေထိုင်ရာ မိန်းကလေးစုဝေးခန်းမဆီက ပြူတစ်ပြူတစ်နှင့် ခင်မောင်လာမည်ကိုသာ မျှော်၍နေမိလေ၏။

MMCYBERMEDIA

ခင်မောင်လည်း ခင်ဆွေအားတွေ့ဆုံရန် အချက်ရ၍နေသောကြောင့် ဤယနေ့အဖို့၌ ခင်ဆွေကို မတွေ့တွေ့အောင် ရှာတော့မည်ဟူသော ရည်ရွယ်ချက်ဖြင့် ကျောင်းတက်၍ လာလေရာ မိန်းကလေးစုဝေး ခန်းမသို့ရောက်လျှင် ခင်ဆွေကို မြင်ရခြင်းအားဖြင့် မိမိအား စောင့်မျှော်သည်ကို သိရသောကြောင့် များစွာအားတက်မိလေ၏။

ခင်ဆွေလည်း ခင်မောင်ကို မြင်ရသည်နှင့် အခန်းထဲမှ ထွက်၍လာကာ ယခင်ရက်မိသည့်အဖြစ်ကို ဖွတ်နစ်၍ မိတ်လျက် မရဲတရဲဖြင့် "ကို ခင် မောင်" ဟု ခေါ်လိုက်ရာ ခင်မောင်လည်း မမြင်ဟန်ဆောင်၍ လျှောက်လာရာမှ "ဆွေ ဆွေ" ဟု ပြန်၍ထူးရင်း အနားသို့ ကပ်သွားလေ၏။

"ကိုကိုဝင်း ဘယ့်နှယ်ဖြစ်တာလဲ" ဟု ခင်ဆွေသည် စိုးရိမ်မကင်းသော မျက်နှာဖြင့် ခင်မောင်အား မော်၍ကြည့်ကာ မေးလေ၏။

"ဘောလုံးကန်ရင်း ထိခိုက်မိပြီး အဆစ်လွဲသွားတယ်"
"ဒဏ် အတော်ပြင်းသလား"
"တော်တော်တော့ ပြင်းတယ်" ဟု ခင်မောင်က တမင်ချောက်လှန့်လိုက်ရာ ခင်ဆွေမှာ မျက်လုံးပြူးသွားပြီးလျှင်...
"ဒါဖြင့် စိုးရိမ်ရတာပေါ့"
"သိပ်ပြီး စိုးရိမ်စရာတော့ မဟုတ်ပါဘူး။ အသက်နဲ့ တခြားစီပဲ မသေနိုင်ပါဘူး။ နည်းနည်း ဝေဒနာခံရမှာပဲ"
"နို့ပေမဲ့ ကြားရတာက ဖြတ်ပစ်ရတော့မလိုလိုပဲ"
"ဒီလောက်အထိလည်း မဟုတ်ပါဘူး။ ကျိုးသွားတာမှ မဟုတ်ဘဲ"
"ဒီအတိုင်းမှန်ရင်တော့ တော်ပါသေးရဲ့၊ စောစောက ကြားရတာဖြင့် စိတ်မချမ်းသာစရာကြီး"

ထိုသို့ပြောရင်း စကားစပြတ်သွားရာ ခင်မောင်သည် မိမိအလိုရှိသော အချက်ကို မည်ကဲ့သို့ စကားစ၍ မေးရမည်နည်းဟု စဉ်းစား ကြံစည်ဆဲမှာပင်။

"ကိုခင်မောင် မနက်ဖြန် တနင်္ဂနွေနေ့ အားသလား"
"အားပါတယ် ဘာကိစ္စရှိလို့လဲ" ဟု လျင်မြန်စွာပြောလိုက်လေ၏။ ၎င်း၏စိတ်ထဲတွင် မခင်ဆွေသည် မိမိအား တွေ့ဆုံရန် ခေါ်မည်ကို သိနှင့်လေ၏။

"အားရင် အင်းယားဆောင်ကို လာခဲ့ပါဦး။ ကိုကိုဝင်း ဘယ်လိုဆိုတာလည်း သိပါရစေ၊ သူ့ကိုလည်း ကျွန်မလာပြီး တွေ့ချင်ပါတယ်လို့။ နို့ပေတဲ့ လာဖြစ်မယ် မထင်ပါဘူးလို့ ပြောပေးပါ။ တကယ်လို့ ကိုကိုဝင်းက ဒဏ်ရာ မသက်သာဘူးလို့ဆိုရင် ကျွန်မကိုယ်တိုင် လာနိုင်ရင် လာခဲ့ပါ့မယ်လို့လည်း ပြောပါ"
"စိတ်ချပါ"

ခင်မောင်ကပြော၍မှ စကားမဆုံးမီ ခင်ဆွေသည် "ဒါပါပဲ" ဟု ဆိုပြီးလျှင် အခန်းထဲသို့ ပြန်ဝင်သွားသောကြောင့် ခင်မောင်မှာ အခံရကြပ်လျက် ငေးကြည့်နေလိုက် ရလေတော့၏။

MMCYBERMEDIA

သို့သော် အင်းယားဆောင်တွင် တွေ့ဖို့ရန် မျှော်လင့်ဘွယ် ရှိသေးသောကြောင့် ထိုသို့တွေ့ခါမှ လိုရင်းအချက်ကို မေးတော့မည်ဟု နလုံးပြုလျက် ထိုနေ့တွင် မည်သို့ကြံရမည်ကို တိုင်ပင်ရန် လူတတ်ကြီး တင်မြောက်ထားသော သိန်းဖေအား တွေ့အောင် ရှာရပြန်လေ၏။ သိန်းဖေကို တွေ့ပြီးနောက် စာကြည့်ခန်းထဲသို့ သွားရောက် တိုင်ပင်ကြလေ၏။ ထိုသို့တိုင်ပင်ကြရာတွင် အင်းယားဆောင်တွင် တွေ့ကြသည့်အခါ ပြောင်ဖွင့်မေး၍မှ မယောင်မလည် မပွင့်မလင်း လုပ်နေသေးလျှင် စာပေးခဲ့ရန် ထိုအကြံကို နှစ်ဦးသဘောတူ ဆုံးဖြတ်ကာ စာတစ်စောင်ကို ရေးစီကြလေ၏။

နောက်တစ်နေ့တွင် ခင်မောင်သည် အင်းယားဆောင်သို့ ရောက်ရှိသွားကာ ဧည့်ဆောင်ခန်းမှ စားပွဲတစ်လုံးတွင်ထိုင်ရင်း ခင်ဆွေကို စောင့်မျှော်နေလေ၏။ ဧည့်ဆောင်ခန်းသည်ကား သမီးရည်းစား စကားပြောရာ ရည်းစားစကား ကူးသန်းရောင်းဝယ်ရေးဌာနကြီးလည်း မှန်ပေ၏။ ဆွေမျိုးမောင်ဖွား၊ အသိမိတ်ဆွေများ တွေ့ဆုံရာသည်လည်း ဟုတ်ပေ၏။ ထိုအခန်းကြီးထဲတွင် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ထိုင်ကာ ပြုံးရယ်ရွှင်ပြစွာ ပြောသူပြော၊ အလွမ်းအဆွေးဖွဲ့၍ နေသူနေသည်ကို တွေ့ရသော ခင်မောင်၏စိတ်တွင် မရိုးမရွ ဖြစ်မိပေ၏။

သို့စောင့်ရင်းပင် ခင်ဆွေသည် ပူပန်ခြင်း၊ အရိပ်နိမိတ်မကင်းသော ညှိုးငယ်သည့် မျက်နှာကလေးဖြင့် ရောက်ရှိလာပြီးလျှင် ခင်မောင်အား မရဲတရဲကြည့်ကာ ပြုံးယောင်ယောင်ပြု၍ နှုတ်ဆက်လေ၏။ ထို့နောက် လေးထောင့်စားပွဲကလေးကို အလယ်ကခြားလျက် ခင်မောင်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်ပြီးလျှင် "ကိုကိုဝင်း ဘယ့်နယ်နေသေးသလဲ" ဟု စ၍မေးလေ၏။

"ညကတော့ တော်တော်သက်သာလာပါပြီလို့ ပြောတယ်" ဟု ဆိုမှ ခင်ဆွေလည်း စိတ်ထဲတွင် ပူပန်ခြင်း အနည်းငယ် သက်သာသည့်ပမာ၊ မျက်နှာကလေး ကြည်လင်ပွင့်လင်း၍ လာလေ၏။

"ကြားရတာ ဝမ်းသာလိုက်တာ၊ မနေ့ညက တစ်ညလုံး အိပ်မရဘူး"
"အခုနေ တွေ့ရပုံတော့ဖြင့် သိပ်အရေးမကြီးလှပါဘူး။ မစိုးရိမ်ပါနဲ့ သူကလည်း ဘာမှမစိုးရိမ်ပါနဲ့လို့ မှာလိုက်တယ်"
"မစိုးရိမ်ဘူး ဆိုပေမဲ့လဲ တကယ်တော့ စိတ်မအေးသေးဘူးပေါ့။ ဒါထက် ထမင်းတို့ ဘာတို့ စားလို့ ဝင်ရဲ့လား"
"နေမကောင်းတာမှ မဟုတ်ပဲ စားလို့မဝင်ဘဲ နေပါ့မလား။ ထမင်းကောင်းကောင်း မစားရဘူးဆိုလို့တောင် ဆရာဝန် မသိအောင် ခိုးပြီး ကျွေးရသေးတယ်"
"ဆရာဝန်ကကော ဘာပြောသေးသလဲ"
"မကြာခင် ပျောက်မှာပါပဲတဲ့။ နို့ပေတဲ့ သုံးနှစ်လောက် ဘောလုံး မကစားဘဲနေရင် ကောင်းမယ်လို့ ပြောတယ်"
"သူကတော့ ပြောလို့ ရမှာမဟုတ်ပါဘူး။ ဖေဖေတို့လည်း ခဏခဏပြောတာပဲ။ ဒါတောင်မရဘူး။ ဘောလုံးကစားတာတော့ တော်တော်စွဲတာပဲ"

ယင်းသို့လျှင် အကျိုးအကြောင်းများ ပြောဆိုကြရာက စကားကုန်၍ သွားသဖြင့် ခင်ဆွေလည်း ထ,မည် အပြုတွင် ဤအခါမှာမူကား ခင်မောင်သည် ပါး၍နေပြီဖြစ်သဖြင့် "ဘယ်လဲ နေပါဦး" ဟုဆိုကာ လက်ကို လှမ်းဆွဲထားလိုက်ရာ မရှောင်တိမ်းသာတော့ဘဲ အခြားသူများ မြင်၍သွားမည်ကိုလည်း စိုးရွံ့မိကာ

MMCYBERMEDIA

ရုန်းခြင်းမပြုနိုင်သည် ဖြစ်သောကြောင့် ပြန်၍ ထိုင်ရလေ၏။ သို့ထိုင်ရာတွင် ခင်ဆွေသည် ခင်မောင်၏ မျက်နှာကို တည့်တည့်ဆိုင်၍ ကြည့်ရမည်ကို ရှက်ကြောက်ရွံ့ဖို့၍ နေမိကာ ခေါင်းကိုသာ အတွင်ငုံ့လျက် နေလေရာ...

"ဆွေ ဆွေ" ဟု ခင်မောင်က ခေါ်လိုက်သဖြင့်...

"ရှင်..." ဟု မပွင့်တပွင့် ပြန်၍ထူးလိုက်ရာက...

"ဒီမှာ ကြည့်ပါဦး" ဟုဆိုမှ ခင်ဆွေလည်း မရဲတရဲ ခေါင်းကိုမော်၍ ကြည့်ပြီးနောက်၊ မျက်နှာကို တဖက်သို့ တိမ်းငဲ့လွှဲဖယ်ကာ အခန်းထောင့်ရှိ ပီယာနိုကို စူးစိုက်ကြည့်ရင်း ခင်မောင် ဆွဲဆုပ်ထားသော လက်ထဲမှ မိမိလက်များကို တွန့်လိမ်ကာပြန်၍ ဆွဲရုန်းလေ၏။

"ဆွေဆွေ၊ ကိုခင်မောင် ဒီလိုနဲ့ ပြီးရတော့မှာလား၊ ကိုခင်မောင် စိတ်ထဲမှာ ဘယ်လောက် ဝေဒနာခံစားနေရတယ် ဆိုတာ၊ ဟိုတစ်ခါကပဲ ပြောပြလို့ သိရပြီမဟုတ်လား။ ဒီလိုသိရရက်နဲ့ ကိုခင်မောင့်အပေါ်မှာ မတင်မကျလုပ်ထားတာ၊ ကိုခင်မောင် ဘယ်လောက် အခံရခက်လှတယ်ဆိုတာ ဆွေဆွေ သိစေချင်လှတယ်နော်။ ကိုခင်မောင် မေးတဲ့ဟာကို ဖြေရတာ ဘာဝန်လေးနေသလဲ ဆွေဆွေ၊ ချစ်တယ် မချစ်နိုင်ဘူးဆိုတဲ့ စကားနှစ်ခွန်းထဲက တစ်ခွန်းပဲ ပြောဘို့ မဟုတ်လားလို့ ပြောပါဦး ဆွေဆွေရဲ့ ချစ်တယ်ပဲလား"

ခင်ဆွေမှာ ဘာမျှမပြောနိုင်။ ခင်မောင်၏ စကားများကြောင့် သွေးသားဆူလျက် တုန်တုန်ရီရီဖြစ်ကာ ထိုအကြောင်းနှင့် ပတ်သက်၍ ပြောရမည်ကို ရှက်လှသဖြင့် ခေါင်းကို အတွင်ငုံ့၍ နေသောကြောင့်...

"မပြောတော့ဘူးလား၊ ဆွေဆွေ။ ဒီလို မတုန်မလှုပ် ကျောက်ရုပ်လိုသာ နေမယ်ဆိုရင်ဖြင့် ကိုခင်မောင် သေဘို့သာရှိတော့တာပဲ ဆွေဆွေရယ်၊ မချစ်ရင်လည်း မချစ်ဘူးပေါ့ တစ်ခွန်းထည်းပါ။ ဆွေဆွေရဲ့ အဖြေကို ကြားရရင်ဖြင့် ကိုခင်မောင် သိလိုတာကို သိရတဲ့အတွက် ဒီအပူကြီး သက်သာရဲ့လို့ အောက်မေ့ပြီး မေးရတာပဲ။ မသနားတော့ဘူးလား ဆွေဆွေရဲ့" ဟု ပြောရင်းပင် မျက်ရည်တွေ ယိုစီး၍ ကျလာတော့မည့် ဟန်ဖြင့် မျက်ရည်ခံထိုးလျက် ပြောသောကြောင့် ခင်ဆွေ၏ နလုံးအသည်းဆိုင်များမှာ တင်းခိုင်ထား၍ မရတော့ဘဲ ညွတ်ပျောင်းပြေ့ခွေ၍ လာသည့်အားလျော်စွာ ပြောဖို့ရန် အတန်တန်ကြိုးစားရကာ...

"ရှက်စရာကြီးနော် သိပ်ရှက်တာပဲ။ ကျွန်မ ဘယ်လိုဖြေရမှန်း မသိဘူး။ မဖြေပါရစေနဲ့ ကိုခင်မောင်ရယ်"

"စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောရုံပါ ဆွေဆွေ။ ကိုခင်မောင် အပေါ်မှာ လုံးလုံး မနှစ်သက်နိုင်ရင်လည်း မချစ်ဘူးဆိုတဲ့ စကားတစ်ခွန်းတည်းပေါ့"

ခင်ဆွေသည် တွေဝေ၍နေရာမှ ခင်မောင်က ၎င်း၏ လက်ကလေးများကို ဆုပ်ညှစ်ကာ "ပြောလေပြောပါ။ စောင့်ရတဲ့ လူမှာ သေလုပါပြီ" ဟု ဆိုသောကြောင့် မိမိ၏ စိတ်တွင်းရှိသည်ကို ပြောပါတော့မည်ဟု နှုတ်ခမ်းကလေး တရွရွရှိရာမှ ပြော၍မထွက်အောင် ရှိသည့်အတွက်...

"ဒီကလိုပေါ့" ဟု ပြောလိုက်ရာ ခင်မောင်သည် သိန်းထီပေါက်ကြောင်း သံကြိုးရသည်ထက် ရွှင်ပျော်ခြင်း ဖြစ်မိကာ ပြုံးပြုံးကြီးဖြစ်လျက် တမင်စကားကြော ရှည်လို၍...

"ဒီကလိုပေါ့ဆိုတာ နားမလည်ဘူး ဆွေဆွေရဲ့။ ချစ်ရင် ချစ်တယ်လို့ ပြောပါ" ဟု အညွန့်တက်ပြန်သည့်အတွက်...

"ခက်လိုက်တာနော် ကိုခင်မောင်ကလဲ။ ကဲပါရှင် ချစ်ပါတယ်တဲ့" ဟုပြောလိုက်မှ ခင်မောင်သည် အားရကြည်လင် ပြုံးရွှင်ခြင်း လွန်ကဲစွာဖြစ်ပြီးလျှင် ဆုပ်ကိုင်ထားသော လက်ကိုမလွှတ်ဘဲ ခင်ဆွေ၏ မျက်နှာကို အားမလို အားမရသော အမူအရာဖြင့် ကြည့်နေသောကြောင့်...

MMCYBERMEDIA

"ကြည့်ပါလားနော်၊ စိုက်ကြည့်မနေပါနဲ့ ရှင်၊ ရှက်တယ်"
"ဟဲ ဟဲ... ချစ်လွန်းလို့ပါ။ ကြည့်ရုံတောင်မကဘူး၊ မြိုထားချင်တယ်"
"အို တိုးတိုးပြောပါ၊ ကြားကုန်ပါ့မယ်။ လက်ကိုလည်း လွှတ်ပါဦး"

ခင်မောင်လည်း ဆုပ်ကိုင်ထားသည့်လက်ကို ဖြေလိုက်သည်တွင် ခင်ဆွေလည်း ရယ်မောလျက် ထ၍ ပြေးသောကြောင့် ငေးငေးကြီး ကြည့်နေမိရာက ခင်မောင်မှာ အပူလုံးကြီး ကျသွား၍ အားရသော သက်ပြင်းချခြင်းဖြင့် ဟင်းခနဲ သက်ပြင်းချ၍ ထွက်လာခဲ့ရလေ၏။ ကျောင်းအပြင်သို့ရောက်၍ ကျောင်းဆောင်ပေါ်သို့ ပြန်ကြည့်လိုက်ရာတွင် အုတ်တိုင်ကိုမှီလျက် ပြုံးပြုံးကလေး ကြည့်နေသော ခင်ဆွေကို မြင်ရသဖြင့် မပြန်ချင် ပြန်ချင် ပြန်ခဲ့ရလေ၏။

•••

(၆)

ပုဂံဟောလ်သို့ပြန်၍ ရောက်သောအခါ ခင်မောင်သည် အားရဝမ်းသာစွာ ကျောင်းပေါ်သို့ ပြေးတက်သွားပြီးလျှင် သိန်းဖေကို မြင်သည်နှင့် တပြိုင်နက် "ဖိုးကော်ကွ... ဖိုးကော်" ဟု ဟစ်အော်ရင်း မိမိ၏အခန်းသို့ ခုန်ပေါက် ပြေးချသွားလေ၏။ ခင်မောင်၏ ပျော်ရွှင်ခြင်းသည် သိန်းဖေအား ကူးစက်ကာ သိန်းဖေလည်း အခြောက်တိုက် ပျော်မြူးကာ ခင်မောင်၏နောက်သို့ ပြေး၍လိုက်လေ၏။ ကျောင်းသားအချို့တို့လည်း မိမိတို့အခန်းများမှ ထွက်ပြူ၍ ကြည့်ကြကာ ၎င်းတို့နောက်မှ လိုက်ကြလေ၏။

ခင်မောင်၏ အခန်းထဲသို့ သိန်းဖေရောက်လျှင် "တံခါးပိတ်လိုက်ဗျ၊ တံခါးပိတ်လိုက်။ သူတို့ အသိပေးလို့ မဖြစ်ဘူး" ဟု ပြောသဖြင့် သိန်းဖေလည်း တံခါးကို ပြန်ပိတ်၍ ကန့်လန့် ထိုးထားရာ ဝင်လိုသော ကျောင်းသားများမှာ မဝင်ရသောကြောင့် တံခါးကို တဂျုံးဂျုံးတွန်း၍ နေကြရပြီးလျှင် ဖွင့်ခိုင်း၍ မရတော့မှ "အလကား ဖိုးကော်၊ ဘာဖိုးကော်လဲ။ သာကူစေ့နဲ့ ကျိုတဲ့ ဖိုးကော်" ဟု ဆိုပြီးလျှင် ကျောင်းသား တစ်ယောက်က သညာ ပေးလိုက်သဖြင့် အားလုံး တညီတညာတည်း "ပိုးရှော်ဟေ့ ပိုးရှော်။ ပိုးလဲပိုး ရှော်လဲရှော် ပိုးရှော် ပေါ်ရှိုး ပိုးရှော်" ဟု မခံချင်အောင် ပြုလုပ်ဟစ်အော်ကာ စိတ်ပျက်စွာ ပြန်သွားကြမှ။

သိန်းဖေက "ဆိုစမ်းပါဦး၊ နေရာကျသလား" မေးသောကြောင့် ခင်မောင်က မိမိမျက်နှာကို လက်ညှိုးနှင့် ထောက်ကာ...
"ဒါ ဘယ်သူလဲ"
"ကိုခင်မောင်"
"အဲဒီမျက်နှာကို ဝဝကြီးကြည့်ထားလိုက်ပေတော့"
"ဩော်... ခင်ဗျားက သေတော့မလို့လား"
"ထွီ... ပါးစပ်ပုပ်ကြီးနဲ့၊ နိမိတ်မရှိတာတွေ ပြောရှေ့မယ်" ဟု ဆိုပြီး ခင်မောင်က ဆက်လက်၍ "လူပျိုမျက်နှာဆိုတာ မြင်ရခဲတယ်။ ဒီမှာလေ အိုရတော့မယ်" ဟု ပြောလိုက်မှ သိန်းဖေသည် အကြောင်းကို ရိပ်မိကာ...
"ဟား ဟား ကိုယ့်လူ နေရာကျလာပြီ မှတ်တယ်။ ဘယ်မလဲ သူ့စာ"
"စာမရှိဘူးဗျ။ ပါးစပ်နဲ့ ပါးစပ်နဲ့၊ ကိုကို့ကိုလေ ချစ်ပါတယ်တဲ့" ဟု ဆိုကာ သိန်းဖေကို အားရပါးရ ဖက်လိုက်သဖြင့်...

MMCYBERMEDIA

"ချမ်းသာပေးပါ နောင်ကြီးရယ်၊ ဒါ ဆွေဆွေမဟုတ်ဘူးဗျ၊ ကျွန်တော်ပါ၊ သိန်းဖေလေ၊ သိန်းဖေပါဗျ။ သတိထားပါဦး။ ကိုယ်တော်လေးရဲ့ ယောက်ျားချင်းနော် ကျားကိုက်တတ်တယ်" ဟုဆို၍ သိန်းဖေက မျက်လုံးပြူးကာ ဖျစ်ညှစ်ဖက်ပွေ့ခံ ထားရသော ကိုယ်ကို ဆန့်ငင်တွန့်လိမ်၍ ပြလိုက်သောကြောင့် ခင်မောင်လည်း ရယ်မောလျက် လွှတ်လိုက်ကာ "ချစ်တာနော် ချစ်တာ၊ သိပ်ချစ်တာပဲ" ဟု အားပါးတရ ဆိုမိလေ၏။

"ချစ်တာက အရေးမကြီးဘူး ကိုဘဝင်းမသိအောင် လုပ်ဖို့လိုတယ်။ ဒီအကြောင်းကို ကိုဘဝင်းကြားသွားရင် ဒါမျိုးဆိုတာ နမ,လင်နေ မောင်,ဖင်ကြိမ်း ဆိုတဲ့စကားလို ရှက်ပြီး ရမ်းတတ်တယ်"
"အို ဒါတော့ ခင်ဗျားနဲ့ ကျွန်တော် နှစ်ယောက်တည်း သိတာပဲဗျာ၊ လုံအောင်တော့ ဖုံးမှာပေါ့" ဟုဆိုပြီးလျှင်
"ဝမ်းသာလိုက်တာဗျ၊ ဘယ်လိုနည်း ဝမ်းသောမှန်း မသိဘူး။ တစ်ခါတည်း စိတ်ထဲမှာ ပျော်သွားတာပဲ"
"ဒါပေ့ါဗျာ၊ အိပ်လို့ပျော် စားလို့ဝင် အချစ်ဆိုတာ အင်မတန်ကောင်းတဲ့ အာယုဒီဃ သက်စောင့်ဆေးကြီးပဲ"
"ဟဲ ဟဲ ခင်ဗျား ကျေးဇူးတွေ" ဟု ပြောကာ "ကဲ ခင်ဗျား ကျေးဇူးဆပ်ချင်လွန်းလို့ လက်ဖက်ရည်ဆိုင် ကြွပါဦးခင်ဗျာ" ဟု အရိုအသေလုပ်၍ ပြောသောကြောင့် သိန်းဖေလည်း လွန်မင်းစွာ ကျေနပ်ခြင်းဖြင့် ပြုံးပြုံးကြီး လိုက်ပါသွားလေ၏။

သို့ဖြင့် ခင်မောင်နှင့် ခင်ဆွေတို့မှာ တစ်ဦးနှင့်တစ်ဦး မေတ္တာယှက်ကူး ထူးကဲစွာ စုံမက်နှစ်သက် ချစ်ကြိုက်ကြခြင်းသည် တစ်နေ့ထက်တစ်နေ့ တိုးဆက်ဆပွား ကြီးမားရင့်သန်၍ လာကြလေရာ၊ နေ့စဉ် တစ်ယောက်မျက်နှာကို တစ်ယောက် မမြင်မနေနိုင်သည့် အခြေသို့ ရောက်ရှိလာကြသည့်အလျောက် မိန်းကလေးများ စုဝေးရာ အခန်းနားတွင် နေ့စဉ်အချိန်မှန် တွေ့ဆုံကြပြီးလျှင် နေရာတကာမှာပင် နှစ်ယောက်သား ယှဉ်တွဲလျက် အမြဲလိုလိုပင် တွေ့မြင်ကြရပေတော့၏။ ချစ်စခင်စ ကြင်နာစ ဖြစ်ကြသည့်အားလျော်စွာ နေ့စဉ်နှင့်အမျှ ပြောရသည့်စကားများပင် ကုန်နိုင်သည် မရှိသကဲ့သို့ ဖြစ်လေ၏။

ဘဝင်းသည်လည်း မကြာမြင့်မီပင် ကျန်းမာသန်စွမ်း၍ လာခဲ့ရာ၊ ခင်မောင်နှင့် ခင်ဆွေတို့မှာ ဘဝင်းမတွေ့မမြင် မသိရှိရလေအောင် လစ်သည့်အချိန်ကလေးများကို လက်မလွှတ်စေဘဲ၊ တစ်ဦးကိုတစ်ဦး ရှာဖွေတွေ့ဆုံကြရလေ၏။

"ကိုခင်မောင် ဆွေဆွေတို့ အဖြစ်အပျက်ကို ကိုကိုဝင်း မသိပါစေနဲ့နော်၊ သူသိသွားမှဖြင့် ကျွန်မတို့အချစ်ကို ဖြတ်လိုက်ကြရတော့မှာပဲ"

စိုးရိမ်စွာ မျက်နှာငယ်ကလေးနှင့် ခင်ဆွေက ပြောလိုက်သည်။

"အို… ကိုခင်မောင့်အတွက်တော့ မစိုးရိမ်ပါနဲ့ မသိစေရပါဘူး။ ဆွေဆွေကလည်း မရိပ်မိအောင်လုပ်နော်"

ထိုသို့ ခင်မောင်ပြောသည့်အတိုင်း ခင်မောင်နှင့် ခင်ဆွေတို့သည် ဘဝင်း မရှိသည့်အခါတွင်သာ ခိုးကြောင်ခိုးဝှက် တွေ့ဆုံစကားပြောကြရ၍ ဘဝင်းနှင့် အတူတကွ တွေ့ဆုံရာတွင်မူကား ရိုးရိုးတန်းတန်း ကြည့်ခြင်းမှတပါး ထူးခြားဆန်းပြားသော အမူအရာ အလျဉ်းမပါစေအောင် စောင့်စည်းကြရလေ၏။

MMCYBERMEDIA

ချစ်ခင်ကြင်နာစ ဖြစ်ကြသူများ၏ ဓမ္မတာ၊ ချစ်တာ ကြိုက်တာကိုပင် အကျယ်ချဲ့၍ မပြီးနိုင် မညည်းနိုင်ကြဘဲ ဖွဲ့ကာနွဲ့ကာ စောင်းကာ ကြည်စယ်ပျော်မြူး အချစ်ရူး ရူးတတ်ကြသည့် အလျောက် ခင်မောင်နှင့် ခင်ဆွေတို့မှာ ချစ်တာကို စာစီကုံးရလျှင် ဆုံးစမမြင် ဆိုသကဲ့သို့ ချစ်ကြိုးနွယ်ရစ်သွယ်၍ ဖွဲ့နွဲ့ ပြောဆိုရသည်ကိုပင် အားမရနိုင်ပဲ ရှိကြပြီးလျှင် ထိုသို့ စကားပြောနေစဉ် ဘဝင်းမိသွားမည်စိုး၍ ကြာကြာ စကားမပြောဘဲ၊ ချန်လှပ်ထားခဲ့ရသည်များကို စာဖြင့် ဆက်လက်ရေးကြပြန်ကာ အာကာကိုလွှာပုံပြုပြီး မေရုကို စုတ်တံချီကြပြန်လေ၏။

ခင်မောင်သည် ခင်ဆွေနှင့် ချစ်ကြိုက်နေ့မှစ၍ သွားရာလာရာတွင် ဘဝင်းကို ရှောင်နိုင်သမျှ ရှောင်ကာ ညနေ ဘောလုံးကန် မဆင်းသည့်အခါ လှေအသင်းရုံးသို့ တစ်ယောက်တည်းလစ်၍ သွားရင်း အင်းယားဆောင်နားတွင် ရစ်သီ ရစ်ဝဲလုပ်လျက် ခင်ဆွေကို မျှော်သည့်အခါမျှော်၍ အင်းယားကန်စောင်း အညောင်းပြေ အညာပြေ လမ်းလျှောက်ကြသော ကျောင်းသူကလေးများနှင့်အတူ ခင်ဆွေ လိုက်ပါသွားသည်ကို မတွေ့တွေ့အောင် ရှာလေ့ရှိပေ၏။

သို့နှင့် တစ်နေ့တွင် ခင်ဆွေသည် မသန်းတင်နှင့်အတူ ကန်စောင်းတွင် လမ်းလျှောက်နေစဉ် ခင်မောင်သည် တစ်ယောက်တည်း လျှောက်ရင်း တွေ့၍ ရပ်တန့်ကာ စကားပြောနေကြလေ၏။

ထိုအချိန်တွင် များစွာသော နောက်ပိုးဝိဇ္ဇာ အော်နာဂုဏ်ထူး ဆည်းပူးအားထုတ် ကြသူတို့လည်း ဤအချိန် ဤအခါ မိမိတို့ မျှော်လင့်သူကလေးများ လမ်းလျှောက်ချိန် မှန်းပြီးလျှင် ဝိဇ္ဇာတို့တန်ခိုး ဣဒ္ဓိပါတ်ဖြင့် မြေပြင်တွင် ပျော်မြူးနေကြမြဲ ဖြစ်လေရာ၊ ခင်ဆွေနှင့် ခင်မောင်ရပ်၍ စကားပြောနေကြသည်ကို တွေ့မြင်ရခြင်းဖြင့် ငါကဲ့သို့သော ယောကျ်ားအာဇာနည် ပါတကားဟု အောက်မေ့နေခြင်းဖြင့် ပြုံးသူပြုံး လှည့်ကြည့်သူကြည့်နှင့် ခုလုတ်တိုက်မိသူ တိုက်မိ၊ လွန်၍သွားသည့်အခါ မကြားတကြား ပြောင်သူပြောင်၊ မိန်းကလေးအချို့တို့ကလည်း လမ်းလျှောက်ရင်း တွေ့မြင်ကြရ၍ မနာလိုသလို ကြည့်သူကြည့်၊ ကဲ့ရဲ့သလိုလို ရယ်သူရယ်၊ အသွယ်သွယ် အမျိုးမျိုး ပြုလုပ်ကြသော်လည်း အချစ်ရေယာဉ်တွင် နစ်မျောနေသူတို့မှာကား ၎င်းတို့အား အမှုမစိုက်နိုင်ဘဲ မိမိတို့ ပြောလိုရာကိုသာ ပြောလျက်ရှိကြသဖြင့် သန်းတင်မှာမူ မျက်နှာပူကာ ခပ်လှမ်းလှမ်းသို့ခွါ၍ နေရရှာလေ၏။

"ဘယ့်နယ်လဲဆွေဆွေ ဟိုတစ်နေ့ကစာကို ဖတ်ပြီးပြီလား"

ခင်ဆွေကလည်း မချိုမချဉ် ရှက်သလိုပြုံးကာ "အမယ် တယ်ပြီးတော့ ချွဲလိုက်တာ၊ သူ့စာတွေထဲမှာ ကိုခင်မောင်တော့လား ပြောစရာတွေ အများကြီးရှိတယ် သိရဲ့လား၊ ပါးစပ်နဲ့ ပြောလို့ပြီးမှာ မဟုတ်ဘူး၊ ဟောဒီမှာ စာနဲ့ရေးလာတယ်" ဟု ဆိုပြီးလျှင် မိမိတို့အား မည်သူများ ကြည့်နေသနည်းဟု လှည့်ပတ်ကြည့်ပြီးနောက် ကြည့်သူကိုမမြင်မှ စာရွက်ခေါက်ကလေးကို လက်ချင်းပူးကပ်၍ ပေးလိုက်ရာ ခင်မောင်လည်း စာကိုမကြည့်ဘဲ မသိမသာ ယူလိုက်လေ၏။

ထိုစာသည်ကား ခင်ဆွေထံမှ ပထမဦးဆုံး ရရှိခြင်းပင် ဖြစ်လေရာ ခင်မောင်မှာ များစွာပျော်ရွှင် ဝမ်းမြောက်ခြင်း ဖြစ်မိပေ၏။ သို့ဖြစ်၍ ထိုစာကို ရလျှင်ရခြင်း ဖွင့်၍သာ ဖတ်ချင်လှသော်လည်း ခင်ဆွေက ထွက်ခွါမသွားမီ "လူတွေ မြင်ကုန်ဦးမယ်နော် ကျောင်းကျမှ ဖတ်" ဟု မှာသွားသည့်အတွက် စာကို

MMCYBERMEDIA

အိတ်ထဲတွင် ထည့်ကာ ရွှေထုပ်ကောက်ရသူ၏ ဝမ်းသာခြင်းမျိုးဖြင့် ဝမ်းမြောက်စွာ လျှောက်၍ ပြန်လာခဲ့လေ၏။

သို့ပြန်လာရင်းပင် နောက်မှကျောကို ပုတ်ကာ "ဟေ့၊ မပြေးနဲ့ ပါတာပေး" ဟူသောအသံကို ကြားရသဖြင့် ရုတ်တရက် လန့်ဖျပ်၍သွားကာ လှည့်ကြည့်လိုက်ရာ ပါးစပ်အဖြဲသားနှင့် ပြုံးနေသော သိန်းဖေကို တွေ့ရရမှ...

"လန့်လိုက်တာဗျာ ဘယ်သူလဲလို့"

"ကဲ... စကားကြော မရှည်နဲ့၊ အသက်အသေခံမလား စာကိုပေးမလား" ဟု ခင်ဆွေ၏စာကို ဓားပြတိုက်နေသောကြောင့် ခင်မောင်က ပြုံးရယ်လျက်...

"မရှိပါဘူးဗျာ ဘယ်ကစာလဲ"

"အံမာ... ညာရင်ရမယ်များ မှတ်နေရော့သလား၊ ဒီမှာ သူများလို မှတ်လို့လား၊ နတ်မျက်စိလေးလုံးနဲ့ ကြည့်တဲ့လူ၊ ခင်ဗျားတို့ကသာ မမြင်ဘူးထင်နေတယ် ကျွန်တော်က သစ်ပင်ကွယ်က ချောင်းကြည့်နေတာ" ဟု ဆိုကာ မိမိ၏ မျက်မှန်ဝိုင်းကြီးကို လက်ညှိုးထိုး၍ ပြသဖြင့်...

"ဒါမျိုးဆိုတော့ တယ်ပြီးမြင်တတ်တယ်၊ မျက်စိမမှုံဘူး ဆိုရင် ဘယ်သူမှ ရေချိုးခန်းထဲမှာ လုံးချည်ချွတ်ချိုးရဲမှာ မဟုတ်ဘူး၊ တော်လည်း တော်တဲ့လူ ဒါမျိုးဆိုရင် သိနေပြီ၊ ခင်ဗျား စုံထောက် လုပ်ဖို့ကောင်းတယ်"

"ရှည်မနေပါနဲ့ဗျ၊ ပြမလား... မပြဘူးလား"

"ပြမှာပေါ့ဗျာ၊ ခင်ဗျားကို မပြရင် ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်တော့်ဖူးစာရေးနတ်ကြီးပဲ။ တစ်နေ့ကျမှ အထက်ဆင့်စကို ဗောင်းတော်လုပ် ဆက်ရဦးမယ်၊ ဟဲ ဟဲ... ဒါပေမဲ့ နေဦးဗျ လမ်းမှာကြည့်လို့ မဖြစ်ဘူး ကျောင်းကျမှ" ဟု ပြောလျက် နှစ်ဦးသား ပခုံးချင်းဖက်၍ ပုဂံဆောင်သို့ ပြန်ခဲ့ကြလေ၏။

ကျောင်းဆောင်သို့ ရောက်ကြ၍ အခန်းထဲတွင် နှစ်ယောက် အတူဖတ်ကြကာ ဖတ်ရင်းရယ်လိုက်ကြ ဟားတိုက်ကြနှင့် မြိန်မြိန်ရှက်ရှက်ကြီး နှစ်ခေါက်ပြန် သုံးခေါက်ပြန် ဖတ်ရှုနေကြရာတွင် အခန်းတံခါး ပိတ်ထားရန် မေ့နေကြသည့်အလျောက် ကျောင်းသား လူရှုပ်လူပွေတစ်ယောက် ဝင်လာ၍ဖြတ်ခနဲ စာကိုလု၍ ထွက်ပြေးလေ၏။ သိန်းဖေနှင့် ခင်မောင်တို့လည်း ထ၍လိုက်ကြလေရာ၊ စာကိုလု၍ သွားသူသည် ကျောင်းကို လှည့်ပတ်ပြေးနေသဖြင့် ပြေးသူကပြေး လိုက်သူကလိုက်ကြသည်ကို မြင်ရသော ကျောင်းသားများမှာ ငြိမ်ငြိမ်ကြည့်၍ မနေနိုင်တော့ဘဲ ပျော်ရွှင်စွာ ပါးစပ်ဆိုင်းသံများဖြင့် နောင်ဂျိမ်ဆိုင်းတီးပေးကာ "လိုက်ဟေ့... လိုက်ဟေ့၊ ရာဇတ်ဘေး ပြေးနိုင်မှ လွတ်မဟေ့နော် ပူနိမ်ပေါင်၊ ပူနိမ်ပေါင်၊ ပြောင်-ပြောင် ပူနိမ်-ပြောင်" စသည့်အသံများ ဆူညံ၍ သွားလေ၏။

ဟိုလှေကားကဆင်း ဒီလှေကားကတက်နှင့် တစ်ကျောင်းလုံး လှည့်ပတ်ပြေးလွှားသံများမှာ တဒုံးဒုံး တဒိုင်းဒိုင်း ရှိလေ၏။ သိန်းဖေနှင့် ခင်မောင်လည်း လူခွဲ၍လိုက်ကြမှ စာလုပြေးသူကို လှေကားအောက်တွင် ပုန်းနေရာ၌ မိကြ၍ လက်သီးဆုပ်ကို အတင်းဖြဲပြီး စာကိုယူရလေ၏။

ခင်မောင်သည် စာကိုရ၍ ပြေးရာတွင် ပထမလုသွားသူနှင့်တကွ တခြားကျောင်းသားများလည်း ခင်မောင်ထံ ပြန်လု၍ ယူရန်လိုက်ကြလေ၏။ ခင်မောင်နှင့် သိန်းဖေလည်း အခန်းထဲသို့ ပြန်၍ရောက်ကြသဖြင့် တံခါးပိတ်၍နေဆဲတွင် အပြင်က အတင်းဆွဲဖွင့်နေကြသောကြောင့် ပိတ်၍မရဘဲ နှစ်ယောက်အားနှင့် အများအား မခုခံနိုင်သောကြောင့် ဝုန်းခနဲ တံခါးပွင့်သွားကာ ပြုံ၍ ဝင်လာကြပြီးလျှင် ခင်မောင်အားချုပ်၍

MMCYBERMEDIA

စာကိုလုကြလေ၏။ ခင်မောင်လည်း စာကိုဆုပ်ကိုင် ဖျစ်ညှစ်ထားသဖြင့် လုမရဘဲ ခင်မောင်အား ခုတင်ပေါ်တွင် တွန်း၍ ဝိုင်းဖိထားကြလေ၏။

ထိုသို့ ရုန်းရုန်းရင်းရင်း ဖြစ်နေကြသဖြင့် ဘဝင်းလည်း ရေချိုးခန်းသို့ သွားရာက ၎င်းတို့ကို မြင်သဖြင့် ခင်မောင်မှာ ဘောလုံးကစားရာတွင် ထိုသို့ တွန်းဖိထားခြင်းမျိုးကို ရုန်းကန်နေကျဖြစ်သဖြင့် တအားကြုံး၍ ထလိုက်ရာ အားလုံးခုတင်ပေါ်မှ ဖင်ထောင်၍ ကျသွားလေ၏။ ထိုသို့ကျသွားသည်နှင့် တပြိုင်နက် ခင်မောင်လည်း အခန်းထဲမှ ထွက်ပြေးမည်အပြုတွင် တံခါးဝတွင် ဘဝင်းရောက်ရှိ တားဆီးနေသည်ကို တွေ့ရသောကြောင့် "ဟိုက်... ဂျောက်ကျပြီ" ဟု စိတ်ထဲက ပြောရင်း လန့်ဖြန့်ကာ ရုတ်တရက် ငေး၍ ရပ်နေမိလေသည်။

"အိုင်ဆေး၊ ဘာလဲဗျ ဘယ်ကစာလဲ" ဟုဆိုကာ ဘဝင်းကလှမ်း၍ လုမည်ပြုသဖြင့် ထိုစာကို ဘဝင်းတွေ့သွားလျှင် မဖြစ်နိုင်သောကြောင့် "ဘာမှ မဟုတ်ပါဘူး" ဟုဆိုကာ လက်ထဲကစာကို လျှင်မြန်စွာ ဆုတ်ဖြဲလိုက်ရလေ၏။ ခင်မောင်၏ စာမှာ အစိတ်စိတ် အမွှာမွှာ ဖြစ်၍သွားပြီကို တွေ့ရသည့်အတွက် လုရန်လာကြသော သူများသည် အားရခြင်းဖြင့် ရယ်မောကြကာ လဲနေရာမှ ထလာကြလေ၏။

"ဘာစာမို့လဲဗျ၊ ဒါလောက် အလုအယက် ဖြစ်နေကြတာ" ဟု ဘဝင်းက မေးမြန်းသဖြင့် ခင်မောင်မှာ လည်ဆည်ဖို့ရန် ရုတ်တရက် အကြံထုတ်ကာ "အလကားပါဗျာ၊ ကျွန်တော့် စစ္စတား လက်ရေးနဲ့ အိမ်ကပေးလိုက်တဲ့စာ။ ဘာထင်ပြီး လုကြတယ် မသိပါဘူး။ အခုလို ဖြဲပစ်လိုက်တော့ အေးရော" ဟု ပြောလိုက်ရ၏။

"အလကားဗျ၊ ရည်းစားပေးတဲ့စာကို နမစာလို့ လုပ်၊ နမကပေးတဲ့ လက်ကိုင်ပဝါကို ရည်စားဆီကရတာလို့ လုပ်၊ ကျောင်းသားဆိုရင် ဒါမျိုးချည့်ပဲ။ ကိုယ့်နမ ကိုယ်ရည်းစား ဖြစ်အောင်လုပ်သူ ချည့်ပဲ။ ဟဲ... ဟဲ... ဟဲ သူ့စာကလေး အနိစ္စရောက်သွားပြီ"

လုရန်လိုက်ကြသော ကျောင်းသားများလည်း ရယ်မောကာ တစ်ယောက်စီ ထွက်၍သွားကြလေရာ ဘဝင်းလည်း "ဟား ဟား ဟား လူရှုပ်ချည့်ပဲ" ဟုဆိုရင်း ရေချိုးရန် ပြန်ထွက်သွားမှ ခင်မောင်မှာ စိတ်အေး၍ သွားတော့သည်။

ထို့နောက်မှ ခင်မောင်လည်း ကြေမွစုတ်ပြတ်နေသော စာရွက်အပိုင်းအစမလေးများကို စားပွဲပေါ်တွင် တင်ကာ သေသေချာချာ တစ်ခုစီဆက်၍ စီရင်း ဝမ်းနည်းနမြောသော မျက်နှာဖြင့် ကြည့်ကာ မျက်ရည်များပင် လည်၍လာလေ၏။

"ဒါလောက်နဲ့ မငိုပါနဲ့ဗျာ"

သိန်းဖေက နောက်ပြောင်လိုက်မှ ခင်မောင်မှာ စကားပြောဖော်ရကာ။

"ဟာ ကျွန်တော် သိပ်ပြီး ဝမ်းနည်းတာပဲဗျ၊ နိမိတ်ဆိုးတာပဲ။ သူ ပထမပေးတဲ့ စာကလေး ဒီလိုပြဲသွားတာ သိပ်နမြောတာပဲ" ဟု ပြောသောကြောင့် သိန်းဖေက ကြင်နာသော အမူအရာဖြင့်...

MMCYBERMEDIA

"ဟာဗျာ စာရွက်ပြတာနဲ့ ဘာနိမိတ်ဆိုးရမှာလဲ မဆိုးပါဘူးဗျာ။ ဝမ်းမနည်းပါနဲ့" ဟု အားပေးပြီးလျှင် "ကဲ ကျွန်တော်ပြောမယ် အဲဒီစက္ကူတွေကို စတိလုပ်ပြီး အသက်ခုနစ်ချက်အောင့် နမ်းလိုက်စမ်း" ဟု ဆိုသဖြင့်-

ခင်မောင်လည်း ခင်ဆွေ၏စာကို အားရပါးရ ခုနစ်ခါနမ်းလေ၏။

"ကဲ... နမ်းလိုက်တော့ စက္ကူစော် မနံဘူးလား"
"နံတယ်"
"နံလိမ့်မယ်လို့ ကျွန်တော် အထင်သားပဲ" ဟု ရယ်၍ပြောလိုက်မှ ခင်မောင်က "ရှုပ်တဲ့လူပဲ၊ တကယ်လားလို့" ဟု ဆိုကာ ပြုံးနိုင်ရှာလေတော့၏။

...

(၇)

ခင်မောင်နှင့် ဘဝင်းတို့သည် တစ်ဦးကိုတစ်ဦး အထူးချစ်ခင်ကြသည့်အတိုင်း တစ်ယောက်ဒုက္ခဖြစ်လျှင် တစ်ယောက်မနေနိုင်ဘဲ၊ တစ်ယောက်၌ အရေးကြုံလာလျှင် တစ်ယောက်ကူညီစမြဲပင် ဖြစ်ကြလေရာ၊ ၎င်းတို့၏ ထူးခြားသော ချစ်ခင်ကြခြင်းကို တွေ့ရှိသူကျောင်းသားတိုင်း အံ့သြချီးမွမ်းမိကာ ရှေးဘဝက ညီအစ်ကိုများ တော်ခဲ့ကြရော့သလားဟူ၍ပင် ထင်မြင်မိကြပေ၏။ ထိုသို့ ချစ်ခင်ကြသည့်အလျောက် တစ်ယောက်ကိုတစ်ယောက် တစ်နေ့မတွေ့ရလျှင် မနေနိုင်သလောက်ဖြစ်ရကာ လိုက်၍ရှာတတ်ကြပြီးလျှင် အခါများစွာ သွားအတူလာအတူ ရှိကြသည့်အလျောက် "ဒီလင်မယားကလည်း တစ်ယောက်ကို တစ်ယောက် အပျောက်မခံ ကြတော့ဘူးလား" ဟူ၍ပင် ကျောင်းသားများ၏ နောက်ပြောင်ခြင်းကို ခံရရှာကြလေ၏။

တစ်နေ့ညနေတွင် ဘဝင်းသည် ခင်မောင်၏ အခန်းသို့ ရောက်လာကာ "လာဗျို့ ကိုခင်မောင် မော်တော်ကား လျှောက်ပြီးစီးရအောင်" ဟု ခေါ်လေ၏။

"နေပါဦးဗျာ၊ ရေချိုးပါရစေဦး"
"ချိုးရင်လည်း အခုချိုး၊ ကျွန်တော်တော့ အားလုံး အဆင်သင့်ပဲ"

ခင်မောင်လည်း ရေချိုးရန် ဆပ်ပြာ၊ မျက်နှာသုတ်ပဝါ စသည်တို့ကိုယူ၍ ကမန်းကတန်း ရေချိုးခန်းသို့ ထွက်ခွာသွားလေရာ ဘဝင်းလည်း ၎င်း၏ ကုလားထိုင်ပေါ်တွင် ထိုင်ရင်း စောင့်နေလေ၏။

ရေချိုးခန်းမှာ လူပြည့်၍နေသဖြင့် ခင်မောင်လည်း မိမိအလှည့်စောင့်စားရင်း "ရေချိုးခန်းမင်းသား" တို့၏ ပိုသံတစ်မျိုး၊ မြန်မာသံတစ်သွယ်၊ မဘွယ်မရာ ကျယ်စွာ အော်ဟစ်ကြသည့် တေးသီးချင်းများကို ပြုံး၍နားထောင်ကာ စောင့်နေရလေ၏။

ဘဝင်းလည်း ခင်မောင်အား စောင့်စားရင်း ပျင်းရိလာသည့်အလျောက် ဟိုစာအုပ်ဆွဲ၊ ဒီစာအုပ်လှန်၊ ဒီအံဆွဲဖွင့်နှင့် လက်အငြိမ်မနေပဲ နေရာတွင် အံဆွဲထဲမှ မိမိမြင်ဖူးသော လက်ရေးနှင့်စာတစ်စောင်ကို တွေ့ရှိသဖြင့် "ဒီလက်ရေး ငါမြင်ဖူးပါတယ်။ ဘယ်သူ့စာပါလိမ့်မလဲ" ဟု စာကို ယူ၍ကြည့်မိလေ၏။

MMCYBERMEDIA

သို့ကြည့်ရှုရင်း စာကို တစ်ကြောင်းနစ်ကြောင်း ဖတ်မိသည်နှင့် တပြိုင်နက် ၎င်း၏ရင်တွင်း၌ တဒိန်းဒိန်းတုန်လှုပ်ကာ လျင်မြန်စွာ နလုံးသွေးများ သွားလာလှုပ်ရှားလျက် ရှိပြီးလျှင် စာအောက်၌ ရေးထိုးထားသော နာမည်ကို ကမန်းကတန်း ဖတ်ကြည့်လိုက်သည်တွင် တစ်ကိုယ်လုံး မှုန်ထူကာ မျက်နာမဲ့၍ သွားလေ၏။ စာရွက်ကို ကိုင်ထားသော လက်များမှာ တဆတ်ဆတ်တုန်လှုပ်လျက် ရှိလေတော့၏။ ဘ၀င်းသည် ကြည့်နေသောစာများကိုပင် မမြင်နိုင်အောင် မျက်လုံးမျက်ဆန် ပြာဝေရီမှိုင်းလျက်ရှိကာ စကြာဝဠာကြီး တစ်ခုလုံး ချာချာလည်၍ သွားသည်ဟု ထင်မှတ်မိလေတော့၏။

ထို့နောက် စိတ်ကို မနည်းငြိမ်သက်အောင် ဖိနှိပ်ရပြီးလျှင် စာကိုအစမှ အဆုံးတိုင် သေချာစွာ ဖတ်ကြည့်ပြန်ရာ ဖတ်ရင်းပင် ဒေါသဖြစ်ပွားလျက် ဒေါသ၏ အဟုန်ဖြင့် တစ်ကိုယ်လုံး တုန်၍ နေလေတော့၏။ မဲ၍သွားသော မျက်နာမှာ အသွေးအရောင် တစ်မျိုးပြောင်းလဲလာပြီးလျှင် နီမြန်၍လာကာ မျက်လုံးများမှာ ကြောက်စရာကောင်းလောက်အောင် ရှိလျက် နှုတ်ခမ်းများမှာ တရွရွလှုပ်၍ နေလေတော့၏။

သို့နှင့် ထိုစာကို ဖတ်ပြီးသည့်အဆုံး၌ အခြားစာများလည်း ရှိလိမ့်ဦးမည်ဟု ယုံကြည်သည့်အလျောက် အံဆွဲကို ထပ်ဖွင့်ရှာပြန်လေရာ စာတစ်စောင်ထွက်၍ လာပြန်လေ၏။ ထိုစာနစ်စောင်လုံးမှာ မခင်ဆွေက ခင်မောင်အား ပေးသောစာများဖြစ်လေရာ ဘ၀င်းမှာ ရက်လည်းရက် ဒေါသလည်းဖြစ်ကာ တရှူးရှူး တရှားရှားနှင့် ဒေါသမီး ဟုန်းဟုန်းတောက်ကာ ဒုတိယစာကို ဖတ်နေဆဲမှာပင် ခင်မောင်သည် ပျော်ရွှင်စွာ လေချွန်လျက် အခန်းထဲသို့ ရောက်ရှိလာပြီးလျှင် ပြုံးချိုသောမျက်နာဖြင့် "စောင့်ရတာ ပျင်းလှပြီမှတ်တယ်" ဟု ပြောလိုက်ပြီးမှ ဘ၀င်း၏ ဒေါသမီး အရိပ်အရောင် လျှမ်းနေသောမျက်နာကို တွေ့မြင်လိုက်ရလေရာ ရပ်နေရာတွင်ပင် ကြက်သေ,သေလျက် ငေးကြည့်နေမိပြီးမှ "ကိုဘ၀င်း ဘာဖြစ်သလဲ" ဟု စိုးရိမ်မကင်းစွာ မေးလိုက်လေ၏။

ဘ၀င်းလည်း ထိုင်ရမှထ၍ ဝုန်းခနဲကုလားထိုင်ကို တွန်းဖယ်ရမ်းဆွဲပစ်လျက် ခင်မောင်အား အစိမ်းလိုက် စားဝါးမည့်အလား စိုက်ကြည့်ကာ ခင်မောင်၏ မျက်နာတည့်တည့်ကို လက်ညှိုးထိုးပြီးလျှင် ပြောဆိုလိုက်တော့မည်ဟု ပါးစပ်ကို ဟပါသော်လည်း ဒေါသရှေ့ဆောင်ခြင်းဖြင့် ရုတ်တရက် စကားမထွက်နိုင်ဘဲ နှုတ်ခမ်းတရွရွ ရှိနေပြီးမှ-

"ခင်ဗျား အင်မတန် ယုတ်မာတဲ့လူတစ်ယောက်" ဟု ဆိုလိုက်သဖြင့် ခင်မောင်မှာ ရုတ်တရက်သော် အကြောင်းကို မစဉ်းစားမိဘဲ မျက်စိမျက်နာပျက်ကာ မှုန်ထူလျက် စိုက်ကြည့်နေပြီးနောက် "ကိုဘ၀င်း၊ ကျွန်တော် ဘာပြုလို့လဲ၊ ခင်ဗျားစိတ်ဆိုးစရာ ဘာမှမလုပ်ပါလား" ဟု ဆိုမှ-

ဘ၀င်းသည် ခင်ဆွေ၏စာများကို ဆွဲယူ၍ပြကာ လက်ခုံဖြင့် ခေါက်ပုတ်လျက် "ဒါတွေဘာလဲ" ဟု မေးလေ၏။

ထိုအခါမှ ခင်မောင်သည် မိမိအား ခင်ဆွေပေးသော စာများကို အမှတ်မဲ့သိမ်းထားမိ၍ ဘ၀င်းတွေ့သွားပြီကို သိသောကြောင့် ဘာမျှပြောစရာ ရှာမရဘဲ စိုက်၍ပင်မကြည့်ရဲဘဲရှိကာ ခေါင်းကိုသာ ငုံ့နေရလေ၏။

ဘ၀င်းလည်း ရှေ့သို့တိုး၍ ခင်မောင်၏ အနားသို့ကပ်ကာ၊ "ခင်ဗျားထက် ယုတ်မာတဲ့လူ လောကမှ မရှိတော့ဘူး။ ကိုယ့်သူငယ်ချင်း နမရယ်၊ ဘာရယ်လို့ နမချင်းစာတတ်တဲ့လူ မဟုတ်ဘူး။ အစက ခင်ဗျားကို သူတော်ကောင်းကြီး တစ်ယောက်လို့ အောက်မေ့ပြီး ကျုပ်နမအပေါ်မှာ ဒီလိုလုပ်လိမ့်မယ်လို့ဆိုတာ

MMCYBERMEDIA

အတွေးထဲတောင်မထည့်ဘဲ ခင်ဗျားအပေါ်မှာ အများကြီး အယုံထားခဲ့တယ်။ အခုတော့ ခင်ဗျားကြောင်သူတော်ဆိုတာ တွေ့ပြီ၊ အလကားလူ။ ကိုယ့်နှမကလေးလို အောက်မေ့ပြီး စောင့်ရှောက်ဘို့ ဝတ္တရားကိုမကြည့်ဘဲ ခင်ဗျားကိုယ်တိုင် ဒီလိုကြံတာ ခင်ဗျားဟာ တိရစ္ဆာန်လောက်မှ အသုံးမကျဘူး” ဟု ဘဝင်းလည်း ရက်ဒေါသဖြင့် ပြောမိပြောရာ ပြောလိုက်ရာတွင် ခင်မောင်မှာ ပြောသမျှတို့၏ မခံချိမခံသာများကြောင့် ရုတ်တရက်သော် ဒေါသ ထွက်မိလေ၏။ သို့သော် ဘဝင်းသည် ဒေါသအလျောက် ပြောမိခြင်းဖြစ်သည်ဟု ရုတ်တရက် စဉ်းစားမိသည့်ပြင် မိမိကလည်း ၎င်း၏နှမအပေါ် ချစ်ကြိုက်တပ်မက်ခြင်းမှာ ဟုတ်မှန်သည့်အလျောက် အပြင်သို့ ဒေါသမထွက်အောင် စိတ်ကို မနည်းချုပ်ထားရလေ၏။

ဘဝင်းမှာ ပြောရင်းပင် ဒေါသထွက်သည်ထက် ထွက်၍လာပြီးလျှင် နစ်နစ်နဲနဲပြောဆိုသဖြင့် ခင်မောင်ငုံ၍ခံမနေနိုင်တော့ဘဲ...

“ကိုဘဝင်း ကျွန်တော် တစ်ခုပြောပါရစေ၊ အရမ်းလည်း ဒေါသမထွက်ပါနဲ့ဦး။ ကျွန်တော်နဲ့ မခင်ဆွေ ချစ်နေကြတာအမှန်ပဲ။ ဒီလိုဖြစ်ကြတာကို ရက်တဲ့အတွက် ခင်ဗျား ဒေါသထွက်ပေမဲ့ ကျွန်တော့်ကို ချိုးချိုးဖဲ့ဖဲ့ ပြောဖို့မသင့်ပါဘူး။ ကျွန်တော်နဲ့ မခင်ဆွေ ချစ်ကြတာမှာ ကျွန်တော့်စိတ်ထဲမှာ နစ်နစ်ကာကာ မေတ္တာဖြူဖြူစင်စင်နဲ့ ချစ်တာပါ။ သူ့အပေါ်ကို တမင်ကြောရအောင်၊ ဖျက်ဆီးရအောင် ဆိုတဲ့သဘောမျိုးနဲ့ ကြံတာ မဟုတ်ပါဘူး။ ဒီလို သဘောဖြူ အူစင်း ချစ်တာမှာ ဘာမှ အပြစ်မရှိဘူးလို့ ကျွန်တော်ထင်လို့ ကြံမိတာပါပဲ။ ဒီလိုကြံမိတဲ့အတွက်နဲ့ပ နှမချင်းမစာနာဘူးဆိုတဲ့ စကားသုံးဖို့ မဟုတ်ပါဘူး။ ချစ်လို့စာပေးတာ၊ စကားပြောတာတွေဟာ နှမချင်း မစာနာတာနဲ့ ဘာမှမဆိုင်ပါဘူး၊ ကိုယ့်သဘောမကျတာနဲ့ နှမချင်းမစာဘူးလို့ မပြောထိုက်ဘူး။ ကျွန်တော့်နှမ၊ ခင်ဗျားနှမ ဘယ်သူ့နှမဖြစ်ဖြစ် သူလင်ယူချင်ယူမှာပဲ။ ဘယ်သူမှ ပိတ်ပင်လို့ရမှာ မဟုတ်ဘူး။ လောကထုံးစံကြီး ဖယ်ရှားချင်လို့ မရဘူး။ သူတို့သဘောနဲ့ သူတို့ ရည်းစားထားတာ၊ ချစ်တာ၊ ကြိုက်တာ၊ ရည်စားနောက် လိုက်ပြေးတာတွေ၊ ဘယ်သူတားလို့ ရလဲ။ မကောင်းတဲ့လူနဲ့ မဖြစ်စေချင်ရင် ကိုယ့်နှမကို ကိုယ်ဆုံးမရုံပဲ။ လင်မယူပဲ ဘယ်သူမှ...”

“တော်... ခင်ဗျားလျှာရှည်မနေနဲ့၊ ကျုပ်သဘောကောင်းတိုင်း ကျုပ်နှမတောင်ကြံတယ်။ ကြံရုံတင်မကဘူး၊ ကျုပ်နှမကိုပဲ အဆုံးအမ မရှိသလိုလို” ဟုပြောရင်းပင် ဒေါသကို မချုပ်တည်းနိုင်သောကြောင့် “ခင်ဗျားလို လူယုတ်မာနဲ့ ကောလိပ်နဲ့ မတန်ဘူး သိရဲ့လား” ဟု ဆိုကာ ခင်မောင်၏မျက်နှာကို တည့်တည့်လက်သီးနှင့် ထိုးလိုက်ရာ ခင်မောင်မှာ ရုတ်တရက် အံ့အားသင့်နေခြင်းဖြင့် ကာကွယ်ရန် သတိမရနိုင်ဘဲ ရပ်နေမိသည့်အတွက် ဘဝင်း၏လက်သီးသည် မျက်နှာတစ်ဖက်ကို ထိသွားလေရာ အရှိန်အားနှင့် ထိုးလိုက်ခြင်းကြောင့် ခင်မောင်မှာ ယိုင်၍သွားကာ ကြမ်းပေါ်တွင် ဒူးတစ်ဖက် ထောက်လျက် စိုက်၍ လဲသွားလေ၏။

ခင်မောင်သည်လည်း နားထင်နားရင်း ထူပူ၍သွားကာ ဟုန်းခနဲ ဒေါသမီးထပြီးမှ မုန်းစကိုတိုစေ၊ ချစ်စကိုရှည်စေ ဟူသောစကားကို တွေးမိကာ ဘဝင်းကို ရန်မူလိုသော စိတ်ကို ဖျောက်၍ ဒူးထောက်၍ လဲကျရာမှထလေ၏။ ဘဝင်းမှာ ဒေါသအရှိန်သည် မသေသေးဘဲ တဖုံးဖုံး ဆက်၍ထိုးပြန်လေရာ ခင်မောင်မှာ ဘဝင်း၏ လက်သီးလုံးများကို ရှောင်တိမ်းကာကွယ်နေရလေ၏။ ခင်မောင်မှာ အင်္ဂလိပ်လက်ဝှေ့သတ်ခြင်းကို ကောင်းစွာ နားလည်သူဖြစ်၍သာ ဘဝင်း၏ လက်သီးလုံးများကို ကာကွယ်နိုင်ပေရာ သာမညလူတစ်ဦး တစ်ယောက်သာဆိုလျှင် ဤတွင်ပင် အသက်ထွက်ကောင်း ထွက်ရပေမည်ဖြစ်ပေ၏။

MMCYBERMEDIA

ထိုသို့ ဘဝင်းက တဖုံးဖုံးထိုးသည်ကို ခင်မောင်က ရှောင်ရှားရင်းပင် ထိုးသံကြိတ်သံများကို ကြားသည့်အလျောက် အခန်းကပ်နေသော ကျောင်းသားများ ပြေးဝင်လာပြီးလျှင် "ဒီကိုလာကြဦးဗျို့ လာကြပါဦး" ဟုခေါ်သောကြောင့် သိန်းဖေနှင့်တကွ နောက်ထပ် ကျောင်းသားအချို့ ဝင်လာ၍ ဖြန်ဖြေပေးကြရလေ၏။ ဘဝင်းကာ အလွန်အမင်း ဒေါသကြီးနေလျက် ၎င်းတို့လက်တွင်းမှ အတင်းရုန်းကန်၍ ခင်မောင်ကို ထိုးသတ်ရန် ကြံပါသော်လည်း ဝိုင်းဝန်း၍ ချုပ်ထားကြသဖြင့် ၎င်းတို့လက်တွင်းမှ မလွတ်နိုင်ဘဲ၊ ရုန်းကန်ရင်းသာ ခင်မောင်အား လက်ညှိုးကြီး တထိုးထိုးနှင့် "ဒီအကောင် ပေါင်းဖို့ကောင်းတဲ့အကောင် မဟုတ်ဘူးဗျ။ ကျုပ်နဲ့ အင်မတန် ချစ်နေတာတောင် ကျုပ်နမကို သူကြံရက်တယ်။ ဒီကောင်မျိုးပေါင်းရင် ခင်ဗျားတို့ရှိတဲ့ နမတွေလည်း ကုန်လိမ့်မယ်။ အင်မတန် ယုတ်မာတဲ့လူ" ဟု ဆို၍ ရုန်းပြန်သဖြင့် သိန်းဖေက ဖက်ထားရင်း "ကိုဘဝင်း- ကိုဘဝင်း၊ သိပ်ခက်တာကိုးဗျ။ ဒေါသရှေ့မထားပါနဲ့ ပြောမှာကို နားထောင်ပါဦး" ဟု ဆိုလျက် ကုလားထိုင်တွင် အတင်း အထိုင်ခိုင်းလေ၏။

ခင်မောင်၏ အခန်းတွင်း၌ကား ကျောင်းသားများ ရှုပ်ထွေး၍ နေပြီးလျှင် အပေါက်ဝတွင်လည်း တစ်၍နေသောကြောင့် ကိုသိန်းဖေက တံခါးပိတ်လိုက်ရန် ပြောပြီးလျှင် ဘဝင်းအား "ကိုဘဝင်း ခင်ဗျား ဒီအကြောင်းတွေကို လျှောက်ပြီးပြောမနေပါနဲ့ ကိုယ့်ပေါင်ကိုယ်လှန်ပြီး ထောင်းသလို သာပြီး ရှက်စရာ ကောင်းဖို့ဖြစ်နေမှာပဲ၊ အခုဖြစ်တဲ့ ကိစ္စအရင်းခံကို ခင်ဗျားရှက်ပြီး မနေပါနဲ့၊ ခင်ဗျားလည်း ပညာတတ်တဲ့ လူတစ်ယောက်၊ စဉ်းစားဦးမှပေါ့။ သူ့နမကိုယ့်နမ လောကဓမ္မတာ ချစ်ကြကြိုက်ကြမှာပဲ။ ဒီလိုသာရှက်ရမယ် သဝန်တိုနေရမယ်ဆိုရင် လောကမှာ လူရယ်လို့ မရှိကြဘဲ ခင်ဗျားတို့ ကျွန်တော်တို့ ဒီလေကကြီးထဲ ရောက်လာမှာတောင် မဟုတ်ဘူး။ နို့သော်လည်း ဒီကိစ္စမှာ ကျွန်တော်တို့ကြားဝင်ပြီး ရှုပ်ဖို့ပြောဖို့မလိုဘူး။ ကျွန်တော်တို့ ဝတ္တရားက ကိုယ့်မိတ်ဆွေအပေါင်းအသင်းချင်း စိတ်မပျက်ဖို့ အရေးကို ဆောင်ရွက်ဖို့သာ ရှိပါတယ်။ ဒါကြောင့် ခင်ဗျားတို့နှစ်ယောက် ခါတိုင်း ချစ်ချစ်ခင်ခင် နေကြသလို ပြန်ပြီး တဲ့ကြဖို့ပဲ။ ကိုယ့်လူချင်းတွေပဲ ဘာဒေါသဖြစ်ဖို့ ရှိသလဲ၊ ဒါကြောင့် ခင်ဗျားတို့ အခုဖြစ်တာကို စိတ်ထဲမှာ အမှတ်မထားဘဲ တစ်ခါတည်းမေ့ပစ်လိုက်ကြပါ။ စိတ်ဆိုးဘို့လဲ မဟုတ်ပါဘူး။ ဒီလိုဖြစ်ရတာ ရှက်စရာတောင် ကောင်းသေးတယ်" ဟု ပြောပြီးနောက် "ကဲ မေ့လိုက်ပြီ မဟုတ်လား" ဟု စကား အဆုံးသတ်လိုက်လေ၏။

တစ်ခန်းလုံးရှိ ကျောင်းသားများသည် အားလုံး ငြိမ်သက်တိတ်ဆိတ်၍ နေကြကာ ခင်မောင့်မျက်နှာ ကြည့်လိုက် ဘဝင်းမျက်နှာ ကြည့်လိုက်နှင့် ရှိကြသည်မှာ အသံမထွက် စကားမပြောသော ရုပ်ရှင်ကား တီးလုံးတီးကွက်မသွင်းဘဲ ပြနေသကဲ့သို့ ရှိလေ၏။

ထို့နောက် သိန်းဖေက "ခင်ဗျားတို့ စိတ်မဆိုးကြပါနဲ့တော့။ ကိုင်း တစ်ယောက်လက် တစ်ယောက် နှုတ်ဆက်ပြီး မိတ်ဆွေပြန်ပြီး ဆက်ကြပါစို့" ဟုဆိုကာ "ကမ်းမွန် ကောလ် ဖရင်းစ်" ဟု ခေတ်ပညာတတ် ကျောင်းသားများ၏ ထုံးစံအတိုင်း မိတ်ဆွေပြန်၍လုပ်ရန် ပြော၍ ခင်မောင်၏ လက်ကိုဆွဲယူပြီး ဘဝင်း၏ လက်ကို ဆက်ပေးရန် ဘဝင်း၏ လက်ကိုဆွဲရာ၊ ဘဝင်းက ခါ၍ဖယ်လိုက်လေ၏။

"ဘယ့်နှယ်တုန်း၊ ခင်ဗျား မကျေသေးဘူးလား"

ဘဝင်းလည်း မတုန်မလှုပ် လုပ်နေလေသည်။

MMCYBERMEDIA

"ကဲ မကျေသေးရင် နှစ်ဖက်စိတ်ကျေအောင် သဘောတူ ဖဲ့ယားဖိုက်ထိုးပြီး မိတ်ဆွေခေါ်ကြ"
ဘဝင်းက "ကမ်းမွန် ချဲလင်း၍" ဟုသဘောတူ စိမ်ခေါ်လိုက်သောကြောင့် သိန်းဖေက "ကောင်းပြီ ခင်ဗျားတို့ ကျေနပ်လောက်အောင် ကျွန်တော် စီစဉ်ပေးမယ်" ဟု ဆိုပြီးလျှင် အခန်းတွင်းရှိ လူများအား "ဒီထဲမှာ ရှိတဲ့လူတွေ ဒီအကြောင်းကို ဘယ်သူမှ မသိပါစေနဲ့" ဟုမှာကြားပြီးလျှင် ဘဝင်းအား ဆွဲဖက်၍ ခေါ်သွားလေ၏။

၎င်းတို့ ထွက်သွားလျှင်ပင် အချို့လည်း လိုက်သွားကြရာ၊ ခင်မောင်သည် အခန်းထဲတွင် ကျန်သူများအား ထွက်ကြရန် တောင်းပန်ပြီးလျှင် တံခါးကိုပိတ်ထားလိုက်၍ ခုတင်ပေါ်တွင်ထိုင်ကာ ခြေတွဲလွဲချလျက် ဒူးပေါ်တထောင်တင် လက်ထဲတွင် မေးတင်ထောက်၍လည်းကောင်း၊ လက်နှစ်ဖက်ကြားတွင် ခေါင်းညှပ်ကာ ဆံပင်များထဲသို့ လက်ထိုး၍လည်းကောင်း၊ တွေဝေစဉ်းစားလျက် ဖြစ်ပျက်သမျှတို့ကို တွေး၍ အရှက်ကြီး ရှိမိရှာလေ၏။

ဘဝင်းကား အခန်းတွင်း၌မူကား ခင်မင်ရင်းနှီးသော ကျောင်းသားအချို့တို့သည် ဘဝင်းအား ဖျောင်းဖျချော့မော့လျက် ဖြစ်ပျက်သမျှ သိရှိသမျှ အဝဝတို့ကို မေ့ဖျောက်ပြီးလျှင် ချစ်ခင်ရင်း မပျက်ကြရန် ပြောဆိုနေကြလေ၏။

ခင်မောင်သည်ကား အခန်းထဲသို့ မည်သူ့မျှ အဝင်မခံ၊ သိန်းဖေလာ၍ တံခါးဖွင့်ပေးရန် ပြောသည်ကိုပင် အဝင်မခံဘဲ တွေးရှက်လျှက် များစွာ စိတ်ညစ်နေရှာလေတော့၏။

ကျောင်းဆောင်ထဲတွင် ရန်ဖြစ်သည်ဟူသော စကားကို အဆောင်မှူးသည် စကားသန့်သန့် ကြားရသဖြင့် စုံစမ်းရန် ရောက်လာလေ၏။ ခင်မောင်သည် တဒေါက်ဒေါက် အခန်းတံခါး ခေါက်နေသည်ကို ရုတ်တရက် မကြားသေးဘဲရှိပြီးမှ ခပ်ပြင်းပြင်း ခေါက်သံနှင့် တံခါးဖွင့်ပေးရန် ပြောသံကိုနောက်ထပ်ကြားရမှ အဆောင်မှူးဖြစ်နေသည်ကို သိရသဖြင့် တံခါးထဖွင့်ပေးပြီးလျှင် ရပ်၍ တွေနေလေ၏။

"ခုတင်က ရန်ဖြစ်တယ်ကြားတယ်။ ဘယ်လို ဖြစ်တာလဲ" ဟု ဆရာကမေးလိုက်ရာ၊ ခင်မောင်သည် အဖြစ်အပျက်ကို ပြောပြလိုက်လျှင် ဘဝင်းနစ်နာတော့မည်ကို တွေးမိသည့်အပြင် မိမိအပေါ်တွင် ဘဝင်းက မည်သို့ပင်နာကျည်းအောင်ပြောဆို ထိုးကြိတ်စေကာမူလည်း ချစ်ခင်ရင်း မပျက်သဖြင့် အဖြစ်ကိုမျိုသိပ်၍ ဘဝင်းကို ကာကွယ်ရန် "ဘာမှမဖြစ်ပါဘူး ဆရာ၊ ကျွန်တော်တို့ ပျော်နေကြတာပဲ" ဟု မျက်နှာထား မပျက်အောင် အထူးသဖြင့်ဟန်လုပ်၍ ပြောလိုက်လေ၏။

အဆောင်မှူးလည်း မယုံကြည်နိုင်သဖြင့် "ပြောပါ ဘယ်သူပဲ အပြစ်ရှိရှိ ပြောပါ၊ ဖုံးပြီးမထားပါနဲ့" ဟု ထပ်၍ မေးလိုက်သော်လည်း...
"ရန်မဖြစ်ဘူးဆိုတာကလွဲလို့ ကျွန်တော် ပြောစရာမရှိပါဘူး။ အခုဆရာမေးတာနဲ့ ပတ်သက်ပြီး ကျွန်တော် တခြားပြောစရာ မရှိပါဘူး။ ဒါပါပဲ" ဟုပြောလိုက်သောကြောင့် ဆရာလည်း မကျေမနပ်နှင့် ထွက်သွားရပြီးလျှင်၊ အခန်းချင်းကပ် ကျောင်းသားများကို မေးမြန်းရာ၊ သိန်းဖေမှာထားသည့်အတိုင်း "မသိဘူး" ဟု အားလုံးဘူးကွယ်ကြသဖြင့် အဆောင်မှူးမှာ ထိုကိစ္စနှင့် ပတ်သက်၍ မည်သို့မျှ အရေးမယူနိုင် ဖြစ်သွားလေ၏။

MMCYBERMEDIA

ယင်းသို့ဖြစ်ပြီးနောက် နှစ်ဦးနှစ်ဘက် ကျေချမ်းဖို့ရန်မှာ "ဖဲယားဖိုက်" ထိုးသတ်၍ လက်ဆွဲနှုတ်ဆက် မိတ်ဖက်ခေါ်ရန် ရှိသည့်အတိုင်း သိန်းဖေတို့လည်း ကြိတ်၍ကြံပြီးလျှင် လူသူအသိကင်းရှင်းသည့် အချိန်တွင် ကစားရုံတွင် အင်္ဂလိပ် လက်ဝှေ့ထိုးရန် စီမံရပြန်လေ၏။

လက်ဝှေ့သတ်သော စည်းဝိုင်းထဲသို့ ခင်မောင်နှင့် ဘဝင်း ဝင်လိုက်ကြရာတွင် အသိမိတ်ဆွေရင်းထဲက လာရောက် ကြည့်ကြသူများတွင် တထိတ်ထိတ် ရှိကြလေ၏။ ခင်မောင်သည်ကား ကစားမျိုးစုံ ကျွမ်းကျင်သူဖြစ်သည့်အလျောက် လက်ဝှေ့ထိုးခြင်း၌ ဆု၊ တံဆိပ်၊ ဖလား ရရှိထားသူတစ်ယောက် ဖြစ်ခြင်းကြောင့် ယခင်အညှိုးနှင့် ဘဝင်းအား အမေ့အလဲ ထိုးလေမည်လောဟု တွေးတောစိုးရိမ်မိလေ၏။

"ဘောက်စ, အွန်"
လက်ဝှေ့ဒိုင်လုပ်သူက အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက် ကြည့်နေကြသူများမှာ အသက်မရှူမိအောင် စိုက်၍ ကြည့်နေလေ၏။ အနိုင်အထက် ယှဉ်ပြိုင်ကစားသောပွဲမျိုး မဟုတ်သဖြင့် တဖက်ဖက်ကို အားပေး အားမြှောက်မပြုရသည့်အပြင် အထိုးအသတ် မကြမ်းမရမ်းဘဲ မျှမျှတတ ကစားကြသည်ကို ကြည့်နေကြရခြင်းဖြင့် ဆိတ်ငြိမ်ခြင်းသည် လွှမ်းမိုးလျှင် ရှိနေတော့၏။

ဒိုင်နှစ်ယောက်လည်း မိမိတို့ ဆက်ထားသော လက်များကို ဖြုတ်လိုက်ကာ ရှောင်၍ပေးလိုက်သည်တွင် ဘဝင်းသည် ရှေ့သို့တက်ကာ ခင်မောင်အား အားရပါးရ တဖုံးဖုံးတီးလေ၏။ ခင်မောင်သည် မည်သို့မျှ မခုခံ မကာကွယ်ဘဲ ခံ၍နေပြီး ဘဝင်း၏ လက်သီးချက် အတန်တန်များမှ တချီထိုးလှန်လိုက်ရာ၊ ဘဝင်းမှာ စိုက်၍ ကြိုးတန်းပေါ်တွင် လဲလေ၏။ ဘဝင်းလည်း ရှက်သည့်ဒေါသဖြင့် ခင်မောင်အား ပူး၍လျှင်မြန်စွာ ထိုးလေရာ "ဘရိတ်" ဟု ဒိုင်လုပ်သူ ခွါခိုင်းသည့်တိုင်အောင် ထိုးနေသဖြင့် ဆွဲ၍ခွါ ရှင်းပေးရလေ၏။

သိန်းဖေလည်း ကြိုးဝိုင်းထဲသို့ ဝင်လာကာ "တော်ပြီ၊ တဖက်သတ်ဖြစ်နေတယ်။ တော်ဖို့ ကောင်းပြီ မဟုတ်လား" ဟု ကြည့်နေသူများအား မေးရာ "တော်သင့်ပြီ" ဟု ဖြေသည့်အလျောက် ဘဝင်းအား "ကျေနပ်ပြီလား" ဟု မေးရာ၊ ဘဝင်း လုံးဝမကျေနပ်သည့်အလား ဖြည်းညင်းစွာ ခေါင်းညိတ်သဖြင့် ခင်မောင်အားမေးပြန်ရာ "ဘယ်အခါမဆို ကျေနပ်ပါတယ်" ဟုဆိုသောကြောင့် ၎င်းတို့ လက်စွပ်အိတ်များကို ချွတ်ခိုင်းပြီးလျှင် လက်ဆွဲနှုတ်ဆက်စေလေ၏။

ခင်မောင်က မိမိ၏လက်ကို ဦးစွာဆန့်တန်းပေး၍ ဘဝင်းလည်း ဆွဲကိုင်လိုက်ပြီးလျှင် နှစ်ဦးသံပြိုင် "ဖရင်းစ်" ဟု ခေါ်ကြသည်တွင် ဝမ်းမြောက်သော အထိမ်းအမှတ်အဖြစ် လက်ခုပ်တီးကြလေ၏။

ထို့နောက် တစ်ယောက်တစ်ဖက်စီ ဝိုင်းဝန်း၍ ချွေးများသုတ်ပေးကာ အဝတ်အစားများ ဝတ်ပေးကြပြီးနောက် ပြန်ခဲ့ကြလေရာ ခင်မောင်နှင့် ဘဝင်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်မကြည့် စကားလည်းမပြောဘဲ အတူတူယှဉ်၍ ကျောင်းသို့ပြန်ခဲ့ကြလေ၏။

•••

MMCYBERMEDIA

(၈)

ခင်မောင်နှင့် ဘဝင်းတို့ကို ချစ်ခင်သော မိတ်ဆွေများအဖြစ် ပြန်လည်၍ ဖြစ်ကြရန် သိန်းဖေစသော မိတ်ဆွေများက ကြိုးစားပြီး ဆောင်ရွက်ခြင်းတွင် တစ်ယောက်နှင့် တစ်ယောက် အမျက်ပြေသော အခြေအနေသို့ ရောက်ရှိစေခဲ့သော်လည်း အရှက်မပြေနိုင် ရှိကြသေးသည့်အတွက် တစ်ယောက်နှင့် တစ်ယောက် မခေါ်ရဲ မပြောရဲ ရှိကြလေသေး၏။

ခင်မောင်သည်ကား စတင်၍ ဖြစ်သည့်အချိန်မှစ၍ ဘဝင်းအပေါ်တွင် မည်သို့မျှ အမျက်မထားခဲ့ပေ။ နမနှင့်ပတ်သက်၍လာလျှင် ရှက်ကြမည်မှာ ဓမ္မတာပေပဲဟု နှလုံးပြုကာ မိမိအပေါ်တွင် မလိုမုန်းထား၍ မဟုတ်ဘဲ ရှက်ရမ်း ရမ်းမိရှာပေသည်ဟု ကိုယ်ချင်းစာ သဘောဖြင့် ဘဝင်းအပေါ်တွင် မည်သို့မျှ မကောင်းသောစိတ် မထား။ ချစ်ခြင်းမပျက်ဘဲလျှက်ပင် ရှိသော်ငြားလည်း ဖြစ်ခဲ့သမျှကို ဝမ်းနည်းမိကာ ရှက်လည်းရှက်လှသဖြင့် အခေါ်ရအပြောရ ခက်နေလေ၏။

ဘဝင်းမူကား နမအတွက်လည်း ရှက်၊ ဖြစ်ရသည့်ကိစ္စအတွက်လည်း ရှက်လျက် ခင်မောင်၏ အတွေ့အမြင်ကိုမျှ မခံရဲဘဲရှိလေ၏။ ခင်မောင်နှင့် ၎င်းမှာ ထမင်းတစ်ပွဲတည်း စားသူများဖြစ်သဖြင့် မျက်နှာခြင်း မဆုံလိုသောကြောင့် ခင်မောင်စားချိန်တွင် ရှောင်တိမ်းနေ၍ ခင်မောင်မရှိသည့်အခါမှ ဝင်၍စားလျက်၊ ကျောင်းတက်ကျောင်းဆင်း၊ သွားလာရင်းလည်း အတွေ့မခံ။ တွေ့ပြန်လျှင်လည်း မမြင်ဟန်ပြုလျက် နေလေ၏။ သို့သော်... ဘဝင်း၏ ဒေါသဖြစ်ခြင်းသည်ကား မီးလောင်သော အိမ်ကို ရေဖြန်းငြိမ်းသတ်လိုက်သော်လည်း အရှိန်တငွေ့ငွေ့ ရှိသကဲ့သို့ ရှက်စရာအဖြစ်ကို တွေးမိရင်း တဖြင်းဖြင်းထ၍ နေလေ၏။

သို့နှင့် ခင်ဆွေနှင့် ခင်မောင်တို့ ချစ်ကြိုက်လျက် ရှိကြခြင်းကို ပိတ်ပင်လိုသောစိတ်ဖြင့် ကျောင်းတွင် ခင်ဆွေနှင့် တွေ့ဆုံသည့်အခါ အကျိုးအကြောင်း ပြောပြဆုံးမရန် စာကြည့်တိုက်သို့ ခေါ်၍တွေ့လေ၏။ ထိုအခိုက်တွင်ပင် ခင်မောင်လည်း ရောက်၍လာလေရာ ၎င်းတို့ကို မြင်လိုက်သည်နှင့် တပြိုင်နက် ရှောင်တိမ်း၍ ထွက်ခဲ့ရလေ၏။

ဘဝင်းလည်း ခင်ဆွေအား များစွာရှက်လောက်အောင် ပြောပြပြီးလျှင် ကျောင်းတွင် စာသင်နေခိုက်၊ ဤကဲ့သို့သော စိတ်မျိုးကို ဖယ်ရှားရန်ပြော၍ ထိုကိစ္စနှင့်ပတ်သက်၍ နောက်ထပ် ကြားသိရမည်ဆိုလျှင် ကျောင်းသို့ ဆက်လက်၍ မထားရန် အိမ်သို့တိုင်စာ ရေးမည့်အကြောင်းနှင့် ယခုလည်း ခင်မောင် အပေါ်တွင်ထားသောစိတ်ကို ဖြတ်လိုက်ပြီးလျှင် ထိုသို့ဖြတ်လိုက်ကြောင်းကို ခင်မောင်အား ဖြတ်စာပေးလိုက်ရန် ပြောရာ... ခင်ဆွေမှာ ဝမ်းနည်းလှိုက်ဆို့၍လာလျက် ခေါင်းငုံ့၍ နားထောင်ရင်း မျက်ရည်များဝဲကာ မျက်ရည်ဥများသည် ပါးပြင်ပေါ်တွင် လိမ့်ဆင်း၍လာလေသည်။

ခင်မောင်လည်း သိန်းဖေကို တွေ့အောင်ရှာပြီးလျှင် တွေ့သည်နှင့် တပြိုင်နက် "သူတို့ မောင်နမတော့ 'လိုက်ဘရေရီ' ထဲမှာ တိုးတိုး တိုးတိုးနှင့် ဘာတွေပြောနေကြသလဲ မသိဘူး" ဟု ပြောလေ၏။

"သူ့နှမကြိတ်ပြီး ဆုံးမနေတာ ဖြစ်တော့မပေါ့"
"လာဗျာ သူတို့အရိပ်အကဲ ကြည့်ရအောင်" ဟုဆိုကာ စာကြည့်တိုက်သို့ သွားကြလေ၏။

MMCYBERMEDIA

သူတို့သည် ဘဝင်းနှင့် ခင်ဆွေတို့ လူသူရှင်းသော နေရာတွင် ကြိတ်၍ပြောဆိုလျက် ရှိသည်ကို တွေ့ကြလေ၏။ ခင်ဆွေမှာ ယိုစီးကျလာသော မျက်ရည်များကို ဘဝင်းတွေ့ရသောအခါ စိတ်ထဲတွင် သနားကြင်နာ မပြောရက်သကဲ့သို့ပင် ရှိရှာလေ၏။ ချောင်းမြောင်း ကြည့်ရှုမြင်တွေ့နေရသော ခင်မောင်မှာ ခင်ဆွေမျက်ရည်ကျသည်ကို မြင်ရခြင်းဖြင့် မရိုမဆန့် ဖြစ်မိရှာလေ၏။ ခင်ဆွေလည်း မျက်ရည်သုတ်လျက်...
"ဆွေဆွေတို့ အဖြစ်အပျက်လည်း ကိုကိုသိနေပြီဟာမို့ ဆွေဆွေလည်း မရှက်နိုင်တော့ပါဘူး၊ ဒါပေမဲ့ ဆွေဆွေ တစ်ခု ပြောချင်တာက ကိုခင်မောင်ဟာ မတော်မလျော် ကြံစည်တဲ့သဘောနဲ့ ချစ်တာမဟုတ်ဘဲ မေတ္တာစစ်နဲ့ ချစ်တာပဲလို့ ဆွေဆွေယုံပါတယ်။ နို့ပြီးတော့ ကိုခင်မောင်ဟာလည်း ဆွေဆွေတို့နှင့် မတူမတန်တာလည်း မဟုတ်ပါဘူး။ သူ့သဘောလည်း ကိုကိုဝင်းသိတဲ့ အတိုင်းပါပဲ။ ကိုကိုဝင်းနဲ့လည်း အင်မတန်ချစ်ခင်ကြတာပဲ။ သူဟာ ကောင်းတယ် ဆိုးတယ်ဆိုတာ သိပြီးသာပဲ မဟုတ်လား။ ဒါနှင့်မှ ကိုကိုဝင်း ဆွေဆွေတို့ အချစ်ကို ဖြတ်မယ်ဆိုလျှင်" ဟု ပြောရာက လည်တိုင်တွင် ဝမ်းနည်းလုံးဝင်ဆို့လာကာ ရှေ့သို့ဆက်၍ မပြောနိုင်ဘဲ စကားပြတ်၍ သွားရာမှ...
"အို... ရှည်ရှည်မပြောချင်ဘူးကွယ်။ နင်ဟာ မိန်းကလေး ရှက်ဖို့လည်း ကောင်းတယ်။ ကျောင်းမှာ စာသင်တဲ့အခါမှာ ဒီစိတ်မျိုးကို မထားရဘူး။ ကိုကိုဝင်းလည်း သိပ်ပြီးရှက်တယ်။ ဒါပဲ ကိုကိုဝင်းပြောတဲ့အတိုင်း လုပ်ဆိုတာပဲပြောလိုက်မယ်။ ဒါနောက်ဆုံးပဲ" ဟု ဆို၍ ထွက်သွားသဖြင့် ခင်ဆွေလည်း တွေး၍ကျန်ရစ်ခဲ့လေ၏။

ထို့နောက် ခင်ဆွေလည်း ထွက်၍လာခဲ့ရာ ခင်မောင်လည်း ခင်ဆွေမြင်အောင်လျှောက်၍ လာသော်လည်း ခင်ဆွေသည် မမြင်ယောင်ဆောင်လျှက် မျက်နှာလွှဲကာ ညှိုးငယ်စွာ ရင်ဆိုင်ဖြတ်လျှောက်သွားသဖြင့် ခင်မောင်မှာ ငေးမောတွေဝေကာ မလှုပ်မရှားရပ်၍နေသည်ကို သိန်းဖေမြင်ရသဖြင့် ၎င်းအနီးသို့ ကပ်သွားလေ၏။

"လာပါဗျာ၊ ကျွန်တော်ပြောတဲ့အတိုင်းပါပဲ။ ဝမ်းမနည်းနဲ့တော့ဗျာ။ ဖြစ်သမျှအကြောင်း အကောင်းချည့် သဘောထားပြီး၊ ဒီစိတ်တွေတစ်ခါတည်း ဖျောက်လိုက်ပါတော့"
"ခက်ပြီ ကိုသိန်းဖေ၊ သိပ်ခက်တော့တာပဲ။ ကျွန်တော်တော့ သေရလိမ့်မယ်။ ကိုဘဝင်းကဖြင့် ခွဲလိုက်ပြီပေါ့ဗျာ။ ခွဲလိုက်ပြီပေါ့"

ခင်မောင်သည် မိမိ၏အခန်းတွင်းသို့ ပြန်ရောက်သောအခါ ထိုင်ယောင်ထယောင် ပြေးမည့်ယောင်ဖြင့် ကယောင်ချောက်ချား ရပ်နားဆောက်တည်မရဘဲ ဖြစ်နေရှာပြီးနောက် ခုတင်ပေါ်တွင် ကိုယ်ကို ပစ်လှဲကာ လူးလှိမ့်၍ နေလေတော့၏။ အခါတိုင်း၌ ကျောင်းဆောင်အတွင်းဝယ် အပျင်းပြေ တီးမှုတ် သီဆိုကြသော တယောသံ၊ တေးသံတို့သည် ခင်မောင်အား နှစ်သိမ့်ခြင်း ဖြစ်စေခဲ့သော်လည်း ယခုမူ ခွေးအူသံလောက်မျှ ခင်မောင်၏နားဝယ် သာယာခြင်းမရှိဘဲ။ မချိခြင်းကို ပိုမိုဖြစ်ပေါ်အောင် ဖန်တီးသကဲ့သို့ ရှိရှာလေ၏။

ကျောင်းသားတို့သည် ကြံဖန်တီတွင် သီဆိုတတ်သည့် အတိုင်း "အင်းယားကန်ကြီး ကွယ်ကာဆီးတောင် မောင်ကြီး ဘယ်တော့ မမေ့ဘူးကွယ်။ ဘယ်သူရယ် ဘယ်ဝါရယ်၊ ဖျက်လာတောင် မပျက်ဘူးကွယ်" စသည်ဖြင့် ပြုပြင်သီဆိုကာ တစ်ယောက်လှည့်စီ အဆိုတလှည့် အတီးတလှည့်ဖြင့် ချွဲချွဲပြစ်ပြစ် ပြုလုပ်ကြရာ ထိုအသံများသည် ခင်မောင်အား နားမချမ်းသာအောင် ပြုလုပ်ပေးသကဲ့သို့ ရှိနေသောကြောင့်

MMCYBERMEDIA

ခင်မောင်သည် တစ်ကျောင်းလုံးရှိ တယော၊ မင်ဒိုလင်များကို ရိုက်နှက်ချိုးဖဲ့ဖျက်ဆီးပြီးလျှင် သီချင်းဆိုသူတို့၏ ပါးစပ်ကိုအဝတ်နှင့် ပိတ်ဆို့၍သာလျှင် ထားလိုတော့၏။

ခင်မောင်အား အားပေးဖြေဖျော်မည့်သူဟူ၍ သိန်းဖေ တစ်ဦးတည်းသာ ရှိသော်လည်း ယင်းသို့ သာယာဘွယ် တီးမှုတ်ကြသည်ပင် သာယာခြင်း မဖြစ်သူတစ်ဦးအား မည်သည့်နည်းနှင့်မျှ သိန်းဖေမှာ ပျော်ရွှင်အောင် မတတ်နိုင်တော့ဘဲ၊ လက်လျှော့ကာသာလျှင် ခင်မောင်ကို ကြည့်ပြီး သနားမိလေ၏။

ခင်မောင်၏ဖြစ်ပျက်ပုံကို မြင်ရသူတိုင်း စိတ်မချမ်းသာစရာ ကောင်းသလောက် ခင်ဆွေကိုလည်း သနားစဘွယ် အခြေဖြင့် တွေ့ရလေ၏။ စိတ်တင်းမာ ခိုင်ခန့်သော ယောကျ်ားသားပင်လျှင် မရွှင်ခွေနုံး ပူမဆုံးရှိလေရာ မိန်းမသားခများမှာမူ ခင်မောင်အား "ဖြတ်လိုက်ပါတော့" ဟူသော စာကို မနည်းအားထုတ်လျက်ပင် ရေး၍မဖြစ်နိုင်ပဲ ရေးရမည်ကိုပင်၊ ငိုချင်ပက်ကျိ၊ မချိတင်ကဲရှိလှသဖြင့် ရေးနေသော စက္ကူပေါ်တွင် မျက်ရည်များ တစ်ပေါက်ပြီးတစ်ပေါက် ကျရှာမိသည်ကိုပင်တွေ့ရသော တိုးတိုးဖော် မသန်းတင်မှာ ကိုယ်ချင်းစာနာလျက် ကိုယ်တိုင် ခံစားရသကဲ့သို့ သနားရှာလှလေ၏။

"မသန်းတင် ကျွန်မ ဒီစာကို ဘယ်လိုလုပ်ပြီး ရေးရပ့ါမလဲ၊ ဒီစာကိုရေးပြီး ဖြတ်လိုက်ရရင် ကျွန်မအသဲတွေ ပြတ်တော့မှာပဲ မသန်းတင်ရယ်။ ဘယ်လိုကြံရပ့ါမလဲ၊ ကျွန်မသူ့ကို တစ်သက်လုံး မပြတ်နိုင်ဘူး" ဟု ဆိုရာ မသန်းတင်သည် ချော့မော့ယုယစွာဖြင့် မျက်ရည်သုတ်ပေးရင်း...
"ကျွန်မလဲ ဒီကိစ္စကိုတော့ဖြင့် မကြံတတ်ဘူးဆွေဆွေ။ တစ်ခါမှ မကြံဘူးတော့ အပြောရခက်တယ် ဆွေဆွေရဲ့၊ ကျွန်မလည်း ဆွေဆွေ့အစား စိတ်မကောင်းပါဘူး" ဟု ပြောလိုက်သဖြင့် ခင်ဆွေလည်း ရေးနေသော စက္ကူပေါ်သို့ မျက်နှာမှောက်ကာ တရှုံ့ရှုံ့ ငိုချလိုက်လေ၏။

"အစက ဒါလောက်ဖြစ်လိမ့်မယ် မထင်ဘူး မသန်းတင်ရယ်။ အခုတော့ဖြင့် ရှက်လည်းမရှက်နိုင်ဘူး။ ကျွန်မတော့ဖြင့် ရူးတော့မှာပဲ" ဟု ခေါင်းငုံ့၍ငိုရင်းက ပြောနေသဖြင့် မသန်းတင်လည်း ခင်ဆွေအား အသာအယာထူမ၍ ပေးကာ...
"သတိထားပါဦး ဆွေဆွေရယ်။ ဟိုဘက်ခန်းက ကြားကုန်ပါဦးမယ်။ မငိုပါနဲ့၊ ဆွေဆွေငိုနေတာ မြင်ရလျှင် ကျွန်မလည်း ဝမ်းနည်းပြီး ငိုမိလိမ့်မယ်" ဟု ပြောမှ ခင်ဆွေလည်း စိတ်ကို အနိုင်နိုင်တင်းကာ မျက်ရည်ပေါက်များ စိုရွှဲလျက်ရှိသော စက္ကူပေါ်တွင်ပင် ခင်မောင်အား ပေးရန်စာကို တစ်လုံးစီ မနည်းစီ၍ ရေးရလေ၏။ ရေးရင်းပင် မျက်လုံးများသည် ပြာဝေ၍လာပြီးလျှင် ဖေါင်တိန်ကို ကိုင်ထားသော လက်သည်လည်း တုန်ရီလျက် ရေး၍မရနိုင်အောင် ရှိလေ၏။

သို့နှင့်ပင် တစ်လုံးပြီးတစ်လုံး စာတိုတိုနှင့် ဆုံးသွားသည်နှင့် တပြိုင်နက် "ဒီစာ နောက်ဆုံးပဲ မသန်းတင်ရဲ့" ဟုဆိုကာ စာရွက်ကို မျက်နှာတွင်အပ်ကာ တရှုံ့ရှုံ့ ရှိုက်နေပြန်သောကြောင့် မသန်းတင်မှာ ခင်ဆွေကို ပွေ့ဖက်၍ ခုတင်ပေါ်သို့ခေါ်ကာ အတူထိုင်ပြီးလျှင် အတွင်သာ ချော့မော့ရလေ၏။

ထိုရေးလိုက်သော စာကလေးသည် နောက်တစ်နေ့တွင် ပုဂံကျောင်းဆောင်သို့ ရောက်သွားကာ အခြားစာများနှင့် ရောယှက်လျက် ကောင်တာပေါ်တွင် စာပို့ကုလား တင်သွားသည်ကို သိန်းဖေတွေ့၍ ခင်မောင်ထံသို့ ယူခဲ့လေ၏။

MMCYBERMEDIA

"ကိုခင်မောင်၊ ဟောဒီမှာ ခင်ဗျားစာ" ဟုဆို၍ ခင်မောင်အား ပေးလိုက်ရာ ခင်မောင်လည်း လက်ရေးကို ဦးစွာကြည့်လိုက်ရာ ခင်ဆွေ၏စာ ဖြစ်သည်ကို တွေ့ရသဖြင့် နှလုံးသွေးများခုန်ပြီးလျှင် တုန်တုန်ရီရီနှင့် ဖွင့်လိုက်လေ၏။

သိန်းဖေလည်း ခင်မောင်နှင့် ယှဉ်ကပ်၍ စာကိုကြည့်လိုက်ရာ...

*ကိုကို*

*ကိုကိုနှင့် ခင်တို့၏မေတ္တာသည် ဤအချိန် ဤအခါတွင် ဤမျှသာတည်တန့်ရန် ကံစီမံဖန်တီး၍ ထားခဲ့ပြီး ဖြစ်ပါသဖြင့် ဤတွင်ပင် ဆုံးခန်းသို့ ရောက်ပါပြီ။ သို့ပါ၍ ဤနေ့မှစပြီးလျှင် ယခင်ဖြစ်ပျက်သမျှကို ကုန်လွန်ခဲ့သော နေ့များနှင့်အတူ မေ့လျော့ပစ်လိုက်ပြီးလျှင် ချစ်ခင်ရင်း မပျက်သေးပါက မောင်ရင်း နှမကဲ့သို့သာလျှင် ချစ်ခင်သဘောထားပါရန် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းလျက်နှင့် ဤစာရေး၍ တောင်းပန်လိုက်ပါသည်။*

*ဖြတ်လိုက်ပါတော့ ကိုကို၊ ဖြတ်လိုက်ပါတော့။*

*ခင်*

ဟူသောစာကို တွေ့ရသည်တွင် ခင်မောင်၏မျက်နှာကို ကြည့်လိုက်ရာ တခါတည်းမဲ၍သွားသည်ကို တွေ့ရပြီးနောက် မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းကျလာတော့မည်ကဲ့သို့ ပြူးကျယ်သော မျက်လုံးဖြင့် တစ်စုံတစ်ရာကို ကြောင်တောင်ငေးစိုက် ကြည့်နေရာက အသက်ရှူ ပြင်းထန်လျင်မြန်လာလျက် တကိုယ်လုံး တဆတ်ဆတ်တုန်ရီလျက် ဖြုန်းခနဲထကာ အံဆွဲကို ပြေး၍ဖွင့်သည်ကို တွေ့လိုက်ရသဖြင့် သိန်းဖေမှာ ရုတ်တရက် အံ့အားသင့်ပြီး ငေးကြည့်နေမိလေ၏။

သို့ကြည့်နေခိုက် ခင်မောင်သည် အံဆွဲထဲမှ တစ်စုံတစ်ရာကို ထုတ်ကာ "မနေဘူး၊ ကျွန်တော် ဒီကမ္ဘာကြီးမှာ မနေတော့ဘူး" ဟုဆိုလျက် ဓါးမြှောင်ကို အိမ်မှ ဆွဲနှုတ်လိုက်သည်ကို တွေ့ရသောကြောင့်...
"ကိုခင်မောင် ကိုခင်မောင်၊ ဘာလုပ်တာလဲ" ဟု ပြာပြာသလဲ မေးမြန်းရင်း ဓါးကို ပြေးပြီးလုလိုက်တော့မှ ခင်မောင်လည်း ဓါးကိုလွှတ်လိုက်ပြီးလျှင် အားအင်ကုန်ခမ်းသွားသူကဲ့သို့ ပျော့ခွေယိမ်းယိုင်ကာ ကုလားထိုင်တွင် ကိုယ်ကိုပစ်၍ ထိုင်လျက် ခေါင်းငိုက်၍ ကျသွားလေ၏။

"ကိုခင်မောင် ခင်ဗျား ဘယ့်နှယ်လုပ်တာတုန်းဗျ။ ခင်ဗျားတို့ ကျွန်တော်တို့ဟာ ငယ်ကြတဲ့ လူတွေမှ မဟုတ်ဘဲနဲ့ဗျာ။ ဒါလောက် အချစ်ကလေးနဲ့ အခုလောက် စိတ်ညစ်ဖို့ မဟုတ်ပါဘူး။ နည်းနည်းလည်း စဉ်းစားဉာဏ်ယှဉ်ပြီး ဆင်ခြင်ဦးမှပေါ့"

ခင်မောင်သည် သိန်းဖေပြောသည့်စကားကို မကြားနိုင်ဘဲရှိကာ မှိုင်တွေစူးစိုက်နေရာမှ ရှေးက အဖြစ်အပျက်ကို တွေးတော သတိရဟန်ဖြင့် အံဆွဲထဲမှ စာအိတ်ကလေးကို ထုတ်ကာ ထိုစာအိတ်ကို ဖွင့်ချလိုက်ရာ အစိတ်စိတ်အမွှာမွှာ စုတ်ပြတ်နေသော ခင်ဆွေ၏ လက်ဦးဆုံးပေးစာ စာရွက်ကလေးများသည် စားပွဲပေါ် သို့ ပြန့်ကြဲ၍ ကျလာလေ၏။

ခင်မောင်သည် ထိုစာရွက် အပိုင်းအစကလေးများကို တွေဝေ၍ ကြည့်ကာ မျက်ရည်များလည်လျက် "ကိုသိန်းဖေ၊ ခင်ဗျား မသိဘူး ကိုသိန်းဖေ။ ကျွန်တော် အချစ် ဘယ်လောက်ကြီးသလဲဆိုတာ ရင်ခွဲပြလိုက်ချင်တယ်" ဟု ပြောရာက ဝမ်းနည်းသံပါလာကာ "ချစ်လျက်နဲ့ ကွဲရပြီ ကိုသိန်းဖေ။

MMCYBERMEDIA

ဒီစာရွက်ကလေးတွေ အစိတ်စိတ်ပြဲကတည်းက ကွဲရတော့မယ်ဆိုတာ ကျွန်တော် သိသားဗျ” ဟုဆိုရင်း ပြဲစုတ်နေသော စာရွက်ကလေးများကို ကြုံး၍သိမ်းကာ လက်ချုပ်ထဲတွင် ဆုပ်ကိုင်ဖျစ်ညှစ်ရင်း ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်း၏ အဟုန်ဖြင့် မျက်ရည်ကိုမဆည်နိုင်ဘဲ ရှိသောကြောင့် အမြဲပျော်ရွှင်ရယ်နေတတ်သူ သိန်းဖေပင်လျှင် ခင်မောင်၏ မျက်နှာကိုကြည့်ရင်း ဝမ်းနည်းလုံးဆို့ကာ ညှိုးငယ်၍ သွားလေ၏။

အမျက်ထွက်စဉ်အခါတွင် အကျိုးအပြစ်ကို မမြော်မမြင် မဆင်ခြင်တတ်ကြခြင်းမှာ ဓမ္မတာအတိုင်းပင် ဖြစ်ကြ၍ ဘဝင်းသည် ရှက်ဒေါသဖြင့်သာ ခင်မောင်၏ အပေါ်တွင် အချစ်ကြီးသလောက် အမျက်ကြီးခဲ့လျှက် အမှားအမှန် မဆင်ခြင် မတွေးတောနိုင်ဘဲ ပြုမိရာပြုခဲ့ပြီးမှ တစတစ အမျက်ပြေ၍ လာသောအခါ မိမိမှားယွင်းခြင်းများကို တွေးမိကာ နောင်တရမိနေလေ၏။

လူမှန်လျှင် တစ်သက်တစ်ကိုယ်တွင် ဝက်သက် ကျောက်ဖြူစသည်တို့ ပေါ်ပေါက်ခံစားမြဲအတိုင်း အချစ်တည်းဟူသော ရောဂါကိုလည်း ရှောင်လွဲမရ ပေါ်ပေါက်ကြရမည်မှာ ဓမ္မတာဖြစ်သည့်အလျောက် ထိုရောဂါ၏ ပြန့်ပွားကူးစက် မေတ္တာယှက်သွယ်ကြခြင်းကို မည်သူမှ တားဆီးပိတ်ပင် ကြားဝင်၍ရှုပ်ရန် အလုပ်မဟုတ်။ သူသူ ငါငါ ချစ်ကြိုက်သည့် အစဉ်အလာကို ရှက်စရာမဟုတ်။ သို့ဖြစ်သည့်အလျောက် ခင်မောင်နှင့် မိမိနှမ ချစ်ကြိုက်ကြသည်ကို မိမိသည် မည်သို့သောအကြောင်းကို ရှာ၍မျှ ခင်မောင့်အပေါ်တွင် ဒေါသအမျက် စိတ်ထွက်လက်ရောက်ပြုရန် မရှိဖြစ်ပြီးလျှင် ၎င်းတို့ ချစ်ကြိုက်ကြသည်ကို မိမိသိရှိက ထိုသို့သိရှိခြင်းကို ကိုယ့်စိတ်တွင်ပင်ထား၍ မိမိမနှစ်သက်လျှင် မနှစ်သက်သည့်အလျောက် ခင်ဆွေကိုသာ တိတ်တိတ်ကြိတ်၍ ဖိနှိပ်ဆိုဆုံးမဖို့ရန်သာ ရှိသည်ဟု တွေးတောဆင်ခြင်မိကာ ငါမှားလေစွဟု သတိတရား ဖြစ်မိလေ၏။ သို့စဉ်းစားမိသည့်အလျောက် မိမိ၏ ဒေါသရှေ့ဆောင်ခြင်းဖြင့် ချစ်ခင်ရေးမိတ်ပျက်ရသည်ကို တွေးမိကာ များစွာ ဝမ်းနည်းမိပြန်လေ၏။

ခင်မောင်၏ စိတ်တွင် “ဘဝင်းသည် မိမိတို့၏ ချစ်ကြိုက်ကြခြင်းကို သိပြီဖြစ်လေရာ ဘဝင်းသည် ထိုစာကို တွေ့ရှိဖတ်ရှုနေစဉ် အခန်းတွင်းသို့ မိမိဝင်၍မလာမိချေက ၎င်း၏စိတ်တွင်းသာ မျိုသိပ်လျက် မသိသည့် အနေဖြင့်သာ နေလိုက်မည်ဖြစ်ပေမည်။ ယခုမူ ဘဝင်းဖတ်ရှုတွေ့မြင် သိရှိစဉ်တွင် မိမိဝင်၍ လာခဲ့မိပြီဖြစ်ရာ ဘဝင်းမှာ မိမိတို့၏ အကြောင်းသိရှိပြီကို မိမိတွေ့ရှိပြီးဖြစ်လျက် ငြိမ်၍နေရမည်ဆိုက နှမနှင့် လွှတ်ပေးရာသို့ ကျရောက်လာမည်က တစ်ကြောင်း၊ ရှတ်တရက် ရှက်မိသည်က တစ်ကြောင်း၊ ယင်းသို့သော အကြောင်းများကြောင့် ရှက်ရမ်းရမ်းခြင်းပင် ဖြစ်ရှာသည်” ဟု နှလုံးပြုကာ ဘဝင်းအပေါ်တွင် စိတ်မဆိုးဘဲ မိမိသည် ခင်ဆွေပေးသော စာများကို ပေါ့ပေါ့ဆဆ ထားသိုမိခြင်းကိုသာ မိမိကိုယ်ကို မိမိ အပြစ်တင်မိလေ၏။

သို့အားဖြင့် ခင်မောင်မှာ ဘဝင်းအပေါ်တွင်လည်း စိတ်မဆိုး၊ ခင်ဆွေကိုလည်း စိတ်မနာဘဲ၊ ဖြစ်ပျက်ရခြင်းကိုသာ ဝမ်းနည်းလျက် ချစ်ကြလျက် ကွဲကွာ ပြတ်စဲရမည့်အရေးကို တွေးမိတိုင်း မချိဘဲ၊ နေ့စဉ်နှင့်အမျှ ကျိတ်မှိတ်ပူဆွေးမိကာ ကျောင်းတက်သည့်အခါတွင်လည်း စာသင်၍မရ၊ ပြောသမျှကို မကြားနိုင်၊ ရေးသမျှကို မမြင်နိုင်၊ ငေးမှိုင်တွေဝေ စိတ်လေလွင့်ပြီးလျှင် စားမဝင်အိပ်မရ ရင်ဝတွင် မီးတောက်ကဲ့သို့ ပူဆွေး၍သာ နေရှာလေ၏။ ယင်းသို့ အချစ်၏ဒုက္ခကို ခံစားရလျက် ရှိခြင်းကြောင့် ကိုယ်လက်လှုပ်ရှား ကစားခုန်စားခြင်းကို အလျဉ်းလျစ်လျူပြုကာ လေ့ကျင့်ရန်လည်း ကွင်းမဆင်း၊ တက္ကသိုလ်အသင်းနှင့် ရန်ကုန်အသင်းများ ဘီအေအေတွင် ကစားသည့်အခါ၌လည်း ဝင်လိုသည့်အခါမှဝင်၊

MMCYBERMEDIA

ဝင်ပြန်လျှင်လည်း မကစားချင် ကစားချင်ပါဝင်လျက် ရှိခြင်းကြောင့် လူ ၁၁ ယောက်သင်းဟု ဆိုရစေကာမူ စင်စစ် ၁၈ ယောက်သာ ကစားကြသလို ဖြစ်နေသည့်အတွက် ပွဲများစတင်စဉ်က တက္ကသိုလ်သင်းကပင် နိုင်လျက်ရှိသော်လည်း ယခုမူ ရံဖန်ရံခါ ရှုံးခဲ့၍လာကြရာ၊ ဧနေ့ ဖလားကြီးရမည့်အရေးမှာ စခမ်းဝေးတော့မည်ကဲ့သို့ရှိရာမှ ခင်မောင်မှအပဖြစ်သော ကျောင်းတော်သားတို့၏ မဆုတ်မနစ် ကြိုးစားကာ နာမည်ပျက်မခံဘဲ ကစားကြခြင်းကြောင့် နောက်ဆုံးတွင် ပုလိပ်အသင်းနှင့် ပြန်ကစား၍ ဖလားလုရန် ဖြစ်ပေါ်လာလေ၏။

•••

(၉)

တက္ကသိုလ် ဘောလုံးအသင်းသားတို့လည်း ဗိုလ်လုပွဲတွင် ဤပွဲကား နောက်ဆုံးလည်းဖြစ်၍ ဖလားလုရမည့်ပွဲ ဖြစ်သဖြင့် ဤပွဲတွင် ရှုံးနိမ့်ပါက ကျောင်းဖွင့်စကတည်းက ကြိုးစားလာခဲ့ကြရသမျှတို့မှာ သဲထဲရေသွန် ဖြစ်တော့မည့်ပြင် အများအထင်အမြင် ကြီးခဲ့သမျှမှာ ဤတွင် နိမ့်ကျပျက်ပြားရကာ ရေတိမ်တွင် နစ်မွမ်းခြင်း ခံရမည်ကို တွေးတောစိုးရိမ်ခြင်းဖြင့် အပြင်းအထန် လေ့ကျင့်ကြိုးစားလျက် ရှိကြလေ၏။ အားလုံးပင် အစားမှန်မှန်၊ အအိပ်မှန်မှန်ဖြင့် အသားမွေး၊ အားမွေးလျက် ရှိကြသော်လည်း ခင်မောင်မှာမူ မိတ်ဆွေများ သွေးဆောင် ဖျောင်းဖျ၍မရဘဲ၊ ကစားချင်မှ ကစား၊ စားချင်မှ စားနှင့် အားထားသူများ စိတ်ပျက်လောက်အောင် ပြုလုပ်လျက်ရှိလေ၏။

ဘောလုံးအသင်းကို သွန်သင်ပြသော 'ကုတ်ချ်' ဘောလုံးနည်းပြဆရာသည် ခင်မောင် အလေ့အကျင့်ပျက်နေပြီကို သိသည့်အလျောက် ခင်မောင့်အတွက် များစွာစိုးရိမ်လေ၏။ သို့စိုးရိမ်မိသော်လည်း ၎င်းအား ထုတ်နှုတ်ထား၍ မဖြစ်နိုင်သဖြင့် ၎င်းကိုရည်ရွယ်၍ အများအား ဩဝါဒပေးရန် ရွေးထားသူများအား စုဝေးစေ၏။

"မင်းတို့နဲ့ အခုအတိုက်အခံ ကစားရမည့် အသင်းဟာ အင်မတန်တောင့်ပြီး အကောင်းဆုံးအသင်းကြီး တစ်ခု ဖြစ်တယ်ဆိုတာ ငြင်းစရာမရှိဘူး။ နို့သော်လည်း မင်းတို့ ကောင်းကောင်းမွန်မွန် ကြိုးစားကစားပြီး ညီညီညာညာ အလုပ်လုပ်သါးကြမယ်ဆိုရင် ဘယ်နည်းနဲ့မှ မနိုင်စရာမရှိဘူး။ ကိုယ့်လူအချင်းချင်း မသင့်တင့်ဘဲ ကွဲပြားပြီး ဂရုမစိုက်ဘဲ ကစားကြမယ်ဆိုရင် ယူနီဘာစီတီဆိုတဲ့ နာမည်ကို ဖျက်တာနဲ့ အတူတူပဲ၊ ဒါကြောင့် မင်းတို့ဟာ ကျောင်းကြီးအတွက် သဘောထားပြီး ကစားကြပါ၊ ကျောင်းရဲ့နာမည်ကို အရေးစိုက်ကြပါ။ တစ်ကိုယ်ကောင်း နာမည်ကြီးဖို့ကို မလုပ်ကြပါနဲ့၊ မင်းတို့ထဲက တစ်ယောက်ထဲ လွတ်လွတ်လပ်လပ် ဘောလုံးရလာပြီး ဂိုးသွင်းဖို့ လမ်းရှင်းနေပေမယ့် ကိုယ့်ထက် အခွင့်အရေးသာတဲ့ လူရှိရင် သူ့ဆီကို ဘောလုံးပို့ပါ။ ငါသွင်းလို့ နာမည်ရမယ် မျှော်လင့်ပြီး တစ်ကိုယ်ကောင်း မလုပ်ပါလေနဲ့။ နောက်ဆုံးစကား ပြောချင်တာကတော့ ကျောင်းရဲ့နာမည်အတွက် ကစားကြပါ ဆိုတာပဲ" ဟု ဘောလုံးနည်းပြဆရာက ကျနစွာ ဟောပြောလေ၏။

တက္ကသိုလ်ကျောင်းတော်သားတို့မှာ ရန်ကုန်မြို့ကြီးနှင့်တကွ မြန်မာပြည် တစ်ပြည်လုံး၏ 'အသည်း' များဖြစ်သည့်အားလျော်စွာ တက္ကသိုလ် ဘောလုံးအသင်းနှင့် ပုလိပ်ကြီးတို့ ကစားကြမည့်ပွဲမှာ လူတိုင်း၏ အာရုံစွဲလန်းရာကြီး ဖြစ်နေပြီးလျှင် ဘောလုံးဝါသနာခဲကြီးများတို့အဖို့မူ ထိုပွဲကြီး ပြုလုပ်မည့်နေ့မှာ ထူးခြားသောနေ့ကြီး တစ်နေ့ ဖြစ်နေပေတော့၏။

MMCYBERMEDIA

ဘောလုံးပွဲကြီး နီးကပ်လာလျှင်ပင် သတင်းစာ အသီးသီးတို့တွင် မိမိတို့ စုံစမ်းရရှိသော သတင်းများကို ထည့်သွင်းရေးသားကြကာ ပုလိပ်ကြီးဘက်မှ မည်သူမည်ဝါ ပြောင်းလဲမည်။ ယူနီဘာစီတီဘက်မှာ မည်သူမည်ဝါ ကစားလိမ့်မည် မဟုတ်၊ ပုလိပ်ကြီးခြေနှင့် ယူနီဘာစီတီခြေ ယှဉ်ပြိုင်၍ ကြည့်လိုက်လျှင် မည်သည့်အသင်းက မည်သည့်ဘက်တွင်သာ၍ အခြားအသင်းက မည်သို့ရှိသည်ကို အနုစိတ် ဖေါ်ပြကြပြီးလျှင် ဆောင်းပါးရှင် အသီးသီးတို့ကလည်း မိမိတို့လိုရာကို ဆွဲ၍ ရေးသားကြပြန်လေ၏။

သို့အားဖြင့် အများမျှော်လင့် တောင့်တလျက်ရှိကြသော ဖလားလုပွဲ ကျင်းပမည့်နေ့သို့ ရောက်ရှိလာလေ၏။ တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းလုံးမှာ ထိုနေ့အဖို့ ကျောင်းမှသင်ကြားသော သင်ခန်းစာများကို မေ့လျော့ကာ ဘောလုံးစကားချည့်သာလျှင် ပြောဆိုဆွေးနွေးလျက် ရှိကြလေ၏။

တက္ကသိုလ်ဘောလုံး အသင်းသားတို့မှာကား ထိုနေ့အဖို့ ကျောင်းမတက်ကြတော့ဘဲ၊ အားအင်ပြည့်ဖြိုးမည့် အစာအဟာရများကိုသာ မှီဝဲကြရလျက် 'မဆလ်ျ' ခေါ် အနှိပ်အမျိုးမျိုး ခံသူကခံ၊ ဘောလုံးကစားသော အဝတ်အစား ဖိနပ်စသည်များကို သန့်ရှင်းစင်ကြယ်နေအောင် လုပ်သူကလုပ်နှင့် ရှိကြလေ၏။

ကျောင်းတော်သားများကလည်း ထိုနေ့အဖို့ နေ့ဝက် ပိတ်ပေးရန်ကိုသာ ဆုပူလျက်ရှိကြကာ ကြော်ငြာသင်ပုန်းတွင် မည်သည့်အချိန် နို့တစ်စာ လာ၍ ကပ်ပါလိမ့်မည်နည်းဟု ထိုနေရာတွင်သာ ရစ်ဝဲရစ်ဝဲနှင့် စောင့်မျှော်ကြည့်ရှုလျက် ရှိကြလေတော့၏။ ထိုသို့နေရင်းပင် ကျောင်းအုပ်ကြီး၏ ရုံးခန်းမှ ချာပရာစီကုလား ထွက်လာကာ နို့တစ်ဘုတ်တွင် နေ့ဝက် ကျောင်းပိတ်သည့်ကြော်ငြာ ကပ်သွားသည်ကို တွေ့ရသည်နှင့် တပြိုင်နက် "ဟစ် ဟော- ီးဒေး… ဟစ် ဟော- ီးဒေး" ဟူသော တခဲနက် အဝီစိပွက်သံများသည် ဆူညံ၍ သွားတော့ကာ တစ်ကျောင်းလုံး လှုပ်လှုပ်ရွရွ ရှိကြလျက် ကျောင်းသားတိုင်း၏ မျက်နှာတွင် ပျော်ရွှင်သည့် အရိပ်နိမိတ်ကို ပြသလျက် ရှိနေပေတော့၏။

တက္ကသိုလ်ကျောင်းဆောင် အသီးသီးတိုင်းတွင် ညနေ ၂ နာရီခွဲ ၃ နာရီလောက် အချိန်ကပင် စတင်ဆူညံ၍ ရှိနေပေတော့၏။ တစ်ခန်းမှ တစ်ခန်းသို့လည်းကောင်း၊ အထက်မှ အောက်သို့လည်းကောင်း၊ အောက်မှ အထက်သို့လည်းကောင်း၊ လှမ်းခေါ် အော်ဟစ်၍ ဘောလုံးပွဲ မသွားဘူးလားဟု မေးမြန်းသည့်အသံများမှာ ဆူညံ၍ နေပေတော့၏။

ဘောလုံးပွဲကို အရောက်နောက်ကျမည်စိုးသဖြင့် ရေချိုးခန်းများထဲတွင် အလုအယက် ဆူညံစွာ ရေချိုးလျက် အချို့သော ရေချိုးခန်းများထဲတွင် တစ်ခန်းထဲ ၂ ယောက် ၃ ယောက် ရှိကြပြီးလျှင် တစ်ယောက်ကိုတစ်ယောက် မကြည့်ရဲဘဲ ကျောချင်းကပ်ပြီး ရေချိုးနေသူများလည်း ရှိကြပေ၏။

အပြင်မှ စောင့်ဆိုင်းနေကြသူများမှာမူ မအောင့်အီးနိုင်ဘဲ တံခါးကို အတင်းကြောက်ကန် ရိုက်နှက်လျက် ရှိကြလေ၏။ အချို့သူများမှာမူကား မစောင့်နိုင်တော့သဖြင့် မျက်နှာသစ်ပြီးလျှင် အဝတ်အစားလဲ၍ မြို့ထဲသို့ ပြေးကြလေ၏။

ဘီအေအေဘောလုံးကွင်းကြီး၌ကား အတွင်းအပြင် လူများပြည့်ကြပ်လျက် ကွင်းပတ်ဝန်းကျင်ရှိ လမ်းများပေါ်တွင် မော်တော်ကား၊ လန်ချား၊ ဘတ်စ်ကား၊ ရထား စသည်များဖြင့် မတိမ်းသာ မရှောင်သာအောင် ဖြစ်နေပြီးလျှင် ဘော်ဘော်ဘွမ်ဘွမ် ခင်ဗားရိတား သံများမှာ ဆူညံ၍ နေလေတော့၏။

MMCYBERMEDIA

ယူနီဘာစီတီ ဘောလုံးအသင်းသည်ကာ ရန်ကုန်မြို့နှင့်တကွ မြန်မာပြည်လုံးရှိ သတင်းစာရောက်ရာ အရပ်ဒေသမှန်သမျှရှိ မြို့များ၏ အသည်းကျော်ကလေးများ၊ အချစ်တော်ကလေးများ ဖြစ်ကြရာ မီးရထားလမ်းပေါက်ရာ ဒေသများမှ ဘော်လုံးဝါသနာအိုး ဝါသနာခဲတို့လည်း ထို ဘောလုံးပွဲကြီးကို ကြည့်ရှုရန်အတွက် သက်သက် ရောက်ရှိလာကြကာ အဝင်ပေါက်များတွင် တိုးဝှေ့၍ နေကြလေတော့၏။

ဘောလုံးကစားခြင်းသည် လူငယ်တက်လူတို့၏ ကစားပွဲများမျှသာဖြစ်သဖြင့် လာရောက်ကြည့်ရှုသူများမှာ လူငယ်လူရွယ်များသာလျှင် ဖြစ်သည်ဟု ထင်မြင်ဘွယ်ရှိသော်လည်း နှုတ်ခမ်းမွေးဖြူကြီးများ၊ ခေါင်းဖြူကြီးများ၊ ရောင်ပေစုးများ၊ ရွှေမျက်မှန်နှင့် အဖိုးကြီးများကိုပါ ထိုသို့တိုးဝှေ့ရာတွင် ပါဝင်နေသည်ကို တွေ့ရှိရခြင်းအားဖြင့် ငယ်စဉ်ကတည်းက အရိုးစွဲနေသည့် ဝါသနာခဲကြီးများလည်း ရှိသေးသည်ကို သိရှိနိုင်ပေ၏။ ဝါခနဲဝင်းခနဲနေသော သက်န်းရောင်များကို မြင်ရသောအားဖြင့် ယူနီဘာစီတီကို အားပေးအားမြှောက်ကြသည်မှာ ပရိတ်သတ်မည်မျှ ကြီးမားလှသည်ကိုလည်း ထင်ရှားစွာတွေ့ရပေ၏။

ထိုသို့အပေါက်ဝတွင် ကြိတ်နိုပ်တိုးဝှေ့ကာ နေကြသူများမှာ တံခါးကို လွှတ်မြောက်၍ အထဲသို့ ရောက်ပြန်ပါသော်လည်း တိုးဝှေ့ မပြီးသေးဘဲ၊ ထိုင်ဖို့ကိုထား၍ ရပ်တန့်ကြည့်ရှုနိုင်မည့် နေရာကိုပင် အတော်တိုးဝှေ့၍ ရှာယူကြရပြန်လေ၏။

"ဂရမ်ပါတာနီ-စတင်း" မှ "ဂရင်းစတင်း" အထိ၊ ရှိရှိသမျှသော အတန်းတိုင်းတွင် ကြည့်ရှုသူများဖြင့် ပြည့်နှက်နေရကား ရှုံးရှုံးတန်း၍ မိမိတို့အချင်းချင်း ပြောဆိုသည့် စကားများပင်လျှင် နားကွဲလုမတတ် ဖြစ်ရကား ဟေး-ဟေး ဝေး-ဝေး၊ ဝါး-ဝါး ဟား-ဟား၊ စသည်ဖြင့် တချီချီ အဝီစိပွက်လိုက်သည့်အခါ ကာလပျက်လေရော့သလားဟု အောက်မေ့ထင်မြင်ရလောက်အောင်ပင် ရှိလေ၏။ ဘောလုံးကွင်း၏ ပတ်လည်ရှိ သစ်ပင်များပေါ်တွင် သူငယောင်သီး-သီးနေဘိအလား၊ ပြွတ်သိပ်ကျပ်ခဲ၍ နေသည့်ပြင် မြောက်ဘက်တံတိုင်း အပြင်ဘက် လမ်းပေါ်မှနေ၍ ရထားများနှင့် ဘတ်စ်ကားများပေါ်မှလည်း၊ ပိုင်းတန်းများပေါ်မှ လည်းကောင်း၊ ဖြူဖြူပြာပြာ ဝါဝါ ထိန်ထိန်၊ အဝတ်အစားများဖြင့် ကြည့်ရှုနေကြသည်များမှာလည်း ပွဲတော်ကြီးတမျှ စည်ကားလှပေတော့၏။

ကျောင်းတော်သားများသည်ကား နေရာမရွေး အတန်းမရွေး ပြည့်နှက်စည်ကားလျက် ရှိလေရာ ၎င်းတို့၏ ပြောင်လှောင်သံ၊ ရှုပ်နောက်သံများမှာ ဆူဆူညံညံ ရှိသလောက် အားရပျော်မြူးဘွယ်လည်း ကောင်းလှပေ၏။ ထိုအခိုက် ထိုအခါများတွင် ကျောင်းသားမှန်သမျှ မိမိတို့ကိုယ်ကို ကလေးများသဘွယ် သဘောထားကာ ပျော်မြူးရှုပ်နောက်ကြစမြဲ ဖြစ်သည့်အလျောက် သိန်းဖေကဲ့သို့ လူရှုပ်လူနောက် တစ်ယောက်ပင်လျှင် ထိုနေရာမျိုးတွင် တိမ်မြုပ်ကွယ်ပျောက်၍ နေပေတော့၏။

"ဂျမ်း ဂျမ်း၊ ဂျမ်း-ဂျမ်း" ဟူသော လင်းကွင်းသံကြီးသည် နာမည်ကျော်မတ်တန်းမှ ထွက်ပေါ်လာလေရာ လူတိုင်း၏ အားရရွှင်မြူးစွာ ရယ်မောသံများသည် ပွက်ပွက်လူပ်၍ သွားလေ၏။ ထိုလင်းကွင်းသံကြီး ပေါ်လာပြီးနောက် ၎င်းကိုအားကျမခံ "ကိရော်ကော်ကော် ကီကော် ကော့ကော်ကော့ ဂွဲဂွဲ" ဟုမည်သော နဲသံသည် တစ်ဘက်အစွန်းမှ ပေါ်လာပြန်လေရာ တဟားဟား တဝါးဝါး ရယ်သံများ ထပ်တွန့် ထွက်ပေါ်လာကြပြန်လေ၏။

MMCYBERMEDIA

“ဒိုင်း-ဒိုင်း၊ ဗလောင်းဗောင်းလောင်း ဒိန်းဒိန်း” ဟူသော စိန်ရောက်ကြည် မီးအိုးကို မသည့်နေရာမှ ဖေါက်လိုက်သည်မသိ၊ တစ်ကွင်းလုံး ဆူညံကာ အားရကျေနပ် သွားကြပြန်ပြီးလျှင် အားလုံးညီတူ ဂျမ်း-ဂျမ်း၊ ကော်ကော်-ကိရော်ကော် ဂျမ်း-ဂျမ်း၊ ဗလုံးဒိုင်း ဗောင်းထိန်း ဟူသောအသံများ ဆူညံသွားလေ၏။

ထို့နောက် ကျောင်းတော်သားများ စခမ်းထကြပြန်လေ၏။ “ကောလိပ် ကောလိပ် ရား-ရား-ရား” ဟူသော အသံများသည် ဘောလုံးပွဲကြည့်ရှုရန် လာရောက်သူတို့၏ အသည်းနှလုံးကို လှုပ်ရှားထကြွ အားရဝမ်းသာစရာ ဖြစ်စေလေ၏။

ဖြောင်းဖြောင်း ဖြောင်းဖြောင်းနှင့် တီးခတ်ရိုက်ဆော်လိုက်သည့် လက်ခုပ်လက်ဝါးသံများလည်း ကျောင်းတော်သားတို့၏ထံမှ ထွက်ပေါ်လာလေရာ ကစားကြသူများ ဝင်၍လာကြရော့သလားဟု ဂရင်းစတင်းဘက်သို့ အားလုံးလှည့်၍ ကြည့်ကြရာတွင် ကျောင်းတော်သူကလေးများ ဝင်ရောက်လာသည်ကို တွေ့ရမှ ၎င်းတို့အား ကျောင်းသားများက ရှုပ်နောက်သည်ကို သိကြရလေ၏။ ထိုသို့ ကျောင်းတော်သူကလေးများ ဝင်ရောက်၍ လာသည့်အခါတိုင်း လက်ခုပ် လက်ဝါး အားရစွာ “နင်းကန်၍ဆော်” ကြပြီးလျှင် လေချွန်သံ၊ ဟစ်အော်သံများ ထွက်ပေါ်လာကာ လင်းကွင်းသံ နဲ့သံများလည်း နောက်ရောင်ခံ၍ ပါလာလေ၏။

ကစားရန် အချိန်သည် တဖြည်းဖြည်း နီးကပ်၍လာသည်တွင် ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းကာ မိုးသားလိပ်များ တက်ကြွလာပြီးလျှင် မပြည်မချုန်းပဲ ဖြုန်းခနဲ သဲသဲမဲမဲ ရွာချလေတော့၏။ အမိုးအပြင်ဘက်သို့ ရောက်နေကြသူများမှာ ရုတ်ရုတ်သဲသဲဖြစ်ကာ ထီးဖွင့်သူကဖွင့် မိုးရေထဲတွင် ပေကပ်၍ ရပ်သူကရပ်၊ ထီးရှိသူကို မျက်နှာချိုသွေး၍ ၎င်းတို့ထီးအောက်သို့ ဝင်ရောက်ခိုသူကခိုနှင့် ဖွဲကောင်းခြင်းကို ပြကြလေ၏။

ထိုသို့ ရုတ်ရုတ်သဲသဲဖြစ်နေဆဲ ကွင်းထဲသို့ ပြေးဆင်းလာကြသော ကစားသူများကို တွေ့ကြရသဖြင့် တဖြောင်းဖြောင်း လက်ခုပ်တီးကြပြီးမှ ဂျူနီယာကွင်းကလေးက ကစားသူများ ဖြစ်နေသည်ကို တွေ့ရသဖြင့် လက်ခုပ်တီးသူများမှာ ရှိန်းဖိန်းသွားသော်လည်း တခြားသူများမှာမူ အားရပါးရ ရယ်မော၍ မဆုံးနိုင်ရှိကြလေ၏။

နောက်တစ်ချီ လက်ခုပ်သံအနည်းငယ် ပေါ်လာပြန်၏။ အချို့သူများကား မှား၍ တီးမိမည်စိုး၍ ငြိမ်နေကာ သေချာစွာကြည့်ပြီးမှ ပုလိပ်ကြီးတို့ ဂရင်းစတင်းဒေါင့်တစ်ဖက်မှ ထွက်ပေါ်လာကြသည်ကို တွေ့ရသဖြင့် လက်ခုပ်တီးကြလေ၏။ ထိုနောက် ယူနီဗာစီတီတို့ ဝင်ရောက်လာသောအခါ “တခဲနက် သြဘာသံကြီး” ဟု သတင်းစာများက ရေးကြရသည့် အသံကြီးသည် နားပွင့်လုမတတ် ထွက်ပေါ်လာသည်မှာ တစ်မိုင်ပတ်လည်လောက်ကပင် ကြားနိုင်ဘွယ်ရာ ရှိပေတော့၏။

ထိုနှစ်သင်းစလုံး ဂရင်းစတင်းရှေ့တွင် ရပ်နေပြီးနောက် ဘုရင်ခံသည် ကစားသူတို့အား လက်ဆွဲနှုတ်ဆက်ရန် ဆင်း၍လာလေ၏။ အသင်းအသီးသီး၏ ကပ္ပတိန်များက ဘုရင်ခံအား မိမိတို့၏ အသင်းသားများကို မိတ်ဆက်၍ တစ်ဦးစီလက်ဆွဲ နှုတ်ဆက်လေ၏။ ဘုရင်ခံလည်း ကပ္ပတိန်များအား ကံကောင်းပါစေဟု ဆုပေးပြီးသည့်နောက် ကစားသူများသည် တစ်ယောက်စီ စီတန်း၍ ကွင်းထဲသို့

MMCYBERMEDIA

ပြေးဆင်းလာကြရာတွင် တခဲနက်မက နှစ်ခဲနက်မျှသော ဩဘာသလက်ခုပ်သံ၊ နဲလင်ကွင်း၊ မီးအိုးသံများသည် ဆူညံစွာ ပေါ်လာလေတော့သတည်း။

ထိုပွဲတွင် တောင်ဂိုး မြောက်ဂိုး လောင်းကြသူများ မရှားအောင် ရှိနေကြပြီးလျှင် မလောင်းမစား သူများကမူ တောင်ဂိုးကောင်းတယ်၊ မြောက်ဂိုးကောင်းတယ်။ ငြင်းခုန်၍ နေလေတော့၏။ သို့အားဖြင့် ဂိုးရွေးရန် မျောက်ပန်းလှန်သည်ကိုပင် အာရုံစူးစိုက်၍ ကြည့်ရှုဘွယ်ကြီးတစ်ရပ် ဖြစ်နေပေတော့၏။

မျောက်ပန်း တောက်ရာတွင် ကောလိပ်ရှုံး၍ သွားသဖြင့် မြောက်ဂိုးမှနေ၍ ကစားကြလေ၏။ ဘဝင်းကား အလယ်လူ အဖြစ်နှင့်ကစား၍ ခင်မောင်မှာမူ ညာဘက် အတွင်းနေရာက ကစားလေ၏။

ဘဝင်းသည် စ၍ကစားလျှင် ကစားချင်း ဘောလုံးကို ခင်မောင်ဘက်သို့ တို့ပေးလိုက်ရာ ခင်မောင်သည် မကန်ချင့်ကန်ချင်နှင့် လိမ့်လာသော ဘောလုံးကို ညာဘက်စွန်းသို့ တဆက်တည်း တွန်းပို့လိုက်သည်တွင် အပေးတို့၍သွားသောကြောင့် ပုလိပ်ကြီးဘက်မှ အတွင်းဘယ်လူ ဝင်၍ ဖြတ်ယူပြီး ၎င်းခြေတွင်ပါသွားကာ သွက်လက်လျင်မြန်စွာ အပေးအယူပြုလုပ်၍ သယ်သွားလေရာ ကောလိပ်နောက်ခံ လူများမှာ လျှာ-အလျားသား ထွက်လုမတတ် အတော်ပင်ပန်းစွာ ခုခံဖျက်ဆီးကြရလေ၏။ ပုလိပ်တို့မှာ လျှင်မြန်သွက်လက်၍ အပေးအယူ စေ့စပ်သည့်အလျောက် မည်သို့ပင် ကောလိပ်တို့က ဖျက်သော်လည်း ဘောလုံးမှာ ပုလိပ်တို့၏ခြေတွင် ပျော်၍ နေလေတော့၏။

ထိုနှစ်သင်းစလုံးမှာ တစ်ယောက်အကြောင်း တစ်ယောက်သိပြီး ဖြစ်သည့်အတိုင်း မည်သူ့အား မည်ကဲ့သို့ ကပ်ထားလျှင် မလှုပ်နိုင်ဘဲ ရှိမည်ကို သိကြကာ ဘဝင်းကို ရှေ့နောက် ညှပ်၍ထားရာ ဘဝင်းမှာ ဘောလုံးရသော်လည်း သယ်ယူ၍ မဖြစ်သောကြောင့် ခင်မောင်ဘက်ချည့်သာလျှင် ပို့ရလေတော့၏။ သို့ရာတွင် ခင်မောင်သည် ဘောလုံးကို ထိထိရောက်ရောက် မကန်ဘဲ မလှုပ်တစ်ချက် လှုပ်တစ်ချက်နှင့် ပြုလုပ်နေသဖြင့် ၎င်းအားပေးလိုက်သမျှသော ဘောလုံးမှာ ပုလိပ်ကချည်း လု၍သွားခြင်းကို ခံရလျက် ကောလိပ်ဂိုးစီးအတွင်းဝယ် အသည်းထိတ်စရာ ဖြစ်နေပေ၏။ ကောလိပ်နောက်ခံလူ နှစ်ယောက်နှင့် အလယ်တန်း သုံးယောက်တို့မှာ ဂိုးမသွင်းနိုင်အောင် အသေအလဲ ခုခံနေစဉ်တွင် ပုလိပ်ဘက်မှ အလယ်လူက ဘောလုံးကို ညာဖက် အစွန်လူဘက်သို့ ပို့လိုက်လေ၏။ ထိုသူလည်း ဘောလုံးကို စည်းနားကပ် ယူလာပြီးလျှင် ကောလိပ် နှစ်ယောက်တန်း ဘယ်လူကဝင်၍ ဖျက်မည်အပြုတွင် မိမိတို့၏ ဘယ်ဘက်အတွင်းလူသို့ မြေရှပ်ထိုး၍ ပို့လိုက်ရာ ထိုသူလည်းဝင်၍ စွပ်လိုက်သဖြင့် ကောလိပ်ဂိုးစောင့် ဝမ်းလျားထိုး၍ ဖမ်းလိုက်သော်လည်း မမိဘဲ ဂိုးပေါက်ထဲသို့ တန်း၍ ဝင်သွားသောကြောင့် ပုလိပ်ဘက်မှ အားပေးကြသူများ၏ ပါးစပ်မှ "ဂိုး" ဟူသော အသံကြီးပေါ်လာကာ လက်ခုပ်လက်ဝါးသံ ဆူညံ၍ သွားလေ၏။

ကောလိပ်ကိုအားထားသူများမှာ မျက်နှာမဲ့၍ သွားကြလေ၏။ ပုလိပ်ဘက် အားပေးသူများကမူ တပြုံးပြုံးနှင့် "ဘယ့်နယ်လဲ ဆရာကြီး ခင်ဗျားကောလိပ် တတ်နိုင်သေးရဲ့လား" ဟု ကောလိပ်အားပေးသူတို့အား မခံချည့်မခံသာပြောကြလေရာ "တစ်ဂိုးထဲရှိပါသေးတယ်ဗျ။ ဒါလောက်တော့ အပျော့ပါ မယုံရင်ကြည့်နေ" ဟု ပြန်၍ ချေပလိုက်ရသော်လည်း အားမရှိတော့သလိုလို ဖြစ်နေကြလေ၏။

MMCYBERMEDIA

ကောလိပ်တို့သည် တစ်ဂိုးရှုံးသွားသဖြင့် ဆက်လက်၍ ကစားကြသောအခါ အကြိတ်အနယ် ကြိုးစားလာကြလေ၏။ သို့ရာတွင် နောက်လူများ မည်ကဲ့သို့ပင် ကြိုးစားစေကာမူ ရှေ့လူများ ဂိုးသွင်းမှ အနိုင်ရမည်ဖြစ်ပေရာ ခင်မောင်တစ်ယောက် ဖျက်၍နေခြင်းအားဖြင့် အပေးအယူမစေ့စပ်တော့ဘဲ မိမိတို့အချင်းချင်း ပေးသည့်ဘောလုံးများကို ပုလိပ်ဘက်ကချည်း အလစ်ဝင်၍ သုတ်ယူသွားခြင်းကို ခံနေကြရလေကုန်၏။

ခင်မောင်လည်း ဘောလုံးကို ဂရုမစိုက်လှတော့ဘဲ ခြေထောက်ထဲသို့ ရောက်လာမှ ဘောလုံးကို ကန်ချင်လျှင် ကန်၍ လိုက်လိုမှလိုက်၍ လုပြီးလျှင် များသောအားဖြင့် ခါးထောက်၍သာ ကြည့်နေလေရာ ကြည့်ရှုသူတို့တွင် “ဒီအကောင် ဘာဖြစ်နေပါလိမ့်၊ နာများနေသလား။ ဟုတ်ပါဘူး အရင်တစ်ခါ ကစားတုန်းကလည်း အကောင်းသားနဲ့။ တန်တော့ ညော်မိပြီထင်တယ်” ဟူ၍လည်းကောင်း၊ “ဒါကြောင့်မထင်ဘူး။ အင်းလျားဆောင်က ပြန်စာမရလို့နဲ့တူတယ်” စသည်ဖြင့်လည်းကောင်း၊ အမျိုးမျိုး စကားများ ထွက်လာကြလေ၏။

တချီတချီ ဘဝင်း ပေးလိုက်သော ဘောလုံးသည် ခင်မောင်၏ ခြေတွင် တည့်တည့်ကြီး တန်းသွားသော်လည်း ခင်မောင်ကန်သောအခါ ဘောလုံးတခြား ခြေတခြားဖြစ်လျက် ချော်၍နေရာတွင်မှ တမတ်တန်း အာဘောင်နီတို့၏ ပါးစပ်မှ ရှေးအခါကကဲ့သို့ “ခင်မောင်ကွ-ခင်မောင်” ဟူသော အားပေးသံမျိုး ပေါ်မလာတော့ဘဲ “ဟေ့ တောသား၊ ဘောလုံးမမြင်ဘူး ဘူးလား။ ဒါ နံပါတ်ခုနစ်ကွ။ ဒီထက်ကြီးတာ မရှိဘူး။ ကြီးကြီးမှ မိအောင် မကန်တတ်ရင် ဘဲဥအိုးကို ဝယ်ပြီးကန်” ဟု တစ်ခွန်းစီ ထွက်ပေါ်လာကြရာ ကောလိပ်ကို အသေအလဲ စွဲကြသူများမှာ မခံမရပ်နိုင်ဘဲ “ဟေ့- ဘယ်ကောင်လဲ ခုနကဆူတာ မင်းကန်တတ်ရင် ထွက်ကန်ပါလား” ဟူ၍ ပေါ်ပေါက်လာကာ တမတ်တန်းတွင် စကားများစရာ ဖြစ်ပေါ်ရလေ၏။

ထိုအခိုက် ကောလိပ်ညာအစွန်လူ သယ်လာသော ဘောလုံးကို ပုလိပ်ဘက်မှ တအားကြုံး၍ ဖျက်လိုက်ရာ မြောက်၍ လွင့်သွားပြီး ကောလိပ် နှစ်ယောက် ဘယ်စွန်လူထံ ရောက်သွားလေ၏။ ထိုတွင်မှ ပုလိပ် ငါးယောက်တန်း ညာစွန်လူ ဝင်၍လုသော်လည်း လှည့်လိမ်၍ ယူလာပြီးလျှင် သုံးယောက်တန်းကို ဖြတ်ကျော်၍ ကောလိပ် ငါးယောက် ဘယ်စွန်သို့ ပို့လိုက်သဖြင့် ထိုလူသယ်ယူ၍ အလာတွင် တဖြောင်းဖြောင်း အားပေးသော လက်ခုပ်သံများ၊ နဲ့၊ လင်းကွင်းသံများ ဆူညံ၍သွားလေ၏။ ပုလိပ်နောက်လူများကဝင်၍ ဘောလုံးကို နောက်ချိတ်ဆွဲ၍ လှည့်လိုက်ပြီး ထိုသူအားလွန်၍ အထွက် အလယ်လူ ဘဝင်းထံသို့ ပို့လိုက်ရာ နှစ်ယောက်တန်း ဘယ်လူပြေးဝင်၍ မလုမီ ဘဝင်းသည် ဂိုးပေါက်ထဲ တရှိန်ထိုး ကန်သွင်းလိုက်သည်တွင် ဂိုး ဟု အော်ကြတော့မည်အားခဲ၍ ကြည့်နေကြသူအားလုံး ထိုင်ခံမှ အထတွင် ပုလိပ်ဂိုးစောင့်က ကန်ထုတ်လိုက်၍ ဘောလုံး ထွက်၍လာကာ “ဟာ...” ခနဲ ညည်းညူလိုက်ကြသော အသံနှင့် လှောင်၍ရယ်မောသံများ ပေါ်ပေါက်လာပြီး စိတ်ပျက်နေကြဆဲ၌ပင် ဘောလုံးသည် ခင်မောင်၏ ခြေထဲသို့ ရောက်သွားသောကြောင့် ကြည့်သူများသည် အားတက်၍ လာကြပြီးလျှင် “ဂိုးအွန်း” “စတယ်ဒီ” ဟု အော်ဟစ်အားပေးကြလျက် နဲ့၊ လင်းကွင်းနှင့် မီးအိုး၊ ခရာတို့ကလည်း မှုတ်တော့မည်၊ တီးတော့မည်၊ ဖေါက်တော့မည် ချိန်ရွယ်နေစဉ် ခင်မောင် ကန်လိုက်သော ဘောလုံးသည် ဘားတိုင်ကိုကျော်၍ ထွက်သွားသဖြင့် “ဟား... တယ် ဟင်၊ ခွေးမသား သိပ်ညံ့တာပဲ” စသည်ဖြင့်တစ်မျိုး၊ “ဟေ့၊ ဂိုးပေါက်မမြင်ဘူးလား။ ဟေ့ညာတယ် မလိုချင်ဘူး” စသည်ကတစ်မျိုး။ အမျိုးမျိုး ပေါ်ထွက်လာကာ ယခင် မတ်တတ်ထ၍ ရပ်သူများသည် စိတ်ပျက်စွာ ဖင်ထိုင်ချလိုက်ကြလေတော့၏။

MMCYBERMEDIA

ဘောလုံးကိုပြန်၍ ကန်တော့မည် ပြုသည့်အခါ ကောလိပ်ဘက်သို့ တညီတညာတည်း တရွေ့ရွေ့ နောက်ဆုတ်သွားကြသော ကစားသူများကို ကြည့်ရသည်မှာ စစ်ဘက်စစ်ရေးပြသည်ကို တွေ့မြင်ရသကဲ့သို့ တစ်မျိုးကြည့်၍ ကောင်းလှပေတော့၏။ ဘုန်းခန့် မြှောက်ကန်လိုက်သော ဘောလုံးသည် ထိုလူအုပ်ထဲသို့ ကျသွားသောအခါ ခေါင်းချင်းယှဉ်၍ တိုက်လိုက်၊ ချိတ်၍ဆွဲလိုက် လှည့်၍ယူလိုက်၊ လှမ်း၍ပေးလိုက်၊ ပြန်ပို့လိုက်၊ နောက်သို့ထိုးလိုက်၊ ဘေးသို့ပို့လိုက် စသည်ဖြင့် အကြိတ်အနယ် အုံလိုက်ပြုံလိုက် ဖြစ်နေကြသည်မှာ ဟယ်,ဟာ ဟူသော အသံများ ထွက်ပေါ်စေအောင် ဖန်တီးသကဲ့သို့ ရှိပေ၏။

တစ်ချီတွင် ကောလိပ်တို့သည် ပုလိပ်တို့ကို တိုက်ခိုက်တော့မည်ဟု ကြောက်မက်ဘွယ်ရာ သယ်ယူပေးပို့ကာ တိုက်စစ်ဆင်၍ ယူဆောင်လာကြလေ၏။ ပုလိပ်ဘက်မှလူများမှာ နောက်သို့ဆင်း၍ ခံရန် ကြိုးစားကြရလေတော့၏။ ကောလိပ် တစ်သင်းလုံးလိုလိုပင် ရှေ့သို့ တက်လာကြလေ၏။

ပုလိပ်တို့လည်း ကောလိပ်၏ တိုက်ခိုက်ခြင်းကို အပြင်းအထန် ဖြိုဖျက်လေရာ ဘောလုံးသည် လွတ်နေသော ပုလိပ်ရှေ့တန်း ညာစွန်လူထံသို့ စွပ်စွပ်ရွတ်ရွတ် ရောက်သွားလေ၏။ ကောလိပ်မှာ နောက်လူများ ကျဲ၍နေသဖြင့် အားသွန်၍ ပြေးဆင်းကြသော်လည်း ပုလိပ်ဘက်မှ ယူသွားသူမှား လျှင်မြန်ဖြတ်လတ်လှသဖြင့် မမီနိုင်တော့သကဲ့သို့ ရှိလေ၏။ ကောလိပ်ဂိုးစောင့်မှာ ပျာပျာသလဲဖြစ်နေလျက် မကြံတတ်တော့ပဲ ရှေ့သို့ထွက်၍ လိုက်သည်တွင် ပုလိပ်ဘက်မှ ကြုံး၍ကန်သွင်းလိုက်ရာ ဂိုးစောင့်မခုခံလိုက်ရဘဲ ဂိုးပေါက်သို့ တန်းသွားကာ ဘားတိုင်နှင့် တိုက်မိသဖြင့်ပြန်၍ ထွက်လာလေ၏။ ထို့နောက် ကောလိပ် ဂိုးစည်းရှေ့တွင် ဘောလုံးကို မမြင်နိုင်အောင် စက္ကန့်အနည်းငယ်မျှ ခြေချင်းလိမ်ကာ ရှုပ်ထွေးနေပြီး ဘုန်းခန့် ပေါ်ထွက်လာကာ ဂိုးဒေါင့်နားတွင် ဘားတိုင်အောက်က ကပ်၍ ဝင်သွားသဖြင့် ကောလိပ်ဂိုးစောင့်မှာ ငေး၍ နေလိုက်ရလေတော့၏။

"မရဘူး သွားပြီ၊ ကောလိပ်ရှုံးပါပြီ အစတုန်းက တစ်ဂိုးထဲမို့ ချေနိုင်လိမ့်ဦးမယ်၊ အခု နှစ်ဂိုးတောင် ဝင်နေပြီ။ နိုင်ဖို့ထားလိုက်ဦး၊ သရေပွဲတောင် မနည်းကစားရမယ်" ဟူ၍ ညည်းညူစိတ်ပျက်သော အသံများ ဖြစ်ပေါ်၍လာ၏။

ထိုသို့ရှုံးနေသည့်အတွက် ဒေါ်ကလည်းပွ၊ မိုးကလည်း သဲသဖြင့် ကန်လိုက်တိုင်း ချော်လဲ၍နေကြလေရာ ဘဝင်းမှာ ကြိတ်မနိုင် ခဲမရဒေါပွ၍ ထလေတော့၏။ ကြည့်သူများက ဘဝင်းဒေါပွလျှင် ရှုံးပြီဟု တထစ်ချယူဆကာ ကြည့်ရင်း စိတ်ပျက်လာကြလေ၏။

ဘောလုံးမှာ တစ်ဘက်မှတစ်ဘက်သို့ လျှင်မြန်စွာ ကူးပြောင်း၍နေစဉ် ခင်မောင်၏ ခြေထဲသို့ ရောက်သွားသဖြင့် လက်ခုပ်သြဘာသံတို့၏ အကြားတွင် သယ်ယူသွားပြီးမှ ဂိုးပေါက်ကိုလွဲအောင် ကန်လိုက်သဖြင့် "ဟာ..." ဟု ဝမ်းနည်းပက်လက် ဖြစ်သံကြီးသည် အတန်းတိုင်းမှ ထွက်ပေါ်လာလေတော့၏။

ဘဝင်းလည်း ခင်မောင်၏ အနားသို့ကပ်ကာ "မင်းစိတ်မပါပဲ ကစားမနေနဲ့၊ မကစားချင်ရင် ကွင်းပြင်ထွက်သွား" ဟု အင်္ဂလိပ်စကားဖြင့် ကြိမ်းလိုက်သည်တွင် ခင်မောင်သည် လူအများရှေ့တွင် ဤသို့ ပြုလုပ်ခြင်းကို ရှက်ကာ ဒေါ်ပွလျက် "မင်းသြဇာပေးဖို့ မဟုတ်ဘူး" ဟု ပြန်၍ ပြောလေ၏။

MMCYBERMEDIA

"ဒီအထဲမှာ ငါက ကပ္ပတိန်။ ငါကသေဆိုရင် သေရမယ်။ မင်းလူတွေ အများကြီး ကြည့်နေကြတဲ့ရှေ့မှာ ကွင်းပြင်ကို ရှက်စရာကောင်းအောင် ထွက်မသွားချင်ရင် ဘောလုံးကို ဂရုစိုက်ပါ" ဟု ပြောလိုက်မှ ခင်မောင်သည် ဒေါသကို မနည်းချုပ်တီးထားရပြီးလျှင် ခေါင်းငုံ့၍ လျှောက်သွားလေ၏။ ပရိသတ်တို့သည်ကား ၎င်းတို့၏ အမူအရာကိုသာ တွေ့မြင်နိုင်ရ၍ မည်သည့်အကြောင်းဟူ၍ကား ဝေခွဲ၍မရနိုင်အောင် ရှိကြလေ၏။

ဘဝင်းလည်း ဒေါ်ဖြင့် ဘောလုံးကို ကန်နေလေရာ တစ်ချီတွင် ဘောလုံးရသွား၍ အားရပါးရ သယ်ယူလာစဉ် အားပေးသော အသံများမှာ ဆူညံ၍ မစဲသေးမီ ပုလိပ်နောက်ခံ လူနှင့်တွေ့၍ ယှဉ်ပြီးချလိုက်ရာတွင် ခြေကိုထိ၍သွားသဖြင့် ယခင်ကျောင်းတွင် ကန်စဉ်က ဒဏ်ရာဟောင်းကြောင့် ခြေနာကိုထိသွားပြီး ခွေ၍လဲနေလေ၏။ ဘောလုံးကိုလည်း ပုလိပ်ဘက်မှ ရသွားပြီးလျှင် ကောလိပ်ဘက်သို့ ပါသွားပြန်လေ၏။ ဘဝင်းလည်း ရုတ်တရက် မကန်နိုင်တော့ဘဲ ကွင်းပြင်သို့ ထွက်၍နေစဉ် ပထမနာရီဝက် ပြီးသွားရာ ယူနီဘာစီတီမှာ ၂ ဂိုးရှုံး၍ နေလေတော့၏။

"ကောလိပ်သွားပြီ။ ပုလိပ်ကြီးပဲ ဖလားရတော့မှာပဲ" ဟု အားလုံးက စိတ်လျှော့မိကြလေတော့၏။ နဂိုက ရှုံးနေရသည့်တွင် ဘဝင်းခြေနာ၍သွားသဖြင့် ဒုတိယနာရီဝက်တွင် ၁၀ ယောက်တည်းနှင့် ကစားရတော့မည်ကို တွေး၍ စိတ်မကောင်း ဖြစ်ကြပြန်လေ၏။ ထို ၁၀ ယောက်တွင် ခင်မောင်မှာ အလျဉ်းပင် ကောင်းစွာ မကန်သောကြောင့် ၁၁ ယောက်နှင့် ၉ ယောက် ကန်ရမည်မှာ အဘယ်နည်းနှင့်မျှ မျှော်လင့်ဘွယ် မရှိ ဖြစ်နေလေ၏။

ဘဝင်း ခြေနာသွားသည်ကို အပူအပင် အဖြစ်ဆုံးသူမှာကား ဂရင်းစတင်းမှ ကြည့်နေသူ ခင်ဆွေပင် ဖြစ်လေ၏။ ဤသို့ မိမိအစ်ကို ယခင်အခါကလည်း ဖြစ်ခဲ့ဘူး၍ ယခုပြန်ပြီး ဖြစ်ပြန်သည်ကို တွေ့ရသောအခါ အထူးပင် ပူပန်မိလေတော့၏။ နောက်နာရီဝက် ဆက်လက်၍ ကစားနိုင်ပါ့မလား၊ တစ်ခါတည်း ခြေကျိုးသွားလေရော့သလားဟု အထူးပူပန်သောက ဖြစ်နေစဉ်၊ ဒုတိယနာရီဝက် ဆက်၍ ကစားကြရန် ကျောင်းသားများ ပြန်၍ ထွက်လာကြသောအခါ ဘဝင်း ပါလာသည်ကို တွေ့ရသဖြင့် ခင်ဆွေသည် ဝမ်းသာအားရစွာ လက်ခုပ်တီးမိလေတော့၏။

ပရိသတ်တို့သည်လည်း ဘဝင်း ကန်နိုင်သေးသည်ကို တွေ့ရလျှင် များစွာ ဝမ်းမြောက်ကြလျက် ဆူညံစွာ ဩဘာပေးကြလေ၏။

ခင်မောင်မှာမူ ဘဝင်းပြော ဆိုလိုက်သည်များကို မခံချိမခံသာ ဖြစ်မိသည့်အလျောက် မခံချင်သော စိတ်တို့သည် ဘောလုံးကို အကြိတ်အနယ် ကစားရန် တိုက်တွန်းသကဲ့သို့ ရှိနေပေ၏။

သို့ဖြစ်သည့်အလျောက် စ၍ စကားလိုက်သည်နှင့် တပြိုင်နက် ခင်မောင်မှာ စောစောက ခင်မောင် မဟုတ်တော့ဘဲ၊ "ကောလိပ် ခင်မောင်" အစစ်ဖြစ်လာကာ အားကြိုးမာန်တက် ကစားစဉ် ဘောလုံးရသွားသဖြင့် သွက်လက်လျင်မြန်စွာ ယူလာလေ၏။ ပရိသတ်များမှာ ခင်မောင့်အပေါ်တွင် အားမထားကြတော့ဘဲ ဩဘာမပေးဘဲ ရှိကြရာ ဂရင်းစတင်းမှ တစ်ဦးတည်း အားပေးသော လက်ခုပ်သံကို

MMCYBERMEDIA

ကြားရသဖြင့် ကြည့်လိုက်ရာတွင် ခင်ဆွေဖြစ်နေသည်ကို တွေ့ရလျှင် ခင်မောင်သည် လူတစ်သောင်း အားပေးသည်ထက် ပိုမို အားတက်သွားလေ၏။

ထိုသို့ ခင်မောင်သည် ဘောလုံးကို တရှိန်ထိုး ကြောက်မက်ဘွယ် ကောင်းလောက်အောင် သယ်ယူ၍ လာလေရာ ပုလိပ်ဘက်မှ နောက်ခံလူများမှာ မိမိတို့၏ အစွမ်းရှိသမျှ အားကုန်ထုတ်၍ ကာကွယ်ရန် စုဝေး၍ ပြေးလာတော့၏။ ထိုအခါမှ ပရိသတ်တို့တွင် အားပေးအားမြှောက် မပြုဘဲ မနေနိုင်လောက်အောင် ရှိကြကာ အော်ဟစ် အားပေးသံများနှင့် လက်ခုပ်တီးသံများ ဆူညံစွာ ထွက်ပေါ်လာလေ၏။

ထိုအခိုက် သိန်းဖေသည် မိုးပေါ်မှကျ၍ လာလေရော့သလား မသိ၊ ငါးမူးတန်းတွင် ထူးထူးခြားခြား ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရလျက် ထိုင်ခုံတန်းတွင် မတ်တတ်ရပ်ကာ "ကောလိပ်-ကောလိပ်" ဟု အသံတိုင်လိုက်သည်နှင့် တပြိုင်နက်...။

"ရား... ရား... ရား" ဟု ကျောင်းတော်သားများ၏ အသံများသည် ပေါ်ထွက်လာလေရာ၊ ကစားလျက် ရှိကြကုန်သော ကျောင်းတော်သားတို့၏ စိတ်နှလုံးတွင် သွေးကြွ၍ တအားတက်မိကြလေ၏။ ခင်မောင်မှာမူ အထူးအားတက်ကာ ပုလိပ်နောက်ခံလူများကို ကွေ့ရှောင်လှည့်ပတ်၍ ယူသွားသည်မှာ တဖြောင်းဖြောင်း သြဘာလက်ခုပ် တီးရအောင် ဖြစ်စေလေတော့၏။ ခင်မောင်လည်း ရာဘကြီးကို ကျော်လွန်၍ သယ်ယူမိသည်နှင့် တပြိုင်နက် ဘေးစောင်းထိုး၍ ကန်လိုက်ရာ ပရိသတ်အားလုံး တစ်ခါတည်း ပြုံး၍ ထကြပြီးလျှင် ပိုက်ထဲသို့ ဘောလုံးဝင်သွားသည်နှင့် တပြိုင်နက် "ဂိုး" ဟူသော တခဲနက်သော အသံကြီးသည် ဆူညံပေါက်ကွဲ၍ ထွက်ပေါ်လာလေ၏။ သိန်းဖေကား အဘယ်မှ ရှာဖွေတွေ့ရှိလာသည် မသိ။ ကော်နက်ခရာကြီးကို မှုတ်ကာ "ဘူ... ဟူ... ဟူ... ဘုဟု... ဘုဟု..." နှင့် မပီကလာ ပီကလာမှုတ်လိုက်သည်တွင် တမတ်တန်းမှ နဲ့သံနှင့် လင်းကွင်းသံတို့လည်း "ကိကော် ဂျမ်း ကိကော် ဂျမ်း" ဆူညံစွာ ဖြစ်ပေါ်လာပြီးလျှင် မီးအိုးတွေ ဖေါက်ပြန်လေ၏။

ပရိသတ်တို့သည်ကား အလွန်အမင်း အားရ ဝမ်းမြောက်ကြခြင်းဖြင့် ဦးထုပ်၊ ဖိနပ်၊ ထီး စသည်များကို မြှောက်လွှင့်သူက မြှောက်၊ ကသူ က၊ ခုန်သူ ခုန် အားလုံးကုန် ပျော်ရွှင်ကြကုန်၏။

"ကောလိပ် ကောလိပ်"
"ရား ရား ... ရား" ဟူသော အသံများသည် ထပ်မံထွက်ပေါ်လာပြန်လေ၏။ သိန်းဖေ၏ "ဘူ... ဟူ... ဟု" အသံကြီးကား မစဲချေ။

ကောလိပ်တို့ကား တစ်ဂိုးပြန်ချေလိုက်ရပြီး ဖြစ်သဖြင့် အားတက်၍ လာကြလေ၏။ သွင်းစရှိလျှင် သွင်းချင်ချင် ဆိုသလို ကြိုးစားကြပြန်လေ၏။ သို့နှင့် ပုလိပ်တို့မှာ ဒုတိယနာရီဝက် စကတည်းကပင် အခက်အခဲနှင့် တွေ့ကြုံပြီးလျှင် မွန်ထူ၍ နေကြပြီဖြစ်ပေ၏။

ကောလိပ်မှာ တစ်ဂိုးမျှသာ ပြန်၍ ချေနိုင်ကြသေးသည်ဖြစ်ရာ ပုလိပ်တို့မှာ အလွန်တောင့်သူများ ဖြစ်ကြသည့်အတွက် ကောလိပ်သည် ကျန်တစ်ဂိုးကို ထပ်မံချေနိုင်ဘို့ထက် နောက်ထပ် မဝင်အောင်ပင် ကြိုးစားဖို့ အရေးကြီးနေပြန်လေ၏။

MMCYBERMEDIA

ရွာသွန်းလျက်ရှိသော မိုးသည်ကား တဖြည်းဖြည်း ရပ်စဲ၍ ကောလိပ်တို့လည်း အားတက်သလောက် လျှင်မြန်ထက်မြက် လာကြသည့်အလျောက် အကြိတ်အနယ် ကစားကြသည်များမှာ အသည်းယားစရာ ရင်ဖိုစရာ ဖြစ်ရ၏။ မြိန်ရှက်ခံတွင်းလိုက်သော အရသာပင်ဖြစ်သဖြင့် အထူးကြည့်၍ ကောင်းလာပေတော့၏။ ပုလိပ်တို့မှာလည်း မိမိတို့ရရှိထားသော ဂိုးကလေးကို ကုန်၍မသွားအောင် ခုခံဖို့ရန် အထူး အရေးကြီးနေကြပေ၏။

ဘဝင်းမှာ စောစောက ခြေနာ၍ထားသဖြင့် လုယက်ကန်ယူခြင်းကို မတတ်နိုင်တော့ဘဲ အသယ်အပို့ကို လုပ်နေရလေတော့၏။ ခင်မောင်သည် ယခင်ဂိုးကိုစ၍ ချေလိုက်သည်ကို တွေ့ရလျှင် ဘဝင်းဝင် ကျေနပ်ခြင်းဖြင့် အံ့သြမိပေ၏။

မကြာမီပင် ဘောလုံးသည် ပုလိပ်တို့၏နယ်ထဲသို့ ရောက်လာပြန်လေ၏။ ကြည့်ရှုသူများကား အားရ၍ မဆုံးနိုင်အောင်ပင် ရှိကြပေ၏။ ထိုသို့ ခင်မောင် ကပ်ထားသဖြင့် ဘဝင်းက မိမိရလာသော ဘောလုံးကို ဘယ်ဘက်အတွင်းလူအား ပေးလိုက်ရာ ပုလိပ်နောက်ခံလူကပြေး၍ ဖျက်မည်အပြုတွင် ဘုန်းခနဲမြည်သော အသံဖြင့် ဘောလုံးသည် ညာဘက်စွန်း ကောလိပ်လူထံသို့ ရောက်သွားသည်နှင့် တပြိုင်နက် ထိုသူသည် ပြင်းထန်စွာ ပိတ်၍ကန်လိုက်ရာ ဘောလုံးသည် လှပစွာ ဒေါင့်နားတွင် ကပ်ဝင်သွားသဖြင့် ဂိုးစောင့်မှာ အကြောင်သားငေး၍ ခံနေလိုက်ရလေ၏။ ဆူညံသော အသံကြီးမှာ ရှည်လျားလှသဖြင့် သတင်းစာအသုံးအနှုန်းဖြင့် "ရှည်လျားသော တခဲနက်သြဘာသံကြီး" ဟူ၍သာ ဆိုစရာရှိပေ၏။

တစ်ဖက်နှင့်တစ်ဖက်မှာ ဂိုးညီမျှ၍ သရေကျနေပြီ ဖြစ်ရကား တစ်ဖက်သို့ ပြန်၍ ဝင်သွားလျှင် ချေနိုင်ရန် ခဲယဉ်းပြီဖြစ်ရကား ထိုဂိုးမှာ အရှုံးအနိုင်ကို ဆုံးဖြတ်မည်ပင် ဖြစ်သောကြောင့် အရေးအကြီးဆုံး အချိန်သို့ ရောက်လာလေ၏။

ဘောလုံးဆွဲပတ်ယူငင် လှည့်လည်ပေးပို့ နေကြပုံများမှာ ပရိသတ်တို့အား စိတ်ညို့ပညာဖြင့် ဖမ်းစားသကဲ့သို့ရှိကာ လူတိုင်းလိုပင် အသက်ရှူရန် သတိမရနိုင်အောင် ရှိနေကြလျက် စူးစိုက်၍သာ ကြည့်နေကြလေတော့၏။ ၎င်းတို့၏ ကိုယ်နေကိုယ်ထားမှာ ဘောလုံးယူသွားရာသို့ တညီတညာတည်း ယိမ်းယိုင်ညွတ်တိမ်းကာ စိတ်ရောကိုယ်ပါ ရှိကြလေ၏။ အချို့မှာ ဘောလုံးကန်နေသည်ကိုပင် ကြည့်၍အားမရနိုင်ဘဲ၊ စိတ်ဝင်စားလွန်းသဖြင့် ကိုယ်နေကိုယ်ဟတ် ယိမ်းယိုင်ရုံတွင်သာမက ခြေလည်းပါ၍ လာသောကြောင့် ရှေ့တွင် ထိုင်နေကြသူများကိုပင် ကန်မိကြ၍ စကားများကြရရှာသည်ကို ဘေးကလူများမှာ ရယ်ရွှင်ဖွယ် တွေ့နေကြလေကုန်၏။

အချို့လူများမှာ ကောလိပ်ရှုံးနေစဉ်က စကားမျှ မပြောနိုင်ဘဲရှိနေရာမှ ယခုမှ ပါးစပ်ရှိလာကြကာ လျှာသွက်၍ နေကြလေ၏။ ကျောင်းသားတို့၏ "ရား... ရား" သံများမှာ အားတက်သော စိတ်များတိုးမြှင့် လိုက်သကဲ့သို့ ရှိလေတော့၏။ ကော်နက်၊ နဲ၊ လင်းကွင်းတို့ တစ်ချီတစ်ချီ ဝင်၍ဖောက်လိုက်သည်မှာ အငြိမ့်ပွဲတွင် လူပြက်ကောင်း ပြက်လိုက်သကဲ့သို့ ဝါးခနဲ ဟားခနဲ ပွဲကျသွားလေအောင် ဖန်တီးလေတော့၏။ ပရိသတ်တို့မှာ စိတ်ရွှင်ပျလျက် ရှိနေရကား တော်ရုံတန်ရုံမျှကိုပင် အကြီးအကျယ် ရယ်စရာကြီး ဖြစ်နေကာ တစ်ခုခုလုပ်လိုက်တိုင်း ပွဲကျကုန်၏။

MMCYBERMEDIA

ပုလိပ်တို့သည် ချက်ချင်းပင် ကြောက်စရာကို ပြကြလေကုန်၏။ သူတို့သည် ကောလိပ်တို့အလစ်တွင် ဂိုးစည်းထဲသို့ ရောက်အောင် ဘောလုံးကို သယ်ယူသွားကြလေ၏။ ကောလိပ်တို့မှာ သေရေးကြေရေး ဆိုသလို၊ ထိုနေရတွင် အသက်နှင့်လဲ၍ ခုခံရန် စိတ်တင်းလျက် ပိတ်ကျုံး၍ ကန်ကြလေ၏။ ထိုသို့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေစဉ် ပုလိပ်ဖက်မှ တအား သွင်းလိုက်ရာ၊ ဂိုးဒေါင့်နှင့် ထိသောကြောင့် ပြန်၍ထွက်အလာ နောက်တစ်ယောက်က ပြေး၍ ကန်မည်အပြု ကောလိပ် နောက်ခံတစ်ဦးက ခြေရောလူရော ပစ်ဝင်ခုခံ ကန်ထုတ်လိုက်သဖြင့် ဘောလုံးထွက်သွားပြီး ကောလိပ်ခြေတွင် ပါသွားမှ တထိတ်ထိတ်နှင့် ကြည့်နေကြရသူတို့မှာ ယခုမှ ရွှေရင်အေးပြီးလျှင် "ဝေး ဟေး ဟေး ဟေး ဟေး " ဟု အားရဝမ်းမြောက်စွာ ထ၍အော်နိုင်ကြလေတော့၏။

ကောလိပ်တို့သည် ပုလိပ်တို့၏ အဖက်ကိုမခံဘဲ အပေးအယူ ပြုလုပ်၍ ဘောလုံးကို သယ်လာကြရာ နဂိုက စေတနာရှိရင်းစွဲတွင် ကြည့်ရှု၍လည်း လှပြန်သောကြောင့် သြဘာသံမစဲဘဲ ရှိနေလေတော့၏။ ခင်မောင်၏ ခြေထဲသို့ ဘောလုံးရောက်သောအခါ ပုလိပ်နောက်ခံလူများသည် ညှပ်၍ ခုခံရန် ပြေးချလာကြသဖြင့် ခင်မောင်သည် မိမိတို့ ဘယ်ဘက်စွန်းလူသို့ ပေးလိုက်ရာ ပုလိပ်တို့မှာ ထိုသူ့ထံသို့ ပြေး၍ လိုက်ကြရပြီး ရှေ့လူများမှ ခင်မောင်တို့အား ညှပ်၍ ထားကြလေ၏။ ဘောလုံးရထားသော ကောလိပ်ဘယ်ဘက်စွန်လူမှာ ပုလိပ်တို့အား မလှည့်သာ၊ ခင်မောင်တို့ကိုလည်း ပေး၍ကန်နိုင်ရန် အချက်မမြင်သောကြောင့် ဂိုးကိုတန်း၍ သွင်းလိုက်ရာ ဝင်ရောဟဲ့ဟု ထင်နေဆဲ ဂိုးတိုင်နှင့်ထိ၍ ထွက်လာသဖြင့် "ဟာ" ခနဲ ဖြစ်သွားကြစဉ် ကျလာသော ဘောလုံးကို ခင်မောင်ခေါင်းနှင့်ဝင်၍ ဆောင့်လိုက်ရာ ဂိုးစောင့် မတတ်နိုင်တော့ဘဲ တည့်တည့်ကြီး ဝင်သွားသဖြင့် ကမ္ဘာပျက်သကဲ့သို့သော ဆူဆူညံညံ သြဘာသံကြီးမှာ ကြောက်ခမန်းလိလိ ရှိလောက်အောင် ဖြစ်သွားပြီး "ရား... ရား" သံ ကြားရလေ၏။

အနိုင်ဂိုးကို ရလိုက်သည်နှင့်တပြိုင်နက် ဘဝင်းသည် မိမိတို့ အချင်းချင်း ဖြစ်ပွားခဲ့သော အရေးကို သတိမပြုနိုင်တော့ဘဲ ခင်မောင်ထံသို့ပြေး၍ လက်ဆွဲနှုတ်ဆက်ကာ "ကွန်ဂရက် ဂျူးလေးရှင်း" ခေါ်လိုက်သည်တွင် ပရိသတ်တို့မှာ ကောလိပ်ကနိုင်၍ ဝမ်းသာခြင်းဖြင့် ဝမ်းသာကြကုန်သည်ထက် ခင်ဆွေနှင့် သိန်းဖေတို့မှာမူ အလွန်အမင်း ကျေနပ်ခြင်း ဖြစ်မိလေတော့၏

တချို့ ခါတ်သိကျောင်းသားများကမူ "ဝေး... ယောက်ဖရဲ့။ နင်က တောင်ပေါ်ကရင်လား၊ တောင်အောက် ကရင်လား ဝဲ့..." ဟု စောင်းချိတ် ပြောင်လှောင်ခြင်းပြုလိုက်ရာ ပရိသတ်တို့မှာ ရီချင်သူ ဂလိထိုးခံရသကဲ့သို့ အမိပွါယ်မသိဘဲ တခွီးခွီးဖြစ်လျက် ရှိကြလေ၏။

ကောလိပ်မှာ အနိုင်ဂိုး ရလိုက်ပြီဖြစ်သော်လည်း တစ်ဂိုးနှင့် စိတ်မချနိုင်သေးဘဲ နောက်လူများက ကြိုးစားခုခံ၍ ရှေ့လူများက ကြိုးစား၍ သွင်းကြလေ၏။ ပုလိပ်တို့ကလည်း ပြန်၍ချေပရန် အထူးကြိုးစား ကြလေတော့၏။

ထိုစဉ်ပင် ခင်မောင်၏ခြေတွင် ဘောလုံးပါလာ၍ သြဘာသံများ ပေါ်လာပြန်လေ၏။ ပုလိပ်တို့လည်း ခင်မောင်အား ဖိကြလေ၏။ ခင်မောင်လည်း တတ်နိုင်သမျှ ကွေ့ရှောင်ကာ ယူလာပြီးလျှင် ကန်သွင်းတော့မည်ဟု ထင်ရဆဲ ဘဝင်းဘက်သို့ပ ခပ်ဆတ်ဆတ်ကန်၍ ပို့လိုက်ရာ ဘဝင်းလည်း မနာသောခြေဖြင့် ချိတ်လိုက်သည်တွင် ဒေါင့်တန်းထိုး၍ ဘားတိုင်အတွင်း ကပ်၍ဝင်သွားလေတော့ သတည်း။

MMCYBERMEDIA

ကွဲအက်သော ကော်နက်သံ၊ လင်းကွင်းသံများကား မစဲတော့ပြီ။ ရား... ရား သံများ ဆူညံနေတော့၏။ ထီး၊ ဦးထုပ်၊ ဖိနပ် များကား ပလူပြန်သည်နှင့်မခြားလှ။ ဂွန်းထိုးသူတွေက အနန္တ၊ ထ၍ ကသူတွေက တစ်ပုံတစ်ခေါင်း၊ ဘီအေအေ ဂရောင်းကြီးမှား ကျောင်းသားတို့ အောင်မြေနင်းသဖြင့် မိုးကောင်းကင် စစ်တလင်းတွင် အသူရာတို့အား နှိမ်နင်း၍ နတ်သဘင်ခင်းသလို ပျော်ခြင်းမလှ ပျော့်စရာကြီးပင် ရှိပေတော့၏။ သွားကျိုးပါးကျိုး အဘိုးအိုတို့ပင် ငယ်မူပြန်ပြီး ခေါင်းပေါင်းကိုချွတ်ပစ်၍ "ဟစ်ဖစ်ဖလေး" အော်ကြသည်မှာ ပျော်စရာတမျှ ရှိလေသတည်း။

ထိုသို့ ပျော်ရွှင်၍မှ အသံမစဲကြမီ "ခွီ" ခနဲ ပွဲပြီး၍ ခရာမှုတ်လိုက်သဖြင့် ဝေး ဟေး ဟေး ဟူသော အူရွှင်လေပင့်သည့် အသံကြီးသည် အသည်းရွစရာ ဖြစ်ပေါ်လာပြန်ပေတော့၏။

မကြာမီ ရန်ကုန်မြို့ကြီးကို သံချပ်သံများ ရစ်ပတ်ဖုံးလွှမ်းနေတော့၏။ ကျောင်းတော်သားတို့ကား ဘတ်စကား အစင်းပေါင်းများစွာဖြင့် စီတန်းလှည့်ပတ်ကာ ဟစ်အော် သံချပ်ထိုးလျက် ပျော်ရွှင်လျက် ရှိကြကုန်၏။ ဘတ်စကားများမှာ ကျောင်းသားများဖြင့် ပြည့်ကျပ်လျက် ရှိသောကြောင့် အမိုးပေါ်တွင် ထိုင်၍လိုက်သူတွေပင် ရှိကြလေတော့၏။ သံတိုင် သံဖေါက် သံချပ်ဆိုကြသည်ကို ဘတ်စကား၏ ဘော်ဒီကို လက်သီးဆုပ်ဖြင့် ထုကာ တဒိန်းဒိန်း စည်းဝါးလိုက်ကြသဖြင့် အချို့သော ဘတ်စကား ကိုယ်လုံးများမှာ ရှုံ့ပိန်လျက် ရှိလေတော့၏။ ကားသမားတို့ကာ ကျောင်းသားတို့၏ အလိုကို အတိုက်အခံမပြုဝံ့ရှာကြလေရာ လိုရာသို့ မောင်းကာ သည်းခံကြကုန်တော့၏။

အားလုံးတွင် သိန်းဖေကား အကဲဆုံး ဖြစ်နေပေတော့၏။ သိကြားမင်းမိုးပေါ်က ဆင်းသည့်အခါ နွားကိုစီးလျက် လက်တစ်ဖက်ကား မီးစ၊ တစ်ဖက်ကား ရေမှုတ်ကိုင်သည့် သင်္ကြန်စာအရုပ်ကို အားကျလေရော့သလား မသိ၊ သိန်းဖေလည်း မော်တော်ကား ခေါင်မိုးထိပ်တွင် တက်၍စီးနင်းကာ တစ်ဖက်ကား ကော်နက်၊ တစ်ဖက်ကား ပုဆိုးစကို မပြီးလျှင် ကွေးနေအောင် ကလိုက်၊ သံချပ်တိုင်လိုက်၊ ကော်နက်မှုတ်လိုက်နှင့် ၎င်းကိုကြည့်ရသည်မှာ အမြင်ကတ်စရာ ကောင်းသလောက် ကြည့်၍မရယ်ဘဲလည်း မနေနိုင်အောင် ရှိပေ၏။

မြို့ထဲသို့လှည့်၍ အားရကြပြီးနောက် ကျောင်းသို့ ပြန်ကာ ကျောင်းဆောင် အသီးသီးကို လှည့်လည်ကြပြန်လေ၏။ ပြည်ကျောင်းဆောင်သို့ ရောက်သောအခါ "ဖလားကြီးကို ယူလို့လာဗျ" ဟု သံတိုင်လိုက်ရာ "ချီးတဆရာ ထွက်လို့ကြည့်ဦး" ဟူ၍ညီညာစွာ ဝိုင်း၍ဆိုကြသဖြင့် ကျန်ရစ်ခဲ့သော ကျောင်းသားနှင့် ဆရာတို့သည် ထွက်၍ ကြည့်ကြလေ၏။

"ဆရာချီးက ဗိုက်ကြီးပူ"
"အင်းယားကျောင်းသူ ပြုံးစိပြုံးစိ"
"ကော်ကိကော်ကိ ဘူဟူဟူ"
"အင်းယားကျောင်းသူ ဂျမ်းဂျမ်း ဂျမ်းဂျမ်း" ဟူ၍ ဆူညံစွာလှည့်ကြ၍ အခြားကျောင်းဆောင်များကို ပတ်ပြီးလျှင် အင်းယားကျောင်းရှေ့တွင် ရစ်ကြပြန်လေ၏။ ထိုအခါမှ ကျောင်းသားများ သာ၍ ကဲကြလေကုန်၏။ အော်သံ ဟစ်သံ တီးမှုတ်သံများကို ကြားကြရ၍ ကျောင်းသူကလေးများသည် ထွက်ကြည့်ကြလေရာ-

MMCYBERMEDIA

"ကျောင်းတော်သားတွေ ဖလားယူ"
"အင်းယားသူတွေ ဆီးလို့ကြိုလိုက်" စသည်ဖြင့် အော်သူက အော်၊ လက်ကိုင်ပဝါလှုပ်ပြ သူတို့က လှုပ်၍ပြ၊ က၍ပြသူကလည်း ကကြနှင့် ရှိကြလေရာ သိန်းဖေလည်း ဥမ္မာဒန္တီမြင်၍ သိဝိမင်းမူးမေ့သလို ကျောင်းသူတွေမြင်၍ မေ့မြောသွားသည့်ဟန်ဖြင့် ကားခေါင်မိုးတွင် ပက်လက်လှန်၍ ခြေနှစ်ချောင်းကို ဆန့်ငင်ဆန့်ငင်နှင့် အမဲတုံးမိသည့် အောင်နက်လိုလုပ်၍ ပြလိုက်သဖြင့် အခြားကျောင်းသားများက တဝါးဝါး ဟားတိုက်ကြလေတော့၏။

မခင်ဆွေလည်း ကျောင်းသူကလေးများနှင့်အတူ ထွက်ပြူ၍ ကြည့်လိုက်ရာ ကျောင်းသားတွေ ဖြစ်နေသည်ကို သိရသဖြင့် ဘောလုံးကန်သူများ စီးနင်းလိုက်ပါလာသော ကားထဲတွင် ခင်မောင်ကိုသာ ဦးစွာ ရှာဖွေကြည့်မိလေ၏။ ခင်မောင်လည်း မခင်ဆွေကိုပင် ကြည့်မျှော်၍လာရာ နှစ်ဦးသား အကြည့်ချင်းဆုံမိရာတွင် မရိုသလိုလိုဖြစ်၍ သွားလေ၏။ ယခင်အခါများကဲ့သို့ ဖြစ်ပါမူ အားရပါးရ လက်ကိုင်ပဝါ လှုပ်ပြနှုတ်ဆက်ကာ ပျော်စရာကြီး ဖြစ်မည်ပင် မှန်ပေတော့၏။

ထိုအခိုက်တွင် ခင်မောင်၏ အနီးရှိ ခါတ်သိ ကျောင်းသားက "ကိုယ့်လူ၊ မေ့သွားပါဦးမယ်" ဟု ပြောင်လှောင်ကာ ခင်မောင်၏ ရင်ဝကို ဖိနှိပ်ပေးလိုက်ရာ ခင်မောင်မှာ ဘဝင်း၏ ရှေ့တွင် အနေရ ခက်လှသောကြောင့် ထိုသူအား တဒေါင်နှင့် ကြိတ်၍တွက်ကာ မျက်ရိပ်ပြ၍ တားမြစ် လိုက်ရလေတော့၏။

သို့နှင့် လှည့်ပတ်ပြီးစီး၍ ခင်မောင်တို့လည်း ပုဂံဟောလ်သို့ ပြန်ရောက်လာကြသောအခါ ဝမ်းမြောက်ကြောင်း လက်ဆွဲနှုတ်ဆက်ကြသူတို့မှာ ပြည့်၍ နေကြလေတော့၏။

ဘဝင်းနှင့် ခင်မောင်တို့မှာမူ ယခုကဲ့သို့ ဝမ်းမြောက်စရာကြီးကြောင့် ယခင်အဖြစ်ကို မေ့ကာ ခင်မောင်၏ အခန်းထဲတွင် ပျော်ပျော်ရွှင်ရွှင်ကြီး စကားပြောဆိုကာ ဘောလုံးပွဲ အဖြစ်အပျက်ကို စားမြုံ့ပြန်လျက် ရှိကြလေတော့၏။ သိန်းဖေကား ၎င်းတို့နှစ်ဦး ပြန်လည်ချစ်ခင်ကြခြင်းကို ဝမ်းမြောက်ခြင်းဖြင့် နှစ်ထောင်းအားရစွာ နောက်လိုက်ရှုပ်လိုက်နှင့် အထူးပင် အူမြူးလျက် အရှုးထနေလေတော့၏။

အခြားသော အခန်းထဲတွင်လည်း ဘောလုံးစကားချည်းသာလျှင် အားရကျေနပ်စွာ သားရေတမြားမြားနှင့် ပြောဆိုနေကြကုန်တော့၏။ ရေချိုးခန်းများ၌မူ ဆူညံအော်ဟစ်ကာ ခါတိုင်းထက် ပျော်ရွှင်သီဆိုလျက် မင်းသား ဘိုးစိန်၊ ဘိုးစိန် မင်းသားတွေ ဖြစ်နေကြလေတော့သည်။

ဘဝင်းနှင့် ခင်မောင်တို့လည်း ရေချိုး၍ ပြီးကြသည့်နောက် ထမင်းစားခေါင်းလောင်းထိုးသဖြင့် အတူတွဲ၍ ထမင်းစားခန်းထဲသို့ ဝင်သွားကြရာ "ဟီးရိုးကွ-ဟီးရိုး" ဟူသောအသံများနှင့် တဂွမ်းဂွမ်း ပန်းကန်ခေါက်၍ ဩဘာပေးသံများ ဆူညံသွားလေ၏။

ထိုသို့ ထမင်းစားကြ၍ မပြီးမီပင် ကျောင်းအုပ်ကြီးရုံးမှ ချာပရာစီသည် အထူးအမိန့်ကြော်ငြာကို ယူလာပြီး ထမင်းစားခန်းထဲရှိ ကြော်ငြာကပ်သော မှန်သေတ္တာကလေးထဲတွင် အထူးကြော်ငြာကို ထည့်ထားလေရာ ထိုကြော်ငြာအမိန့်ကို ကျောင်းသားများ ဝိုင်းအုံကြည့်ရှုကြပြီးသည်နှင့် တပြိုင်နက် "ဂျင်နရယ်လိဗ်" ခေါ် ကျောင်းဆောင်တိုင်းရှိ ကျောင်းသားများအား အားလပ်ခွင့် ပေးလိုက်သော အမိန့်စာကို

MMCYBERMEDIA

ထုတ်ပြန်လိုက်ကြောင်း တွေ့ရသဖြင့် "ဟော-ီးဒေး" ဟု ဝိုင်းဝန်း ဟစ်အော် ကြွေးကြော်သံကြီးသည် ကမ္ဘာပျက်သလို ပွက်လောရိုက်၍ သွားလေတော့သတည်း။

•••

(၁၀)

အချစ်ဟူသည်ကား သည်းအူကြားတွင် ဖြစ်ပွားပေါ်ပေါက်သော မတ်တတ်နာ ရောဂါမျိုးပင်ဖြစ်ရကား အချစ်ရောဂါ ကျွမ်းငြီး၍ အလွမ်းဖိသူတို့မှာ နွမ်းရိခွေနုံး တစ်ကိုယ်လုံး ချုံး၍ကျလျက် ဘုံးဘုံးလဲတတ်လေရာ မခင်ဆွေမှာ ကျပ်တည်းပြင်းထန်စွာ နှိပ်ကွပ်ခြင်းခံရသော အချစ်ကြောင့် တမှိုင်မှိုင်တဝေဝေနှင့် ပျော့ခွေ၍သာ နေလေ့ရှိသဖြင့် ၎င်း၏ မရှင်မပြသော အမူအရာကို တွေ့မြင်ရသော တိုးတိုးဖော် မသန်းတင်မှာ ကိုယ်ချင်းစာနာ သနားရှာမိလေတော့၏။

"ဆွေဆွေ... ဒါလောက်တောင် ဖြစ်နေတာပဲနော်" ဟု မသန်းတင်က ပြောလိုက်ရာ မခင်ဆွေသည် မိမိ၏ အတွင်းဆွေးရောဂါကို ရိပ်မိ၍သွားကြောင်းကို သိရသဖြင့် မျက်စိမျက်နှာ ပျက်လျက် ရှက်ကြောက် ဝမ်းနည်းကာ မျက်နှာမထားတတ်အောင် ရှိလေ၏။

"ဖွင့်ပြီးပြောပါဆွေဆွေရယ်၊ ဆွေဆွေ့ကြည့်ရတာ သနားလွန်းလို့ ကျွန်မတတ်နိုင်လျှင်လည်း ကူညီချင်လို့ပါ"
"မသန်းတင် သိပြီးသားဟာပဲ။ မလိုတော့ပါဘူးထင်ပါရဲ့၊ ကျွန်မတော့ဖြင့် တတ်နိုင်သလောက် မျိုသိပ်လာခဲ့တာ အခုတော့ မျိုသိပ်ထားရလွန်းလို့ အပြင်မထွက်နိုင်တဲ့အတွက် အတွင်းဆွေး ဆွေးပြီး အသည်းကျွမ်းပြီ ထင်တာပဲ မသန်းတင်၊ မသန်းတင်လည်း ဘယ်လိုမှ ကုနိုင်မယ် မထင်ပါဘူး"

မခင်ဆွေ၏ သနားဘွယ်ရာ ပြောဆိုလိုက်သော စကားများသည် မသန်းတင်၏ စိတ်ထဲတွင် ထိ၍သွားလေတော့၏။ မြွေမြွေချင်း ခြေမြင်သကဲ့သို့ မိန်းမအချင်းချင်းသာလျှင် အချစ်နှင့်ပတ်သက်၍ မိမိတို့ခံစားရသော ဒုက္ခကို သိရှိနိုင်ကြသောကြောင့် မခင်ဆွေ၏ ဖြစ်ပုံကို မြင်ရခြင်းအားဖြင့် မသန်းတင်မှာ ထိုရောဂါကူးစက်၍ ကိုယ်တိုင်ခံစားဘိသကဲ့သို့ ဖြစ်ပြီးလျှင် မည်သို့မျှ စကားမပြောနိုင်ရှာဘဲ တွေငေး၍ ကြည့်ကာသာ ကိုယ်ချင်းစာနာ သနားမိရှာလေ၏။

"အခု ကိုဘဝင်းနဲ့ ကိုခင်မောင်တို့ တစ်ယောက်နဲ့တစ်ယောက် တည့်သွားကြပြီ မဟုတ်လားလို့"
"သူတို့ချင်းပြန်ပြီး တည့်ကြပေမယ့်၊ ကျွန်မတို့ချင်း ချစ်ကြတာကိုတော့ ကိုကိုဝင်းက သဘောတူမှာ မဟုတ်ဘူး။ တခြားစီပဲ မသန်းတင်ရယ်"
"အင်း ဒီလိုဆိုတော့လည်း တစ်မျိုးခက်တာပဲနော်"
"အများကြီးခက်တယ် မသန်းတင်၊ သိပ်ခက်တာပဲ။ ငယ်ငယ်ရွယ်ရွယ် ကလေးသူငယ်တွေလို ပညာမတတ်တတတ် ကလေးတွေဆိုရင်လည်း ထင်သလို ဖွတ်မိုတ်လို့ အပြစ်မရှိဘူး၊ အခုလို စဉ်းစားဆင်ခြင်နိုင်တဲ့ အရွယ်ရောက်ပြီး ပညာအခြေခံကလေး ရှိရက်နဲ့မှ ဖွတ်မိုတ်ဖို့ဟာ အင်မတန်ခက်တာပဲ မသန်းတင်ရယ်၊ ဩော် အချစ်ဆိုတာ ဆင်းရဲချမ်းသာ၊ ပညာတတ် မတတ်၊ အယုတ်အမြတ်မရွေး၊ လူတိုင်းကို ဒုက္ခပေးတာပါပဲကလား" ဟု ဆိုရင်းက မျက်ရည်များဝဲလာသဖြင့် မသန်းတင်ပင်လျှင် ငိုချင်ဝမ်းနည်းဖြစ်ကာ ရင်းတွင်းက ဆို့သွားရှာလေ၏။

MMCYBERMEDIA

တောင့်တခြင်းမည်သည် မရနိုင်သောကြောင့် ပေါ်ပေါက်ရသော စိတ်ဓါတ်ပင် ဖြစ်ပေ၏။ ရနိုင်သော ပစ္စည်းကို မည်သူမျှ မတောင့်တ၊ မရနိုင်မှ တောင့်တခြင်း ပြင်းပြ၍ မတည့်သည့်အစာမှ ပို၍ အရသာရှိသည် ထင်ကာ တောင့်တလေ့ရှိကြသကဲ့သို့ မခင်ဆွေမှာ ခင်မောင်၏ အချစ်ကို ပျော်ရွှင်စွာ ခံစားရစဉ်ကမူ စိတ်ထဲတွင် မည်သို့မျှ ပူပင်ပြင်းပြခြင်း မရှိခဲ့သော်လည်း ယခုမူ ပျော်ပျော်ရွှင်ရွှင် ချစ်ခင်နိုင်သည့် အခြေအနေကို ရရှိနိုင်ရန် အတော်ပင် ခရီးဝေးလှသည်ကို တွေ့ရှိရသောအခါမှ ယခင်က ရိုးရိုးမျှ ထားရှိခဲ့သော အချစ်သည် နေ့ညနာရီမခြား ကြီးမားပြင်းထန်၍ လာခဲ့ခြင်းကြောင့် နေထိုင်သွားလာရာတွင် လူမသိအောင်သာ အမူလုပ်၍ မပူရုပ်ဖမ်းခဲ့ရသော်လည်း တစ်ကိုယ်တည်းသော်လည်းကောင်း၊ မသန်းတင်နှင့်သော်လည်းကောင်း ရှိကြသည့်အခါများတွင်မူ ဆွေးပူငေးမှိုင် ဣန္ဒြေမဆည်နိုင်အောင်ပင် ရှိရရှာပေတော့၏။

မဖီးမလိမ်း မဆင်မပြင်ချင်လှတော့ဘဲ ကျောင်းတက်သည့်အခါများ၌ မလွဲသာ၍ ပေါင်ဒါသရစေကာမူ ဆံထုံးကိုမူ ကပိုကရိုဖြင့် လေယာဉ်ပျံဆံထုံး ဘီးဖြူပတ်၍ ကျောင်းတက်လေရာ၊ ရုပ်ရည်လှခြင်းတည်းဟူသော နဂိုအလှခံဖြင့် ပို၍လှသည့် သဏ္ဍာန်ဆောင်နေခြင်းဖြင့် "ဖက်ရှင်" အသစ် ထွင်လိုက်ဘိသည့်အလား အခြားကျောင်းသူကလေးများပင် မခင်ဆွေ၏ ဖီးလိမ်းပုံမျိုးကို အတုခိုးနေပြန်သည့်အတွက် ဝမ်းနည်းဘွယ်ရာထဲမှာ ကြည်နူးစရာ တွေ့နေရပြန်လေ၏။

ထိုသို့ ပူပုံပန်းဟန်ကလေးဖြင့် ကျောင်းတက်နေသော မခင်ဆွေကို ခင်မောင်တွေ့မြင်သွားရလျှင် "သူ့ခမျာ ငါ့ကို ချစ်ပါရက်ကယ်နှင့် ဖွတ်နစ်ပြီး အချစ်ဖြတ်လိုက်ရရှာလို့ သနားစရာဖြစ်နေရတော့တာပဲ" ဟု တွေးမိတော့ကာ မချိလှိုက်လှဲ ဝမ်းနည်းမိလေ၏။

တစ်ခါတရံ သွားရင်းလာရင်း ခပ်လှမ်းလှမ်းမှနေ၍ တစေ့တစောင်း ကြည့်ရှုလိုက်သော ခင်ဆွေ၏ မျက်လုံးနှင့် မိမိ၏အကြည့် တွေ့ဆုံမိသောအခါ မခင်ဆွေတွင် ခဏမျှ တွေဝေငေးစိုက် သွားသည်ကို တွေ့ရှိရပြန်သဖြင့် ခင်မောင်မှာ "ဖြစ်ရလေခြင်း" ဟု ဝမ်းနည်းပက်လက်ဖြစ်ကာ အနီးရှိ အုတ်နံရံနှင့်ခေါင်းနှင့် ပြေး၍ဆောင့်လိုက်ချင်အောင် ဖြစ်ရပြန်လေ၏။

သို့နှင့် မခင်ဆွေမှာ မျှော်ရာကငေး တော်ရာကဆွေး နေခဲ့ရာမှ မစားချင် မသောက်ချင်ဖြစ်ပြီးလျှင် နေထိုင်မကောင်း သလိုလို မအီမသာ ဖြစ်ခြင်းတည်းဟူသော အချစ်ရောဂါသည် တဖြည်းဖြည်း ဖမ်းစား၍ လာလေ၏။

ထိုသို့ဖြစ်ခြင်းကြောင့် မခင်ဆွေ ကျောင်းမတက်သည်ကို ခင်မောင် တွေ့ရှိရလေရာ အဘယ် အကြောင်းကြောင့် ကျောင်းမတက်သည်ကို မသိရ မိန်ကလေးတစ်ဦး တစ်ယောက်ကို မေးရမှာကလည်း ရဲရဲတင်းတင်း မေးရလောက်အောင် အကျွမ်းတဝင် ဖြစ်သူလည်းမရှိ၊ ဘဝင်းအားလည်း အမေးရခက်သည် ဖြစ်သောကြောင့် မည်သို့မျှ မကြံတတ်အောင်ရှိလေ၏။ သို့ဖြင့် မိမိနှင့် ခင်ဆွေ ဖြစ်ပျက်နေကြခြင်းကို ဘဝင်းက ၎င်း၏ မိဘထံ တိုင်ကြားလိုက်သောကြောင့် အိမ်သို့ပင် ပြန်၍ခေါ်သွားလေပြီလော၊ နေထိုင်၍ မကောင်းလို့ဘဲလားဟု သိနိုင်ရန် အကြံရကျပ်လှသည့်အလျောက် တွေးမိတိုင်း မနေနိုင်မထိုင်နိုင် ရှိရှာလေ၏။

MMCYBERMEDIA

သိန်းဖေမှာ ခင်မောင်၏ အဖြစ်ကို တွေ့ရှိရခြင်းအားဖြင့် ကိုယ်ချင်းစာမိပြီးလျှင် သနားသောစိတ် ပေါ်ပေါက်ကာ အတူတူကူ၍ လွမ်းသည့်အခါ လွမ်းလိုက်၊ ဖြောင်းဖြနစ်သိမ့်စကား ပြောသည့်အခါ ပြောလိုက်၊ ရယ်မောပြုံးရွှင်အောင် နောက်သည့်အခါ နောက်လိုက်နှင့် ၁၂ မျိုး မင်းသားလုပ်၍ နေရပေတော့၏။

"ခက်တာပဲ ကိုသိန်းဖေရာ၊ ကျွန်တော်လည်း မကြံတတ်အောင် ရှိနေတော့တာပဲ၊ ကျောင်းမတက်တာလဲ နှစ်ရက် သုံးရက်လောက် ရှိနေပြီ၊ ဘာကြောင့် ကျောင်းမတက်သလဲ မသိဘူး"
"ခင်ဗျားမှ မသိရင် ကျွန်တော်မဆိုင်တဲ့လူက သာပြီး အသိရခက်တာပေါ့"
သိန်းဖေက စိတ်ပျက်ဘွယ် ပြောလိုက်သဖြင့် ခင်မောင်တွင် သာ၍ပင် အကျပ်ကျနေလေတော့၏။

"ကြံစမ်းပါဦးဗျာ၊ ကိုဘဝင်းကို ခင်ဗျား လှည့်ပတ်ပြီးတော့ မေးစမ်းပါဦး၊ ခင်ဗျားအပြင် ကြံနိုင်တဲ့လူ မရှိဘူး"
"ဒီလို လုပ်ပါလားဗျာ၊ ကျွန်တော်လည်း မခင်ဆွေအကြောင်းနဲ့ ပတ်သက်ပြီးတော့ ကိုဘဝင်းကို တယ်ပြီး မမေးချင်ဘူး၊ ဒီတော့ ကျွန်တော် သဘောအရ ပြောရမှာဖြင့် တနင်္ဂနွေနေ့ကျရင် အင်းယားဟောလ်ကို ဖွတ်မိုတ်ပြီးသွားဗျာ၊ ဒီတစ်ခါ ကိုဘဝင်းနဲ့ အရင်ကထက်ပိုပြီး ရန်ဖြစ်ချင်လည်း ဖြစ်ရရောပေါ့၊ ကိုယ်က တကယ့်မေတ္တာစစ်နဲ့ သွားတာလာတာကိုမှ မကြည်ဖြူရင်လည်း မတတ်နိုင်ဘူး"
"နို့ပေတဲ့ သူက ဖြတ်စာပေးထားတဲ့အလုပ်၊ ကျွန်တော်က အရှက်မရှိဘဲ မျက်နှာမွဲကြီးနဲ့ တွေ့ရအောင် သွားလို့ အတွေ့ခံပဲ့မလား"
"သြော်… ခင်ဗျားကလည်း အသိသားနဲ့ဗျာ၊ သူကမချစ်လို့ ဖြတ်စာ ပေးရတာမှ မဟုတ်ဘဲနဲ့ မလွှဲသာလို့ အချစ်ကို ဖျက်ရတာပဲ။ တချို့များ အင်မတန်ချစ်ကြလွန်းလို့ မိဘမောင်ဘွား အမျိုးမျိုးဖျက်တာတောင် ဉာဏ်နီဉာဏ်နက်ဆင်ပြီး တွေ့ကြသေးတာပဲ။ ကျောင်းမှာလောက် လွယ်တာ ဘယ်ရှိမလဲဗျ။ ကိုယ့်လူ-စိတ်ကူးမလွဲနဲ့ဗျာ၊ ကျွန်တော် ပြောတဲ့အတိုင်းသာ လုပ်ပါ။ တစ်ခုခု ဒုက္ခဖြစ်ရင် ခင်ဗျားဖြစ်မှာပဲ။ ကျွန်တော်ဖြစ်မှာ မဟုတ်ဘူး၊ မပူပါနဲ့" ဟု ပြောလိုက်သောကြောင့် ခင်မောင်မှာ ပြုံးမိလျက် သိန်းဖေပြောသကဲ့သို့ပင် တွေ့အောင် ကြံစည်ဆုံးဖြတ်လိုက်လေ၏။

ယင်းသို့ စိတ်ဆုံးဖြတ်လိုက်သော်လည်း တနင်္ဂနွေသို့ ရောက်သောအခါ ခင်မောင်မှာ သွားရမည်ကိုပင် တထင့်ထင့် စိတ်လေးနေသည်ကို တွေ့ရသဖြင့် သိန်းဖေက အတင်း သွားရန် အားပေး တိုက်တွန်းရလေတော့၏။

ခင်မောင်လည်း အဝတ်အစား တောက်တောက်ပြောင်ပြောင် မဝတ်စားဘဲ မြင်လျှင် သနားအောင် ရိုးရိုးတန်းတန်း ဝတ်စားကာ အင်းယားဆောင်သို့ ရှေ့ရှုလာခဲ့လေ၏။ ခင်မောင်၏ စိတ်များသည်ကား အတွေးရေယာဉ်ကြောတွင် ပျံ့လွင့်လျက်ရှိရာ လမ်းတွင်တွေ့သူများက နှုတ်ဆက်သည့်တိုင်အောင် ပြန်လည်၍ နှုတ်မဆက်မိ။ ၎င်းတို့၏ မျက်နှာကိုမြင်ရလျက် အသိမအဟုတ်သကဲ့သို့ ကြောင်၍ကြည့်ကာ အင်းယားဆောင်ဆီသို့ လျှောက်လာခဲ့လေ၏။

အင်းယားဆောင်အနီးသို့ ရောက်ရှိသောအခါ ဝင်ရတော့မည်၊ ဝင်မိလျှင် တွေ့အောင် လုပ်ရတော့မည်ကို တွေးမိကာ ရင်တွင်း၌ အလိုလိုပင် တဒိတ်ဒိတ် သွေးခုန်လျက် ရှိမိလေ၏။ သို့နှင့် အင်းယားဆောင်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်၍ ကျောင်းဝင်းထဲသို့ ဝင်တော့မည်အပြုတွင် ခင်မောင်သည် မိမိရှေ့တွင်

MMCYBERMEDIA

တင်းဘုတ်ကြီး ကိုင်ကာ ရိုက်နက်တော့မည့် ဟန်ဖြင့် ငေ့ရမ်းနေသော ဘီလူး သဘက်ကြီးကို တွေ့ရသဖြင့် ကြက်သေသေကာ ရုတ်တရက် ရပ်တန့်မိလေ၏။

ခင်မောင် မြင်ရသူကား ကျောင်းဝင်းထဲမှ ထွက်လာသော ဘဝင်းပင် ဖြစ်ပေ၏။ ဘဝင်းသည် အင်းယားဆောင်မှ ထွက်လာကာ ခင်မောင်ကို တွေ့မြင်ရသည်တွင် ပြုံးရယ်၍ပြသော မျက်နှာဖြင့် နှုတ်ဆက်ပြီးလျှင် "ဘယ်လဲ ကိုခင်မောင်" ဟု မေးလိုက်ရာ ခင်မောင်မှာ ရုတ်တရက် အဖြေရကျပ်၍ သွားလေတော့၏။ ထိုနောက်မှ ဦးနှောက်ထဲတွင် ရုတ်တရက် အကြံ ပေါ်လာသည့်အတိုင်း "ကန်ထဲကိုသွားပြီး ရေကူးမလို့" ဟု ညာ၍ ပြောလိုက်ရလေ၏။

သို့ပြောလိုက်လျှင် ဘဝင်းသည် မသင်္ကာသလိုလို ဖြစ်သွားပြီးမှ "နို့ မျက်နှာသုတ်ပဝါတို့၊ ရေလဲပိုင်းတို့ မပါပါကလား" ဟု မေးပြန်သောကြောင့် ခင်မောင်မှာ အလိမ်မပိုင်သည့်အတွက် အခက်ကျနေပြန်ကာ တသမတ်တည်း ညာဖို့ရန် စိတ်ကူးရပြန်ပြီးလျှင်-
"ဘောင်းဘီ ပါပါတယ်" ဟု ဖြေလိုက်လေ၏။

"အပေါ်အင်္ကျီကော ဘာလုပ်ဖို့ ဝတ်လာရတာလဲ"
"မြို့ထဲက ပြန်လာတာဗျ၊ ပျင်းပျင်းရှိတာနဲ့ ကျောင်းကို မပြန်ဘဲ ဒီကို ဆက်လာတာ"
ယုတ္တိမရှိသော စကားဖြင့်ပင် ဖြစ်သလို ဆက်လက် ညာလိုက်ရပြန်လေ၏။

ဘဝင်းက "ဒါဖြင့် ကျွန်တော်လည်း လိုက်ခဲ့မယ်ဗျာ၊ အညောင်း အညာပြေ ရေကူးရအောင်" ဟု ဆိုလိုက်သောကြောင့် ဤတွင်မှ ခင်မောင်တွင် မိမိအား ဘဝင်းက တောက်တဲ့ကပ် ကပ်နေသည်ကို ခွါ၍ ရနိုင်တော့မည် မဟုတ်သည်ကို တွေ့ရသောကြောင့်၊ ရည်းစားပူမိ၍ ရည်းစားနှင့် တွေ့ရန်လာခဲ့သည်မှာ ရည်စားနှင့် တွေ့ရမည့်အစား ရေနှင့် တွေ့ရမည်ကို ငိုချင်ရယ်ချင် ဖြစ်မိကာ သက်မကြီး ချလိုက်မိလေ၏။

ခင်မောင်မှာ အခြားအားဖြင့် ရှောင်လွှဲ၍ မပြောနိုင်တော့သောကြောင့်၊ ပြောသည့်စကားအတိုင်း ဘဝင်းအား ရေချိုးရန်ခေါ်၍ ရေချိုးပြီး ပြန်ရမည်ကို စိတ်ထဲတွင် အောင့်သက်သက် မချင့်မရဲ ဖြစ်လျက်နှင့်ပင် ဘဝင်းကို ခေါ်၍ သွားရလေတော့၏။

အတန်ကြာ၍ အင်းယားကန်မှ ပြန်ပြီးလျှင် ပုဂံဆောင်သို့ ရောက်ရှိသောအခါ သိန်းဖေသည် ခင်မောင် ရောက်ရှိလာသည်ကို သိလျှင် သတင်းကောင်း ကြားရမည်လောဟု ပြေး၍ လာလေ၏။

"ကိုခင်မောင် တွေ့လား ဘာပြောလဲ၊ ရှိတယ်မဟုတ်လား" ဟု အူလျားဖားလျား အားရဝမ်းသာ မေးလိုက်သည်ကို ခင်မောင်က ရုတ်တရက် ပြန်၍ မပြောသည့်ပြင်၊ မျက်နှာ မသာသည်ကိုလည်း တွေ့ရသောကြောင့်...
"ပြောစမ်းပါဦးဗျ၊ သွက်သွက်လက်လက်ကလေး။ ခင်ဗျားကြည့်ရတာ ငွေတကြီး မှိုင်းခံထားသလိုပဲ" ဟု ဆိုတော့မှ ခင်မောင်က ခေါင်းကိုရမ်းဖယ်ကာ "မတွေ့ရဘူးဗျ" ဟုပြောလေ၏။

"ဘာပြုလို့ မတွေ့ရတာတုန်း။ မတွေ့ဘဲနှင့်လည်း ကြာလိုက်တာ"
"မတွေ့ရဘဲ ကန်ထဲမှာ သက်သက်မဲ့ ရေချိုးပြီး ပြန်ခဲ့ရတယ်"

MMCYBERMEDIA

အကြောင်းရင်းကို မသိခင်က သိန်းဖေသည် ရယ်ချင်မိ၍ ဣန္ဒြေမဆည်နိုင် ရှိလေ၏။ ထို့နောက် ခင်မောင်က အကျိုးအကြောင်း ပြောပြရာတွင်၊ သိန်းဖေသည် နှလုံးနင့်တွေ့ကာ ခွက်ထိုးခွက်လန် ရယ်သောကြောင့် စိတ်ညစ်လာရသူ ခင်မောင်မှာ သိန်းဖေရယ်ပုံကို မြင်ရ၍ ပြုံးရယ်ချင်သောစိတ်များ ပေါ်ပေါက်လာလေတော့၏။

"ဖဦးထုတ် ယ မရစ်ဘဲ၊ ဖစ်မှ ဖစ်ရလေဗျာ။ အကျိုးလိုလို့ အတန်းကိုသွား ပန်းချာပီကုလားနဲ့ တွေ့ပြီး ပြန်ခဲ့ရတာ ကျနေပြီ။ ခင်ဗျားမို့ ကြုံကြုံဖန်ဖန် ဖြစ်ရတယ်ဗျာ"
"ဖြစ်ရပုံများတော့ မပြောချင်ပါဘူးဗျာ"
"မပြောချင်လည်း မပြောပါနဲ့တော့ဗျာ" ဟု ဆိုကာ ရယ်ပြန်ပြီးမှ...
"နေပါဦးဗျ ကိုဘဝင်းက ဘာလုပ်ဖို့ အင်းယားဟောလ် သွားတာလဲ" ဟု သိန်းဖေက မေးလေ၏။

"မသိတော့လားလို့"
"ကဲ ကဲ၊ ဒါလောက်တောင် ရှိနေမှဖြင့် ကိုဘဝင်းဆီသွားပြီး မခင်ဆွေ အကြောင်းသိရအောင် စကားကူးသန်း ရောင်းဝယ်ရေး ကုမ္ပဏီဖွင့်ဦးမှပဲ" ဟု ဆိုသဖြင့် "လုပ်စမ်းပါဦးဗျာ ခပ်မြန်မြန်ကလေး" ဟု ခင်မောင်က တိုက်တွန်းသောကြောင့် သိန်းဖေလည်း ဘဝင်းထံ ပြေးလေ၏။

သိန်းဖေသည် ဘဝင်းအခန်းထဲသို့ ဝင်သွားလျှင် ဘဝင်းသည် စားပွဲတွင်ထိုင်၍ စာရေးနေရာမှ သိန်းဖေလာသဖြင့် ရေးထားသော စာရွက်ကလေးကို ဖျတ်ခနဲ အုပ်ထားလိုက်လေ၏။ သိန်းဖေသည် ဘဝင်း၏ အမူအရာကို မြင်လိုက်သောကြောင့် လှည့်ပတ်ညာဝါးလိုသော မျက်နှာထားဖြင့် အချိုသွေးကာ-
"ဟဲ ဟဲ ကိုဘဝင်းကလဲ၊ ကျွန်တော်နဲ့ အသိသားနဲ့ ဝှက်နေဖို့ မလိုပါဘူးဗျ။ ဘာကလေးလဲ ပြစမ်းပါဦး" ဟု လှမ်းလိုက်လေ၏။
"ဘာရယ်မဟုတ်ပါဘူးဗျာ၊ အိမ်ကို စာရေးနေတာပါ"
"ဟုတ်မှလဲ လိမ်စမ်းပါဗျာ၊ အိမ်ရေးတဲ့စာဆိုရင် ကျွန်တော် မြင်ရလို့ကော ဘာအရေးလဲဗျ။ ကိုယ့်ဟာလေးကျတော့ ခွဲခြမ်းခွဲခြမ်း မလုပ်စမ်းပါနဲ့ဗျာ။ အတိုကြီးကလည်းဂျာ ညီလေးချစ်တာနဲ့" ဟု ညုသလိုလိုနှင့် လှဲ့လိုက်ပြန်သောကြောင့် ဘဝင်းမှာ မိမိအကြောင်းကို သိန်းဖေအား အသိပေးချင်သော စိတ်များ ပေါ်လာလေ၏။

"ခင်ဗျားသိချင်သလား"
"အသည်းထဲ ကလီဆာထဲကကို သိချင်လွန်းလို့ပါ" ဟု ပြောသည့်အတွက် ဘဝင်းက "သူများ မပြောနဲ့နော်" ဟု ဆိုရာ "မပြောပါဘူးဗျာ၊ သဲပုံစေတီ စူးရပါစေရဲ့" ဟု ကတိပေးမှ ဘဝင်းလည်း မိမိရေးသော စာကို ထုတ်ပြလေ၏။

ထိုစာမှာ အကြမ်းခြစ်ထားသော စာဖြစ်ပြီးလျှင်၊ ချစ်တဲ့သူ အချစ်ရဲ့ နမရဲ့ ခင်ရဲ့ စသည်တို့ဖြင့် ပြည့်နှက်၍ နေသောကြောင့် သိန်းဖေတွင် အံ့အားသင့်မိသလောက် ဝမ်းမြောက်ကျေနပ်ခြင်းလည်း ဖြစ်ပေ၏။

"အလဲ့ ကိုယ့်လူက တယ်နိတ်ပါကလား။ ဘယ်သူ့များ မျက်စိကျနေပြန်ပါလိမ့်လဲ လုပ်စမ်းပါဦးဗျ။ ဘယ်အဆက်လဲ"

MMCYBERMEDIA

"ကျောင်းထဲကပဲဗျ"
"အရင်ကလည်း မသိရပါလား"
"မသိဆို အခုမှ ဖြစ်တာကိုးဗျ"
"ဘယ်သူများပါလိမ့်" ဟု တွေးကာ သိန်းဖေလည်း ခေါင်းကုတ် စဉ်းစားလိုက်ပြီး…
"ဩော်… သိပြီ သိပြီ" ဟု ဆိုလေ၏။
"ဘယ်သူလဲ"
"သိပါတယ်ဗျာ၊ သူမဟုတ်လား"
"ဟား… ဟား… ဘယ်ကသူလဲ၊ ဖြီးမနေစမ်းပါနဲ့" ဟု ဆိုပြီးမှ ဘဝင်းက စက္ကူပေါ်တွင် နာမည်ကို ရေးပြလိုက်ရာ သိန်းဖေက မျက်လုံးပြူးကာ "ဩော်… မသန်းတင်လား" ဟု ဆိုသဖြင့် "အင်း သူပဲ" ဟု ပြောသည်တွင် သိန်းဖေသည် ကျေကျေနပ်နပ်ကြီး ပြုံးလေ၏။

"ပြောစမ်းပါဦးဗျ၊ ဘယ်လိုတွေ့ကြုံတာတုန်း"
"စပြီးတော့ တွေ့ကြတာကတော့ ကျွန်တော်ရယ် မခင်ဆွေရယ် ကိုခင်မောင်ရယ် ဟိုအရင်တစ်ခါ ရုပ်ရှင်သွားတုန်းက သူလည်း ပါလာတယ်" ဟုပြောရင်း မခင်ဆွေရယ်၊ ကိုခင်မောင်ရယ်ဟု ပြောလိုက်သည့် စကားကို စဉ်းစားမိ၍ မျက်နှာပျက်၍ သွားလေ၏။ ထိုနောက်မှ ဆက်လက်၍ အဲဒီတုန်းကပဲ လူချင်း မျက်နှာတမ်းမိပြီး တွေ့ကြုံတဲ့အခါ ပြုံးပြီး နှုတ်ဆက်စကား နည်းနည်းပါးပါး ပြောနဲ့ အသိဖြစ်လာတာပေါ့။ ဒီကနေ့တော့ မခင်ဆွေလည်း တစ်ရက် နှစ်ရက်လောက်ကတည်းက နေမကောင်းဘူး ဆိုတာသိတာနဲ့ မေးရအောင် သွားရင်း၊ သူနဲ့ တွေ့လာသဖြင့် စကားစတွေ့ရသောကြောင့် တခြားကိစ္စကို မကြားချင်သေးဘဲ "တော်တော်ပဲ ဖျားနေသလား" ဟု သိန်းဖေက စိုးရိမ်သည့် ဟန်အမူအရာဖြင့် မေးလေ၏။

"အကြီးအကျယ် မဟုတ်လှပါဘူးဗျာ။ နည်းနည်းပါးပါး နေမကောင်းတာပါပဲ။ နို့ပေတဲ့ ကျောင်းထဲက ဆစ်ရှမ်းထဲကို ပို့ထားရတယ်။ ဘာရောဂါမှန်းလည်း မသိပါဘူးဗျာ။ ဖျားတာလည်း မဟုတ်ဘူး"
"ဒူလာများ ဖြစ်နေရော့သလား"
"ထွတ် ဘာဆိုင်လို့လဲ၊ မိန်းမနဲ့ ဒူလာ တခြားစီပဲ"
"တခြားစီဟာမို့ မေးတာပေါ့ဗျ။ မိန်းမရောဂါဆိုရင် သိရမှာပေါ့။ မိန်းမရောဂါ မဟုတ်လို့ မသိရတာပေါ့" ဟု ပျက်ချော်ချော် ပြု၍ ပြောလိုက်လေ၏။ မခင်ဆွေအကြောင်းကိုမူ သိရပြီဖြစ်၍ မသန်းတင်၏ အကြောင်းကို ဆက်လက် မေးလေ၏။

"ကျွန်တော်နဲ့တော့ အတော်နေရာကျနေတာပဲဗျ။ သူပြောပုံ ဆိုပုံ ကြည့်ပုံ အမူအရာတွေဟာ၊ ပါးစပ်က ပြောမပြသော်လည်း ကျွန်တော့်ကို ချစ်ပါတယ်လို့ ပြောနေသလိုပဲဗျ။ စလိုက်ရင်တော့ ဟန်ပြီးသားပဲ"
"ကိုယ်ကလည်းချစ်မှ ကြံပါဗျာ၊ မချစ်ဘဲနဲ့တော့ ဒုက္ခမပေးပါနဲ့"
"ကိုယ်က မချစ်ပဲ လုပ်ပါ့မလားဗျ။ ခင်ဗျားနယ် ကြံကြီး စည်ရာ"
"ဒါဖြင့် ခင်ဗျားဟာက ကိုယ်တော့ကြိုက်စေ၊ သူများတော့ မကြိုက်ရဘူး တယ် တရားတဲ့ လူပဲ"

သိန်းဖေပြောသော စကားမှာ ခင်မောင်နှင့် ခင်ဆွေတို့ကို ရည်ရွယ်သည်ကို သိ၍ ဘဝင်းသည် ရုတ်တရက် ရှက်ဒေါသကလေး ဖြစ်ကာ "ဘာလဲဗျ" ဟု ဆိုလိုက်ပြီးမှ မိမိမှားဦးမည်ကို တွေးမိ၍ စိတ်ကိုဖြေကာ၊ အောက်မေးသံကြီးဖြင့် "ဒါကတော့ဗျာ မောင်ဆိုတာ ရှက်တတ်တာမျိုးပေါ့ ခင်ဗျားလည်း စဉ်းစားကြည့်လေ" ဟု ကာကွယ်စကားပြောရလေ၏။

MMCYBERMEDIA

"အလကား နောက်တာပါဗျာ စိတ်မရှိပါနဲ့"
"စိတ်မရှိပါဘူးဗျာ၊ ယောက်ျားချင်းပဲ"
"ဟဲ ဟဲ၊ ခင်ဗျားလည်း ပျက်လာပြီ။ ကြာရင် အနူရုံ ရောက်လိမ့်မယ်"
"ရှုပ်တဲ့နောက်တဲ့ စကားတွေ ထားလိုက်ပါဦး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားကို ကျွန်တော် တိုင်ပင်ချင်တယ်။ ခင်ဗျား ဝင်လာတာနဲ့လည်း အဆင်သင့်ပဲ"
"ဒါကတော့ဗျာ၊ ဘာအထူးတိုင်ပင်ဖို့ လိုသလဲဗျာ။ ကိုယ်ကြိုက်ရင် ကြိုက်ကြောင်း ပြောရုံပေါ့။ မပြောရဲရင် ဒါမှမဟုတ်၊ ပြောရမှာ မျက်နှာခက်ရင်လဲ စာပေးရုံပေါ့။ ကိုယ်မေတ္တာရှိလို့ ပြောတာ ဆိုတာ ရေးတာဟာ မမှားပါဘူး"

သိန်းဖေမှာ ဘဝင်းနှင့် တိုင်ပင်ဘို့အရေးထက် ခင်မောင်အား မခင်ဆွေအကြောင်း ပြောလိုသော ဆန္ဒက ပြင်းပြနေသောကြောင့် "အခုနေတော့ ဘာတိုင်ပင်နေစရာ လိုသလဲဗျ။ အကြောင်းမှ မထူးသေးပဲနဲ့ဟာပဲ" နောင်ထူးမှ တိုင်ပင်တာပေါ့။ အခု အရေးကြီးတာကတော့ ချစ် မချစ် သိရအောင် စမ်းဖို့လိုတာပဲ။ ကဲဗျာ ကျွန်တော်လည်း အိမ်ကို စာရေးပြီး ငွေတောင်းဖို့ လိုသေးတယ်။ တော်တော်ကာမှ လာမယ်" ဟု ဆို၍ ထွက်ခဲ့ပြီးလျှင် မိမိအခန်းပြန်သလို လုပ်ပြီး ခင်မောင်ထံ သွားလေ၏။

"အိုင်ဆေး ကိုခင်မောင် မခင်ဆွေအကြောင်း သိရပြီဗျ"
"အင်း အင်း၊ ပြောစမ်းပါဦး မြန်မြန်၊ သူဒီမှာ ရှိတယ် မဟုတ်လား"
"ရှိပါတယ်ဗျာ မပူပါနဲ့၊ နို့ပေတဲ့ နေမကောင်းလို့ ကျောင်းမတက်တာပါ"
"ဘယ်လို နေမကောင်းတာတုန်း၊ ဘုရား... ဘုရား၊ ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ မယ်မင်းကြီးမကလေး မသေပါစေနဲ့ဦး"
"ဘယ်လိုဖြစ်တယ် ဘာရောဂါဖြစ်တယ်ဆိုတာကို ကိုဘဝင်းလည်း မသိဘူး။ ရောဂါက နာမည်ပေးစရာ မရှိဘူး။ စိတ္တဇရောဂါမှ ဟုတ်မဟုတ်ပဲ့မလား မသိဘူး"
သိန်းဖေက ပြောင်သလိုလို ပြောလိုက်သော်လည်း ခင်မောင် စိတ်ထဲတွင် အတော်ထိ၍သွားကာ စိုးရိမ်ပူပန်ခြင်း၊ တွေး၍ဝမ်းနည်းခြင်း စသည်များ ဖြစ်မိပေ၏။

"ကျွန်တော့်စိတ်နဲ့ ဖြစ်ရတယ်ဆိုရင်ဖြင့် ကျွန်တော် မချိတော့ဘူးဗျာ၊ မချိပါဘူး၊ သွားပြီးတော့ မေးလိုက်ချင်ပါရဲ့။ နို့ပေတဲ့ တွေ့ရမှာ မဟုတ်လို့ ခက်နေတယ်" ဟု ဆိုရင်းပင် စိတ်ထဲတွင် ဝမ်းမည်းလုံး ဆို့ကာ ဗိုကေကို လက်နှစ်ဘက်ဖြင့် စုကုတ်ကာ စိတ်ရှုပ်သည့် အမူအရာကို ဖန်တီးနေသဖြင့်"
"ကိုယ့်လူကလဲဗျာ။ ဒါလောက် အလွမ်းကောင်းရဲ့သားနဲ့၊ ကောလိပ်ကျောင်းကို ငွေကုန်ခံပြီး တက်နေသေးသလား၊ ရုပ်ရှင်ထဲ လိုက်ရောပေါ့" ဟု ရွှမ်းလိုက်မှာ ခင်မောင်တွင် ပြုံး၍လာနိုင်ပေတော့၏။

•••

## (၁၁)

ဘဝင်းသည် ခင်ဆွေ၏ ရောဂါအတွက် ပူပန်ခြင်းထက် မသန်းတင်နှင့် အမြဲတွေ့၍ စကားပြောချင်သော စိတ်များ ပေါ်ပေါက်လျှက်ရှိရာတွင် မခင်ဆွေ၏ ကျန်းမာရေးအတွက် ပြောစရာ စကားစ ရှိနေသောကြောင့် ကျောင်းသို့ရောက်လျှင် မသန်းတင်ကိုသာတွေ့ရအောင် ဦးစွာ ရှာမိလေ၏။ ထိုသို့တွေ့၍

MMCYBERMEDIA

စကားပြောပြန်ပါလည်း မခင်ဆွေ မည်သို့ရှိသေးသည်ကို တစ်ခွန်းနှစ်ခွန်းမျှသာ မေးလိုက်ပြီး မိမိလိုရာ စကားများကိုသာ ဆွဲပြောလေတော့၏။

သို့နှင့် တစ်နေ့ထက်တစ်နေ့ မသန်းတင်အပေါ်တွင် မေတ္တာပို၍ လာလေရာ ပြောဆိုရန်မှာလည်း နေရာမချောင်၊ စာပေးဖို့ရန်မှာလည်း အခြားကျောင်းသူ ကလေးများ၏ ရှေ့တွင် ပေးရမှာ ကြောင်ကျလွန်းလှသဖြင့် မည်သို့ပေးရမည်ကို စဉ်းစား၍ မရနိုင်ဘဲ၊ အခက်နှင့် ကြုံနေလေ၏။

သို့ဖြစ်သည့်အလျောက် သိန်းဖေသည်သာလျှင် မဟုတ်က ဟုတ်က ကြံဖန်တတ်သူ ဖြစ်သည့်အတိုင်း သိန်းဖေထံသို့ အကြံတောင်းရပြန်လေ၏။

"ကိုသိန်းဖေ၊ ကျွန်တော် စာပေးဖို့ သိပ်ခက်နေတာပဲ၊ စာတိုက်က ပို့လိုက်ရင် မကောင်းဘူးလား"
"စာတိုက်က ပို့တာ သတ္တိမရှိကြောင်း ပြတာနဲ့ အတူတူပဲ။ ကျွန်တော် အကြံရတာကတော့ ဒီစာကလေးကို မခင်ဆွေ ပေးလိုက်ပါဆိုပြီး ကျောင်းသူကလေးတွေ ရှေ့မှာပဲ ထုတ်ပေးလိုက်ရင် ဘယ်သူမှ မသင်္ကာမှာ မဟုတ်ပါဘူး။ စာပေါ်မှာသာ မသန်းတင် နာမည်ကို ရေးလိုက်တာပေါ့။ စာကိုတွေ့ရင် ဘယ်သူ့ပေးလိုတယ်ဆိုတာ သူသိပြီးသား ဖြစ်မှာပေါ့။ သူက ပြန်ပေးတော့လဲ မခင်ဆွေက ပြန်လိုက်တယ်လို့ဆိုပြီး ပြောင်ပေးနိုင်တာပဲ မဟုတ်လား" ဟု ပြောသောကြောင့် ဘဝင်းသည် ထိုအကြံအတိုင်း ပြုလုပ်ရန် သဘောကျကာ တစ်နေ့တွင် မသန်းတင် စာသင်ခန်း အကူးအပြောင်းတွင် အများရှေ့မှာပင် "ဒီစာကလေး ဆွေဆွေ့ကို ကျေးဇူးပြုပြီး ပေးလိုက်ပါ" ဟု ရဲရဲတင်းတင်း ဣန္ဒြေမပျက် ပေးလိုက်လေ၏။

မသန်းတင်လည်း ထိုစာကို အမှတ်တမဲ့ပင် ယူသွားပြီး အင်းယားဆောင်သို့ ရောက်ပြီး မခင်ဆွေအား ပေးမည်လုပ်ပြီးမှ စာအိတ်၏ ထူးခြားသော အရောင်ကို ဂရုစိုက်မိသဖြင့် သေချာစွာ ကြည့်လိုက်ရာ မိမိနာမည် ကပ်ထားသည်ကို တွေ့ရသောကြောင့် အံ့အားသင့်၍ သွားမိပေ၏။

ထို့နောက် နှလုံးတွင်း၌ လှည့်ပတ်လှုပ်ရှားသော သွေးသည် တဒိတ်ဒိတ် ခုန်၍ နေရင်းပင် စာအိတ်ကို ဖေါက်ဖွင့်၍ အတွင်း၌ ပါသော စာကို နှုတ်ယူဖတ်ကြည့်လိုက်ရာ ဝမ်းသာရတော့မလိုလို ရှက်ရတော့မလိုလို ဖြစ်သွားမိပေ၏။

တစ်ဦးတစ်ယောက်၏ ချစ်ခင်ခြင်း၊ ချစ်ကြိုက်ခြင်းကို ခံရခြင်းတွင် မည်သူမဆို မပျော်ဘဲ၊ ဝမ်းမသာဘဲ ရှိကြမည်မဟုတ်ပေ။ လူတိုင်းပင် သူတပါး၏ မေတ္တာကို ခံယူလိုကြသည် ဖြစ်ပေရာ ချစ်ကြိုက်ခြင်းကို တစ်ဦးတစ်ယောက်က ဖေါ်ပြရာ၌ မေတ္တာခံယူရသူတွင် မာနထားခြင်းနှင့် ရှက်ကြောက်ခြင်းတို့ မတားဆီးပါမူ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသကဲ့သို့ မေတ္တာ တုန့်ပြန်ဖို့ရာမှာ တာဝန်မလေးလှသည်ကို တွေ့ကြရပေ၏။ ထိုသို့ မေတ္တာတုန့်ပြန်ရာ၌ နဂိုက မေတ္တာအရင်းခံ ရှိနေလျှင် တုန့်ပြန်ရန် လွယ်ကူလျင်မြန်လှ၍ မေတ္တာအရင်းခံ မရှိခဲ့သေးမှသာလျှင် မေတ္တာဓါတ် ပွားများလာသည့် အခါသို့တိုင်အောင်သာလျှင် ကြန့်ကြာတတ်ပေ၏။ ထိုသို့ ကြန့်ကြာနေသည့်အတွင်း တစ်ကြိမ်ကနှစ်ကြိမ် ထပ်မံလှုံ့ဆော် ပေးခြင်းဖြင့် ပိုမို၍ လျင်မြန်လာနိုင်ပေ၏။

MMCYBERMEDIA

မသန်းတင်မှာ ဘဝင်း၏စာကို ဖတ်ရသောအခါ ထူးခြားသော စိတ်အာရုံ ခံစားရခြင်းဖြင့် ဤစာကိုပင် သူတစ်ပါး ချောင်း၍ ကြည့်နေပေသလော။ မိမိမျက်နှာ အမူအရာ ပြောင်းလဲခြင်း ဖြစ်မိသည်ကို မြင်၍သွားကြလေသလောဟု အပြစ်တစ်စုံ ရှိသူ၏ စိတ်မလုံခြင်းမျိုး ဖြစ်ပေါ်ကာ စာကို ဗုက်လိုက်ပြီး ဟိုဟိုဒီဒီ လိုက်ကြည့်မိလေသည်။ ထိုသို့ ဗုက်လိုက်ပြီး ထားလိုက်ရသည်ကိုပင် သူတစ်ပါး တွေ့သွားလေမည်လားဟု စိတ်မချနိုင်ဘဲ ခဏကလေးအတွင်းပင် နေရာအမျိုးမျိုး ပြောင်း၍ ထားမိပေ၏။ သို့ထားရုံနှင့် မနေသေးဘဲ ပြန်၍ ကြည့်လိုသောစိတ် ပေါ်ပေါက်လာကာ ဖတ်ပြီး အဓိပ္ပာယ်သိပြီး ဖြစ်သော ထိုစာကလေးကိုပင် ထပ်မံ၍ ဖတ်မိလေ၏။ တစ်ကြိမ်ဖတ်စဉ်က ဖြစ်ပွားသော လှုပ်ရှားသည့်စိတ်သည် နောက်တစ်ကြိမ် ဖတ်ရာတွင် ပိုမို အစွမ်းပြလေ၏။ ဖတ်ရင်း ဘဝင်း၏ မျက်နှာသည် ပေါ်လာပြီးလျှင် ဖတ်ပြီးသောအခါတွင် ထိုမျက်နှာသည် တဝဲလည်လည် မိမိ၏ အနားက မဖယ်ဘဲ ငြိလျက်နေ၏။

ယင်းသို့ ဖြစ်လျက်ရှိခြင်းကြောင့် မခင်ဆွေနှင့်တွေ့ပြီး စကားပြောဆိုသောအခါတွင် ကိုယ့်ကိုယ်ပင် စိတ်မလုံဘဲ မခင်ဆွေ၏ အပြုံးအရယ်ကို မြင်ရခြင်းသည် မိမိအကြောင်းကို သိသွား၍ သရော်လေရော့သလားဟု အခြောက်တိုက် စိတ်ချောက်ချားမိလေ၏။ တစ်ဖန် ထိုအကြောင်းကို မခင်ဆွေအား အသိပေးရ ကောင်းလေမည်လားဟု စိတ်ကူးမိပြန်လေ၏။ သို့စိတ်ကူးမိပြီး ပြောဖို့ ကောင်းသည့်ဖက်က တွေး၍ ပြောမည်ပြုပြီးမှ ပြောဖို့မကောင်းသည့် ဖက်မှနေ၍ စဉ်းစားမိပြန်သောကြောင့် ပြောတော့မည့် စကားကို လျှင်မြန်စွာ ရုတ်သိမ်းလိုက်ရပြန်လေ၏။

နောက်တစ်နေ့ ကျောင်းတက်သောအခါတွင် မသန်းတင်သည် ဘဝင်းကိုမြင်လျှင် ခါတိုင်းကဲ့သို့ မဟုတ်ဘဲ မျက်နှာထား ပျက်သွားတော့မည်ကဲ့သို့ ရှိပြီးမှ ဘဝင်းနှင့်တကွ မိမိအဖော် ကျောင်းသူကလေးများ မရိပ်မိအောင် မနည်း မျက်နှာထား ဆယ်ရလေ၏။

ဘဝင်းသည်လည်း မိမိစာပေးထားမိခြင်းကြောင့် စိတ်မသန့်ဘဲ ရှိရာမှ မသန်းတင်၏ ချိုသာသော အမူအရာကို တွေ့ရသဖြင့် ရဲတင်း၍လာကာ ပြုံးရယ်၍ နှုတ်ဆက်ပြီးလျှင် "မသန်းတင် မနေ့က စာ..." ဟု စကား ထစ်ထစ်အအ မေးလိုက်သည်တွင် မသန်းတင်သည် ထိုစာကို ဘဝင်းပေးစဉ်က မိမိအားပြောသော စကားများကို သတိရ၍ "ကျွန်မ ခင်ဆွေလက်ထဲ ပေးလိုက်ပြီ" ဟု ပြန်၍ပြောလိုက်၏။ ဘဝင်းမှာ တခါတည်း မျက်နှာပျက်ကာ အမူအရာ ပြောင်းလဲသွားသည့်အတွက် မသန်းတင်မှာ ရယ်ချင်လှသော်လည်း ထိုစာနှင့် ပတ်သက်၍ မိမိဘာမျှ မသိရသေးသကဲ့သို့ ဟန်ဆောင်ပြီးလျှင် ကျွန်တွေမပျက် နေလိုက်ရလေ၏။

ထိုစာမှာ မခင်ဆွေအတွက် မဟုတ်ဘဲ မသန်းတင်ကိုသာ ပေးခြင်းဖြစ်သည်ကို ပြောပြ လိုက်ရမည်မှာကလည်း အခြားကျောင်းသူကလေးများ ရှေ့တွင်ဖြစ်၍ ဘဝင်းမှာ အပြောရခက်လျက် မိမိ၏ လမ်းလွဲလိုက်မိခြင်းကို ကြိတ်၍ ဒေါသဖြစ်မိလေ၏။ ထို့နောက် မိမိ၏ စကားကို ခြေရာနင်း၍ လိုက်ကာ "နို့ ဘာစာမှ မပေးလိုက်ဘူးလား" ဟု မေးလေ၏။

"ဟင့်အင်း... မပေးလိုက်ဘူး"

"ဘာပြောသလဲ"

"ဘာမှမပြောဘူး"

"နေလို့ကော ကောင်းရဲ့လား"

"တော်တော်ကလေးတော့ သက်သာပြီလို့ ပြောတယ်၊ တစ်ရက်နှစ်ရက် ကျောင်းတက်နိုင်လိမ့်မယ်တဲ့"

MMCYBERMEDIA

"ဩော်... နေကောင်းပြီတဲ့လား ဒီလိုဆိုရင် တော်ပါသေးရဲ့ ဒီကတောင် စိတ်မချလို့ အိမ်ကို စာရေးပြီး မှာလိုက်မလို့၊ ဒါပါပဲ တခြား မေးစရာတော့ မရှိပါဘူး" ဟု ပြောပြီးနောက် ခွဲခွါ၍ သွားကြသောအခါ ဘဝင်းမှာ ကြံရာမရဖြစ်လျက် ကျန်ရစ်ကာ ထိုနေရာမှ ရုတ်တရက် မရွှေ့နိုင်ဘဲ တွေဝေငေးစိုက်လျက် ရှိရှာလေ၏။

မိမိ ရေးပေးလိုက်သည့် စာကို မသန်းတင်သည် သူ့အား ပေးလိုသောစာ ဖြစ်သည်ဟု မထင်ဘဲ တကယ်ပင် မခင်ဆွေအား ပေးဖို့ဖြစ်သည် ထင်မှတ်ကာ စာကိုမကြည့်ဘဲ ပေးလိုက်မိဟန် တူသည်ဟု ဘဝင်း၏ စိတ်ထဲတွင် ထင်မြင်မိကာ ထိုစာကို မခင်ဆွေ ဖတ်ရလျှင် အခက်ပဲဟု တွေး၍ ပူနေမိလေ၏။ ထိုစာကို မခင်ဆွေ ဖတ်မိလျှင် ကျောင်းတက်၍ တွေ့ကြသောအခါ မောင်နှမအချင်းချင်း မည်သို့ မျက်နှာထားရပါမည်နည်းဟု နထင်နရင်းပူထူကာ သိန်းဖေအကြံပေး၍သာ ဤသို့ လုပ်မိ၍ ဤသို့ ဖြစ်ရသည်ဟု သိန်းဖေအား အပြစ်တင်ရန် လိုက်၍ရှာလေ၏။

"ဟေ့လူ၊ ခင်ဗျား ကျွန်တော့်ကို ချောက်တွန်းတာပဲဗျာ"
"အလို မောင်မင်းကြီးသား နေရင်းထိုင်ရင် ကျွန်တော့်ကို အပြစ်တင်နေပြန်ပါပြီ။ ခင်ဗျားကို ဘယ်တုန်းကမှ ချောက်မတွန်းရပါကလားဗျာ"
"ခင်ဗျား စာပေးခိုင်းတာလေ"
"ဒါ ဘာဖြစ်သလဲလို့။ ခင်ဗျားက ချစ်ပါတယ် ကြိုက်ပါတယ် ဆိုနေလို့ စာပေးဖို့ တိုက်တွန်းရတာပေါ့ဗျ၊ ကျွန်တော် မပြောလည်း ခင်ဗျားပေးမှာပဲ၊ ဒါနဲ့ ချောက်တွန်းတာနဲ့ မဆိုင်လိုက်တာဗျာ။ စေတနာနဲ့ ကူညီတာ မျက်နှာမရပဲ ခြေထောက်ရဦးတော့မလို ဖြစ်နေပြန်ပါပြီ၊ နေပါဦး စာပေးတာနဲ့ ဘာဖြစ်ပြန်လို့လဲ"
"အဲဒီစာကို မသန်းတင်က မခင်ဆွေကိုပဲ ပေးတဲ့စာမှတ်ပြီး မခင်ဆွေ လက်ထဲ ဒီစာရောက်သွားလို့ ဂျောက်ကျနေသာပေါ့ဗျ..."
"အား ဟား... ဟား... ဟား၊ အား... ဟား... ဟား... ဟား"
သိန်းဖေသည် ထပ်တလဲလဲ ရယ်မောနေပြီးမှ "ကိုယ့်နှမကို ရည်းစားစာပေးတဲ့လူ လောကမှာ မကြုံဘူးပါဘူး" ဟုဆိုရင်း ရယ်ပြန်လေ၏။

"ဟာဗျာ ခင်ဗျားကောင်းကျိုးပေးတဲ့လူ မဟုတ်ပါဘူး။ ခင်ဗျား ပြောတဲ့အတိုင်း လုပ်မိတာ ငါးပါးကြီး မှောက်တာပဲ"
"ဒါတော့ဗျာ ကျွန်တော် ဘယ်လိုပဲပြောပြော၊ ကိုယ့်သဘောအတိုင်း ပေးချင်မှ ပေးနိုင်ပါတယ်။ အခုတော့ လုပ်မိမှပဲ မထူးတော့ပါဘူး"

ဘဝင်းအတော်ပင် စိတ်ပျက်ကာ အတန်းတက်ချင်စိတ်ပင် မရှိတော့ဘဲ၊ စဉ်းစားခန်းထုတ်ရန် ပုဂံဆောင်သို့ ပြန်သွားလေတော့၏။

မသန်းတင်မှာ ဘဝင်းအား မိမိလည်ဆယ်လိုက်ခြင်းကို တွေး၍ ရယ်ချင်မိလှပေ၏။ ထိုသို့ ပြောလိုက်ခြင်းအားဖြင့် မိမိ ရုတ်တရက် စာအပြန်ရခက်နေခြင်းမှာ သက်သာရာ ရပြန်သောကြောင့် တနည်းအားဖြင့် ကျေနပ်မိပြန်လေ၏။ သို့အားဖြင့် ဘဝင်းအား ဆက်လက်၍ မလိမ့်တပတ် လုပ်ထားလိုပြန်သောကြောင့် မခင်ဆွေနှင့် ဘဝင်းတို့ ကျောင်းတွင်ပြန်၍ မတွေ့မီ မသန်းတင်သည် မခင်ဆွေနှင့် တီးလားနက်ရန် ကြံစည်မိလေ၏။

MMCYBERMEDIA

ထိုသို့ ကြံစည်မိသည့်အတိုင်း မခင်ဆွေအား အကျိုးအကြောင်း ပြောပြရာ မခင်ဆွေမှာ အထူးသဘောကျ၍ ရယ်မိပြီးလျှင် မသန်းတင်အား ဘဝင်းက ချစ်ကြိုက်နေသည်ကို သိရှိရသည့်အတွက် ပျော်ရွှင်မိလေ၏။ ထိုသို့ ရယ်မောပျော်ရွှင်ရခြင်းသည် ကျန်းမာခြင်းကို ဖြစ်စေသော အားတိုးဆေး တော်နစ် တစ်မျိုးပင် ဖြစ်ရကား မခင်ဆွေမှာ နေထိုင်၍ မကောင်း၊ မအီမသာ ဖြစ်ခြင်းများ ရှင်းရှင်း ပပျောက်၍သွားသကဲ့သို့ စိတ်လက် ရွှင်လန်း၍ သွားလေ၏။

"ဒါဖြင့် မသန်းတင်ကို တစ်ခုမေးမယ်နော်။ စိတ်ဆိုးမလား"

"မေးလေ၊ ဘာပြုလို့ စိတ်ဆိုးရမှာလဲ"

"မေးမယ်နော်"

"သြော်မေးပါလို့ ခွင့်ပေးနေမှပဲ" ဟု ပြောသဖြင့် မခင်ဆွေက ပြုံးရယ်ကာ-

"မသန်းတင်ကကော ကိုကိုဝင်းကို ကြိုက်သလား"

"အို... မခင်ဆွေကလည်း ရှက်စရာကြီး"

"ဟား ဟား... သူကျတော့ ရှက်စရာကြီးတဲ့။ သူများကျတော့ တယ်ပြီးသိချင်တယ်။ ပြောပါလေ၊ ဘယ့်နယ်လဲလို့"

"ဘာပြုလို့ သိချင်ရတာတုန်း"

"သြော်... ကိုယ့်မောင်နဲ့ ချစ်တယ်ကြိုက်တယ် ဆိုတာ သိရတော့ ဝမ်းသာတာပေါ့ မသန်းတင်ရဲ့"

"ကိုယ့်မောင်အတွက် မခင်ဆွေက ဝမ်းသာပေမဲ့ မခင်ဆွေအတွက်တော့ ကိုဘဝင်းက ဝမ်းမသာတဲ့အပြင် ဒေါသတောင် ဖြစ်သေးတယ်။ ဒါကတော့ ကောင့်ရဲ့လား"

"ဒါကိုတော့ မပြောနဲ့လေ။ ကျွန်မ မေးတာကို ပြောစမ်းပါဦး"

"ကျွန်မ အဖြေဘယ်လိုလည်းဆိုတော့ ကိုဘဝင်းစာကို ကျွန်မ ပြန်လိုက်တဲ့အခါကျတော့ ပြရင် မခင်ဆွေ ကျေနပ်ပြီ မဟုတ်လား"

"ဒါဖြင့် ဘယ်တော့ စာပြန်မှာလဲ"

"ဒါတော့ အခုမပြောနိုင်သေးဘူးလေ၊ သူကျွန်မကို တကယ်ချစ်တယ် မချစ်ဘူးဆိုတာ စောင့်ကြည့်ပြီးမှ စာပြန်နိုင်မှာပေါ့။ ပြီးတော့လည်း သူ အခုပေးတဲ့စာကို ကျွန်မ ဖတ်မကြည့်ဘဲ မခင်ဆွေကို ပေးဖို့စာလို့ ထင်တာနဲ့ မခင်ဆွေကို ပေးလိုက်တယ်လို့ ပြောထားတယ်။ သူနဲ့ တွေ့တဲ့အခါ အဲဒီစာကို မခင်ဆွေလက်ထဲ ရောက်နေတယ်ဆိုတဲ့ သဘောမျိုးနဲ့ သူကမေးရင် ပြောလိုက်တာပေါ့"

"သူ့စာကို ရတယ်လို့ ပြောတာကတော့ ဟုတ်ပါပြီ။ သူရေးတဲ့ ရည်းစားစာကို ကျွန်မ ဖတ်ရတဲ့ အခြေအနေ ရောက်နေတော့ အပြောရ မခက်ဘူးလားလို့၊ ဒီလိုဆိုရင် ဘယ်နယ်လုပ်ပြီး မျက်နှာထားရမှာလဲ"

"အို ဒီနေရာမှာ မခင်ဆွေက သူ့ကို နိုင်ရတာပေါ့ရှင်၊ သူက မခင်ဆွေကို ပေးတဲ့စာ၊ သူနောက်ပိုးပြီး မိန်းကလေး တစ်ယောက်ကိုပေးတဲ့ စာ၊ ဒီစာနစ်စောင် စာချင်းမှားပြီး ရတဲ့သဘောမျိုးနဲ့ သူ့အကြောင်းကို မခင်ဆွေ သိရလို့ အိမ်ကိုတိုင်မယ် ဆိုတဲ့သဘောမျိုး လုပ်တာပေါ့။ ဒီလိုဆိုရင် သူသိပ်ပြီး အနေရခက်ပြီးတော့ မခင်ဆွေအလိုကို သူလိုက်ရဖို့ ရှိတော့တာပဲ မဟုတ်လားလို့"

ထိုသို့ပြောလိုက်သည်တွင် မခင်ဆွေတွင် အကြံသစ် ပေါ်ပေါက်လာကာ ဝမ်းသာမိပြီးလျှင် "ပြစမ်းပါဦး၊ သူရေးတဲ့ စာကလေး" ဟု တောင်းသဖြင့် မသန်းတင်သည် ဘဝင်းရေးသောစာကို ထုတ်ပေးလေ၏။

MMCYBERMEDIA

မခင်ဆွေသည် စာကိုဖတ်ကြည့်ရင်း "ကြည့်စမ်းနော်၊ ကိုခင်မောင် ကျွန်မကို ပထမဦးဆုံး ရေးပေးတုန်းက စာကလေးနဲ့ သိပ်တူတာပဲ" ဟု ပြောရာက ခင်မောင်ကို သတိရပြန်ကာ နှလုံးထဲတွင် ထင့်ခနဲ နာကျင်ထိခိုက်၍ သွားမိလေ၏။

"သြော်... မခင်ဆွေပြောလို့ သတိရပြီး ပြောရဦးမယ်။ ကျောင်းမှာလေ ကျွန်မ ကိုခင်မောင် မြင်ရတာ သိပ်သနားတာပဲ။ ဟိုတုန်းကတော့ မျက်နှာကလေး ကြည့်လိုက်ရရင် ပျော်ပျော်ရွှင်ရွှင်နဲ့ အခုတော့ဖြင့်လေ သနားစရာကြီးပါပဲ မခင်ဆွေရယ်။ သူ့ခများ တစ်စက်မှ ပျော်ပုံမရပါဘူး"

မသန်းတင်က ဤသို့ ပြောလိုက်သည့်အတွက် မခင်ဆွေမှာ အနာဟောင်းကို ပြန်၍ ဆွပေးလိုက်ခြင်း ခံရသကဲ့သို့ မချိတရိဖြစ်၍ သွားလေ၏။

"ဒါတွေကို မပြောစမ်းပါနဲ့ မသန်းတင်ရယ်။ ကျွန်မ မချိလွန်းလို့ပါ"
"အို... ဆောရီး၊ ကျွန်မမေ့ပြီး ပြောမိတာပါ မခင်ဆွေ။ ဒီလိုပြောလိုက်ရင် ဆွေးသွားမယ်ဆိုတာ မတွေးမိလို့ပါ" ဟု ပြောကာ ဆက်၍ "ပျော်ပျော်နေစမ်းပါ မခင်ဆွေရယ်၊ စိတ်ညစ်စရာတွေ မတွေးပါနဲ့တော့၊ မခင်ဆွေ နေမကောင်းဘဲ ဖြစ်နေဦးမယ်"
"နေလို့ကောင်းပါပြီ"
"ဒါဖြင့် မနက်ဖြန် ကျောင်းတက်မယ် မဟုတ်လား"
"ဟုတ်ကဲ့။ မနက်ဖြန်တော့ တက်မှာပဲ။ စာတွေ လွန်သွားမှာ စိုးရသေးတယ်"

နောက်တစ်နေ့တွင် ခင်ဆွေ ကျောင်းသို့ တက်ရောက်လာသည်ကို တွေ့ကြရသောအခါ ခင်မောင်မှာ ဝမ်းသာရသလောက် ဘဝင်းတွင် မိမိပေးစာနှင့် ပတ်သက်၍ ထိတ်ထိတ်ပျာပျာ ဖြစ်နေလေ၏။

ထိုစာနှင့် ပတ်သက်၍ မေးလားမြန်းလား လုပ်လာမည်ကို ဘဝင်းတွေး၍လန့်ကာ ထိုစကားကို မပြောမိအောင် ကာဆီးလိုသော သဘောဖြင့် "မိဆွေ တခါတည်း နေကောင်းသွားပြီလား" ဟူသော စကားကို စ၍ မေးလေသည်။

"နေကောင်းပါပြီ ကိုကိုဝင်းရဲ့။ ဒါပေမဲ့ သိပ်ပြီး အားမရှိသေးဘူး"
"ဘာစားမလဲ၊ စားချင်တာပြောလေ။ တည့်တဲ့အစာ ဖြစ်ရင်လည်း ကိုကိုဝင်း မြို့ထဲက ဝယ်ပေးမယ်လေ"
"ဘာမှ မစားချင်ဘူး အစာတွေ သိပ်စားလို့ နလံထပြီးမှ ပြန်ပြီးဖျားရင် ရိုးရိုးဖျားတာတုန်းကထက် ဒုက္ခဖြစ်တတ်တယ်" ဟု ပြောပြီး...
"ရွှင်ရွှင်လန်းလန်းရှိအောင် လေကောင်း လေသန့်ရှူဖို့ ကားလျှောက်စီးချင်တယ်" ဟု ပြောလေ၏။

သို့ပြောလိုက်သည်တွင် ဘဝင်းမှာ အခက်နှင့်ကြုံ၍ သွားလေ၏။ အကြောင်းမူကား ဆွေဆွေအား ကားစီးဖို့ခေါ်ရန်မှာ မိမိတိတ်တဆိတ် ဝယ်ထားသော ကားနှင့် ခေါ်ဖို့ပင် ရှိနေ၏။ သို့သော် ထိုကားမှာ ခင်မောင်၏ကားဟု ပြောထားခဲ့သည့်အလျောက် ခင်မောင်မပါဘဲ ထိုကားနှင့်ခေါ်လျှင် မိမိ ပိုက်ဆံဖြုန်းနေခြင်းကို မခင်ဆွေ သိ၍ အိမ်ကိုတိုင်မည်ကိုလည်း စိုးရပြန်သေး၏။ ထိုသို့မသိအောင် ခင်မောင်ကို ခေါ်ရပြန်ပါကလည်း မိမိမှာ အနေရခက်လှသည်ကို ကြိုတင်၍ တွေးမိကာ

MMCYBERMEDIA

မကြုံတတ်နိုင်အောင် ရှိပြီးမှ လည်ဆည်ရန် ဉာဏ်ရသည့်အလျောက် "ဆွေဆွေ အခု နေကောင်းခါစ ရှိသေးတယ်။ လေစိမ်းအတိုက်ခံလို့ ကောင်းမှာ မဟုတ်ဘူး။ ပြန်ပြီး ဖျားနေလိမ့်ဦးမယ်" ဟု ပိတ်ပင်လေ၏။

"ဘာမှ မဖြစ်နိုင်ပါဘူး၊ ဆွေဆွေတို့ ကျောင်းမှာ ကြည့်တဲ့ ဆရာဝန်က လေကောင်းလေသန့် ဝဝကြီး ရှူရမယ်တဲ့။ ဆရာဝန်ပြောတဲ့ စကားထက်တော့ ဘယ်ဒင်းမှ မမှန်နိုင်ဘူး"
"မဟုတ်ဘူး ဆွေဆွေ၊ ဆရာဝန်ပြောတိုင်းလည်း မယုံနဲ့"
"ဟင့်အင်း လိုက်ပို့ရမယ်။ လိုက်မပို့ရင် ကိုကိုဝင်းကို အိမ်တိုင်လိုက်မယ်" ဟု ပြောလိုက်ရာ ဘဝင်းမှာ ထိတ်လန့်၍ သွားပြီးမှ ဣန္ဒြေမပျက်စေဘဲ မျက်နှာထား ခပ်တည်တည်ဖြင့် "ကိုကိုဝင်းကို ဘာတိုင်စရာ ရှိလို့လဲ ဘာအပြစ်ရှိလို့လဲ" ဟု မေးလေ၏။

"ကိုကိုဝင်း ဆွေဆွေ့ဆီပေးတဲ့စာနဲ့ ရည်းစားဆီ ပေးတဲ့စာ မှားပြီး ဆွေဆွေ့ဆီ ရောက်လာလို့ ဖတ်ရတယ် သိလား" ဟု စိတ်ဆိုးသည့် မျက်နှာထားဖြင့် ပြောလိုက်လေ၏။
"ဒါ ဘာဖြစ်သလဲလို့၊ ယောကျ်ားကလေးပဲ ရည်းစားထားနိုင်တယ်"
"ထားချင်တိုင်း ထားရမှာလားလို့၊ ကိုကိုဝင်း ဆွေဆွေ့ကို ပြောတာလိုပဲ ကျောင်းနေတုန်းမှာ စာကလွဲပြီး ဒီလိုစိတ်ကူးမျိုး မထားရဘူး။ ကျောင်းကဟာကလေးတွေလည်း ကျောင်းသူတိုင်း ကောင်းတာ မဟုတ်ဘူး။ မကောင်းတာနဲ့ ကိုကိုဝင်းဖြစ်ခဲ့ရင် ဆွေဆွေပါ အိမ်က အဆူခံရလိမ့်မယ်။ ဆွေဆွေ အပြစ်ကင်းအောင်တော့ ဝတ္တရားရှိသလောက် အိမ်ကို တိုင်ရမှာပဲ"

ဘဝင်းမှာ ခင်ဆွေ၏ အကျပ်အတည်းကိုင်ထားခြင်း ခံနေရကာ မလှုပ်သာ မလှည့်သာ ဖြစ်နေပေတော့၏။ သို့ဖြစ်ရကား မကြုံတတ်တော့သည်၏ အဆုံးသို့ ရောက်နေသောကြောင့် ခင်ဆွေ၏ အလိုသို့ လိုက်ရတော့မည် ရှိနေပြီဖြစ်သော်လည်း လုံးလုံး အလျှော့မပေးလိုသေးသည့်အတိုင်း "ဒီလိုတော့ မလုပ်နဲ့ မိဆွေ၊ ကိုယ်ချစ်တာတော့ မဖျက်ပါနဲ့။ ဒီစကားပြောရတာ ရှက်စရာကြီးပဲ။ နို့ပေတဲ့ ကိုယ်ချင်းစာဖို့ ပြောတာပါ"
"ဟုတ်တယ်၊ တယ်ပြီး ဟုတ်တယ်။ သူကျတော့ ကိုယ်ချင်းစာဖို့ ပြောတယ်။ သူများကိုတော့ဖြင့် ကိုယ်ချင်းမစာဘူး။ သူများကျတော့ တယ်ပြီး ဖျက်ချင်တယ်"
"မိဆွေ၊ ဒီလိုပြောတာ မရှက်ဘူးလား၊ မိဆွေဟာ ယောကျ်ားကလေး မဟုတ်ဘူးဆိုတာ ပြန်ပြီး စဉ်းစားပါဦး"
"နို့ ကိုကိုဝင်းအကြောင်း ဆွေဆွေ သိတာတော့ မရှက်ဘူးလား"
"စကားနိုင် လုပြီး ပြောမနေနဲ့ မိဆွေ၊ ကြိုက်မရှက်ဆိုတာ မိဆွေ မကြားဖူးဘူးလား"
"ကြားဖူးတာပေါ့၊ ဆွေဆွေလည်း ဒီလိုပဲ ရှိတော့မပေါ့" ဟု ပမာမခန့်သော အမူအရာဖြင့် ပြောလိုက်သဖြင့် ဘဝင်းတွင် အခက်နှင့် တိုးနေလေ၏။

ထိုနောက်မှ မခင်ဆွေက "ဆွေဆွေ ဒီလိုပြောလို့ ဆွေဆွေ့အပေါ်မှာ ကိုကိုဝင်း တစ်မျိုးမထင်နဲ့ သိလား။ ဆွေဆွေ့ကို ကိုကိုဝင်းအရင်က ပြောတာတွေ စိတ်ဆိုးလို့ ကလဲ့စားချေတာလည်း မဟုတ်ဘူး။ ကိုကိုဝင်း မမှားသင့်တာ မမှားရအောင်လို့ ပြောတာ။ ဆွေဆွေ မှားခဲ့ဖူးလို့ ဘယ်လောက် စိတ်ဒုက္ခ ရောက်ရတယ် ဆိုတာသိလို့ ကိုကိုဝင်းလည်း ဒီလို မဖြစ်စေချင်လို့ ပြောနေတာ" ဟု ပြောလေ၏။

MMCYBERMEDIA

"ကဲလေ၊ ကိုကိုဝင်း ပြောပဲ့မယ်။ ကိုကိုဝင်း ချစ်မိတာတော့ဖြင့် ကိုကိုဝင်းကိုယ်တိုင် ဖိနှိပ်ပြီး မရနိုင်လို့၊ ဒါတော့ဖြင့် မဖျက်နဲ့တော့။ မိဆွေ ကားစီးချင်တာ ညနေကျရင် လိုက်ပို့မယ်" ဟု ဘဝင်းသည် ဆွေဆွေအား ကတိပေးခဲ့ပြီး စာသင်ခန်းဆီသို့ သွားလေ၏။

သို့ရာတွင် ဘဝင်းသည် စာသင်ခန်းဆီ တည့်တည့်မတ်မတ် ရောက်မသွားချေ။ သူ့ခေါင်းထဲတွင် ထွေရာလေးပါး စိတ်ကူးများ ဝင်ရောက် မွှေနှောက်နေသဖြင့် ခြေဦးတည့်ရာ လျှောက်သွားမိရာက စာကြည့်တိုက်ထဲသို့ရောက်၍ သွားလေ၏။

သူ့အဖို့မှာ မခင်ဆွေကို ကတိပေးထားသည့်အတိုင်း ကားနှင့် ခေါ်ရမည်ဖြစ်ရာ ထိုသို့ခေါ်ဖို့ရန်အတွက် ခင်မောင်ကို ကားမောင်းပို့ရန် ခိုင်းရဖို့ရှိနေ၏။ ထိုသို့ ကားမောင်းပို့ရန် ခင်မောင်ကို ခေါ်ရလျှင် မိမိ၏နမနှင့် ခင်မောင်ကို နီးစပ်အောင် မိမိက ဖန်တီးပေးရာ ရောက်နေမည်ကို တွေးမိ၏။ မိမိသည် ယခင်က ခင်မောင်နှင့် မခင်ဆွေတို့၏ အချစ်ကိစ္စကို မလိုလားသည့် အမူအရာပြပြီးမှ ယခုလို နီးစပ်အောင် လုပ်ပေးသည့် သဘောမျိုး အထင်အမြင် ခံရမည်ဆိုလျှင် ရှက်ဖို့ကောင်းလှသည် ဟူ၍လည်း ယူဆမိ၏။

သို့ဖြစ်၍ ဘဝင်းသည် ခင်မောင်ကို မခေါ်ဘဲ မိမိကားကို မိမိမောင်းပြီး မခင်ဆွေကို သူသွားလိုရာ နေရာများသို့ လိုက်လံပို့သရန် စိတ်ကူးကြည့်မိ၏။ ထိုသို့ မိမိကိုယ်တိုင် ကားမောင်း၍ ပို့သည့်အတွက် မိမိဝယ်ပြီး စီးနေသည့်ကားဖြစ်မှန်း နမဖြစ်သူ မခင်ဆွေ သိသွားလျှင်ကော ဘာဖြစ်ရမည်နည်း။ မိမိကား ဝယ်ထားခြင်းသည် မတော်တရား သုံးဖြုန်းခြင်း မဟုတ်။ ထိုကားနှင့်လည်း မိန်းမတရှုန်းရှုန်းနှင့် သွားလာလည်ပတ်ခြင်းလည်း မရှိ။ ထို့ကြောင့် မိမိ၏ ကိုယ်ပိုင်ကားဖြစ်ခြင်းကို မခင်ဆွေသိ၍လည်း အရေးမကြီး။ ထိုသို့ သိသွားသည့်အတွက် မခင်ဆွေက ခင်မောင်အပေါ်တွင် အထင်ကြီးခဲ့ခြင်းပင် လျော့ပါးသွားနိုင်သေးသည်။ နောက်ဆုံး ခင်မောင်နှင့် မခင်ဆွေတို့ မတွေ့ရလျှင် တော်ပြီဟုနလုံးပိုက်ကာ မိမိကားကို ကိုယ်တိုင်မောင်း၍ မခင်ဆွေ လည်ပတ်သွားလာလိုရာကို လိုက်၍ပို့ရန် ဆုံးဖြတ်လိုက်လေ၏။

ထိုအခိုက် မိမိနောက်ဘက်မှ နာမည်ခေါ်သံ ကြားလိုက်ရလေရာ၊ အတွေးတွင် နစ်မွန်းနေစဉ် ရုတ်တရက် ကြားလိုက်ရခြင်းကြောင့် လန့်၍သွားမိလေ၏။
"ကိုဘဝင်း"

ထိုအသံမှာ မိန်းမသံဖြစ်နေသည့်အတွက် မမျှော်လင့်ဘဲ ကြားရခြင်းကြောင့် ပို၍ တုန်လှုပ်မိခြင်း ဖြစ်လေသည်။ ဘဝင်းသည် နောက်သို့ လှည့်ကြည့်လိုက်ရာ မိမိအားခေါ်သူမှာ မသန်းတင် ဖြစ်နေသည်ကို တွေ့ရ၍ အံ့အားသင့် နေမိလေ၏။

"ကိုဘဝင်း ကလပ်စ် မတက်ဘူးလား"
ဘဝင်းသည် ရှောင်လွှဲ၍ ပြောလိုက်ပြီးနောက် "မသန်းတင်ကော ကလပ်စ် မရှိဘူးလား" ဟု မေးလိုက်လေ၏။
"ဒီကနေ့ နေ့တစ်ဝက်ပဲ၊ ကလပ်စ် မရှိတော့ဘူး"
ဘဝင်းက စကားပြောရင်း ရှေ့ဆက်စရာ စကားရှာမရသကဲ့သို့ ဖြစ်နေလေ၏။

"ဒီလိုဆိုရင် ဘာဖြစ်သလဲ"

MMCYBERMEDIA

"မသန်းတင်နဲ့ ဆွေဆွေ မတွေ့ဘူးလား"

မသန်းတင်သည် အဖြေပေးရမည့်စကားကို စဉ်းစားနေပြီးမှ "ဟင့်အင်း မတွေ့ရသေးဘူး" ဟု ဖြေလိုက်လေ၏။

"ဒီလိုပါ ဒီနေ့ညနေ ဆွေဆွေက ကားနဲ့ လျှောက်လည်ချင်တယ် ပြောလို့ လိုက်ပို့ပေးမယ်လို့ ကတိပေးထားတယ်။ အဲဒါ မသန်းတင်ကော လိုက်မလားလို့"
"ဘယ်သူ့ကားနဲ့ သွားကြမှာလဲ"

ဘဝင်း မည်ကဲ့သို့ အဖြေပေးရလျှင် ကောင်းမည်နည်းဟု စဉ်းစားနေစဉ်မှာပင် မသန်းတင်က ဆက်လက်၍ "ကျွန်မတော့ သူများကားနဲ့ဆိုရင် မလိုက်ချင်ဘူး။ ကိုခင်မောင်ကားနဲ့ ဆိုရင်တော့ လိုက်မယ်" ဟု ဘဝင်းအား အဝိုက်ဖမ်းလိုက်လေ၏။

ဘဝင်းသည် ပြန်၍ ပြောရမည့်စကားကို အစရှာမရ သကဲ့သို့ အင်း၊ အဲ ဖြစ်နေလေ၏။ သူ့အဖို့မှာ ခင်မောင်ကို ခေါ်ရမည်လား၊ မသန်းတင်နှင့် တွေ့ဖို့အခွင့်အရေး အလွတ်ခံရမည်လားဟု ချိန်ဆ၍ မရနိုင်ဘဲ ရှိနေ၏။ နောက်မှ ထိုအရေးနှစ်ရပ်တွင် မသန်းတင်နှင့် တွေ့ဖို့အရေးမှာ မိမိ၏ သေရေးရှင်ရေး ကိစ္စကဲ့သို့ ဖြစ်နေသည့်အတွက် မသန်းတင်၏ ဆန္ဒကို မငြင်းပယ်နိုင်ဘဲ ရှိရလေ၏။

"မသန်းတင်ရဲ့ သဘောပါ။ တခြားသူရဲ့ကားနဲ့ မသွားချင်ဘူး ကိုခင်မောင်ကားနဲ့မှ ဆိုလည်း ဖြစ်ပါတယ်။ ကိုယ့်လူအချင်းချင်းမို့ ပိုပြီး ကောင်းတာပေ့ါ"
"ဒီလိုဆိုရင် ဘယ်သွားကြမလဲ"
"ဘုရားသွားမလား၊ ရုပ်ရှင်သွားမလား၊ ကန်တော်ကြီး သွားမလား"
"ဘုရားတို့ ရုပ်ရှင်တို့က လူရှုပ်ပါတယ်။ တိရစ္ဆာန်ရုံ သွားရင် မကောင်းဘူးလား၊ ဒီကနေ့ စနေနေ့ပဲ။ ညနေဘက်သွားဖို့ အချိန်အများကြီး ရပါတယ်"
"ကောင်းပြီလေ။ နှစ်ချက်ထိုးလောက် လာခေါ်မယ်။ ဆွေဆွေလည်း ပြောထားလိုက်၊ ဟုတ်လား"
"ဟုတ်ကဲ့၊ စိတ်ချပါ"

မသန်းတင်သည် ဘဝင်းထံမှ ခွဲခွါလာပြီးနောက် "အယ် စီ အာ" သို့ ခပ်သုတ်သုတ် ပြန်လာကာ မခင်ဆွေကို တွေ့လေ၏။

"မခင်ဆွေ ကိုယ်တို့အကြံတော့ အောင်တော့မယ်"
"ဘယ်လိုတုန်း ပြောပါဦး၊ မသန်းတင်ရဲ့"
"ကိုယ်အခုပဲ ကိုဘဝင်းနဲ့ တွေ့ခဲ့ပြီ။ သူနဲ့ မခင်ဆွေ ညနေဘက်မှာ ကားနဲ့ထွက်လည်မယ်ဆိုတာ သူကပြောပြပြီး ကိုယ့်ကိုပါ လိုက်ခဲ့ဖို့ ခေါ်တယ်။ ကိုယ်က ကိုခင်မောင်ကားနဲ့ခေါ်မှ လိုက်မယ်ပြောလိုက်လို့ သူလည်း မငြင်းနိုင်တော့ဘူး။ အဲဒီတော့ မခင်ဆွေနဲ့ ကိုခင်မောင်နဲ့ ပြန်တွေ့ကြဖို့ သေချာနေပြီ"
"ဟုတ်ပါရဲ့ စောစောက ကျွန်မက ကိုကိုဝင်းကို ကားနဲ့ လျှောက်လည်ရအောင် ပြောတုန်းက ဘယ်သူ့ကားရယ်လို့ မပြောမိဘူး။ အဲဒီလို မပြောမိတဲ့အတွက် ကိုကိုဝင်းက သူခေါ်ချင်တဲ့ ကားတစ်စင်းနဲ့ ခေါ်မှာ အခုမှ စဉ်းစားမိတယ်"

MMCYBERMEDIA

"ပြီးတော့ လူက ဘုရားသွားမလိုလို၊ ရုပ်ရှင်သွားမလိုလို လုပ်လို့ ပိုပြီး လွတ်လွတ်လပ်လပ် တွေ့ရအောင် တိရစ္ဆာန်ရုံ သွားမယ်လို့ ပြောလိုက်တယ်"
"မသန်းတင်က သိပ်အကြံကောင်းတာပဲ"
"ဩော် သူတစ်ပါးအကျိုးဆောင် ကိုယ့်အကျိုးအောင် ဆိုတာလို ကိုယ့်ယောင်းမလေး နေရာကျရင် ကိုယ်လည်း နေရာကျအောင်လို့ပေါ့"
"ဩော်... ဒီလိုကိုး" ဟု ဆိုကာ မခင်ဆွေက ဟက်ဟက်ပက်ပက် ရယ်မောမိလေ၏။

နေ့လည်ကျောင်းဆင်းချိန်တွင် သိန်းဖေမှာ ပျာလောင်ခတ်နေသည်ကို တွေ့ရပေ၏။ သူသည် လူတစ်ယောက်ကို အပြေးအလွှား လိုက်လံရှာဖွေ နေလေသည်။ သူရှာနေသူကား ခင်မောင် ဖြစ်ပေတော့၏။

"ကိုခင်မောင်၊ ဘယ်မလဲ ကိုခင်မောင်"
တွေ့သူတိုင်းကို သိန်းဖေက ပျာပျာသလဲ မေးနေလေသည်။
"ကိုခင်မောင် သေပြီ၊ ကားတိုက်လို့ ရေနစ်လို့"
တွေ့သူတိုင်းက ပြောင်ချော်ချော် ပြန်၍ ဖြေကြလေ၏။

သိန်းဖေသည် မိမိအား နောက်ပြောင်ကြသည်ကို ဂရုမစိုက်နိုင်၊ ပြန်၍လည်း ချေပမနေအားဘဲ ခင်မောင်ကို တွေ့ဖို့ရန်သာ အရေးကြီးနေသဖြင့် တစ်ကျောင်းလုံး နှံ့အောင် ရှာ၍ မတွေ့သည့်အဆုံး ပုဂံဆောင်သို့ ပြန်၍လာခဲ့ရလေ၏။

အဆောင်သို့ ရောက်သည်နှင့် ခင်မောင်၏ အခန်းသို့ အပြေးအလွှား သွားရောက်ရာ အခန်းချင်း ကပ်နေသူက "အခုပဲ အဝတ်အစားလဲပြီး အပြင်ထွက်သွားတယ်" ဟုပြောသဖြင့် အဆောင်ထဲမှ တက္ကသိုလ်ရိပ်သာ လမ်းမကြီးပေါ် အရောက် ပြေးထွက်သွားရပြန်လေ၏။

လမ်းပေါ်ရောက်သည့်အခါ ခပ်လှမ်းလှမ်းတွင် "အာအီးတီ" ဘတ်စ်ကားပေါ်သို့ တက်တော့မည် လုပ်နေသော ကိုခင်မောင်ကို တွေ့ရသဖြင့် လက်ခုပ်တီးကာ အော်၍ခေါ် လိုက်ရလေ၏။

ခင်မောင်သည် သိန်းဖေက မိမိအား နောက်ချင်ပြောင်ချင်၍ ယခုလိုခေါ်နေခြင်း ဖြစ်သည်ဟုထင်ကာ လက်ခါပြပြီး ကားပေါ်သို့ လှမ်းအတက်တွင် သိန်းဖေက "ကိုခင်မောင် နေပါဦး၊ အရေးကြီးလို့ပါ" ဟု အသံရော ဟန်ရော အရေးကြီးလုပ်ပြကာ ပြေး၍လိုက်လာသဖြင့် ခင်မောင်လည်း ကားပေါ်မှ မဆင်းချင့် ဆင်းချင်ဖြင့် ဆင်းလိုက်ရလေ၏။

သိန်းဖေ အနားသို့ ရောက်လာသောအခါ ခင်မောင်က "ဘာအရေးကြီးနေတာလဲဗျ" ဟု မေးလိုက်၏။
"ဒီမှာ ခင်ဗျားရွှေယောက်ဖက အရေးကြီးတဲ့ကိစ္စနဲ့ တွေ့ချင်လို့ လိုက်ရှာနေတယ်။ ကျွန်တော့်လည်း ရှာခိုင်းတယ်"
"တော်ပါဗျာ၊ နောက်မနေစမ်းပါနဲ့"
"အဟုတ်ပါ၊ ကျွန်တော်နောက်တာ၊ ပြောင်တာ၊ လိမ်တာ မဟုတ်ပါဘူး။ ခင်ဗျားအတွက် အကျိုးရှိမယ့် ကိစ္စ၊ အရေးကြီးတဲ့ ကိစ္စ ရှိနေလို့ပါ။ ဘုရားစူးရစေရဲ့"

MMCYBERMEDIA

"ဒီမှာ ဘုရားစူးတွေ ဘာတွေ ကျိန်မနေနဲ့၊ ဘုရားက သိပ်သဘောကောင်းတာ၊ စူးမှာ မဟုတ်ဘူး"
"ဒါဖြင့် ဘာကျိန်ရမှာလဲ"
"ခင်ဗျားကို ခွေးရူးကိုက်"
"ကိုက်ရစေရဲ့"
"တရုတ်မ သောင်းဘီဖြစ်"
"ဟာဗျာ ဒါတော့ မကျိန်ပါရစေနဲ့။ ဟုတ်ဟုတ်-မဟုတ်ဟုတ် ဒီစကားကြားတာနဲ့တင် အသက်ရှူကျပ်လွန်းလို့"
"ဒီလိုဆိုရင် ခင်ဗျားလိမ်တာ။ ကျွန်တော်သွားမယ်။ နို့မို့ရင် ရုပ်ရှင် မတ်တနီးရှိုးကို မီမှာ မဟုတ်ဘူး"
"တကယ်ပါဗျာ၊ ကိုဘဝင်းက သူ့ကားနဲ့ ခင်ဗျားကို တိရစ္ဆာန်ရုံ လိုက်ပို့ခိုင်းမလို့၊ မခင်ဆွေရော၊ မသန်းတင်ပါ ပါမယ်"

ခင်မောင်သည် သိန်းဖေ၏ အဖြေကို စောင့်မနေဘဲ ပြောပြောဆိုဆို သုတ်ခြေတင်ပြေးလေ၏။
"အင်း- သူများကောင်းစားရေးအတွက် ကြားထဲက ငဝက်က မောလိုက်ရတာ ဂျူး…"

သိန်းဖေသည် ပါးစပ်မှ သက်ပြင်းမှုတ်ထုတ်လိုက်ရင်း နဖူးမှ ချွေးကို သုတ်လိုက်လေ၏။

•••

(၁၂)

အင်းယားဆောင်မှ ထွက်လာသည့် ချက်ပလက်ကားပေါ်တွင် ရှေ့မှစီးလာသော ယောက်ျားပျိုနှစ်ယောက်နှင့် နောက်မှစီးလာသော မိန်းမပျိုနှစ်ယောက်တို့၏ မျက်နှာတွင် အပြုံးပန်းများ ဝေဆာလျက်ရှိကြလေသည်။ ဤလေးဦးအနက် မသန်းတင်မှာ အပျော်ဆုံး ဖြစ်နေသည်။ ကားမောင်းလာသူ ခင်မောင်မှာမူ ရင်ထဲနှလုံးထဲတွင် ပျော်ရွှင်လှသော်လည်း ဘဝင်းရှေ့တွင် တတ်နိုင်သမျှ ကျနွေဆည်၍ နေရလေသည်။

ဘဝင်းနှင့်ခင်မောင်တို့ မသန်းတင်နှင့်မခင်ဆွေတို့ကို သွားရောက်ခေါ်စဉ်က ခင်မောင်နှင့် မခင်ဆွေတို့သည် တစ်ယောက်ကိုတစ်ယောက် မြင်တွေ့ကြရာတွင် ဝမ်းသာမဆုံး ဖြစ်ကြသော်လည်း ဘဝင်း၏ရှေ့တွင်ဖြစ်၍ တစ်ယောက်ကိုတစ်ယောက် မပွင့်လင်းလှသော အပြုံးဖြင့် နှုတ်ဆက်ကြရလေသည်။ သို့သော် သူတို့၏ မျက်လုံးများတွင်ကား ကြွယ်ဝသော အနက်အဓိပ္ပာယ်တို့ဖြင့် ပြည့်ဝလျက်ရှိနေပေ၏။

ကားပေါ်တွင် မသန်းတင်နှင့် မခင်ဆွေတို့သည် စကားတပြောပြောနှင့် လိုက်ပါလာကြသော်လည်း ဘဝင်းနှင့် ခင်မောင်တို့မှာမူ ကိုယ့် ကျနွေနှင့်ကိုယ် လုပ်နေကြရသဖြင့် စကားများများ ပြောမလာကြပဲ၊ ကိုယ့်အတွေးနှင့်ကိုယ် နှုတ်ဆိတ်၍ နေကြလေသည်။

"ကိုခင်မောင်၊ ကန်တော်ကြီးကို တစ်ပတ်လောက် အရင် ပတ်လိုက်ပါဦး"
ခင်မောင်သည် မသန်းတင်က တောင်းပန်သဖြင့် ကန်တော်ကြီးကို တစ်ပတ်ပတ်၍ မောင်းပြီးမှ တိရစ္ဆာန်ရုံ မြောက်ဖက်ပေါက်တွင် ရပ်လိုက်လေ၏။

MMCYBERMEDIA

မသန်းတင်သည် သမိုင်းဘာသာကို သင်ယူထားသူတစ်ဦး ဖြစ်သည့်အလျောက် ဒုတိယ အင်္ဂလိပ် မြန်မာစစ်ပွဲအပြီးတွင် အောက်မြန်မာနိုင်ငံ တစ်ခုလုံးကို အင်္ဂလိပ်တို့ သိမ်းယူပြီး ဆာအာသာဖယ်ယာ ကို ပဲခူးတိုင်းဝန်ရှင်တော် မင်းကြီးအဖြစ် ခန့်ထားပုံ သူ့နာမည်ကို အစွဲပြုပြီး ပန်းဆိုးတန်းလမ်းကို ဖယ်ယာလမ်းဟု ခေါ်ပုံများ ရှင်းပြနေလေသည်။

စင်စစ်သော်ကား မသန်းတင်သည် ရာဇဝင် ဗဟုသုတ ပြောလို၍မဟုတ်ဘဲ ဘဝင်းနှင့် ခင်မောင်တို့သည်လည်းကောင်း၊ ခင်ဆွေနှင့် ခင်မောင်တို့သည်လည်းကောင်း၊ ခပ်မဆိပ် လုပ်နေကြခြင်းကို ပြုံးလျက်သွားအောင် စကားမရှိစကားရှာ ပြောနေခြင်း ဖြစ်ပေသည်။

သူတို့သည် တိရစ္ဆာန်ရုံထဲတွင် လှည့်ပတ်ကြည့်ရှု နေကြရာက လူဝံမောင်နှံရှိရာ တောင်ကုန်းပေါ်သို့ ရောက်လာကြလေ၏။

ထိုလူဝံမောင်နှံကို ဒါဘီနှင့် ဂျုံးဟု နာမည်ပေးထားလေ၏။ ဒါဘီမှာ လူဝံအထီး၊ ဂျုံးက အမဖြစ်၏။ သူတို့သည် စားပွဲ၊ ကုလားထိုင် ဖွန်းခက်ရင်းနှင့် အနောက်တိုင်း ဆံဆံ ထမင်းစားသောက်တတ်ကြလေသည်။

"အင်္ဂလိပ်လက်အောက်မှာ လူတွေကိုသာ ချာလီတို့ နန်စီတို့ဆိုတဲ့ နာမည်တွေ မှည့်တာမဟုတ်သေးဘူး။ ခွေးတွေ မျောက်တွေ တိရစ္ဆာန်တွေလည်း အင်္ဂလိပ်နာမည်တွေနဲ့ပဲနော်" ဟု မခင်ဆွေက စကားစလိုက်၏။

မသန်းတင်သည် အင်္ဂလိပ်စာကို အတော်အတန် နံ့နံ့စပ်စပ် ဖတ်ဖူးသူ ဖွားသက်ရှည်တို့ရဲ့ နာမည်လေ၊ သူတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် သိပ်ပြီးချစ်ကြတယ်၊ အိုမင်းတဲ့အထိ တစ်ယောက်အပေါ် တစ်ယောက် ကြင်ကြင်နာနာ သစ္စာရှိရှိနဲ့ ပေါင်းသင်းခဲ့ကြတယ်။ အဲဒါကြောင့် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပေါင်းသင်းလာခဲ့ကြတဲ့ အဖိုးကြီးတွေ အမယ်ကြီးတွေကို အင်္ဂလိပ်တို့ ဒါဘီနဲ့ ဂျုံးလို့ နာမည်ပေးလေ့ ရှိကြတယ်"

"တိရစ္ဆာန်တွေတောင် အခုလို ချစ်ကြခင်ကြ သစ္စာခိုင်မြဲကြသေးရင်၊ လူတွေကသာပြီး မေတ္တာထားကြ၊ သစ္စာတရားခိုင်မြဲကြဖို့ ကောင်းတာပေါ့နော်"

ခင်မောင်က မသန်းတင်၏ စကားကို ထောက်ခံရင်း အဓိပ္ပာယ်ပါပါ ပြောလိုက်ရာ သဘောရိပ်မိသော မသန်းတင်က ပြုံး၍ နေလိုက်လေသည်။ မခင်ဆွေကမူ ခင်မောင်အား မျက်လုံးကလေးများ လှန်ကြည့်ပြီး ပြန်၍ ငုံ့နေလိုက်၏။ ဘဝင်းကမူ ခင်မောင်၏ စကားကို မကြားဟန်ဆောင် နေလိုက်သည်။

ပြီးမှ ဘဝင်းက "ကဲ- လာကြ၊ အောက်ကိုဆင်းပြီး မုန့်ကလေးဘာလေး စားကြရအောင်" ဟု စကားပြတ်အောင် လုပ်လိုက်လေ၏။

တိရစ္ဆာန်ရုံအတွင်းရှိ ပျော်ပွဲစားရုံတွင် ဘဝင်းတို့ လူသိုက် မိမိကြိုက်ရာ မှာယူစားသောက်ကာ အပန်းဖြေကြပြီးနောက် မသန်းတင်က "ကိုဘဝင်း ကျွန်မကို ငှက်ကုလားအုပ်တွေဘက် လိုက်ပို့ပါလား" ဟု ပြောလေ၏။

MMCYBERMEDIA

"မသန်းတင် တစ်ယောက်တည်းလား"
"မခင်ဆွေတို့ နားချင်လည်း နားနေပါစေလေ၊ နေလည်းပူပါတယ်"

ဘဝင်းသည် ရုတ်တရက်သော် မည်သို့အဆုံးအဖြတ် ပေးရမည်ကို မတွေးတတ် ဖြစ်၏။ နောက်မှ "ဆွေဆွေကော လိုက်ချင်သေးလား" ဟု မေးလိုက်ရလေသည်။

မခင်ဆွေသည် မသန်းတင်၏ အကြံကိုရိပ်မိကာ မလိုက်ပဲ နေလိုသော်လည်း မိမိ၏အစ်ကိုဖြစ်သူ အထင်လွဲမည်စိုး၍ "ကိုကိုဝင်း သဘောပဲ" ဟု ပြောလိုက်လေ၏။

ဘဝင်းသည် မခင်ဆွေတို့ လိုက်လာလျှင် မိမိအဖို့ မသန်းတင်နှင့် လွတ်လွတ်လပ်လပ် စကားပြောခွင့် မရဘဲ ရှိမည်ကို တွေးမိ၍ "ဆွေဆွေ ခဏနားချင် နားဦးလေ၊ မသန်းတင်ကို ကိုကိုဝင်းပဲ လိုက်ပို့ပေးလိုက်ပါ့မယ်" ဟု ပြောလိုက်ရာ၊ မခင်ဆွေနှင့် ခင်မောင်တို့အဖို့ အကြိုက်တွေ့သလောက် မသန်းတင်အဖို့ မိမိ ကုလားဖန် ထိုးထားသည့်အတိုင်း ညှပ်ကြောင်း မိနေပြီကို တွေ့ရ၍ များစွာကျေနပ်သွားလေ၏။

သို့နှင့် ဘဝင်းနှင့် မသန်းတင်တို့ ပျော်ပွဲစားရုံထဲက ထွက်ခွာသွားကြပြီးနောက် ခင်မောင်က စလိုက်၏။

"ဆွေဆွေနဲ့ ကိုခင်မောင်တို့ ဒီကို ပထမဆုံး ရောက်လာခဲ့တုန်းက အဖြစ်တွေ မှတ်မိသေးရဲ့လား"
"မှတ်မိသားပဲ"
မခင်ဆွေက ခေါင်းငုံ့လျက် တိုးတိုးလေး ဖြေလိုက်သည်။
"မှတ်မိသေးလို့ရှိရင် အဲဒီငှက်ရုံကို တစ်ခေါက်ပြန်ပြီး သွားကြစို့လား"
"အို... တော်တော်ကြာ ကိုကိုဝင်း ပြန်လာလို့ မတွေ့မှဖြင့်"
"သူ တော်တော်နဲ့ ပြန်လာမှာ မဟုတ်ပါဘူး။ မသန်းတင်က ကိုယ်တို့ နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောရအောင် ကိုဘဝင်းကို တမင်ခေါ်သွားတာ မရိပ်မိဘူးလားလို့"
"သိသားပဲ"
"ဒါဖြင့်ရင်လည်းလာလေ၊ ကတ္တဝါကြီးတွေ ထားတဲ့ရုံကို သွားရအောင်လား"

မခင်ဆွေက ဘာမှပြန်မပြောဘဲ ခတ်မဆိတ် နေလိုက်သည့်အတွက် သဘောတူခြင်းကို ဖော်ပြလျက်ရှိကြောင်း ခင်မောင်ရိပ်မိလေ၏။ သို့ဖြင့် ခင်မောင်က နေရာမှထကာ ပျော်ပွဲစားရုံထဲက ဦးဆောင်၍ ထွက်ခဲ့ရာ၊ မခင်ဆွေလည်း နောက်မှ ထပ်ချပ်မကွာ ပါ၍သွားလေ၏။

ငှက်ကုလားအုပ်များ ထားရာဘက်သို့ သွားကြသော ဘဝင်းနှင့် မသန်းတင်တို့က ယင်းငှက်တိရစ္ဆာန်များကို ကြည့်လို၍ မဟုတ်ချေ။ မသန်းတင်က ခင်မောင်နှင့် မခင်ဆွေတို့ လွတ်လပ်စွာ တွေ့ခွင့်ရအောင် ဉာဏ်ဆင်ခြင်းဖြစ်ပြီး ဘဝင်းကမူ မိမိ၏ ရင်တွင်းခံစားရမှုတို့ကို မသန်းတင်အား ဖွင့်ဟပြောဆိုရန် မိမိ၏ နမဖြစ်သူနှင့် ခင်မောင်တို့ကို ထားရစ်ခဲ့ပြီး မသန်းတင်နောက်သို့ လိုက်လာခဲ့ခြင်း ဖြစ်ပေသည်။

သူတို့သည် လူသူအသွားအလာ ကင်းရှင်းသည့် နေရာတစ်နေရာသို့ ရောက်သည့်အခါ ဘဝင်းက "ဒီနေရာမှာ ထိုင်ကြဦးစို့လား" ဟု အဆိုပြုလိုက်၏။

MMCYBERMEDIA

မသန်းတင်လည်း ဘဝင်းထိုင်သလို သူနှင့် အနည်းငယ်ခွာ၍ ဘေးချင်းယှဉ်ပြီး ထိုင်လိုက်ရလေ၏။

ထို့နောက် ဘဝင်းက ပြုံးစိစိမျက်နှာထားဖြင့် "ဆွေဆွေက ကိုယ့်အကြောင်း မသန်းတင်ကို ဘာပြောသလဲ" ဟု မေး၏။ မသန်းတင်က ဘဝင်း ဘာဆိုလိုသည်ကို သိလျက်နှင့် မသိဟန်ဆောင်ကာ "ဘာမှ မပြောပါကလား" ဟု အဖြေပေး၏။

"ဟိုတစ်နေ့က မသန်းတင် လက်ထဲထည့်လိုက်တဲ့ စာဟာ ဆွေဆွေ့အတွက် မဟုတ်ဘဲ မသန်းတင်ကို ပေးတဲ့စာ ဖြစ်တယ်ဆိုတာ ပြောမပြဘူးလား"
"အဲဒီလိုတော့ မပြောဘူး။ အဲဒီစာဟာ သူ့ပေးတာမဟုတ်ဘဲ၊ ကိုဘဝင်းချစ်တဲ့သူ တစ်ယောက်အတွက် ပေးတဲ့စာ သူ့ဆီမှားလာတာလို့ပဲ ပြောတာပဲ"
"ဒီစာကို မသန်းတင် ဖတ်မကြည့်ဘူးလား"

မသန်းတင်သည် ခေတ္တတွေဝေ စဉ်းစားပြီးမှ အဖြေပေးလေသည်။

"သန်းကို ပေးတဲ့စာမှ မဟုတ်ဘဲ"
မသန်းတင်က သူ့ကိုယ်သူ "သန်း" ဟု နာမည်ထည့်၍ ပြောသဖြင့် ဘဝင်းမှာ များစွာအားတက်မိလေ၏။
"အဲဒီစာက သန်းကိုပေးတဲ့စာ ဆိုရင်ကော သန်းက ဘယ်လို အဖြေပေးမှာလဲ"
"စာထဲမှာ ဘာတွေပါတယ်ဆိုတာ သန်းမှမသိဘဲနဲ့ သန်းက ဘယ်လို အဖြေပေးရမလဲ"

ဘဝင်းသည် ပြုံးစိစိနှင့် ပြောနေရာက မျက်နှာထား ပြင်လိုက်လေ၏။
"သန်းကို ကိုဝင်း စကားတစ်ခွန်း ပြောချင်တယ်"
"ပြောလေ၊ အခုလည်း တစ်ခွန်းတောင်မကဘူး ပြောနေပြီ မဟုတ်လား။ အခုမှ ခွင့်တောင်းနေဖို့ လိုသေးလား"
မသန်းတင်က ခပ်ပြုံးပြုံးကလေးလုပ်၍ နေလိုက်လေသည်။

"ပြောရမယ်ဆိုရင် ဟိုနေ့က ပေးလိုက်တဲ့စာဟာ သန်းအတွက် ပေးလိုက်တဲ့စာပဲ၊ အဲဒီစာထဲမှာ သန်းအပေါ် ကိုဝင်း ဘယ်လောက် မေတ္တာရှိတယ်ဆိုတာ ရေးထားတယ်"
မသန်းတင်က ဘာမျှမပြော၊ မျက်နှာလည်း ပျက်မသွားဘဲ ပြုံးမြဲ ပြုံးနေလေသည်။ သို့ဖြစ်၍ ဘဝင်းက စကားဆက်လိုက်ရပြန်၏။

"သန်းအပေါ်မှာ ကိုဝင်း မေတ္တာရှိတယ်ဆိုတာ အခုသိရပြီ မဟုတ်လား။ အဲဒါ သန်းရဲ့ အဖြေကြားချင်ပါတယ်"
"ကိုဝင်းက သန်းကို ချစ်တယ်ဆိုတာ သိရတာတော့ ဟုတ်ပါပြီ၊ သန်းက ကိုဝင်းကို ချစ်မချစ် အဖြေပေးဖို့ဟာ မမြန်လွန်းဘူးလား။ သန်းစိတ်ကို စစ်ဆေးပြီး ဆုံးဖြတ်ပါရစေဦးလား"
"အင်္ဂလိပ်စကားမှာ လဗ်အက်ဖတ်ဆိုက် ဆိုတာရှိတယ် မဟုတ်လား။ ပထမဦးဆုံး မြင်ရုံနဲ့ ချစ်ကြိုက်ကြတဲ့ သဘောပဲ။ ဗမာမှာလည်း စက္ခုရူပေန သံဝါသဆိုတာ ရှိသားပဲ။ အဖြေပေးဖို့ ခက်စရာ မရှိပါဘူး။ ဖြူရင် ဖြူတယ်၊ မဲရင် မဲတယ်၊ ချိုရင် ချိုတယ်၊ ခါးရင် ခါးတယ်ပေါ့"

MMCYBERMEDIA

“ဟုတ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မြင်တာနဲ့ ချစ်သွားကြတာ ရှိသလို ကြာတော့မှ ချစ်တာလည်း ရှိတယ်လေ။ သန်းအနေနဲ့ ကိုဝင်းအပေါ်မှာ မချစ်နိုင်စရာ အကြောင်းမရှိပါဘူး”
“ဒီလိုဆိုရင် ချစ်တယ်လို့ ဆိုလိုတာပေါ့”
“ဒါပေမဲ့ စဉ်းစားစရာရှိနေတယ်။ အဲဒါက အချစ်နဲ့ ပတ်သက်လို့ ကိုဝင်းရဲ့ စိတ်သဘောကို ခွဲခြားကြည့်ဖို့ လိုမယ် ထင်တယ်”
“ဘယ်လိုလဲ၊ ဒီစကားကို ကိုဝင်း သဘောမပေါက်ဘူး”
“အချစ်ဆိုတာ တစ်ကိုယ်ကောင်း မဆန်ရဘူးလို့ ဆိုကြတယ် မဟုတ်လား။ ပြီးတော့ အချစ်ဆိုတာ စွန့်လွှတ်ခြင်းလို့လည်း ဆိုကြတယ်။ ခွင့်လွှတ်ရတဲ့ သဘော၊ အနစ်နာခံရတဲ့ သဘောရှိတယ်”
“ဒီလိုပြောတာ ကိုဝင်းဟာ တစ်ကိုယ်ကောင်း ဆံလို့လား သန်းရယ်”
“ကိုဝင်း သန်းအပေါ်မှာ ဘယ်လောက်ချစ်သလဲ”
“ကိုဝင်း အချစ်ကို ပြောရရင် ပြဟ္မာတတွေ လျှာကုဋေနဲ့ ပြောမကုန်နိုင်သလို စာဖွဲ့လို့လည်း မကုန်နိုင်ပါဘူး”
“ကိုဘဝင်းလိုပဲ ချစ်တတ်တဲ့သူတွေ အများကြီး ရှိလိမ့်မယ်လို့ မထင်ဘူးလား”
“ရှိကြမယ်ဆိုတာ ယုံပါတယ်။ ကိုယ်နဲ့နှိုင်း မရိုင်းပါဘူး”
မသန်းတင်မှာ သူလိုချင်သည့် စကားကိုရ၍ ပြုံးရွှင်သွားလေ၏။

“ဒီလို ကိုယ်ချင်းစာတတ်လို့ရှိရင် ဆွေဆွေနဲ့ ကိုခင်မောင်တို့ အချစ်ကို ဘာပြုလို့ ခွဲချင် ပတ်ပင်ချင်တာလဲ ကိုဝင်းရယ်”
ဘဝင်းမှာ မသန်းတင်၏စကားကို မည်သို့ ခုခံချေပရပါမည်နည်းဟု မကြံတတ်အောင် ဖြစ်သွားလေ၏။ ပြီးမှ…
“သန်းဆီက ကိုဝင်း မေတ္တာရပ်ခံနေတာက သန်းရဲ့အချစ်ပါ။ အခု ကိုဝင်းတို့ ပြောနေတာ ဆွေဆွေတို့ ကိစ္စ ဆွေးနွေးဖို့မှ မဟုတ်ဘဲ”
“သူတို့ကိစ္စကို ဆွေးနွေးရမှာပေါ့ ကိုဝင်းရဲ့၊ သန်းရဲ့ အဖြေဟာ သူတို့ကိစ္စပေါ်မှာ တည်နေတယ်”
“သူတို့ကိစ္စနဲ့ ကိုဝင်းတို့ကိစ္စဟာ တခြားစီပဲ။ မြဒါးတစ်လမ်း၊ သံတစ်လမ်း မဟုတ်လား”
“သန်း ပြောမယ်နော်”
“ပြောပါ သန်းရယ်၊ ပြောပါ”
“အချစ်ဆိုတာ မြင်မြင်ချင်း ချစ်တာလည်းရှိတာပဲ။ စဉ်းစားပြီး ချစ်လာတာလည်း ရှိတာပဲ။ မြင်မြင်ချင်း ချစ်တာက မိုက်ရူးရဲ အချစ်မျိုးပါ။ သန်းတို့ ကိုဝင်းတို့ဟာ ကလေးတွေမှ မဟုတ်ဘဲ။ တက္ကသိုလ် ပညာတတ်တွေဆိုတော့ စဉ်းစားစရာ အများကြီးရှိသလို ပွင့်ပွင့်လင်းလင်း ပြောစရာတွေလည်း အများကြီးရှိတယ်။ သန်းဟာ ကိုယ်ချစ်ရမယ့် သူဟာ ဘယ်လို ယောကျ်ားမျိုး ဖြစ်ရမယ်ဆိုတာ စိတ်ကူးထားတာ ရှိတယ်”
“အဲဒီတော့ သန်းရဲ့ စိတ်ကူးထဲက မင်းသားကလေးဟာ ဘယ်လို ပုံပန်းသဏ္ဍာန် ရှိသလဲ”
“သန်းရဲ့ စိတ်ကူးထဲက မင်းသားကလေးဟာ လူချောလူလှ မဟုတ်ပါဘူး။ သူဟာ ယောကျ်ားပီသတယ်။ ကိုယ်ချင်းစာတတ်တယ်။ ခွင့်လွှတ်တတ်တယ်။ အနစ်နာခံတယ်။ တစ်ကိုယ်ကောင်း မဆန်ဘူး။ သဘောထားလည်း ကြီးသူဖြစ်တယ်”
ဘဝင်းမှာ မသန်းတင်ပြောလိုက်သည့် စကားများကြောင့် ငေးငိုင်သွားလေ၏။

သူ့ထံက ဘာစကားမှ ထွက်မလာသဖြင့် မသန်းတင်က ပြောလက်စ စကားကို ဆက်လိုက်ပြန်သည်။

MMCYBERMEDIA

"ကိုဝင်းမှာ ဒီအရည်အချင်းတွေနဲ့ ပြည့်စုံဖို့လိုတယ်။ ကိုဝင်းဟာ ကိုယ်ချင်းစာစေချင်တယ်။ ခွင့်လွှတ်စေချင်တယ်။ သဘောထားကြီးစေချင်တယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဆွေဆွေနဲ့ ကိုခင်မောင်တို့ အချစ်ကို မခွဲစေချင်ဘူး"

ဘဝင်းသည် မသန်းတင်၏ စကားများကို လေးလေးနက်နက် စဉ်းစားကာ တွေတွေကြီး လုပ်နေမိလေသည်။ အတန်ကြာမှ သူ့နှုတ်ဖျားမှ စကားများထွက်၍ လာလေသည်။

"သန်းအခုပြောတာတွေဟာ အပေးအယူလုပ်တဲ့ သဘောမျိုး ရောက်မနေဘူးလား သန်းရယ်"
"ဟုတ်တယ်လေ... အချစ်ဆိုတာ အပေးအယူ ရှိရတာပဲ မဟုတ်လား"
ဘဝင်းသည် ဆက်လက်၍ စောဒက တက်မနေတော့ဘဲ...
"ကိုဝင်းဟာ သန်းရဲ့ ဆန္ဒအတိုင်း ကိုယ်ချင်းစာမယ်။ သဘောထားကြီးမယ်။ ခွင့်လွှတ်မယ်ဆိုတာရင် သန်းရဲ့ မေတ္တာကို အပ်မယ်ဆိုပါတော့" ဟု ပြောလိုက်၏။

"ဒါပေမယ့် ကတိပေးထားရုံနဲ့ သန်းရဲ့မေတ္တာကို မအပ်နိုင်သေးဘူး။ လက်တွေ့ပြပြီးမှ သန်းရဲ့ မေတ္တာကို ရနိုင်မှာ"
"ကောင်းပြီ... စိန်လိုက်"

ထိုအခိုက်တွင် ကတ္တာဝါရုံ၌ ရှိနေကြသည့် ခင်မောင်နှင့် ဆွေဆွေတို့မှာ ကိန္နရီမောင်နှံ တောင်ယံခြားရာက ပြန်၍ တွေ့ကြသည့်အခါ ပိုမဆုံးရှိကြသလို၊ မိမိတို့၏ စိတ်ထဲ၌ ခံစားခဲ့ရပုံကို ပြော၍မကုန်နိုင် ရှိနေကြလေ၏။ သို့ရာတွင် သူတို့မှာ လွတ်လွတ်လပ်လပ် တွေ့ဆုံ စကားပြောနေကြရသည် ဆိုသော်လည်း ခိုးကြောင်ခိုးဝှက် တွေ့ကြရသည့် အဖြစ်မျိုးနှင့် မခြားသောကြောင့် ကျီးကန်းတောင်းမှောက်သလို၊ ပြုံးပြုံးပျာပျာနှင့် ရှိကြလေသည်။

"ကိုခင်မောင်နဲ့ ဆွေဆွေတို့ စပြီး မေတ္တာပန်းကြက်သဲ ရိုက်တာ ဒီနေရာမှာပဲနော်"
ဆွေဆွေက ရှက်ပြုံး ပြုံးနေလိုက်သည်။

"အခုလည်း ဒီနေရာမှာပြန်ပြီး ဆုံကြရပြန်ပြီ။ ဒီတစ်ခါတော့ မေတ္တာပန်းကြက်သဲရိုက်ပြီးခဲ့လို့ မေတ္တာမော်ကွန်းတံဆိပ် နှိပ်လိုက်တော့မယ်"
"အို... ရှက်စရာကြီး"
"ဘယ်သူမှ မြင်တာမဟုတ်ဘဲ"

ခင်မောင်သည် ဆွေဆွေ၏ ကိုယ်ကလေးကို ပွေ့ပိုက်ကာ မွှေးမွှေးပေးမည် အလုပ်တွင်...
"ဟဲ့... ကောင်"
ဟု အော်ငေါက်လိုက်သော အသံကြောင့် နားထင်နားရင်း ထူပူ လန့်ဖျပ်ပြီး ကိုယ်ချင်းခွါလိုက်ရလေ၏။

ခင်မောင်၏ စိတ်ထဲတွင် ဘဝင်းရောက်လာပြီး မိမိ၏အပြုအမူကို မြင်သဖြင့် ယခုလို အော်ငေါက်လိုက်ခြင်း ဖြစ်သည်ဟု ထင်မိ၏။ သို့ရာတွင် ဟိုဟို ဒီဒီ ကြည့်ရှုရှာဖွေသော်လည်း ဘဝင်းကိုလည်း မမြင်ရဘဲ ရှိလေ၏။

MMCYBERMEDIA

"ဟဲ့ကောင်"
နောက်ထပ် အော်သံ ကြားရပြန်၏။ ထိုအသံမှာ ခေါင်းပေါ်ကဖြစ်ရာ မော့၍ကြည့်လိုက်သည့်အခါ ကတ္တဝါကြီး ဖြစ်နေသည်ကို တွေ့ရပြီး ထိုကတ္တဝါကြီး၏ အသံဖြစ်သည်ကို သိတော့မှ ခင်မောင်နှင့် ခင်ဆွေတို့မှာ တစ်ဦးနှင့်တစ်ဦး ခေါင်းချင်းဆိုင်ပြီး ဟက်ဟက်ပက်ပက် ရယ်မော လိုက်ကြလေတော့၏။

ထိုခဏမှာပင် စကားပြောသံနှင့် ခြေသံများ ကြားသိရ၍ ခပ်ခွါခွါ နေလိုက်ကြစဉ်မှာပင် ဘဝင်းနှင့် မသန်းတင်တို့ လာနေကြသည်ကို တွေ့ရလေ၏။ သူတို့နှစ်ဦးလုံး၏ မျက်နှာမှာ ရွှင်ပြုံးလျက်ရှိကြ၏။ ဘဝင်းသည် ဆွေဆွေနှင့် ခင်မောင်တို့ လူသူကင်းဝေးရာတွင် နှစ်ယောက်သား လာနေကြသည်ကို တွေ့ရသော်လည်း မျက်နှာမပျက်ဘဲ ပြုံးမြဲပြုံးလျက် ရှိကြသဖြင့် ခင်မောင်မှာ အံ့သြနေမိလေ၏။

"ကဲ ညနေလည်းစောင်းပြီ၊ ပြန်ကြစို့လား"
ဘဝင်းက စကားစလိုက်သည်။
"ဘယ်သွားချင်သေးသလဲ" ဟု ခင်မောင်က မေးလိုက်လေသည်။
"မသွားတော့ဘူး။ အဆောင်ကိုပဲ ပြန်မယ်" ဟု မသန်းတင်က အဖြေပေး၏။
"ဒီလိုဆိုရင် အပြန်မှာ ကျွန်တော်ကားမောင်းမယ်"
ဘဝင်းက ပြောလိုက်ရာ ဘာရည်ရွယ်ချက်ရှိသည်ကို မသိရ၍ ခင်မောင်မှာ စဉ်းစားမရအောင် ရှိလေ၏။

တိရစ္ဆာန်ရုံအပြင်ဘက်သို့ ရောက်၍ ကားပေါ်သို့ တက်ကြမည် ပြုသောအခါ ဘဝင်းက မသန်းတင်၏ နားနားကပ်၍ "ပထမအဆင့် လက်တွေ့ပြမယ်" ဟု တိုးတိုးကလေး ပြောလိုက်၏။

နောက်မှ ဘဝင်းက ခင်မောင်အား "ကျွန်တော်တို့ ကန်တော်ကြီးတစ်ပတ် လှည့်ဦးမယ်။ ခင်ဗျားနဲ့ ဆွေဆွေက နောက်ကထိုင်။ ကျွန်တော်နဲ့ သန်းက ရှေ့ကထိုင်မယ်" ဟု ပြောရာ မသန်းတင်မှာ ဘဝင်း၏ လက်တွေ့ပြသည့် အဓိပ္ပာယ်ကို နားလည်ပြီး ပြုံးပြုံးကြီး ဖြစ်သွားလေ၏။

ဆွေဆွေ၏ရင်ထဲမှာမူ "ဟင်း ကိုကိုဝင်းက သန်းတွေဘာတွေတောင် ဖြစ်နေပါပကော" ဟု အသံမထွက်ဘဲ ဆိုမိ၏။

ခင်မောင်ကား "အမယ်လေး ရွှေယောက်ဖရဲ့" ဟု အသံထွက် မပြောရုံတမယ် ပါးစပ်ကြီး အဖြဲသားနှင့် တဟဲဟဲ ဖြစ်သွားလေ၏။

ဇဝန

...

# ပြီးပါပြီ။